အင်းဝစာအုပ်တိုက် စာအုပ်အမှတ်(၁)

# ဖုန်းရွှေ

風水

## မန်နေဂျာတို့၏ ကံကြမ္မာဦးတည်ချက်နှင့် ဖုန်းရွှေ

သက်လို

DESIGN
KO KO
MYINT

# မန်နေဂျာတို့၏
# ကံကြမ္မာဦးတည်ချက်
# နှင့်
# ဖုန်းရွှေ

သက်လုံ

# FENG SHUI & DESTINY FOR MANAGER

RAYMOND LO

ပထမအကြိမ်
၁၉၉၇၊ ဩဂုတ်လ

စာပေခွင့်ပြုချက်အမှတ် ◆ (၆၆၈/၉၆) (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ (၄၃၄/၉၇) (၈)

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း ◆ ကိုကိုမြင့်

မျက်နှာဖုံးကာလာခွဲ ◆ **ALPHA**

အတွင်းစာစီ ◆ **KMK**

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ◆ မိတ်ကောင်းပုံနှိပ်တိုက် (၀၄၀၈၂)
၂၉/၃၃၊ ၁၅၇လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ ◆ ဦးပြုံးမောင်မောင်(အုပ်ချုပ်မှုဒါရိုက်တာ)
အင်းဝစာအုပ်တိုက်
အမှတ်— ၈၇/၈၈ ဗဟိုစည်အိမ်ယာ
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း— ၂၂၁၁၄၈၊ ဖက်စ်— ၂၂၇၇၃၃

**မျိုးအောင် [ရက္ခဗေဒ] စီစဉ်သည်။**

အင်းဝစာအုပ် (၁)

**အင်းဝစာပေတိုက်**

၈၇/၈၈၊ CE Builiding

ဗဟိုစည်အိမ်ယာ၊ လမ်းမတော်မြို့နယ်

ရန်ကုန်မြို့။

Ph: 221148, Fax: 227733

# စကားဦး

ဖုန်းရွှေ FENG SHUI ဟူသော ဝေါဟာရသည် မြန်မာစာပေနယ်ပယ်ထဲသို့ ထဲထဲဝင်ဝင် ရောက်ရှိနေပါပြီ။ မြန်မာလူမျိုးတို့က သိပ်မသိကြသေးသော်လည်း မြန်မာပြည်တွင် နေထိုင်သော တရုတ်လူမျိုးများကတော့ တော်တော်ပင် သိရှိကြပါသည်။ အရှေ့တောင်အာရှနိုင်ငံများနှင့် ဟောင်ကောင်၊ ထိုင်ဝမ်၊ မကာအိုတို့မှ တရုတ်နှင့် တရုတ်အနွယ်ဝင် စီးပွားရေးလုပ်ငန်းရှင်များ လက်ခံယုံကြည် သုံးစွဲမှုကြောင့် အနောက်နိုင်ငံများတွင်ပင် ဖုန်းရွှေကို စိတ်ဝင်တစားလက်ခံကျင့်သုံးလာနေကြပါပြီ။

ဖုန်းရွှေ FENG SHUI ဆိုသည်မှာ အဘယ်နည်း။

ဖုန်းရွှေ FENG SHUI ဆိုသည်မှာ ရှေးဟောင်း တရုတ်လူမျိုးတို့၏ ဘူမိကြန်သျှတ္တရခေါ် မြေအနေအထား၊ အရပ်မျက်နှာအနေအထားများအားဖြင့် ခိုက်ခြင်းကို ရှောင်ရှားကာ ကောင်းကျိုးများကို ရယူစေနိုင်သော အတတ်ပညာဖြစ်ပါသည်။

ထို့ကြောင့် ဖုန်းရွှေသည် ပထဝီမြေပေါ်မှ မျဉ်းကြောင်းများ၊ အစက်များဖြင့် ဖြစ်ပေါ်နေသော ပုံသဏ္ဌာန်များက ဖော်ညွှန်းသော အနာဂတ်အတွက် ကောင်းကျိုးဆိုးကျိုးများကို ကြိုတင် ဖတ်ရှုနိုင်ရသော အတတ်ပညာတစ်ရပ်ပင် ဖြစ်လေတော့သည်။

ရှေးခေတ်တရုတ်လူမျိုးတို့၏ အယူအဆတစ်ရပ်တွင် ယနေ့လူတို့၏ ကံဆိုးခြင်း၊ ကံကောင်းခြင်းများသည် ကွယ်လွန်သူ မိဘဘိုးဘွားများကို ဘူမိကြန်သျှတ္တရနှင့် ဘယ်လောက်ညီညီမြှုပ်နှံထားသည်ဟူခြင်း အပေါ်၌လည်းကောင်း၊ နေထိုင်သော နေအိမ်တို့ကို ဖုန်းရွှေတည်းဟူသော ဘူမိကြန်သျှတ္တရနှင့် ဘယ်လောက်ညီညီတည်ဆောက်ထားသည်ဟူခြင်းအပေါ်၌လည်းကောင်း တည်မှီသည်ဟု ယူဆခဲ့ကြ၏။

တရုတ်ဘာသာစကားတွင် ဖုန်းရွှေဆိုသည်မှာ လေ ရေ ဟူသော အနက်ရပြီး အဓိပ္ပာယ်အားဖြင့်ကား သဘာဝရေမြေတောတောင်မှ ကောင်းကျိုး ဆိုးကျိုးတို့ကို ကောက်ယူနားလည်နိုင်သော အတတ်ဟု ဆိုရပါမည်။ ယခုအခါ ယင်းအတတ်ပညာကို ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်ရေးအတွက် ကမ္ဘာတစ်ဝှန်း သုံးစွဲနေကြပြီ ဖြစ်သည်။

သို့ဖြစ်၍ ယနေ့စီမံခန့်ခွဲမှုဆိုင်ရာ နယ်ပယ်တွင် ရှိနေသော စီးပွားရေး စီမံခန့်ခွဲမှု မန်နေဂျာများအတွက် အထောက်အကူရစေမည့် မန်နေဂျာတို့၏ ကံကြမ္မာဦးတည်ချက် စာအုပ်ကို လက်တွေ့လေ့လာသုံးစွဲနိုင်စေရန် ရည်ရွယ်ထုတ်ဝေလိုက်ပါသည်။

ယင်းစာအုပ်ကို မူလစာရေးသားသူမှာ ဟောင်ကောင်တွင် ဖုန်းရွှေလို ဟူ၍ အများသိနေကြသော ရေးမွန်လို ဖြစ်သည်။ ရေမွန်လိုသည် ငွေကြေးဖြင့် လက်တွေ့လုပ်ကိုင်နေသော ဖုန်းရွှေသုတေသီလည်းဖြစ်၏၊ ဖုန်းရွှေဟောပြောလုပ်ကိုင်ပေးသူလည်း ဖြစ်ပါသည်။ သူ၏ တင်ပြချက်များသည် ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်နှင့် ယီကျင်း ရှေ့ဖြစ်ဖတ်ဖြင်းဆိုင်ရာ ဟောပြောမှုများကိုပါ ခြုံငုံမိပါသည်။

ဟောင်ကောင် တက္ကသိုလ်မှ လူမှုရေးသိပ္ပံ ဘာသာရပ်တွင် ဘွဲ့ရရှိခဲ့ပြီးနောက် မစ္စတာလို၏ **ဖုန်းရွှေ**၌ စိတ်ပါဝင်စားမှုမှာ သူ့အား ထိုရှေးဟောင်း သျှတ္တရကို သဲသဲမဲမဲ လေ့လာခြင်းဆီသို့ ခေါ်ဆောင်သွားပေ၏။ ဤသို့ဖြင့် သူသည် တရုတ်ဂန္ထာရီပညာ၏ ရှုတ်ထွေးလှသော နောက်ခံ သဘော တရားများကို တိုတိုနှင့် ကျဉ်းကျဉ်းနှင့် ယုတ္တိတန်တန် ရှင်းပြနိုင်စွမ်း ရှိလာ၏။ သူသည်ထိုစွမ်းရည်ကို အသုံးပြု၍ ၁၉၈၈ နှင့် ၁၉၉၁ ခုနှစ်များအတွင်းတွင် "သည်ဟောင်ကောင်စတင်းဒတ်" (The Hong Kong Standard) သတင်းစာကြီး၌ လူကြိုက်များလှသော ဖုန်းရွှေကဏ္ဍကို ရေးသားနိုင်ခဲ့လေသည်။ ဤကဏ္ဍမှနေ၍ သူသည် များစွာသော ကမ္ဘာ့ဖြစ်ရပ်ကြီးများကို ကြိုတင်ဟောပြောခဲ့ရာ ထိုအထဲတွင် ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ရမည့်အကြောင်း၊ ထိုစစ်ပွဲရလာဒ်၊ မီခိုင်းဂေါ်ဘာချော့ ကျဆင်းရမှုနှင့် မာဂရက် သက်ချာ၏ နုတ်ထွက်လွှာ အကြောင်းများပါဝင်သည်တွင် နောင်သောအခါ သူ၏ ဟောပြောချက်များ မှန်ကန်ကြောင်း သက်သေခံလာကြသည်။

မစ္စတာလိုသည် **"ဖုန်းရွှေ– ကံကြမ္မာဦးတည်ချက်၏တိုင်များ"** ဟူသော စာအုပ်ကို ရေးသားခဲ့ပြီး **ဖုန်းရွှေ**ခေါင်းစဉ်ဖြင့် စာပေအများအပြားကို တရုတ်ဘာသာဖြင့် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ သူသည် သူ၏ **ဖုန်းရွှေ**ဗဟုသုတကို စာနယ်ဇင်းအများအပြားတွင် မကြာခဏ ရေးသားခဲ့၏။ ၁၉၉၀ ပြည့်နှစ် တွင် နာမည်ကျော် ဘီဘီစီ၏ "ဝစ်ကားစ်ဝေါလ်ဒ်" (Whicker's World)တွင် "တိုက်ရိုက်" အသံလွှင့်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သူသည် အေဘီစီ အစီအစဉ်မှ "ဂွတ်မောနင်းအမေရိကား" (Good Morning America) ဟူသော အခန်းမှနေ၍ အမေရိကန်ပရိသတ်အား **"ဖုန်းရွှေ"** ကို မိတ်ဆက်ပေးခဲ့၏။ ဟောင်ကောင်တက္ကသိုလ်မှ ပရိယေသနနှင့် ဆက်လက်ဆည်းပူးရန် ပညာရေးသင်တန်း (School of Professional And Continual Education) တွင် **ဖုန်းရွှေ** ကထိက အဖြစ်လည်း ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ စီးပွားရေးမန်နေဂျာများ၏ ကံကြမ္မာ ဦးတည်ချက်များကို ဖုန်းရွှေအတတ်ပညာဖြင့် လမ်းညွှန်ပေးမည့် ဤစာအုပ်၌ မှတ်သားစရာ အလွန်များသည်ဖြစ်ရာ အစအဆုံး တစ်ခေါက်ဖတ်ရုံဖြင့် စာအုပ်ထဲရှိ နည်းလမ်းအစုံကို သိရှိမှတ်သားမိရန် မလွယ်ကူပါ။ ဤစာအုပ်ကို ဖတ်ရုံသက်သက်ဖြင့် အဓိပ္ပာယ်မသိ၊ တကယ်အသုံးပြုကြည့်မှသာ အကျိုးရှိမည့် စာအုပ် တစ်အုပ် ဖြစ်သည်။

ထို့ကြောင့် ဤစာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှု၍ မိမိနှင့် တိုက်ရိုက်ပတ်သက်သည့် အခန်းများကို ထုတ်နုတ်မှတ်သား၍ အလုပ်လမ်းညွှန်၊ ဘဝလမ်းညွှန်အဖြစ် မိမိ၏ ကံကြမ္မာ ဦးတည်ချက် အဆိုး အကောင်းတို့ကို အထိရောက်ဆုံး ရွေးချယ် အသုံးပြုနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

**အင်းဝစာပေတိုက်**

# မာတိကာ


✍ စကားဦး
✍ မန်နေဂျာတို့၏ ကံကြမ္မာဦးတည်ချက်နှင့် ဖုန်းရွှေ ........................ ၁
✍ ကံကြမ္မာဦးတည်ချက်ဆိုသည်မှာ အဘယ်နည်း ........................ ၄
✍ သင့်မှာ စီးပွားရေးသမားပုံစံမျိုး ရှိပါသလား ........................ ၂၁
✍ သင်၏ကံကြမ္မာဦးတည်ချက်ထဲမှ ဥစ္စာကြွယ်ဝမှု ........................ ၂၉
✍ ရင်းနှီးမြှုပ်နှံရန် ဘယ်အချိန်အကောင်းဆုံးလဲ ........................ ၃၆
✍ အဖော်မွန်ကို ရွေးချယ်နည်း ........................ ၅၂
✍ လက်အောက်ဝန်ထမ်းများကို ခန့်ထားခြင်းနှင့် အုပ်ချုပ်ခြင်းအတွက် လမ်းပြချက် ........................ ၅၉
✍ စတော့ဈေးကွက်တွင် စီးပွားဖွံ့ဖြိုးမှုကို ကြိုတင်ကာကွယ်ခန့်မှန်းခြင်း ........................ ၆၈
✍ စီးပွားကုန်သွယ်ရေးလုပ်ငန်းအားလုံး ကြီးပွားရန် ဖုန်းရွှေလိုအပ်ပါသည် ........................ ၇၅
✍ မန်နေဂျာများအတွက် မရှိမဖြစ်သော ဖုန်းရွှေနည်းနာများ ........................ ၉၀
✍ စီးပွားဖွံ့ဖြိုးဖွယ်ရှိသော ရုံးအဆောက်အဦးကို ရွေးချယ်ခြင်း ........................ ၁၀၁
✍ ကောင်းမွန်သော ရုံးခန်းရွေးချယ်ရေးအတွက် သော့ချက်ဖြစ်သော ကြယ်ပုံများ ........................ ၁၁၃
✍ သော့ချက်ပုဂ္ဂိုလ်များနှင့် ငွေဝင်စေသော စက်များကို ထားရာနေရာ ........................ ၁၁၉
✍ အကျိုးအမြတ်အများဆုံးရရှိရန်အတွက် အတွင်းပိုင်း ဒီဇိုင်း ........................ ၁၂၇
✍ မှန်ကန်သောအရောင်အသွေးနှင့် မှန်ကန်သော စီးပွားရေး သင်္ကေတတို့ကို လက်ခံကျင့်သုံးခြင်း ........................ ၁၄၅
✍ ဖုန်းရွှေကို ထိန်းထားရေးနှင့် မကောင်းကျိုး ဖြေဖျောက်ရေး ........................ ၁၄၃
✍ စီးပွားရေးကုန်သွယ်မှုပြုလုပ်ရန် နေ့ကောင်းရက်သာများ ........................ ၁၅၃
✍ ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူဖြစ်စေရန် ယီကျင်း ရှေ့ဖြစ်ဟောခြင်းကို အသုံးပြုခြင်း ........................ ၁၆၃
✍ ယီကျင်း ရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်ရန်နည်းလမ်း ........................ ၁၆၉

✍ ဆရာ၀န်ခါးပါလေးများအားဖြင့် စွန့်၍လုပ်ကိုင်ရမှုကို ..........................................၁၇၆
ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

✍ ကမ္ဘာ့အရေးများကို ကြိုတင်ခန့်မှန်းပုံ ..........................................................၁၈၂

✍ ကန်ထရိုက်စျေးပြိုင်ခေါ်ခြင်းအတွက် အလားအလာခွဲခြားလေ့လာမှု .......၁၈၇

✍ ကံကြမ္မာဦးတည်ချက်သည် မည်မျှလောက်အထိ ..........................................၁၉၂
ကြိုတင်ပြဋ္ဌာန်းထားပါသလဲ

✍ **နောက်ဆက်တွဲ (၁)** အနောက်တိုင်းပြက္ခဒိန်ကို ကံကြမ္မာ ......................၁၉၈
ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်အဖြစ်
ပြောင်းလဲနည်း

**နောက်ဆက်တွဲ (၂)** နာရီတိုင်မှ မိုးကောင်းကင်ပင်စဉ်ကို ရှာနည်း ........၂၀၂

**နောက်ဆက်တွဲ (၃)** ကံကြမ္မာတိုင်များကို ထူပုံ ..........................................၂၀၄

**နောက်ဆက်တွဲ (၄)** ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်မှ ........၂၀၇
ဆွေမျိုးဉာတိများနှင့်ဘ၀၏မျက်နှာစာပေါင်းစုံကို
ထုတ်ယူပုံ

**နောက်ဆက်တွဲ (၅)** သင့်ကံကြမ္မာဦးတည်ချက်ကို ဖော်ထုတ် .................၂၁၂
တွေ့ရှိနိုင်ရေးလုပ်ငန်းအဆင့် ငါးဆင့်

**နောက်ဆက်တွဲ (၆)** အိမ်တစ်အိမ်၏ ဖုန်းရွှေကို ချင့်ချိန်ရန် .................၂၁၄
လုပ်ငန်းအဆင့် ဆယ့်ခုနစ်ဆင့်

**နောက်ဆက်တွဲ (၇)** အိမ်တစ်ဆောင်အတွက် ကြယ်ပျံကားချပ်ကို .........၂၁၆
ရေးဆွဲနည်း

**နောက်ဆက်တွဲ (၈)** ကြယ်ပျံကားချပ်များနှင့် လိုအပ်သော .....................၂၂၀
'ရှား'များ (၁၉၉၂–၂၀၀၉)

**နောက်ဆက်တွဲ (၉)** ယီကျင်းရှေ့ဖြစ်ဖတ်ခြင်းအတွက် ဆရာ၀န်ခါးပါလေးများကို ...၂၂၄
အမျိုးအမည်တပ်ရေး ဖေးမညွှန်ပြချက်

# မန်နေဂျာတို့၏ ကံကြမ္မာဦးတည်ချက်နှင့် ဖုန်းခွေ

ပဏာမ

အပြိုင်အဆိုင်များလှသော ကုန်သွယ်မှု လောကတွင် မသေချာ မရေရာမှုများ၊ စွန့်စားလုပ်ဆောင်ရမှုများနှင့် ရင်ဆိုင်ဖြေရှင်းရခြင်းမှာ မန်နေဂျာတိုင်း၏ အခြေခံကျသော တာဝန်ဖြစ်ပေသည်။ စွန့်စားလုပ်ဆောင်ရမှုများကို ထိတွေ့ကိုင်တွယ်ရန်အတွက် လည်းကောင်း၊ ကြိုတင်မှန်းဆချက်များနှင့် စီမံချက်များအတွက်လည်းကောင်း၊ ပြုလုပ်နိုင်ရန် စီစဉ်ထားသော စီမံအုပ်ချုပ်မှုဆိုင်ရာ ကိရိယာ တန်ဆာပလာများသည် မြောက်မြားစွာ ရှိလှပါ၏။ သို့ရာတွင် မရှိမဖြစ် ပါဝင်ရမည့် အချက်ဖြစ်သော အခွင့်အလမ်းရမှုနှင့် ကံအလှည့်သင့်မှုတို့ကို ခြုံငုံမိသော ကိရိယာ တန်ဆာပလာများကား နည်းပါးလှချေ၏။ စီမံချက်ပြုဆဲ အဆင့်၌ အခွင့်အလမ်းရမှုနှင့် ကံအခွင့်အလမ်းသင့်မှု ဆိုသည်များကား မည်ရွေ့မည်မျှ ပါဝင်သည်ဆိုခြင်းကို သိရှိမထားနိုင်ပါချေ။ လျှမ်းလျှမ်းတောက် အဖြစ်ဆုံးသော စီးပွားရေးသမားများနှင့် မန်နေဂျာများသည်ပင်လျှင် ထာဝစဉ် မှန်ကန်စွာမနေနိုင်ပါ။ **"သာလွန်အဆင့်မြင့်သော စွမ်းအင်"**[၁] ဟူ၍ အမျိုးအမည်ခွဲခြားအပ်သော–ရာသီဥတု၊ သဘာဝအလျှောက်ဖြစ်သော လုပ်ငန်း ကပ်ဘေးများ၊ နိုင်ငံရေး အပြောင်းအလဲများ အစရှိသော ကြိုတင်မမြင်နိုင်သည့် ဖြစ်ရပ်များသည် အတွေ့အကြုံပေါ်တွင် သော်လည်းကောင်း၊ စာရင်းအင်းဆိုင်ရာ ကိရိယာများပေါ်တွင် လည်းကောင်း၊ အခြေပြုထားသည့် ကြိုတင်မှန်းဆထားချက်များကို ဖောက်ထိုး မိုးမျှော် ဖြစ်စေနိုင်လေသည်။ ဤနေရာကား တရုတ် လူမျိုးတို့၏ ဂန္ဓာရီပညာရပ်များက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေရာ ယူနိုင်သည့် နေရာပင်ဖြစ်တော့၏။

အာရှတိုက်စီးပွားရေးသမား အသိုင်းအဝိုင်းထဲတွင် တရုတ်လူမျိုးတို့၏ ဂန္ဓာရီ ပညာရပ်ဆိုင်ရာ ကိရိယာတန်ဆာပလာများကို စပ်ဟပ်သုံးစွဲခြင်းသည် ကျယ်ကျယ် ပြန့်ပြန့် ရှိနေလေသည်။ စီးပွားရေးလုပ်ငန်း များစွာတို့သည် မိမိတို့၏ ရုံးခန်းပြုပြင်

---

[၁] force majeur = [ပြင်သစ်ဘာသာစကား] superior force

ဆင်ယင်မှုနှင့် ပုံစံထုတ်မှုတို့တွင် **ဖုန်းရွှေ (feng shui)** ကျွမ်းကျင်သူအား ဆွေးနွေးတိုင်ပင်ကြ၏။ မကြာခဏပင် သူတို့သည် အရေးကြီးသော ကိစ္စရပ်များအတွက် နေ့ကောင်းရက်သာ ရွေးဖို့ရန်အတွက် တရုတ်ဂန္ဓာရီပညာဆိုင်ရာ နည်းလမ်းများကို အသုံးပြုကြသည်။ အောင်မြင်နေသော မန်နေဂျာများစွာတို့သည် စွန့်စားလုပ်ဆောင်ရမည့် စီမံချက်တစ်ခုခုကို စတင်ရတော့မည့်အခါမျိုး၊ အလုပ်တစ်ခုသို့ ပြောင်းရွှေ့ လုပ်ကိုင်ရတော့မည့်အခါမျိုး၊ စီးပွားရေးပတ်ဝန်းကျင်၌ လူလူချင်းပဋိပက္ခ ဖြစ်ရမှုကို ဖြေရှင်းရမည့်အခါမျိုး၊ ယင်းအခါ မျိုးကဲ့သို့သော အရေးတကြီး ဆုံးဖြတ်ရန် လိုအပ်သည့်အခါမျိုးတွင် ရှေ့ဖြစ်ဟောသူများကို ဆွေးနွေးမေးမြန်းကြ၏။

သို့ဖြစ်သော်ငြားလည်း အခြားသော ကိစ္စရပ်များတွင် အတိုင်ပင်ခံပုဂ္ဂိုလ် ခန့်ထားငှားရမ်းသလိုပင်၊ ရှေးဖြစ်ဟော သူကို ဆွေးနွေးလေ့ရှိသည့် ကြားကပင် မန်နေဂျာများသည် ရှေ့ဖြစ်လာသည့် အကြောင်းအရာကို ခေါက်မိတန်သရွေ့ ခေါက်မိထားရန်မှာ လိုအပ်ပေသည်။ သို့မှသာ ကျွမ်းကျင်သူများက ပေးသည့် အကြံဉာဏ်များသည် ယုံကြည်အားထားဖွယ်ကောင်းသည် သို့တည်းမဟုတ် လက်တွေ့ဖြစ်နိုင်ဖွယ်ရှိသည်။ ဆိုခြင်းများကို အနည်းဆုံးဆုံးဖြတ်သမှုတော့ ပြုနိုင်ကြမည် ဖြစ်ပေသည်။ တရုတ်ဂန္ဓာရီပညာရပ်ဆိုင်ရာ အကြံဉာဏ်ကောင်းသည် ရဖို့လွယ်ကူလှသည် မဟုတ်သည့်ပြင် ဂန္ဓာရီပညာ အကြောင်းအရာနှင့် ပတ်သက်၍လည်း နားလည်လွဲမှုများနှင့် ချဲ့ကားပြောဆိုမှုများ တော်တော်ကလေး ရှိနေ၏။ အချို့သော ရှေ့ဖြစ်ဟော ဆရာများသည် ခိုင်မာသော စာတွေ့အခြေခံ ကင်းမဲ့သည့်အလျှောက် မန်နေဂျာ၏ ပြဿနာ အတိမ်အနက်ကို ပြည့်ပြည့်စုံစုံ မမှန်းဆတတ်ဘဲ ဖြစ်တတ်၏။ သို့ဖြစ်၍ လက်တွေ့လည်း မကျ၊ ဆီလျော်မှုလည်းမရှိသော အကြံဉာဏ်ကို ပေးမှားမိတတ်လေ သည်။ သို့ဖြစ်သောကြောင့် ယခုခေတ် မန်နေဂျာတစ်ယောက်အဖို့ အကောင်းဆုံးသော ကုသဖွယ် ဆေးသည်ကား၊ တရုတ်ဂန္ဓာရီ ပညာနှင့် ပတ်သက်သည့် အခြေခံသိမှတ်ဖွယ် အချို့ကို မိမိကိုယ်မိမိ တတ်ကျွမ်းစေအောင် ပံ့ပိုးထားမှုပင် ဖြစ်တော့သည်။ သို့မှသာ သူသည် ဤနည်းကို သူ၏ စီးပွားရေး ကုန်သွယ်လုပ်ငန်းတွင် အပြည့်ဝဆုံး အသုံးချနိုင်မည် ဖြစ်လေသည်။

မိမိတို့၏ ဆုံးဖြတ်ချက် ချရမှုတွင် သမားရိုးကျနည်း မဟုတ်သည့် ကိရိယာတန်ဆာပလာများကို အသုံးပြုရန်အတွက် အယူပွင့်လင်းသော မန်နေဂျာတို့၏ လိုအပ်ချက်ကို ဖြည့်တင်းရန် ဤစာအုပ်ကို ရေးသားခြင်း ဖြစ်ပေ၏။ ဤစာအုပ်သည် ကံကြမ္မာဦးတည်ချက် တည်းဟူသော တိုင်ကြီးလေးတိုင်နှင့် ယီကျင်း ဟောပြောချက်ဖြစ်သည့် ဖုန်းရွှေ (feng shui) အပါအဝင် တရုတ်ဂန္ဓာရီပညာ၏ အခြေခံနည်းနိဿယများကို ခြုံငုံမိရာ နယ်ပယ် ကျယ်ကျယ်ဝန်းဝန်းကို နိဒါန်းသွယ်ထားပါသည်။ မန်နေဂျာများသည် စွန့်စားလုပ်ဆောင်ရမည့် အလုပ်များနှင့် မသေချာ မရေရာသည့် ကိစ္စရပ်များကိုကိုင်တွယ်

ရာတွင် အခြား တစ်နည်းတစ်လမ်း အနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တွင် စပ်ဟပ်သုံးစွဲနိုင်စေရန် အလို့ငှာဖြစ်ပါသည်။

ဦးတည်ချိန်ရွယ်သည်မှာ **'စီးပွားရေးလုပ်ငန်း စီမံ အုပ်ချုပ်မှုအတွက်'** ဖြစ်သည့် အားလျော်စွာ၊ စီမံကိန်းဆိုင်ရာ စွန့်စားလုပ်ဆောင်မှု၊ အမြတ်အစွန်းရနိုင်ဖွယ်ရာအတွက် ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်မှု၊ ရုံးအမှုထမ်း ရွေးချယ်မှု၊ စီမံကိန်းတစ်ခုအတွက် ဈေးခေါ်မှု၊ စီးပွားရေး လုပ်ငန်းတွင် ဖက်စပ်လုပ်ကိုင်သူများ ရွေးချယ်မှု၊ ရုံးခန်းဆင်ယင်မွမ်းမံမှု၊ ပုံစံထုတ်လုပ်မှု၊ အမည်ကတ်ပြား၊ ပုံစံကောင်း ရွေးချယ်မှုတို့ကဲ့သို့သော နေ့စဉ်ကြုံတွေ့ရသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းခြင်းနှင့် ပတ်သက်သည်။ ဥပမာ သာဓကများကို အများအပြား ထည့်သွင်းဖော်ပြထားပါသည်။ စီးပွားကုန်သွယ် နယ်ပယ်ထဲက မဟုတ်သော စာဖတ်သူများ အတွက်ဆိုလျှင်ပင်၊ လက်တွေ့ကျသော **ဖုန်းရွှေ** နှင့် ကံကြမ္မာ ဦးတည်ချက်အတွက် နည်းနိသျသယများကို သင်ယူနိုင်သည့် ပြဋ္ဌာန်းစာအုပ် တစ်အုပ်သဖွယ် ဤစာအုပ်သည် အကျိုးပြုဝန်ဆောင် နိုင်ပါသေး၏။

တရုတ်ဂန္ထာရီပညာဟူသော အကြောင်းအရာမှာ ကြီးမားလွန်းလှလေရကား ယခု စာအုပ်လောက် သေးငယ်ပါးလွှာသော စာအုပ်မျိုးတွင် လုံလောက်ပြည့်စုံသော အကြောင်းအချက်များကို ဖော်ပြနိုင်စရာမှာ မဖြစ်နိုင်ပါ။ သို့သော်ငြားလည်း ကျွန်ုပ်သည် ဤစာအုပ်ကိုတတ်နိုင်သလောက် သူ့တစ်အုပ်တည်းနှင့် လုံလောက် နိုင်စေရန် ကြိုးစားသော အားဖြင့် လက်တွေ့လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြသော နောက်ဆက်တွဲ များကို ဖြည့်စွက် ထားပါသည်။ သို့ဖြစ်သည်နှင့်အညီ **ဖုန်းရွှေ** နှင့် ကံကြမ္မာ ဦးတည် ချက်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာနည်းများကို လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် ဤစာအုပ်ကို ကိုယ့်ဘာသာကိုယ် လုပ်ငန်းလမ်းညွှန်အဖြစ်လည်း အသုံးပြုနိုင်ပါ၏။ အကယ်၍စာဖတ်သူ များသည် ဤစာအုပ်ထဲတွင် ဖော်ပြထားသော နည်းနိသျသယများကို ပိုမိုနားလည်လိုပါလျှင် ကျွန်ုပ်၏ အခြားသော ရေးသားချက် များကိုလည်း ထပ်ဖြည့်ကိရိယာ တန်ဆာပလာများ အဖြစ် အသုံးပြုနိုင်ကြပါသည်။

ရေးမွန်းလို (Raymond Lo)

# ကံကြမ္မာဦးတည်ချက်ဆိုသည်မှာ အဘယ်နည်း

ကန်တုံသားများတွင် စိတ်ဝင်စားဖွယ် ဆိုရိုးစကားတစ်ခွန်း ရှိပါသည်။ ဘဝ၏ အရှည်အသွေးကို ထိခိုက်စေသည့် ဖြစ်စဉ်တရားများအကြောင်း ဆွေးနွေးသည့်သူတို့က "ကံကြမ္မာ ဦးတည် ချက်က ပထမဆုံးလာတယ်။ ကံအခွင့်သင့်မှုက ဒုတိယ လာတယ်။ ဖုန်းရွှေက တတိယ လာတယ်" ဟု ဆိုလေ့ရှိကြသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဤစာအုပ်ကို ကံကြမ္မာဦးတည်ချက် အကြောင်းကို ကျေကျေလည်လည် ဆွေးနွေးခြင်းဖြင့် စတင်လိုက်ပါသည်။ ကံကြမ္မာဦးတည်ချက်ဟူသော စကားအားဖြင့် ပို၍မြင့်သော အလွှာမှ စွမ်းအင် တစ်စုံတစ်ခုက ပြဋ္ဌာန်းပြီး ကျွန်ုပ်တို့၏ လွတ်လပ်သော ဆန္ဒရှိမှုနှင့် ထိန်းချုပ်မှုတို့ လက်လှမ်း မမီသော အရာများကို ကျွန်ုပ်တို့ ရည်ညွှန်းတတ်ကြပါသည်။ ကံကြမ္မာ ဦးတည်ချက်တွင် ပေါင်းစပ်ပါဝင်နေသည့် အချက်များသည်ကား လူတစ်ယောက်၏ မွေးရာပါ အရည်အသွေးများ ဖြစ်ကြပေ၏။ ကျွန်ုပ်တို့သည် မတူညီ ကွဲပြားသော ဉာဏ်ရည်၊ စိတ်နေသဘာဝ၊ ဝါသနာများ၊ ကိုယ်လုံးကိုယ်ထည်၊ အကျင့်စရိုက် ဟူသည်များဖြင့် မွေးဖွားလာခဲ့ကြသည်။ ဤအရည်အသွေးများကို ကျွန်ုပ်တို့ အသီးသီးသည် မွေးဖွားစဉ် အခိုက်အတန့်တွင် ဤလောက ထဲသို့ သယ်ဆောင်လာခဲ့ကြသည်။ ဤအကြောင်း တရားများသည် ဘဝတစ်လျှောက်၌ ကျွန်ုပ်တို့၏ ကြီးပြင်းမှုနှင့် ဘဝ ခရီးအပေါ် သိသာထင်ရှားသော ဒဏ်သင့်မှု ရှိပါလိမ့်မည်။ ထိုဖြစ်ကြောင်းတရားများတွင် ကာယကံရှင်သည် ကျောင်းစာပညာအားဖြင့်သော်လည်းကောင်း၊ ကြီးပြင်းလာရသော ပတ်ဝန်းကျင်အရ သော်လည်းကောင်း၊ ပြုပြင်ပစ်ခြင်းကို မပြုလုပ်နိုင်သည်က အများအပြား ဖြစ်လေသည်၊ ဤမွေးရာပါဖြစ်ကြောင်း တရားများကို လူတစ်ယောက်အဖြစ် ဖြစ်ပေါ်စေသော ပေါင်းစပ်နေသည့် အချက်များအဖြစ် မှတ်ယူနိုင်၏။ ဤပေါင်းစပ် နေသည့် အချက်များတွင် မတူမညီ ကွဲပြားနေချက်များက လူများကို တစ်ယောက်နှင့် တစ်ယောက် မတူရအောင် ဖြစ်စေလေသည်။

ထို့ကြောင့် ကံကြမ္မာဦးတည်ချက် ဟူသည်ကို လူတစ်ဦးစီ၏ အရင်းအမြစ်ကျသော ပေါင်းစပ်နေမှုဟူ၍လည်းကောင်း၊ ယင်းသို့ ပေါင်းစပ်နေမှုတွင် ကွဲပြားခြင်းများ ရှိနေမှုဟူ၍လည်းကောင်း ရှုမြင်နိုင်ပေ၏။ ကံကြမ္မာဦးတည်ချက်သည် ကိုယ်ခန္ဓာ၏ ဇီဝတည်ဆောက်မှုကို မရည်ညွှန်းပါ။ ကိုယ်ခန္ဓာတွင် ဇီဝတည်ဆောက်မှုမှာ အနည်းနှင့်အများ တူညီကြသည်သာ ဖြစ်ပါ၏။ ပို၍ ကျယ်ပြန့်သောအမြင်ကို ဆောင်သင့်သည်။ လူတစ်ယောက်၏ အကျင့်စာရိတ္တ၊ သန္ဓေတည်စွမ်းအင်၊ ရှုပ်ထွေး လှသော လူမှုအဖွဲ့အစည်းတွင် ကျွန်ုပ်တို့ တည်ရာ၊ အခြား သူများနှင့် ဆက်ဆံမှု၊ လူသားတို့၏ ကံကောင်းမှု၊ ကံအကျိုး ပေးမှု၊ ကြမ္မာဟူသော သိပ်မွေ့နက်နဲသည့် ကိစ္စရပ်များအထိ ဖြစ်သော လူတစ်ယောက်၏ ဘဝမှ မျက်နှာစာ အဖုံဖုံကို သိမ်းပိုက်ခြုံငုံသင့်သည်။ ဤမည်သော လူတစ်ဦး၏ မွေးရာပါ ပေါင်းစပ်နေမှုကို ရှင်းလင်းပြရန်အတွက် တရုတ်လူမျိုးတို့တွင် သူများနှင့်မတူ အထီးတည်းဖြစ်သော စကြာဝဠာဖွဲ့စည်းပုံစနစ် ရှိနေ၏။ ထိုစနစ်ကို ကံကြမ္မာဦးတည်ချက်ကို အဓိပ္ပာယ်ဖွင့် ဆိုပြီး ရှင်းလင်းပြရန်အတွက် အသုံးပြုနိုင်လေသည်။ ဤစနစ်သည်ကား အခြေခံ မဟာဘုတ် ငါးပါးဟူသော နောက်ခံသဘော တရားဟူ၍ သိထားကြပေ၏။

**အခြေခံ မဟာဘုတ်ငါးပါးဟူသော နောက်ခံသဘောတရား**

ဤနောက်ခံသဘောတရား၏ မူလဇစ်မြစ်သည် ရှေးဟောင်း တရုတ်သမိုင်းတွင် ပျောက်ဆုံးခဲ့ပြီဖြစ်သော်လည်း ဤခံယူချက် သဘောတရား၏ ဖော်ပြချက်နှင့် သုံးစွဲပုံကို ချင်မင်းဆက် မတိုင်မီကလေးတွင် ဖြစ်ခဲ့သော စစ်ဖြစ်နေသော ပြည်နယ်များ ခေတ်ကာလ ဖြစ်သည့် ဘီစီ ၂၄၀ ပတ်ဝန်းကျင်လောက်အထိပင် ရှေးကျစွာ တွေ့မြင်ကြရလေသည်။ မဟာဘုတ်များ ဖြစ်ကြသော သတ္တု၊ သစ်သား၊ ရေ၊ မီး၊ မြေတို့သည် စကြဝဠာကြီးထဲ၌ အခြေခံကျသောစွမ်းအင်များ သို့မဟုတ် အင်အားများ ဖြစ်ကြသည်ဟု ယုံကြည်ထားကြလေသည်။ ဤစကြဝဠာကြီးထဲရှိ ရုပ်၊ နာမ် အရာရာတို့သည် ဤဓာတ်ကြီးငါးပါးတို့ အချင်းချင်းတုံ့ပြန်ထိခတ်မှုမှ ဖြစ်ပေါ်လာကြရသည်။ ဤမဟာဘုတ်ငါးပါးကို ဘဝ၏ မျက်နှာစာတိုင်းတွင် စပ်ဟပ်သုံးစွဲ၍ရပါ၏။ ဥပမာအားဖြင့် ဆိုရသော်– စပရင်ခေါ် မိုးဦးရာသီသည် သစ်သားရာသီဟု ယူဆကြ၏။ ဂီတသံစဉ် ခုနစ်ပါးအနက်မှ “လာ” ဟူသော သံစဉ်သည် ရေဓာတ် ဖြစ်သည်။ အဖြူရောင်သည် သတ္တုဓာတ်၏ အရောင် ဖြစ်၍ အနက်ရောင်သော်ကား ရေဓာတ်၏ အရောင်ဖြစ်သည်။ တောင်အရပ်မျက်နှာသည် မီးဓာတ်၏ အရပ်မျက်နှာဖြစ်ကာ လူသား၏ အစာအိမ်သည် မြေဓာတ်၏ အင်္ဂါဖြစ်သည်။ ချင်မင်းဆက်သည်ပင်လျှင် ရေဓာတ် မင်းဆက်ဖြစ်သည်ဟု ယူဆထားကာ ပထမဦးဆုံးသော ဧကရာဇ်သည် အနက်ရောင်ဝတ်ရုံကို လွှမ်းခြုံဝတ်ဆင်၍ အနက်ရောင် အလံတံခွန်များကို အသုံးပြုခဲ့သည်။

မဟာဘုတ်ဓာတ်များ၏ နာမည်များကိုကမ္ဘာပေါ်တွင် တွေ့ရှိရသော အရာဝတ္ထုများကို စွဲ၍ မှည့်ခေါ်ထားသည် ဖြစ်သော်လည်း ထိုဓာတ်များကို ရုပ်ဒြပ်ဝတ္ထုများ အဖြစ် မရှုမြင်သင့်ပါချေ။ စင်စစ်တွင်ကား ယင်းတို့သည် မမြင်နိုင်ဘဲနှင့် အချင်းချင်း တုံ့ပြန်ထိခတ်ကြသော စွမ်းအင်ငါးမျိုးဖြစ်ကြပြီး ယင်းတို့ကို စကြဝဠာထဲမှ အခြေခံတွန်းပေးစွမ်းအားများဟူ၍ မှတ်ယူနိုင်ပေသည်။ သို့သော်ငြားလည်း ဤစွမ်းအားတစ်ခုချင်းမှာ ရုပ်ဝတ္ထုသရုပ်သင်္ကေတ (ခေါ်)သစ်သားဓာတ်သည် စပရင်း (ခေါ်) မိုးဦးရာသီတွင်ကြီးပွားအားကောင်းပြီး အရောင်အားဖြင့် အစိမ်းရောင် ဖြစ်ကာ မြေကြီးကို ထိန်းချုပ်၏။ မြေကြီးကို ထိန်းချုပ်ရခြင်းကား သစ်ပင်၏ အမြစ်တို့သည် မြေထဲသို့ နက်ရှိုင်းစွာဝင်၍ ပေါက်ရောက်နိုင်သောကြောင့် ဖြစ်ပေ၏။ ထို့ကြောင့် ဤဓာတ် သို့မဟုတ် ဤအင်အားများကို သူတို့၏ ရုပ်ဝတ္ထုဆိုင်ရာ နာမည်များအလိုက် နားလည်ထားခြင်းသည် အဆင်ပြေလှပါသည်။

စကြဝဠာကြီးထဲတွင် လူသားသည် သေးငယ်လှသော အရာကလေးမျှသာ ဖြစ်ပေရာ ကျွန်ုပ်တို့အား စကြဝဠာ၏ ဥပဒေစည်းမျဉ်းများက ထိန်းချုပ်ထားသည်။ ကျွန်ုပ်တို့သည် စကြဝဠာ ဥပဒေစည်းမျဉ်းများကိုလိုက်နာကြရသည်။ စကြဝဠာထဲမှ အရာရာသည် အခြေခံ မဟာဘုတ်ဓာတ် ငါးပါးဖြင့် ဖွဲ့စည်းပေါင်းစပ်ထားခြင်း ဖြစ်ပေသည်။ လူတစ်ယောက်ချင်း ကံကြမ္မာ ဦးတည်ချက်ကွဲပြားမှုတို့သည် ထိုမဟာဘုတ်ဓာတ်ကြီး ငါးပါးဖွဲ့စည်းပေါင်းစပ်ပုံတွင် ပြောင်းလဲကွဲပြားမှုများအားဖြင့် ဖော်ထုတ်နိုင်လေသည်။

လူ၏ ကံကြမ္မာ ဦးတည်ချက်ကို မဟာဘုတ်ဓာတ်များ ဟူသော နောက်ခံသဘောတရားအားဖြင့် ဖော်ထုတ်ကောက် ယူခြင်းဟူသော အကြောင်းအရာထဲသို့ နက်ရှိုင်းစွာ တိုးဝင် စစ်ဆေးမှုကို မပြုလုပ်မီ မဟာဘုတ်ဓာတ်များထဲ၌ ဖြစ်ပေါ်သော အခြေခံဆက်ဆံမှု နှစ်ခုကို ရှေးဦးစွာ စစ်ဆေးကြည့်ကြပါဦးစို့။


**အခြေခံမဟာဘုတ်ဓာတ်များအချင်းချင်း ထိခတ်ခြင်းများ**

စကြဝဠာထဲမှ အခြေခံဓာတ်ငါးပါးသည် မလှုပ်မရှား ငြိမ်သက်နေကြသည် မဟုတ်ပါ။ သူတို့သည် ထာဝစဉ်ပင် တစ်ခုနှင့်တစ်ခု အချင်းချင်း တုံ့ပြန်ထိခတ်နေကြ၏။ သို့ဖြစ်ရာ စကြဝဠာထဲမှ ဖြစ်ပေါ်လာသမျှသော ရွေ့လျားမှုများနှင့် အပြောင်း အလဲများသည် စကြဝဠာထဲမှ လူများ၊ အရာဝတ္ထုများ၊ ဖြစ်ရပ်များ အားလုံးကိုဖြစ်ပေါ်စေလျက်ရှိရာ ရွေ့လျားမှုများနှင့် အပြောင်းအလဲများအားလုံးသည် အခြေခံဓာတ်ကြီးငါးပါးတို့ အချင်းချင်း တုံ့ပြန် ထိခတ်မှုကြောင့် ဖြစ်ပေါ်အကျိုးထင်ရခြင်း ဖြစ်ပေ၏။ သို့သော်ငြားလည်း စကြဝဠာသည် ဖရိုဖရဲဖြစ်မနေပေ။ မဟာဘုတ် ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု တုံ့ပြန်ထိခတ်ကြရာတွင် အခြေခံဥပဒေသများနှင့်အညီသာ ဖြစ်ပါသည်။ ဤဥပဒေများကား **မွေးဖွားခြင်း စက်ဝန်းနှင့် ပျက်စီးခြင်း စက်ဝန်း(ဝါ)ဓာတိ စက်ဝန်းနှင့် မရဏစက်ဝန်း**[၂]တို့ဖြစ်ကြပေ၏။

---

၂ Cycle of Birth and Cycle of Destruction

ရုပ်ပုံ (၁)။ ဇာတိစက်ဝန်းနှင့် မရဏစက်ဝန်း




ဇာတိစက်ဝန်းက ဓာတ်တစ်ခုသည် မွေးဖွားခြင်းကို ဖြစ်ပေါ် စေနိုင်ခြင်း (ဝါ) အခြားသော ဓာတ်တစ်ခုကို ထောက်ခံ ပံ့ပိုး ပေးနိုင်ခြင်း ဟူသည်တို့ကို စက်ဝန်းသဏ္ဍာန် ပြုလုပ်ကြောင်းကို ဇာတိစက်ဝန်းက ဖော်ပြပါသည်။ ဤကား မိခင်နှင့်ကလေး အညီအညွတ် ဆက်ဆံခြင်းတည်း။ တစ်ဘက်တွင်ကား ဓာတ်တစ်ခုက အခြားသော ဓာတ်တစ်ခုကို ဖျက်စီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖိနှိပ်ခြင်းတည်းဟူသော ပဋိပက္ခဆက်ဆံခြင်းကို ပြုတတ်ကြောင်း မရဏစက်ဝန်းက ဖော်ပြ၏။

ကမ္ဘာသည် အခြေခံ မဟာဘုတ်ဓာတ်ကြီးငါးပါးတို့ အချင်းချင်း တုံ့ပြန်ထိခတ်ခြင်း အားဖြင့် အသက်ဝင်လာသည်။ ဤမည်သော ဥပဒေသ သို့မဟုတ် **တောက်**[၃] ကို နားလည်ခြင်းအားဖြင့် ရှေးခေတ်တရုတ်လူမျိုးများသည် စကြဝဠာနှင့် ပတ်သက်၍ အသိပညာကို တော်တော်ကလေးရလိုက်ပေသည်။ ဓာတ်ကြီးငါးပါးနည်းဖြင့် အချိန်တည်း ဟူသောကာလ၊ နေရာတည်းဟူသော ဒေသတို့နှင့် သဘာဝတရားတို့ကို ရှင်းလင်းဖော်ပြနိုင် သည်သာ မဟုတ်ပါ။ ဤနောက်ခံသဘောတရားသည် လူသားနှင့် စကြဝဠာတို့အကြားတွင် ပေါင်းကူးတံတားကိုပင် ထိုးပေးလေသည်။ အခြေခံ မဟာဘုတ်ငါးပါးဟူသော ဤနောက်ခံ သဘောတရားအားဖြင့် သာလျှင် တရုတ်လူမျိုးတို့သည်လူသားတို့၏ ကံကြမ္မာ ဦးတည် ချက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုအတွက် လေးနက်သောနည်း စနစ်တစ်ရပ်ကို ပျိုးထောင် နိုင်ခဲ့ကြသည်။ ဤနည်းစနစ်သည် ကာလ၏ ရွေ့လျားမှုတစ်လျှောက်အတွင်း လူတစ်ဦးချင်း အပေါ် စကြဝဠာ၏ ထိခတ်သင့်ရောက်မှုကို ဖော်ထုတ်နိုင်သည်။ ကြိုတင်၍လည်း ဖော်ပြနိုင်သည်။

ရှုပ်ထွေးလှသော စကြဝဠာနှင့် လူ့အဖွဲ့အစည်းတို့သည် အခြေခံဓာတ်ကြီးငါးပါး နှင့် ဆက်နွယ်သည်ဟု ခြိုင်ပြောသောစကားမှာ မယုံကြည်နိုင်လောက်စရာ ဖြစ်ပေ၏။

[၃] Tao

သို့တိုင်အောင်တရုတ်တို့၏ ပရဆေးဖြင့် ဆေးကုသမှုနှင့် အပ်စိုက်ကုသမှုတို့၏ အခြေခံမှာ ဤမည်သော ရိုးရိုစင်းစင်းကလေး ဖြစ်သည့် နောက်ခံ သဘောတရားပင် ဖြစ်ပေသည်။ ဤသို့သော ဆေးဘက်ဆိုင်ရာ တတ်စွမ်းနိုင်မှုတို့သည် တရုတ်လူမျိုးတို့ကို နှစ်ပေါင်း ထောင်ပေါင်း များစွာ ပြုစုလုပ်ကျွေးခဲ့ပြီး ရောဂါများစွာကို ကုသရာတွင် ကုသမှုတို့၏ အာနိသင် ထက်မြက်မှုသည် ယခုအခါ အနောက်တိုင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ အာရုံ စူးစိုက်စရာ ဖြစ်လာရတော့သည်။

တရုတ်လူမျိုးတို့၏ ဆေးဝါးသည် လူ၏ အသက်ရှင်မှုဆိုင်ရာ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုစီကို အခြေခံဓာတ် တစ်ပါးပါးဖြင့် စပ်ဟပ်တွဲဖက်ထားသည်။ ဥပမာ– မီးဓာတ်သည် နှလုံးကို သရုပ်ဆောင်သည်။ သတ္တုဓာတ်သည် အဆုတ်ကို သရုပ်ဆောင်သည်။ သစ်သားဓာတ်သည် အသည်းနှလုံးကို ကိုယ်စားပြု၏။ ရေဓာတ်ကမူ ကျောက်ကပ်ကို ကိုယ်စားပြု၏။ ဤသို့ဓာတ်ကြီးငါးပါးကကိုယ်စားပြုသော ကိုယ်အင်္ဂါ ငါးခုသည် ဟန်ချက်ညီနေကြပြီး အညီအညွတ် ရှိကြကာ ဓာတ်စက်ဝန်းနှင့် မရဏစက်ဝန်း တို့နှင့်အညီ ဓာတ်တစ်ခုကိုတစ်ခု အချင်းချင်း တုံ့ပြန်ထိခတ်နေကြမည်ဆိုလျှင် ကာယကံရှင် သည် ကျန်းမာရေးကောင်းနေပေလိမ့်မည်။ အခြားတစ်ဖက်တွင်ကား ဓာတ် တစ်ပါးပါးသည် လွန်ကဲစွာအားကောင်းလာလျှင် သို့တည်းမဟုတ် လွန်ကဲစွာ အားယုတ်လာလျှင် ဟန်ချက် ညီမှုသည် ကျွမ်းထိုးမှောက်ခုံဖြစ်၍ နာမကျန်းမှုသည် ဖြစ်ပေါ်လာပေလိမ့်မည်။ ဥပမာအားဖြင့် အကယ်၍ ကျောက်ကပ်သည် အားနည်းနေခဲ့သော် ကျောက်ကပ်၏ သရုပ်ဖြစ်သော ရေသည် မီးကို ထိန်းချုပ်ထားနိုင်မည် မဟုတ်ပါ။ ဤအကျိုးဝိပါတ်သော်ကား နှလုံးခုန် မမှန်ခြင်း သို့တည်းမဟုတ် သွေးပေါင်တိုးခြင်း၊ အစရှိသည် နှလုံးနှင့် ပတ်သက်သည့် ရောဂါများ ဖြစ်လာနိုင်သည်။ မီးသည် နှလုံးနှင့် သွေးတို့ကို သရုပ်ဆောင်သောကြောင့် ဖြစ်ပေ၏။ ကုသရန်မှာ ကိုယ်ခန္ဓာ ဟန်ချက် ပြန်ရအောင် ပရဆေး သို့တည်းမဟုတ် အပ်စိုက်ကုသမှုကို မှီဝဲရယူရန် ဖြစ်လေသည်။

အခြေခံမဟာဘုတ် ဓာတ်ကြီးများ၏ အချင်းချင်းတုံ့ပြန် ထိခတ်မှုသည် ကျွန်ုပ်တို့၏ ကိုယ်တွင်းအင်္ဂါများ ဆောင်ရွက်ရမည့် လုပ်ကိုင်မှုများကိုသာလျှင် အုပ်စိုးသည်မဟုတ်၊ ကျွန်ုပ်တို့၏ ဘဝနှင့် ကံကြမ္မာဦးတည်ချက်တို့ကိုလည်း ပြဋ္ဌာန်းပေးသေး၏။ ဤသို့ ပင်လျှင် ဤမျှ ထည်ဝါခမ်းနားသော ဥပဒေသများက စကြဝဠာကို အုပ်စိုးကြသည် ဖြစ်သည့်အလျောက် လူသားသည်လည်း ဤဥပဒေသ စည်းမျဉ်းများ၏ အခြယ်အလှယ်ခံ ဖြစ်သင့်သည်ဟု ဆက်စပ်တွေးတော ယူဆခြင်းမှာ ကျိုးကြောင်း ဆီလျော်လှပသည်။ စကြဝဠာဆိုင်ရာ စနစ်အဖွဲ့နှင့် လူသားကို တိုက်ရိုက်ဆက်စပ်သော ဤအသိပညာကို တရုတ်ဆေးပညာတွင် အလွန်အောင်မြင်စွာ စပ်ဟပ်သုံးစွဲခဲ့ကြရုံသာမက လူသား၏ ကံကြမ္မာ ဦးတည်ချက် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုနှင့် ပတ်သက်သည့် လေးနက်သော

အခြေခံအကြမ်းထည် ဘောင်အဖြစ်ဖြင့်လည်း ဖြစ်လာလေသည်။ ထိုစနစ်ကို အများက *"**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**" * ဟူ၍ ခေါ်ဝေါ်သိရှိနေကြပေ၏။

ကမ္ဘာတစ်လွှားမှ ရှေ့ဖြစ်ဟောနည်းစနစ်များစွာတို့တွင် မွေးဖွားသော အခိုက်အတန့်ကို မွေးဖွားခြင်း အမှတ်အသားနှင့် ဘဝ၏ စတင်ရာ နေရာအဖြစ် မလွဲမသွေ မှတ်ယူကြပြီး ကလေး၏ အနာဂတ် ဘဝပုံစံများနှင့် ပတ်သက်သည့် ကြိုတင် ဟောပြောချက်များကို ထိုမွေးဖွားသော အခိုက်အတန့်ပေါ်တွင် အမှီပြုလေသည်။ အခြားနည်းဆိုရသော် မွေးဖွားသော အခိုက် အတန့်သည် ကျွန်ုပ်တို့၏ မည်သူမည်ဝါဆိုသည့် အမှတ်အသား၊ စကြဝဠာဆိုင်ရာ လျှို့ဝှက်စကား၊ သို့တည်းမဟုတ် အခြေပြု ရမည့် တည်ဆောက်ရေးပုံစံပင် ဖြစ်တော့သည်။ ထိုမွေးဖွားသော အခိုက်အတန့်ကာလက လူတစ်ဦးချင်းအား ဆင်တူမရှိသော မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြမှုကို ပေးအပ်၏။ ထိုဖော်ပြမှုအားဖြင့် ကုသိုလ်ကံ၊ ကံကြမ္မာဦးတည်ချက် အနာဂတ်လာမည့် ဘဝပုံစံတို့၏ ဖွဲ့စပ်ထားမှုကို သိရှိရအောင် ဖော်ထုတ်နိုင်လေ သည်။ အနောက်တိုင်း ဗေဒင်ပညာသည် မွေးဖွားမှုဆိုင်ရာ အချက်အလက်များကို ဇာတာဖွဲ့ရန် အတွက် အသုံးပြုသည်။ ဖွဲ့ထားသော ဇာတာခွင်သည် နေစကြဝဠာ၌ ဂြိုဟ်များ အနေအထားကို ရောင်ပြန်ဟပ်နေသည်။ အနောက်တိုင်း ဗေဒင်ပညာတို့ ဂြိုဟ်ခွင်ကို ကံကြမ္မာဦးတည်ချက် ဖော်ထုတ်ရေးတွင် အသုံးပြုပေ၏။

တရုတ်ပြည်တွင်မူ ဤသို့ဖော်ထုတ်ရေးအတွက် လုပ်နည်း ကိုင်နည်းမှာ လက်မဝင်ချေ၊ မွေးဖွားမှုဆိုင်ရာ အချက်အလက်များကို ဓာတ်ကြီးငါးပါး ဖွဲ့စည်းပေါင်းစပ်မှုအဖြစ် ပြောဆိုလိုက်ရုံသာ လိုအပ်ပြီး ဤဓာတ်ကြီးများ၏ အားသည်းပုံ၊ အားနည်းပုံတို့ကို ဖော်ထုတ်ကောက်ယူခြင်းနှင့် ထိုဓာတ်များ အချင်းချင်း မည်သို့မည်ပုံ တုံ့ပြန်လာခြင်းတို့ကို ဖော်ထုတ် ကောက်ယူခြင်းတို့အားဖြင့် ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်ကို ပြည့်စုံစွာ ဖော်ထုတ်နိုင်လေတော့သည်။ ကံကြမ္မာ ဦးတည်ချက်၏ လျှို့ဝှက်စကားအဖြစ် ဖြစ်လာရန်မှာ လေးရပ်သော သတင်းအချက် အလက်များသာလျှင် လိုအပ်လေ၏။ ယင်းတို့ကား မွေးဖွားသည့် နှစ်၊ လ၊ ရက်၊ နာရီတို့ ဖြစ်ကြ၏။ ထိုပညာကို "**ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**" ဟု ခေါ်တွင်ပြီး သတင်းအချက်အလက် တစ်ခုကို တိုင်တစ်တိုင် ခေါ်ကြလေသည်။

ကျွန်ုပ်တို့၏ မွေးဖွားမှုဆိုင်ရာ အချက်အလက်များကို အမှီပြု၍ ရေးဆွဲထားသော "**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီး လေးတိုင်**"သည် ကံကြမ္မာဦးတည်ချက်၏ ဖွဲ့စည်းပေါင်းစပ်မှုကို အဘယ်သို့ရောင်ပြန်ဟပ်သည်ဆိုခြင်းကို နားလည်ဖို့ မကြိုးစားမီ တရုတ် ပြက္ခဒိန် နောက်ခံတရားနှင့်အဆင်တန်ဆာများ တပ်ဆင်ထားပုံကို အကျဉ်းချုပ်အားဖြင့် ရှင်းလင်း ဖော်ပြခွင့်ပြုစေလိုပါသည်။

---

* Four Pillars of Destiny

## တရုတ်ပြက္ခဒိန်ကို နားလည်သဘောပေါက်ရေး

တရုတ်တို့သည် တစ်ခုနှင့်တစ်ခု မတူသော ပြက္ခဒိန် စနစ်နှစ်ခုကို ထားရှိကြလေသည်။ ရိုးရိုးလူများ အသုံးပြုကြသော စန္ဒမာသပြက္ခဒိန်[၄] ခေါ် လသွားကို အခြေပြု၍ တွက်ချက်ထားသော ပြက္ခဒိန်ဖြစ်သည်။ တစ်နှစ်လျှင် ၁၂လ ခွဲထားပြီး လမင်းက ကမ္ဘာကိုပတ်သည့် ရွေ့လျားမှုကို အခြေခံသည်။ နောက်ထပ် ပြက္ခဒိန်တစ်ခု ရှိသေးသည်။ ထိုပြက္ခဒိန်မှာ နေ့ရက်များကို တွက်ချက်ဖော်ပြရုံသာမက ကောက်ပဲသီးနှံ စိုက်ပျိုးရေးနှင့် ရှေ့ဖြစ်ဟောရေးများအတွက်လည်း အသုံးပြု၏။ ဤသူရိယမာသ ပြက္ခဒိန်[၅] ခေါ် နေသွားနှင့် တွက်ထားသည့် ပြက္ခဒိန်ကို တရုတ်တို့က **ဆီယာပြက္ခဒိန်**[၆] ဟု ခေါ်ဝေါ်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း၄၀၀၀က ပေါ်ထွန်းခဲ့သည့် ဆီယာမင်းဆက်လက်ထက်က မှတ်တမ်းများတွင် တွေ့ရှိရသော ပြက္ခဒိန်ဖြစ်သောကြောင့် ဤသို့ ခေါ်ဝေါ်ကြခြင်း ဖြစ်ပေ၏။

ဆီယာ ပြက္ခဒိန် နှင့် စန္ဒမာသ ပြက္ခဒိန်တို့၏ အဓိက ကွာခြားချက်မှာ ဆီယာပြက္ခဒိန်သည် သူရိယမာသ ပြက္ခဒိန်ဖြစ် ၏။ အဓိပ္ပာယ်ကား ကမ္ဘာက နေကို ပတ်၍ သွားသော ရွေ့လျားမှုနှင့်အညီ နှစ်ကို ရေတွက်ထားပြီး လတစ်လစီကို ကမ္ဘာကို မှီ၍ တည်နေသော နေ၏ တည်နေရာနှင့်အညီ ခွဲဝေထားသည်။ ဆီယာ ပြက္ခဒိန်သည် တစ်ပါးနှင့်မတူ အထီးတည်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံ မဟာဘုတ် ဓာတ်ကြီးငါးပါးနှင့် နီးစပ်စွာ အမှီပြုဆက်စပ်နေသောကြောင်းပင်ဖြစ်၏။ ဤပြက္ခဒိန်မှ နှစ်တိုင်း၊ လတိုင်း၊ ရက်တိုင်းသည် တရုတ်အက္ခရာ နှစ်ခုကို အသုံးပြုသည့်နည်းဖြင့် ဖော်ပြပြီး၊ အက္ခရာတစ်ခုသည် အခြေခံ မဟာဘုတ်ကြီး ငါးပါးထဲမှ တစ်ခုဖြစ်၏။ ဥပမာသော်ကား သက္ကရာဇ် ၁၉၉၃ ခုကို ဆီယာပြက္ခဒိန်တွင် " 癸酉 " ဟူသော တရုတ်အက္ခရာနှစ်ခုဖြင့် ပြသည်။ ပထမအက္ခရာသည် ရေဓာတ်ဖြစ်၍ ဒုတိယ အက္ခရာသည် သတ္တုဓာတ် ဖြစ်၏။ အချိန်ကာလ၏ အခိုက်အတန့် မှန်သမျှကို မဟာဘုတ် ဓာတ်ကြီးများကို အသုံးပြုသည့်နည်းဖြင့် ပြဆိုနိုင်လေသည်။ ကာလ၏အခိုက်အတန့်ကို တွက်ချက်လိုသော် နှစ်၊ လ၊ ရက်၊ နာရီ တို့သည်ကား ထိုအခိုက်အတန့်ကို စိုးမိုးသည့် ဓာတ်ကြီး ရှစ်ပါးဖြစ်တော့သည်။

ဤနည်းဖြင့် လူတစ်ယောက်၏ မွေးနှစ်၊ မွေးလ၊ မွေးရက်၊ မွေးနာရီတို့ကို ဓာတ် ၈ ပါးစီ ပါဝင်သော တိုင်ကြီး လေးတိုင် အစုံဖြင့် ပြ၍ရ၏။ ဥဒါဟရဏ်ဖြင့် ပြပါမည်။

သက္ကရာဇ် ၁၉၁၃ ခု၊ ဇန်နဝါရီလ၊ ၉–ရက် ၂၀:၀၀ နာရီ တွင် သားယောကျ်ားလေး တစ်ဦး မွေးဖွားသည် ဆိုပါစို့။ "**နှစ်တစ်ထောင် ပြက္ခဒိန်**" ဟူသော စာအုပ်တွင် ကြည့်ပြီးသော် ဤအခိုက်အတန့်ကို ဆီယာပြက္ခဒိန် ပုံစံထုတ်၍ ရပေသည်။ ဤအခိုက်အတန့်ကို ကိုယ်စားပြုသော တရုတ်အက္ခရာများကား အောက်ပါအတိုင်းတည်း။

---

၄ = Lunar calendar ၅ = Solar calendar ၆ = Hsia calendar

နမူနာပြဖြစ်သော ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်။ ၁၉၁၃၊ ဇန်နဝါရီလ၊ ၉–ရက်၊ ၂၀၀၀ နာရီတွင် မွေးဖွားသော သားယောက်ျားလေးအတွက် ဖြစ်သည်။

| နာရီ | ရက် | လ | နှစ် |
| --- | --- | --- | --- |
| 丙 | 庚 | 癸 | 壬 |
| 戊 | 寅 | 丑 | 子 |

မွေးဖွားသည့်အခိုက်အတန့် ဖြစ်သော မွေးနာရီ၊ မွေးရက်၊ မွေးလ၊ မွေးနှစ်တို့ကို တရုတ် အက္ခရာရှစ်လုံးဖြင့် ပြနိုင်သည်ကို စာရှုသူတို့ တွေ့မြင်နိုင်ပေပြီ။ အပေါ်တန်းက တရုတ်အက္ခရာများကား မိုးကောင်းကင် ပင်စည်များဖြစ်ပြီး အောက်တန်းက အက္ခရာများသည် မြေပထဗျာ အကိုင်းအခက်များ ဖြစ်လေသည်။ မိုးကောင်းကင် ပင်စည်စုစုပေါင်းမှာ ၁၀ ခုရှိ၍၊ မေပထဗျာ အကိုင်းအခက်များ စုစုပေါင်းမှာ ၁၂ ခုရှိရာ ဤတရုတ်အက္ခရာ ၂၂ ခုသည် ဆီယာပြက္ခဒိန်၏ အခြေခံ ဖြစ်လာကြလေသည်။ မွေးဖွားသည့် အချက်အလက်များကို ပုံစံတွင် သွင်းလိုက်သောအခါ စင်စစ်တွင် တရုတ်အက္ခရာတစ်ခုကို ကိုယ်စားပြုကြောင်းကို တွေ့ရှိရသည်။ သို့ဖြစ်သောကြောင့် တရုတ်အက္ခရာ ရှစ်ခုကို အောက်ပါဇယားနှင့် ညှိ၍ ကောက်ယူခြင်းဖြင့် မဟာဘုတ် ဓာတ်များကို ရသည်။

| မိုးကောင်းကင် ပင်စည်များ | | | မြေပထဗျာ အကိုင်းအခက်များ | | |
| --- | --- | --- | --- | --- | --- |
| 甲 | ယန်[၇] | သစ်သား | 子 | ရေ | (ကြွက်) |
| 乙 | ယင်[၈] | သစ်သား | 丑 | မြေ | (နွားထီး) |
| 丙 | ယန် | မီး | 寅 | သစ်သား | (ကျား) |
| 丁 | ယင် | မီး | 卯 | သစ်သား | (ယုန်) |
| 戊 | ယန် | မြေ | 辰 | မြေ | (နဂါး) |
| 己 | ယင် | မြေ | 巳 | မီး | (မြွေ) |
| 庚 | ယန် | သတ္တု | 午 | မီး | (မြင်း) |
| 辛 | ယင် | သတ္တု | 未 | မြေ | (သိုး) |
| 壬 | ယန် | ရေ | 申 | သတ္တု | (မျောက်) |
| 癸 | ယင် | ရေ | 酉 | သတ္တု | (ကြက်) |
| | | | 戌 | မြေ | (ခွေး) |
| | | | 亥 | ရေ | (ဝက်) |

၇ = Yang ၈ = Yin

ဆီယာပြက္ခဒိန်က ကျွန်ုပ်တို့အား အခိုက်အတန့် တစ်ခုတွင် စိုးမိုးနေသော အခြေခံမဟာဘုတ် ဓာတ်ကြီးငါးပါး၏ အရှိန်သြဇာ သက်ရောက်မှု အကြောင်းနှင့် ပတ်သက်သည့် သတင်းအချက် အလက်ကို ပေးအပ်ထောက်ပံ့သည် ဖြစ်သည်နှင့်အညီ၊ ဆီယာ ပြက္ခဒိန်ပါ မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အကိုင်း အခက်များ ပုံစံအရ ဖြစ်သော မွေးဖွားမှု အချက်အလက်များသည် မွေးဖွားသည့် အခိုက်အတန့်တွင် သင့်ရောက်သော ဓာတ်များ၏ အရှိန်သြဇာကို အမှန်ပင် ပြောပြပါသည်။ လူတစ်ယောက် မွေးဖွားချိန်၏ စကြဝဠာဆိုင်ရာ ပေါင်းစပ်ဖွဲ့စည်းထားမှုကို ကိုယ်စားပြု ဖော်ပြသည်ဟု ယုံကြည်ထားကြလေသည်။ ကျွန်ုပ် တို့၏ ဘဝတွင် ဓာတ်ကြီးငါးပါး ပါဝင်ပေါင်းစပ်ပုံကို လည်းကောင်း၊ ဤဓာတ်များ အချင်းချင်း တုံ့ပြန်ထိခတ်ခြင်းကို စိုးမိုးခြယ်လှယ်သော ဥပဒေသများကိုလည်းကောင်း၊ အချိန်ကာလနှင့်အညီ ဤဓာတ်ကြီး များ၏ ပြောင်းလဲပုံ အဆင်ပလင်ကိုလည်းကောင်း၊ သိနားလည်လိုက်ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် ဘဝ၏ အနာဂတ် အဆင်ပလင်ကို ကျွန်ုပ်တို့သည် ကောက်ယူရရှိ ကြိုတင်ဟောပြော နိုင်ကြပေ၏။ ဓာတ်တို့၏ အရှိန်သြဇာအားဖြင့် ကံကြမ္မာ ဦးတည်ချက်ကို ကောက်ယူရရှိနိုင်သော ဤနည်းနာသည် တရုတ်လူမျိုးတို့၏ **"ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်"** ဟုခေါ်သော တရုတ်ရှေ့ဖြစ်ဟော အတတ်ပင် ဖြစ်တော့သည်။ တိုင်ကြီးလေးတိုင်ဟု ခေါ်ရခြင်းမှာ ကျွန်ုပ်တို့၏ ကံကြမ္မာ ဦးတည်ချက်မှာ နှစ်၊ လ၊ ရက်၊ နာရီဟူသော အချိန်နှင့် ပတ်သက်၍ လေးမျိုးပါဝင် ပေါင်းစပ်နေပြီး တစ်မျိုးသည် တစ်တိုင် ဖြစ်သော ကြောင့်တည်း။ တစ်တိုင်လျှင် မိုးကောင်းကင် ပင်စည်နှင့် မြေပထဗျာ အကိုင်းအခက်တည်း ဟူသော ဓာတ်ကြီး နှစ်ပါးစီပါဝင်ပေသည်။

ဥဒါဟရဏ်အဖြစ် အထက်က ဖော်ပြခဲ့သော မွေးဖွားမှု အချက်အလက်ကို ပြန်ကောက်ပါဦးမည်။ ဇယားတွင်ကြည့်၍ တရုတ်အက္ခရာများကို အခြေခံမဟာဘုတ် ဓာတ်ကြီးငါးပါးအဖြစ် ကောက်ယူကြပါစို့။

### ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်ကို ဓာတ်များဖြင့် ပြပုံ

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| 丙 | 庚 | 癸 | 壬 |
| မီး | သတ္တု | ရေ | ရေ |
| 戊 | 寅 | 丑 | 子 |
| မြေ | သစ်သား | မြေ | ရေ |

၁၉၁၃ ခုနှစ် ဧပြေဝါရီလ ၉ ရက်၊ ၂၀း၀၀ နာရီလောက်တွင် မွေးဖွားခဲ့သော ကောင်ကလေးသည် မဟာဘုတ်ဓာတ် တစ်ထွေးကြီး ပါဝင်ပေါင်းစပ်နေသည်ကို ကျွန်ုပ်တို့ မြင်နိုင်သည် ယင်းတို့မှာ ရေ သုံးခု၊ သစ်သား တစ်ခု၊ မီးတစ်ခု၊ သတ္တုတစ်ခု၊ မြေနှစ်ခုတို့ ဖြစ်ကြ၏။ ဤကား လူတစ်ယောက်၏ ဘဝနှင့် ကံကြမ္မာ ဦးတည်ချက်တို့ ပါဝင်ပေါင်းစပ်နေပုံ ဖြစ်သတည်း။

## ကံကြမ္မာဦးတည်ချက်ကို အဓိပ္ပာယ်ကောက်ယူပြန်ဆိုခြင်း

တရုတ်နိုင်ငံ သမိုင်းတစ်လျှောက်လုံးတွင်ကြည့်သော် လူသား၏ ကံကြမ္မာ ဦးတည်ချက်ကို ဖော်ထုတ်ကောက်ယူရန်အတွက် လက်နက်ကိရိယာများကို ကောင်းမွန် တိုးတက်အောင် ပြုလုပ်ရေး၌ မိမိတို့၏ ဘဝကို မြှုပ်နှံပေးခဲ့ကြသော တတ်ပွန်သူ ပညာရှင်ကြီးများနှင့် ပညာရှိများ မြောက်များစွာ ပေါ်ထွက် ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီး များထဲမှ အကျော်ကြားဆုံးသော ပုဂ္ဂိုလ် တစ်ယောက်သော်ကား အေဒီ ၈၀၀ ဝန်းကျင်တွင် အသက်ရှင် နေထိုင်ခဲ့သော **စုပိန်** (Tsuping) ပင်ဖြစ်လေသည်။ စုပိန်သည် အရေးကြီးသော အခြေခံဥပဒေသများကို အခိုင်အမာ ဖော်ထုတ် ခဲ့လေရာ မွေးဖွားမှု အချက်အလက်များ အစုံတွင် ရောင်ပြန်ဟပ်နေကာ မဟာဘုတ်ဓာတ်များကို စစ်ဆေးကြည့်ရှုခြင်းဖြင့် ကံကြမ္မာ ဦးတည်ချက်၏ အဓိပ္ပာယ်ဖော်ထုတ် ကောက်ယူခြင်းကို ပိုမိုရှုလွယ်ကူစေလေသည်။ စုပိန်၏ အယူအဆအရ ပထမဆုံး ခြေလှမ်းမှာ မဟာဘုတ်ဓာတ် တစ်ထွေးကြီးထဲမှ **ကာယကံရှင်၏ ပင်ကိုယ်**ကို တည်ဆောက်ယူရမည်ဟု ဆိုသည်။ **ရက်** ဟူသော တိုင်၏ မိုကောင်းကင် ပင်စည်သည် ထာဝစဉ် ကာယကံရှင်၏ ပင်ကိုယ်ကို ကိုယ်စားပြုပေ၏။ ကျန်ရှိသော ဓာတ်ကြီး ခုနစ်ပါး တို့မှာမူ ကာယကံရှင်၏ ပတ်ဝန်းကျင်၊ ဆွေမျိုးနှင့် မိတ်သင်္ဂဟ များကို ကိုယ်စားပြုလေသည်။ ကျွန်ုပ်တို့၏ ဥဒါဟရဏ်တွင် ရက်တို့၏ မိုးကောင်းကင် ပင်စည်မှာ သတ္တုဓာတ်က နေရာယူထားသည် ဖြစ်သောကြောင့် ကာယကံရှင်သည် **သတ္တုပုဂ္ဂိုလ်** ဖြစ်ပေ၏။

ကာယကံရှင်၏ ပင်ကိုယ်ကို တည်ဆောက်ပြီးသောအခါ နောက်ခြေလှမ်းသည်ကား အခြားသော ဓာတ်ကြီး ခုနစ်ခု အနက်တွင် ပင်ကိုယ်၏ သဘောသဘာဝကို ကြည့်ရှုမည်ဖြစ်၏။ တရုတ်လူမျိုးများသည် စကြဝဠာထဲတွင် ဟန်ချက်ညီမှုနှင့် အတိုင်အဖောက် ညီညွတ်မှုဟူသော မူလနောက်ခံ သဘောတရား၏ အကျိုးရှိမှုကို ယုံကြည်ကြပေ၏။ အားနည်းသွားခြင်း ဖြစ်စေ၊ အားသည်းသွားခြင်းဖြစ်စေ မည်သည့်လွန်ကဲမှုမဆို အတိုင် အဖောက်မညီညွတ်ခြင်း ဖြစ်သည်ဟု ယူဆကြပြီး ဤသို့ဖြစ်ခြင်း၏ အကျိုးဝိပါက်ကား ကံကြမ္မာဦးတည်ချက်တွင် ကံကြမ္မာဆိုးဟုအဓိပ္ပာယ်ထွက်ခြင်းပင် ဖြစ်၏။ သို့ဖြစ်သည် နှင့်အညီ ပင်ကိုယ်ဓာတ်ကို တည်ဆောက်ပြီးပြီဆိုသော် အခြားသော ဓာတ်ကြီး ခုနစ်ပါးနှင့်

ညှိသော် **ပင်ကိုယ်**သည် မည်မျှအားသည်းသည် သို့တည်းမဟုတ် မည်မျှ အားနည်းသည် ဆိုခြင်းကို ညှိနှိုင်း ပိုင်းဖြတ်ရမည် ဖြစ်၏။

ယင်းသို့ ညှိနှိုင်းပိုင်းဖြတ်ရန်အတွက် မျက်နှာစာ နှစ်ခုကို စစ်ဆေးကြည့်ရှုရန် လိုအပ်သည်။ တစ်ခုမှာ ပင်ကိုယ်ဓာတ်၏ ပမာဏဖြစ်၏။ ပို၍ လိုအပ်သော နောက်မျက်နှာစာ တစ်ခုကား ထိုဓာတ်၏ ရာသီဥတုဆိုင်ရာ အင်အားပင် ဖြစ်သည်။ ဓာတ်တိုင်းသည် မွေးဖွားသည်မှ သေဆုံးသည်အထိ ရာသီဥတုစက်ဝန်း ရှိသည်ဟု ယုံကြည်ထားကြသော ကြောင့်တည်း။

**အောက်ပါဇယားသည် ထိုသို့သော ရာသီဥတု စက်ဝန်းကို ပြပေ၏။**

| | သစ္စျ | သစ်သား | ရေ | မီး |
|---|---|---|---|---|
| စပရင်ရာသီ[၉] | သေ | ကြီးပွား | အားနည်း | မွေးဖွား |
| နွေရာသီ | မွေးဖွား | အားနည်း | သေ | ကြီးပွား |
| သြတမ်ရာသီ[၁၀] | ကြီးပွား | သေ | မွေးဖွား | အားနည်း |
| ဆောင်းရာသီ | အားနည်း | မွေးဖွား | ကြီးပွား | သေ |

အထက်ပါဇယားအရ သတ္တုသည် သြတမ်ရာသီတွင် အကြီးပွားဆုံးဖြစ်ရာ ထို့အတူပင် သစ်သားသည် စပရင်ရာသီတွင်၊ ရေသည် ဆောင်းရာသီတွင်၊ မီးသည် နွေရာသီတွင်၊ အကြီးပွားဆုံး၊ အားအရှိဆုံး ဖြစ်လေတော့သည်။ ဇယားတွင် မြေမပါသည်ကို သတိပြုပါ။ အဘယ်ကြောင့်ဆိုသော် မြေသည်အခြားသော ဓာတ်အားလုံး၏ အခြေခံ ဓာတ်ကြီး ဖြစ်ပြီးလျှင် ရာသီတိုင်း၏ တတိယ လတွင် ကြီးပွားအားကောင်းသည်ချည်း ဖြစ်လေသည်။

ဤသို့သော ဓာတ်ကြီးငါးပါးတွင် ရာသီဥတုအလိုက် အပြောင်းအလဲ **စက်ဝန်း**မှာ တရုတ်တို့၏ ဆီယာ ပြက္ခဒိန်တွင် ထည့်သွင်း ဖော်ပြထားပေ၏။ **"နေလမ်းကြောင်း"** ဟုခေါ်သော စိတ်ကူးဖြင့် ရေးဆွဲထားသော လမ်းကြောင်းပေါ်တွင် နေ၏ **အနေအထားကို** ကမ္ဘာနှင့် ညှိ၍ သတ်မှတ်ခြင်းအားဖြင့် ၁နှစ်၏ ၁၂လကို ဖော်ထုတ်သတ်မှတ်ခဲ့ကြ၏။ ဆီယာပြက္ခဒိန်အရ နှစ်သည် စပရင်ရာသီ၏ ပထမရက်တွင် စတင်ရာ အနောက်တိုင်း ပြက္ခဒိန် အရဆိုလျှင် ဖေဖော်ဝါရီလ ၄ ရက်၊ သို့တည်းမဟုတ် ၅ ရက်တွင် **ကျရောက်လေ့ရှိ**၏။ ကမ္ဘာမြေကြီးက နေကို ပတ်သည့် စက်ဝိုင်း တစ်ပတ်ပြည့်သည့် **ဆောင်းရာသီ**၏

[၉] = spring [၁၀] = Autumn

နောက်ဆုံးရက်တွင် နှစ်သည် ကုန်ဆုံးသည်။ ၁၂လကို နေသွားလမ်းအား ၁၂ ပိုင်း ပိုင်းခြားကာ မြေပထဗျာ အကိုင်းအခက်များ ၁၂ ခုအတိုင်း အမည်နာမများကို ပေးထား သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့ တစ်ဝိုက်တွင် အစ ပြုသော နှစ်သည် " 寅 "ဟူသော မြေပထဗျာ အကိုင်းအခက် အားဖြင့် ဖော်ပြ၍ သစ်သားဓာတ်ကို သရုပ်ဆောင်လေသည်။ ဆီယာပြက္ခဒိန်နှင့် အနောက်တိုင်း ပြက္ခဒိန်တို့ကို အောက်ပါ ဇယားတွင် နှိုင်းယှဉ်ချိန်ထိုး ဖော်ပြထားပါသည်။

| ဆီယာလများ | | မဟာဘုတ်ဓာတ် | ရာသီ | အနောက်တိုင်းလများ |
|---|---|---|---|---|
| ၁။ | 寅 | သစ်သား | စပရင် | ၄၊၅ ဖေ- ၅၊၆ မတ် |
| ၂။ | 卯 | သစ်သား | စပရင် | ၅၊၆ မတ်- ၄၊၅ ဧပြီ |
| ၃။ | 辰 | မြေ | စပရင် | ၄၊၅ ဧပြီ- ၅၊၆ မေ |
| ၄။ | 巳 | မီး | နွေ | ၅၊၆ မေ- ၅၊၆ ဇွန် |
| ၅။ | 午 | မီး | နွေ | ၅၊၆ ဇွန်- ၇၊၈ ဇူလိုင် |
| ၆။ | 未 | မြေ | နွေ | ၇၊၈ ဇူလိုင်-၇၊၈ သြဂုတ် |
| ၇။ | 申 | သတ္တု | သြတမ် | ၇၊၈ သြဂုတ်-၇၊၈ စက် |
| ၈။ | 酉 | သတ္တု | သြတမ် | ၇၊၈ စက်- ၈၊၉ အောက် |
| ၉။ | 戌 | မြေ | သြတမ် | ၈၊၉ အောက်- ၇၊၈ နို |
| ၁၀။ | 亥 | ရေ | ဆောင်း | ၇၊၈နို- ၇၊၈ ဒီ |
| ၁၁။ | 子 | ရေ | ဆောင်း | ၇၊၈ ဒီ- ၅၊၆ ဇန် |
| ၁၂။ | 丑 | မြေ | ဆောင်း | ၅၊၆ ဇန်- ၄၊၅ ဖေ |

ဇယားတွင်ကြည့်လျှင် တရုတ်ပြက္ခဒိန်သည် လတစ်လစီတွင် သင့်ရောက်သော အခြေခံဓာတ်ကြီးငါးပါး၏ အရှိန်သြဇာကိုလည်း ထည့်သွင်းဖော်ပြထားသည်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်လေသည်။ စပရင်ရာသီသည် ပန်းပင်များ ကြီးပွားမည့် ရာသီဟု ယူဆရကား စပရင်ရာသီ၏ ပထမနှစ်လကို သစ်သားဓာတ်ကို ကိုယ်စားပြုသော မြေပထဗျာ အကိုင်းအခက်များဖြင့် ကိုယ်စား ပြုထားလေသည်။ ရာသီတစ်ခု၏ တတိယလတိုင်းသည် မြေဓာတ် က သရုပ်ဆောင်သည်ကို စာဖတ်သူများ မြင်တွေ့ ကြမည်ဖြစ်ပါ၏။ ဤသို့ ဖြစ်ရခြင်းမှာ မြေသည် အခြားသော ဓာတ်အားလုံးတို့၏ အခြေခံဖြစ်ပြီး သူ၏ အရှိန် သြဇာသည် တစ်နှစ်ပတ်လုံး ရှိနေလေသည်။

နှစ်၊ လ၊ ရက်တို့အပြင် ဆီယာပြက္ခဒိန်သည် ၁ ရက်၏ ၂၄ နာရီကို မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက်များက ကိုယ်စားပြုသော

ဓာတ်ကြီးများကို အသုံးပြုသည့် နည်းဖြင့်လည်း ဖော်ပြထားသေး၏။ မြေပထဗျာ အကိုင်းအခက် များမှာ ၁၂ ခုသာ ရှိသည် ဖြစ်သည်နှင့်အညီ တရုတ်တို့သည် ၂ နာရီလျှင် တစ်အုပ်စုဖွဲ့၍ နာရီ ၁၂ အုပ်စု ဖြစ်အောင် ပြုလုပ်ကြသည်။

**အောက်ပါဇယားသည် ဆီယာပြက္ခဒိန်မှ ၁၂ နာရီ အုပ်စု စနစ်ကို ဖော်ပြ၏။**

| ဆီယာလများ | | တိရစ္ဆာန် | ဓာတ် | အနောက်တိုင်းအချိန် |
|---|---|---|---|---|
| ၁။ | 子 | ကြွက် | ရေ | ၂၃၀၀-၀၁၀၀ |
| ၂။ | 丑 | နွားထီး | မြေ | ၀၁၀၀- ၀၃၀၀ |
| ၃။ | 寅 | ကျား | သစ်သား | ၀၃၀၀-၀၅၀၀ |
| ၄။ | 卯 | ယုန် | သစ်သား | ၀၅၀၀-၀၇၀၀ |
| ၅။ | 辰 | နဂါး | မြေ | ၀၇၀၀-၀၉၀၀ |
| ၆။ | 巳 | မြွေ | မီး | ၀၉၀၀-၁၁၀၀ |
| ၇။ | 午 | မြင်း | မီး | ၁၁၀၀-၁၃၀ |
| ၈။ | 未 | ဆိတ် | မြေ | ၁၃၀၀-၁၅၀၀ |
| ၉။ | 申 | မျောက် | သတ္တု | ၁၅၀၀-၁၇၀၀ |
| ၁၀။ | 酉 | ကြက် | သတ္တု | ၁၇၀၀-၁၉၀၀ |
| ၁၁။ | 戌 | ခွေး | မြေ | ၁၉၀၀-၂၁၀၀ |
| ၁၂။ | 亥 | ဝက် | ရေ | ၂၁၀၀-၂၃၀၀ |

ဆီယာပြက္ခဒိန်သည် မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက်များ ဟူသော စနစ်အားဖြင့် ဓာတ်များကို အသုံးပြုသောနည်းဖြင့် မည်သည့်အချိန်ကာလ အခိုက်အတန့်ကိုမဆို ဖော်ပြနိုင်အောင် ပြုလုပ်ပေးသည်။ ဤသို့ဖြင့် အတိတ်ဖြစ်စေ၊ အနာဂတ်ဖြစ်စေ အချိန်တစ်ချိန်ချိန်တွင် လူသား၏ကံကြမ္မာကို ထင်ဟပ်သည့် မည်သည့် ဓာတ်အာနိသင် သင့်ရောက်နေသည်ကို သိမြင် နိုင်စေသည် ဖြစ်ရာ ကျွန်ုပ်တို့၏ မွေးဖွားမှု အချက်အလက်များ အပေါ် ဤဓာတ်တို့၏ အင်အားဒဏ်သင့်မှုကို ချိန်ဆ၍ အနာဂတ်ကို ကြိုတင်ဟောပြောသွားနိုင်စေပါသည်။

တရုတ် ပြက္ခဒိန် စနစ်နှင့် အခြေခံ ဓာတ်ကြီးငါးပါး ကြီးပွားမှု စက်ဝန်းတို့အကြား

ဆက်သွယ်မှုကို သိခြင်းအားဖြင့် ကျွန်ုပ်တို့သည် တိုင်ကြီးလေးတိုင် အစုံတွင် ပင်ကိုယ်ဓာတ်ကြီး၏ အင်အားကို စစ်ဆေးနိုင်ပြီ ဖြစ်၏။ ဥပမာအားဖြင့်ဆိုသော် အကယ်၍ ပင်ကိုယ်ဓာတ်ကို ကိုယ်စားပြုသော ဓာတ်သည် မီးဓာတ်ဖြစ်ပြီး ထိုမီးဓာတ်သည် ဆောင်းရာသီတွင် မွေးဖွားသည်လည်း ဖြစ်သည်ရှိသော် ဇယားတွင် တွေ့မြင်နိုင်သည့်အတိုင်း မီးဓာတ် ဟူသည် ဆောင်းရာသီတွင် သေရမြဲ ဖြစ်ရာ ဤမီးဓာတ်သည် အားနည်းသည်ဟု ဆိုရ၏။ အခြားတစ်ဖက်တွင်ကား ဤမီး ဓာတ်နှင့် လူသည် နွေရာသီတွင် မွေးဖွားသည် ဆိုပါက မီးဓာတ်ဟူသည် နွေရာသီတွင် ကြီးပွားသည် ဖြစ်ရာ မီးဓာတ်နှင့် လူအတွက် အားကောင်းသော မီးဟု ယူဆရသည်။ သို့ရာတွင် ဆောင်းတွင်းတွင် မွေးဖွားသော မီးဓာတ်ကိုမူ အလိုအလျောက် သဘောအားဖြင့် အားလျော့သော မီးဟူ၍ မမှတ်ယူရပါ။ အခြားသော ဖြစ်ကြောင်းတရားများကိုလည်း စဉ်းစားစရာ ရှိပါသေးသည်။ အချက်တစ်ချက်အနေဖြင့် အရေအတွက် ပမာဏဟူသော ဖြစ်ကြောင်းတရားကိုလည်း ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ တိုင်ကြီးလေးတိုင် အစုံတွင် ထောက်ခံပံ့ပိုးပေးသည့် ဓာတ်များအရေအတွက်ကို ဆိုလိုပါသည်။ ဥပမာအနေဖြင့် မီးဓာတ်ကိုပင် ယူကြပါဦးစို့။ အကယ်၍ မီးဓာတ်ကို ဆောင်းတွင်းတွင် မွေးဖွားသည်ဆိုစေကာမူ တိုင်ကြီးလေးတိုင် အစုံ၌ အခြားမီးဓာတ်များ အများအပြား ရှိနေခြင်း၊ သစ်သား ဓာတ်များ အများအပြား ရှိနေခြင်းတို့သည် မီးဓာတ်ကို ထောက်ခံ ပံ့ပိုးပေးသည်ဆိုလျှင်၊ ပင်ကိုယ် မီးဓာတ်သည် အားရှိလာရ၏။ ထို့ကြောင့် ပင်ကိုယ်ဓာတ်သည် အားသည်းသည်၊ အားနည်းသည် ဆိုခြင်းကို မဆုံးဖြတ်မီ ကျွန်ုပ်တို့သည် စစ်ဆေးမှုကို ကျင့်သုံး ကြရပေလိမ့်မည်။

ပင်ကိုယ်ဓာတ်ကြီး၏ အားသည်းမှု သို့တည်းမဟုတ် အားနည်းမှုဟူသည်တို့အပေါ် စစ်ဆေးဆုံးဖြတ်ပြီးသောအခါတွင် တတိယအဆင့်သည်ကား ပင်ကိုယ်ဓာတ်ကြီးနှင့် အဆင်ပြေသော ဓာတ်များနှင့် အဆင်မပြေသော ဓာတ်များကို ရှာဖွေရန် ဖြစ်ပေ သည်။ ဤအဆင့်သည် ဟန်ချက်ထိန်းသော အဆင့်ဖြစ်၍ လူတစ်ယောက်၏ ကံကြမ္မာကို ဖတ်ရာတွင် အရေးတကြီး လိုအပ် လှပေသည်။ ကံကြမ္မာ၏ တိုင်ကြီးလေးတိုင် ဟူသော ခံယူချက်သဘောတရားကြီး တစ်ခုလုံးသည် ဟန်ချက်ညီမှုနှင့် အတိုင်အဖောက် ညီညွတ်မှု သဘောတရားပင် ဖြစ်ပေသည်။ ဤအတတ် ပညာကို ယခုလက်ရှိပုံစံမျိုးရောက်အောင် အကွက်ချ ဖော်ထုတ်ခဲ့သူ၏ နာမည်ဖြစ်သော “စုပိန်” (Tsu Ping) သည်ပင်လျှင် “ရေကိုဟန်ချက်ညှိခြင်း”[၁၁] ဟူသော အဓိပ္ပာယ်ကို ဆောင်ပေ၏။ အဓိကဆိုလိုချက်မှာ ပင်ကိုယ်ဓာတ်ကြီးသည် လွန်ကဲစွာအားသည်းခြင်း သို့တည်းမဟုတ် လွန်ကဲစွာ အားနည်းခြင်းတို့ မဖြစ်ရပါ။ ဖြစ်ခဲ့သော် ဘဝတွင် ကံကြမ္မာဆိုးခြင်းကို ဖော်ပြလေသည်။

ပင်ကိုယ်ဓာတ်သည် လွန်ကဲစွာအားသည်းနေလျှင် သူ့ကိုဖိနှိပ်ရန်သော်လည်းကောင်း၊

၁၁ = balancing the water

လွန်ကဲနေသော အင်အားတွေကို ထုတ်လွှတ်ပစ်ရန်သော်လည်းကောင်း လိုအပ်ပေ၏။ သူ၏ စွမ်းအင်ကို ဖိနှိပ်နိုင်သော သို့တည်းမဟုတ် ထုတ်လွှတ်ပစ်နိုင်သော ဓာတ်များဖြင့် ပြုလုပ်နိုင်ပေသည်။ အခြားတစ်ဖက်တွင် အကယ်၍ ပင်ကိုယ်ဓာတ်သည် လွန်မင်းစွာ အားနည်းနေပါလျှင် ပင်ကိုယ်ဓာတ်ကို မွေးဖွားပေးနိုင်သည့် သို့တည်းမဟုတ် ပင်ကိုယ်ဓာတ်ကို ပံ့ပိုးပေးနိုင်သည့် အခြားသောဓာတ်များ၏ အထောက်အပံ့ကို ရယူရန် လိုအပ်ပေ၏။

ဥပမာအားဖြင့်သော်ကား ပင်ကိုယ်ဓာတ်သည် မီးဓာတ် ဖြစ်၍ မီးဓာတ်သည်လည်း အလွန်အားကောင်းနေခဲ့သော် အဆင်ပြေသော ဓာတ်များသည် ရေ၊ သတ္တု၊ မြေတို့ ဖြစ်ကြသည်။ ရေသည် အားကောင်းသော မီးကို ဖိနှိပ်မည်ဖြစ်ရာ သတ္တုနှင့် မြေတို့က လွန်ကဲသော မီးဓာတ်ကို အားကုန်စေရန်အဝိုင်းအဝန်း ပြုလုပ်မည်ဖြစ်၏။ ဓာတ်နှင့် မရဏစက်ဝန်းများက မီးသည် သတ္တုကို နိုင်၍ မြေကိုမွေးဖွားစေကြောင်း ပြသလေသည်။ အခြားသော ဓာတ်များကို နိုင်နင်းခြင်းအားဖြင့်လည်းကောင်း၊ မွေးဖွားပေးခြင်းအားဖြင့်လည်းကောင်း၊ မီး၏အင်အားသည် အားပျော့သွားနိုင်ပေ၏။ ထိုနည်းတူစွာပင် အကယ်၍ မီးဓာတ်သည် လွန်မင်းစွာ အားနည်းနေပါလျှင် သစ်သားနှင့် နောက်ထပ် မီးတို့၏ ပံ့ပိုးမှုကို လိုအပ်သည်။ ဓာတ်စက်ဝန်းအရ သစ်သားသည် မီး၏ မိခင်ဖြစ်၍ အခြားသော မီးဓာတ်များသည်လည်း အကူအညီ ပေးနိုင်သော ရဲဘော်ရဲဘက်များ ဖြစ်ကြသောကြောင့် ဖြစ်၏။

အနှစ်သာရအားဖြင့် ချုပ်ပြောရလျှင် ပင်ကိုယ်ဓာတ်သည် အားသည်းလွန်းလျှင် သို့တည်းမဟုတ် အားနည်းလွန်းလျှင် မကောင်းသောလက္ခဏာဖြစ်၏။ ကံကြမ္မာ တိုးတက်ကောင်းမွန်လာစေရန် အခြားသော ဓာတ်များဟူသော ပုံစံဖြင့် ဆေးကုသပေးရမည် ဖြစ်သည်။ အဆင်ပြေသော ဓာတ်များသည် ဟန်ချက် ညီမှုနှင့် အတိုင်အဖောက်ညီမှုတို့ကို ဖြစ်ပေါ်စေရေး၌ ကူညီကြ၏။ ဟန်ချက် အတိမ်းအစောင်းဖြစ်ခြင်းကို တိုးမြှင့် ဖြစ်စေသော ဓာတ်များသည် အဆင်မပြေသော ဓာတ်များဟု ယူဆကြလေသည်။

အချိန်ကာလ၏ အခိုက်အတန့် တစ်ခုခုတွင် မည်သည့် ဓာတ်၏ အရှိန်သြဇာ သင့်ရောက်နိုင်သည်ကို တရုတ်တို့၏ ဆီယာပြက္ခဒိန်က ဖော်ပြပြောဆိုနိုင်သည် ဖြစ်ရာ ထိုအခိုက်အတန့်တွင် ဖြစ်ပေါ်နိုင်သည့် ကျွန်ုပ်တို့၏ ကံကြမ္မာကို ဓာတ်များ၏ အရှိန်သြဇာများ အဆင်ပြေမပြေကို ကြည့်ခြင်းအားဖြင့် ချိန်ဆ ပိုင်းဖြတ်နိုင်လေ၏။ အကယ်၍ လူတစ်ယောက်သည် အားပျော့သောမီးဖြစ်ခဲ့သော် သူအတွက် အဆင်ပြေသော ဓာတ်များမှာ သစ်သားနှင့် မီးတို့ ဖြစ်ကြ၍ အဆင်မပြေသော ဓာတ်များမှာ ရေနှင့် သတ္တုတို့ ဖြစ်ကြသည်။ သက္ကရာဇ် ၁၉၉၃ ခုအတွက် ဆီယာပြက္ခဒိန်က သတ္တုနှင့် ရေတို့၏ အရှိန်သြဇာ သက်ရောက်သည်ဟု ဆို၏။ ထိုအခါ ကျွန်ုပ်တို့သည် အားပျော့သော မီးနှင့် ဆိုင်ရာ ပုဂ္ဂိုလ်သည် ၁၉၉၃ ခုနှစ်ကို ကံဆိုးသော နှစ်တစ်နှစ်အဖြစ် ရင်ဆိုင်ရမည် ဖြစ်၏။

ဤမည်သော ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်နည်းဖြင့် တစ်ဦးချင်း၏ ဘဝပုံစံ၊ အတက်အကျများ၊ အောင်မြင်မှု မအောင်မြင်မှုများဟူသည်တို့ကို ထင်ဟပ်စေနိုင်မည်ဖြစ်၏။

**ရစ်ချတ်နစ်ဆင်၏ အတက်နှင့်အကျ**

ဥဒါဟရဏ် တစ်ခုဖြင့် ရှင်းလင်းဖော်ပြပါရစေ။ ရှေ့က အသုံးပြုခဲ့သော ၁၉၁၃ ခု ဇန္နဝါရီလ ၉ရက်နေ့တွင် မွေးဖွားသော ကောင်ကလေးတစ်ယောက်၏ **ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်** အစုံနမူနာသည် စင်စစ်တွင်ကား အမေရိကန် ပြည်ထောင်စု သမတဟောင်း ရစ်ချတ်နစ်ဆင် (Richard Nixon)၏ တိုင်ကြီးလေးတိုင် အစုံဖြစ်ပါသည်။



သမတနစ်ဆင်သည် ဆောင်းရာသီမှ သတ္တုနေ့တွင် ဖွားမြင်ခဲ့၏။ ဤသို့ဖြင့် သူ့ကို သတ္တုပုဂ္ဂိုလ်ဟု ဆိုပေတော့မည်။ ရေသည် ဆောင်းတွင်းတွင် ကြီးပွားအားကောင်းသည်ဖြစ်ပြီး သူ၏ တိုင်ကြီး လေးတိုင် အစုံတွင် ထင်ရှားသည့် ရေဓာတ်များ သုံးခု ရှိနေလေရာ ဤအသွင်အပြင်၌ ရေသည် အားအကောင်းဆုံးသော ဓာတ်ဖြစ်ဟန် လက္ခဏာ ရှိနေပေသည်။ ဓာတိစက်ဝန်းအရ ရေသည်သတ္တုမှပေါက်ဖွားလာရ၏။ အားကောင်းသော ရေဓာတ်သည် သတ္တုဓာတ်အားကို ကုန်စေမည်ဖြစ်လေရာ သမတ နစ်ဆင်ကို သတ္တုဓာတ်အားပျော့သူဟု သတ် မှတ် နိုင်သည်။ ဟန်ချက်ကို ထိန်းချုပ်ရန် အတွက် သတ္တုဓာတ်ကို အာဟာရပေးပြီး ထောက်ပင့် ထား နိုင် စိမ့်သောငှာ မြေဓာတ် လိုအပ်လေသည်။ မီးဓာတ် သည်လည်း မြေဓာတ်ကို ထောက်ပင့်သည်ဖြစ်ရာ မီးဓာတ်သည်လည်း အသုံးဝင်၏။ ထိုပြင်လည်း မီးဓာတ်သည် ကံကြမ္မာဦးတည်ချက်ကို နွေးထွေးစေသည်။ သို့ဖြစ်သောကြောင့် မြေဓာတ်နှင့် မီးဓာတ်တို့သည် သူ့အတွက် အဆင်ပြေသော ဓာတ်များ ဖြစ်ကြကုန်၏။ အခြားတစ်ဖက်တွင်လည်း ရေနှင့် သစ်သားတို့သည်

မရဏာစက်ဝန်းအရ မီးဓာတ်နှင့် မြေဓာတ်တို့ကို ပျက်စီးစေသည်ဖြစ်၍ သူ့အတွက် အဆင်မပြေသော ဓာတ်များ ဖြစ်ကြလေသည်။

သူ့တွက်အဆင်ပြေသော ဓာတ်များနှင့် အဆင်မပြေသော ဓာတ်များကို ဖော်ထုတ်တည်ဆောက်ပြီးဖြစ်သဖြင့် မြေနှင့် မီး တို့သည် သူ့အား ကံကောင်းစေပြီး ရေနှင့် သစ်သားတို့သည် ကံဆိုးစေခြင်း ဖြစ် မဖြစ် သိမြင်ရစေရန် သမတနစ်ဆင်၏ ဘဝထဲမှ အဖြစ်အပျက်အချို့ကို စစ်ဆေးကြည့်ကြပါစို့။ သမတ နစ်ဆင်သည် ၁၉၆၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ် သမတယှဉ်ပြိုင်ခဲ့ရာ ဂျွန်အက်ဖ်ကနေဒီကို အရှုံးပေးခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်သည် ရေဓာတ်အားကောင်းသောနှစ် (庚子) ဖြစ်ရာ သမ္မတနစ်ဆင်အတွက် အဆင်မပြေသော ဓာတ်ဖြစ်၏။ သို့သော်ငြားလည်း သူသည် နောက်တစ်ကြိမ် ပြန်လည်အရွေးခံသော အခါတွင်ကား အနိုင်ရသည် ဖြစ်သောကြောင့် သက္ကရာဇ် ၁၉၆၈ ခုနှစ် (戊申) တွင် သမ္မတ ဖြစ်ခဲ့သည်။ ထိုနှစ်သည် သူနှင့် အဆင်ပြေသော မြေဓာတ်နှစ်ဖြစ်ပေ၏။ ကံမကောင်းစရာ ကြုံရသည်ကား ရေဓာတ်အရှိန်ဩဇာကောင်းသော နောက်ထပ်နှစ် ၁ နှစ် ဖြစ်သည့် ၁၉၇၂ ( 壬子 ) တွင် သမ္မတနစ်ဆင်သည် ဝါးတားဂိတ် အရေးအခင်းနှင့် ကြုံရကာ၊ ၁၉၇၄ ခု ( 甲子 ) တွင် ကွန်ဂယက်၏ စွပ်စွဲပြောဆိုခြင်းကို ခံရ၏။ ၁၉၇၄ ခုသည် သူနှင့်အဆင်မပြေသော သစ်သားဓာတ်နှစ် ဖြစ်၏။ သမ္မတနစ်ဆင်၏ နိုင်ငံရေးအတက်အကျဖြစ်သော ဤမှတ်တမ်း အတိုချုပ်ကလေးအရပင် အခြေခံမဟာဘုတ်ဓာတ်ကြီး ငါးပါး၏ အရှိန်ဩဇာ အပြောင်းအလဲသည် လူ တစ်ဦးတစ်ယောက်၏ ကံကြမ္မာအပြောင်းအလဲကို မည်သို့မည်ပုံ ထင်ဟပ်နိုင်သည် ဆိုခြင်းကို သိမြင်လွယ်ပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ဤသို့သော ဓာတ်ကြီးငါးပါး၏ အပြောင်းအလဲ ပုံစံတို့ကို နားလည်နိုင်မည် ဆိုပါလျှင် ကျွန်ုပ်တို့သည် အနာဂတ်ကို ကြိုတင်ခန့်မှန်းရန်နှင့် စီးပွားကုန်သွယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ထိုပုံစံများကို အသုံးပြုနိုင်ကြမည်ဖြစ်လေသည်။

## သင့်မှာ စီးပွားရေးသမားပုံစံမျိုး ရှိပါသလား

ရှေ့ကရေးသားပြီးခဲ့သော အခန်းတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ဘဝပုံစံများကို ကြိုတင်ဟောကိန်းထုတ်ရန်အတွက် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အသုံးချခြင်း၏ နောက်ဆွယ်က ယန္တရား အလုပ်လုပ်ပုံများကို အကျဉ်းအားဖြင့် နိဒါန်းပျိုးခဲ့ပြီးပါပြီ။ အကယ်၍များ အမြင့်စား စွန့်၍ လုပ်ဆောင် ဖွယ် စီးပွားကုန်သွယ်မှုတစ်ရပ်ကို ပြုလုပ်သင့်သည်လား မပြုလုပ်သင့်ဘူးလားဆိုသည်ကို ဆုံးဖြတ်လိုလာပြီဆိုလျှင် ကြိုတင်သိမြင်အောင် ပြုရသည့် ဆိုပါ ဂန္ဓာရီနည်းလမ်းသည် အထူးသဖြင့် အသုံးဝင်လှပေသည်။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** သည် ကျွန်ုပ်တို့၏ ဘဝတွင် အတက်အကျစက်ဝန်းများကို ဖော်ထုတ်ပြသနိုင်ပေ၏။ အကယ်၍ ကံကြမ္မာဦးတည်ချက်က ရှေ့နားကပ်လျက်တွင် အကျစက်ဝန်းရှိနေပြီကို ညွှန်ပြသည် ဆိုလျှင် အန္တရာယ်ရှိဖွယ်ရာသော စွန့်စားမှုများကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။ အခြားတစ်ဖက်တွင်ကား အကယ်၍တည်း ကိုယ်ရေးကိုယ်တာ ကြီးပွား ဖြစ်ထွန်းဖွယ်ရှိသော အတက်စက်ဝန်းကို မျှော်လင့်နိုင်သည်ဆိုသော် သင်သည် စွန့်၍လုပ်ရန် ရှိသည်ကို ပို၍ကြီးမားသော ယုံကြည်မှုဖြင့် ဆက်လက်လုပ်ကိုင်နိုင်ပေ၏။

ပြီးခဲ့သော အခန်းတွင် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီး လေးတိုင်**နှင့်ပတ်သက်၍ ယေဘုယျ အကြမ်းဖော်ပြချက်လောက်ကိုသာ ဖော်ထုတ် ရေးသားခဲ့ပါသည်။ လူတစ်ယောက်၏ စက်ဝန်းလည်ပတ်သလို ဖြစ်နေသော ဘဝပုံစံကို ထင်ဟပ် ဖော်ပြခြင်းအပြင်၊ ဤစိတ်ဝင်စားဖွယ် နည်းနိဿယျသည် ဘဝ၏ အခြားသော မျက်နှာစာများကိုလည်း အသေးစိတ်ဖော်ထုတ်နိုင်ပေ၏။ ယင်းသို့ လုပ်ကိုင်နိုင်ရန်မှာ အခြေခံဓာတ်ကြီးငါးပါးတို့ အချင်းချင်း အပြန်အလှန် ဆက်ဆံကြပုံများကို သတိပြု ကြည့်ရှုဆင်ခြင်ခြင်းအားဖြင့်

ဖြစ်နိုင်၏။ ခေတ်ကြီးအချင်းချင်းကို ရည်ညွှန်း နှိုင်းယှဉ်ရာတွင် ပင်ကိုယ်ခေတ်ကြီးကို ဗဟိုမထွက်ိုင် ပြုရလေသည်။ တရုတ်လူ့ဘောင် အစဉ်အလာတွင် ဘဝ၏ အဓိကမျက်နှာစာကြီးများထဲတွင် အောက်ပါတို့ကို ခြုံငုံထားပေ၏။ ယင်းတို့ကာလ တန်ခိုးအာဏာ၊ အာဏာပိုင်မှု (ဝါ)ဩဇာရှိမှု၊ လူ့အဆင့်အတန်း၊ ကြွယ်ဝချမ်းသာမှု ပညာရေး အသိဉာဏ်၊ လိုလားတောင့်တမှုများ၊ အပေါင်းအသင်း မိတ်သင်္ဂဟများ အစုစပ်လုပ်ကိုင်သူများ ဟူသည်တို့ ဖြစ်လေသည်။ ဤမျက်နှာစာများသည် ခေတ်မီ စီးပွားကုန်သွယ်ရေးဘဝ၏ ကျယ်ဝန်းသော အတိုင်းအတာများ ကိုလည်း ခြုံငုံမိသည်ဟု ကျွန်ုပ် ယုံကြည်မိသည်။ ယခုအခန်းတွင် ဘဝ၏ ဤမျက်နှာစာများကို ကျွန်ုပ်တို့၏ မွေးဖွားမှု အချက်အလက်များမှနေ၍ မည်သို့မည်ပုံ ဖော်ထုတ်ဆုံးဖြတ်ရမည် ဆိုခြင်းကို ဖော်ပြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် စီးပွားရေး ကုန်သွယ်ရေး စွန့်စားလုပ်ဆောင်မှု တစ်ခုခုကို လုပ်ရတော့မည်ဆိုလျှင် မလုပ်မီ ကျွန်ုပ်တို့၏ သဘောတည် စွမ်းအင်များနှင့် ဝါသနာများကို နားလည်ထားရန် အရေးကြီးပါ၏။ လူသည် မွေးလာကတည်းက တစ်ယောက်နှင့် တစ်ယောက်မတူပါ။ ကွဲပြားခြားနားသောသူများသည် ကွဲပြားခြားနားသော သဘောတည် စွမ်းအင်များနှင့် ဝါသနာ များရှိကြ ပါသည်။ ကျွန်ုပ်တို့အထဲမှ အချို့သည် မိမိကိုယ်ပိုင် စီးပွားကုန်သွယ်လုပ်ငန်း လုပ်ကိုင်ရန် ငွေကြေးများနှင့် လုပ်ကိုင်နိုင်စွမ်းနှင့် ပတ်သက်၍ ပြင်းထန်သော ဝါသနာနှင့် မွေးလာသော မွေးရာပါစီးပွားရေးသမားများ ဖြစ်ကြပါသည်။ အခြားသူများမှာမူ တန်ခိုးအာဏာနှင့် ရာထူးဌာနန္တရတို့ကို ပို၍ စိတ်ဝင်စားကြသည် ဖြစ်ရာ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်မှုဝန်ထမ်းများအဖြစ် ပိုမိုသင့်တော်လေသည်။ တစ်ဖန် အချို့သောသူများကမူ ပညာရေးလောက၊ သို့တည်းမဟုတ် အနုပညာလောကနှင့် ပို၍ အပ်စပ်သင့်တော်ကြ လေသည်။

အလွန်တရာပင် အပြိုင်အဆိုင်များလှသော ကျွန်ုပ်တို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် ကျွန်ုပ်တို့၏ဝါသနာများ စိတ်ဝင်စားမှုများနှင့် ဟပ်မိသော လုပ်သက်ဘဝကို ရွေးချယ်မိရန် လိုအပ်လှပါသည်။ ကျွန်ုပ်တို့၏စရိုက်နှင့်မကိုက်ညီသော လုပ်သက်ဘဝကို လက်ခံလုပ်ကိုင်ခြင်းသည် မိမိ၏ လုံ့လနှင့်အချိန်တို့ကို ဖြုန်းတီးပစ်ရာ ရောက်ပါသည်။ ဥပမာအားဖြင့် အကယ်၍ လူပေါင်းရမှာ ဝါသနာမပါသူ တစ်ယောက်သည် ကုန်စည် ရောင်းချရသောအလုပ်ကို လက်ခံလုပ်ကိုင်သည် ဆိုပါစို့။ သူသည် ဘယ်လောက်ပင် ကြိုးစားအားထုတ်စေကာမူ သူ၏ အောင်မြင်မှု အခွင့်အလမ်းများမှာ သူပေါင်းလိုသောအခြားသူ တစ်ယောက်ထက် တော်တော်ကလေး လျော့နည်းလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ ဝမ်းတွင်းပါ သဘောတည် စွမ်းအင်နှင့် ဝါသနာများနှင့် စပ်ဟပ်မိသော လုပ်သက် ဘဝကို လက်ခံလုပ်ကိုင်ခြင်းသည် ပို၍ ကောင်းမွန်လှပေသည်။ ဤတွင် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**သည် ကျွန်ုပ်တို့တွင် ရှိသော သဘောတည်စွမ်းအင်ကို သိရှိနားလည်ရန်အတွက် ကူညီနိုင်သော ကိရိယာတန်ဆာပလာ တစ်ခုဖြစ်လာရတော့သည်။

လုပ်သက်ဘဝတစ်ခုခုကို လက်သင့်မခံမီ၊ မိမိနှင့် သက်ဆိုင်သော **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို ကိုယ်တိုင် စစ်ဆေးနားလည်ထားရန် ပထမလိုအပ်ပါ၏။ တစ်ဖန် ဤကိစ္စကို လုပ်ကိုင်နိုင်ရန်မှာလည်း အခြေခံဓာတ်ကြီး၄ါးပါးတို့အတွင်းတွင် ဓာတ်စက်ဝန်းနှင့် မရဏစက်ဝန်းတို့အလိုက် အချင်းချင်း ပြန်လှန် ဆက်ဆံမှုများကို စစ်ဆေးခြင်းအားဖြင့် ပြုလုပ်ရလေသည်။ စီးပွားရေးကို ပြုလုပ်ခြင်း၏ မူလအခြေခံရည်မှန်းချက်မှာ ငွေကြေးတည်းဟူသော ဆုလာဘ်ပင် ဖြစ်သောကြောင့် ကျွန်ုပ်တို့စစ်ဆေးမည့် ပထမဆုံး စစ်ဆေးမည့် မျက်နှာစာမှာ ချမ်းသာ ကြွယ်ဝမှု မျက်နှာစာပင်ဖြစ်လေ၏။ သင်ကိုယ်သင် မေးမြန်းရန် လိုအပ်သည့် အခြေခံမေးခွန်းမှာ စီးပွားကုန်သွယ်ရေးလုပ်ရန် ဝါသနာရှိပါသလား။ ဟူသော မေးခွန်းပင် ဖြစ်သည်။ အခြား စကားလုံးများသုံး၍ဆိုရသော် သင်သည် စီးပွားကုန်သွယ်ရေး သမားတစ်ယောက်ဖြစ်ရန် ကံကြမ္မာဦးတည်ချက် ရှိပါသလားဟု ဆိုရပေမည်။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို အသုံး ပြုသော နည်းဖြင့် မွေးဖွားမှု အချက်အလက် တစ်စုံတစ်ခုကို ရရှိပြီဆိုလျှင် ပထမအဆင့်သည် ပင်ကိုယ်ဓာတ်သည် ဘာဖြစ်သည်ဆိုခြင်းကို သတ်မှတ်ရပါမည်။ ပင်ကိုယ်ဓာတ် ဆိုသည်မှာ နေ့ဟူသော တိုင်၏ မိုးကောင်းကင် ပင်စည်တွင် တည်ရှိသော ဓာတ်ပင် ဖြစ်သည်။ လွန်ခဲ့သော အခန်းမှ သမ္မတနစ်ဆင်၏ ဥပမာတွင် ပင်ကိုယ်ဓာတ်အဖြစ် သတ္တုဓာတ်က သရုပ်ဆောင်ပါသည်။

နောက်အဆင့်မှာ တိုင်ကြီးလေးတိုင်အစုံတွင် ဘယ်ဟာသည် ချမ်းသာကြွယ်ဝမှုအတွက် ဓာတ်ဖြစ်သည်ကို ဆုံးဖြတ်ရမည်ဖြစ်၏။ ခံယူချက်သဘောတရားမှာ ချမ်းသာကြွယ်ဝမှုသည် ပင်ကိုယ်ဓာတ်က အနိုင်ယူထားသော အရာဖြစ်သည်။ ဤကား မရဏစက်ဝန်း၏ အလိုဖြစ်သည်။ သမ္မတနစ်ဆင်၏ ကိစ္စရပ်တွင် သူသည် သတ္တုလူ ဖြစ်ရာ သတ္တုက ကြွယ်ဝမှုကို သရုပ်ဖော်သောဓာတ်ဖြစ်သည်။ ဤနည်းကို အသုံးပြု၍ ကံကြမ္မာဦးတည် ချက်တိုင်များ၏ မည်သည့်အစုံတွင်မဆို ကြွယ်ဝချမ်းသာမှု ဓာတ်ကို ရှာနိုင်မည် ဖြစ်သည်။

## ဟောင်ကောင်မှ အရင်းရှင်ကြီး လီကာရှိန် (Li Ka-Shing)

ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် စည်းစိမ်ချမ်းသာ ကြွယ်ဝမှုကို သရုပ်ဆောင်သော ဓာတ်ကို ရှာဖွေတွေ့ရှိပြီးနောက် နောက်အဆင့်သည် ဤဓာတ်များ၏ အင်အားကို ချင့်ချိန်ရန် ဖြစ်ပါသည်။ အကယ်၍ ချမ်းသာကြွယ်ဝမှုဓာတ်များ များစွာရှိနေသည် ဆိုပါလျှင် ကာယကံရှင်၏ ဘဝတွင် ငွေကြေးသည် အားကောင်းစွာပင် ပေါ်လွှင်နေမည်ကား ထင်ရှားလှပေ၏။ အောက်ဖော်ပြပါ**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**သည် ဥဒါဟရုဏ်ဖြစ်တော့သည်။

## လီကာရှိန်၏ ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်
## (၁၃-၆-၁၉၂၈)

| အချိန် | ရက် | လ | နှစ် |
|---|---|---|---|
| ? | 甲 | 戊 | 戊 |
| | သစ်သား | မြေ | မြေ |
| ? | 申 | 午 | 辰 |
| | သတ္တု | မီး | မြေ |

ဤကံကြမ္မာ ဦးတည်ချက်တိုင်ကြီးများသည် ဟောင်ကောင်၏ ပစ္စည်းဥစ္စာ အရင်းရှင်ကြီး ဘီလီယံနာ မစ္စတာလီကာရှိန်၏ တိုင်များပင် ဖြစ်ပါ၏။ သူသည် ကမ္ဘာ့ အကြွယ်ဝဆုံး ပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်လေသည်။ စောစောက တင်ပြခဲ့သည့် နည်းမျိုးကိုပင် စပ်ဟပ်အသုံးပြုသည်ရှိသော် မစ္စတာလီသည် သစ်သားပုဂ္ဂိုလ်ဖြစ်ကြောင်းကို တွေ့ရှိရ၏။ သစ်သားသည် မြေကို အောင်နိုင်၍ မြေသည် သူ၏ ကံကြမ္မာ ဦးတည် ချက်ဘွင် စည်းစိမ်ကြွယ်ဝမှုကို သရုပ်ဆောင်ပေ၏။ သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် မြောက်မြားလှစွာ ရှိနေသော မြေဓာတ်များက သူသည် အလွန်တရာချမ်းသာကြွယ်ဝသူ ဖြစ်ကြောင်းကို အထင်အရှားပြနေပြီး သူ၏ ကြွယ်ဝမှုများလည်း ပစ္စည်းများမှ ဖြစ်ပေါ် လာရကြောင်းကို သိသာပါသည်။ ပစ္စည်း များကား မြေဓာတ်ဖြစ်ကြ၏။

ချမ်းသာကြွယ်ဝမှုသာလျှင် ဘဝ၏ အရေးကြီးသော မျက်နှာစာ တစ်ခု မဟုတ်ပါ။ ကြွယ်ဝမှုလောက် အရေးကြီးသော တစ်နည်းအားဖြင့် ကြွယ်ဝမှုထက်ပင် ပို၍ အရေး ကြီးကောင်း ကြီးမည်ဖြစ်သော အခြားနယ်ပယ်များလည်း များစွာ ရှိပါသေး သည်။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**မှနေ၍ ဘဝ၏ အခြားသော မျက်နှာစာများကို မည်သို့မည်ပုံ ကောက်ယူထုတ်ဖော်ရမည်ဆိုခြင်းနှင့် ပတ်သက်၍ အကျဉ်းချုပ် လမ်းညွှန်ချက် ကလေးများကို ပေးပါဦးမည်။ ပင်ကိုယ် ဓာတ်ကြီးနှင့် အခြား ဓာတ်ကြီးများအကြား ဆက်ဆံမှုကို နှိုင်းယှဉ်ခြင်းအားဖြင့် ကံကြမ္မာ ဦးတည်ချက်မှ ဘဝ၏ မျက်နှာစာ အမျိုးမျိုးကို မည်သို့မည်ပုံ အဓိပ္ပာယ်ကောက်ယူ ရမည်ဆိုခြင်းကို အောက်ပါအချက်အလက် စာရင်းက ဖော်ပြပါလိမ့်မည်။

- ❑ **ချမ်းသာကြွယ်ဝမှု။** ။ ပင်ကိုယ်ဓာတ်က နိုင်နင်းထားသော ဓာတ်။ အကယ်၍ ပင်ကိုယ်ဓာတ်သည် သစ်သားဖြစ်ခဲ့သော် သစ်သားသည် မြေကိုနိုင်နင်း၏။ သို့ဖြင့် မြေသည် သစ်သားပုဂ္ဂိုလ်အတွက် ကြွယ်ဝမှုဓာတ် ဖြစ်လာရသည်။
- ❑ **တန်ခိုးအာဏာနှင့် အဆင့်အတန်း။** ။ ပင်ကိုယ်ဓာတ်ကို နိုင်နင်းသည့်ဓာတ် ဖြစ်သည်။ အကယ်၍ ပင်ကိုယ်ဓာတ်သည် သစ်သားဆိုသော်၊ သတ္တုက သစ်သားကို

နိုင်သည်ဖြစ်သောကြောင့် တန်ခိုးအာဏာနှင့် အဆင့်အတန်းကို သတ္တုက ကိုယ်စားပြုသည်။

- **ငွေကြေးပုံပိုးမှုများ နှင့် ပညာရေး။** ။ ကာယကံရှင်၏ ပင်ကိုယ်ဓာတ်ကို မွေးဖွားပေးသည့် ဓာတ်သည် ငွေကြေးပံ့ပိုးမှုများနှင့် ပညာရေးကို ဖော်ပြ၏။ ဥပမာအားဖြင့် ဆိုသော် ရက်နှင့်ဆိုင်သော တိုင်သည် သစ်သားဖြစ်ခဲ့သော် ရေသည် သစ်သားကို မွေးဖွားပေးခဲ့သည် ဖြစ်သဖြင့် ရေသည် ငွေကြေးပံ့ပိုးမှုများနှင့် ပညာရေးကို သင်္ကေတပြု သရုပ်ဆောင်ချေ၏။
- **အသိဉာဏ်နှင့် လိုချင်မှုဇောများ။** ။ ကာယကံရှင်၏ ပင်ကိုယ်ဓာတ်က မွေးဖွားပေးလိုက်သော ဓာတ်သည် အသိဉာဏ်နှင့် လိုချင်မှုဇောများကို ဖော်ပြသည်။ အဘယ်ကြောင့်ဆိုသော် ထိုဓာတ်သည် ကာယကံရှင်က ထုတ်လုပ်ဖန်တီး၍ လောကအား ပြသသော ဓာတ်ဖြစ်နေသောကြောင့်တည်း။ သစ်သားပုဂ္ဂိုလ်၏ ကိစ္စရပ်တွင် မီးဓာတ်သည် ကာယကံရှင်၏ အသိဉာဏ်အတွက် သရုပ်သင်္ကေတဖြစ်သည်။ သစ်သားသည် မီးကို ဖြစ်ပေါ် စေသောကြောင့် ဖြစ်ပါ၏။
- **အပေါင်းအသင်းများ နှင့် ယှဉ်ပြိုင်သူများ။** ။ ကာယကံရှင်၏ ပင်ကိုယ်ဓာတ်နှင့် တူနေသော အခြားဓာတ်သည် အပေါင်းအဖော်များ သို့တည်းမဟုတ် ယှဉ်ပြိုင်သူများကို ကိုယ်စားပြုတော့သည်။ အကယ်၍ကာယကံရှင်၏ ပင်ကိုယ်ဓာတ်သည် သစ်သားဖြစ်ခဲ့သော် သူ၏ တိုင်ကြီး လေးတိုင်အတွင်းတွင် တွေ့ရသော အခြား သစ်သားဓာတ် တို့သည် အဆင်ပြေမှု သို့တည်းမဟုတ် အဆင်မပြေမှု ပေါ်လိုက်၍ မိတ်ဆွေများ သို့တည်းမဟုတ် ယှဉ်ပြိုင်ဖက်များ ဖြစ်လာရတော့သည်။

နောက်ဆက်တွဲ (၄) တွင် ကျွန်ုပ်တို့၏ ကံကြမ္မာ ဦးတည်ချက်တိုင်များမှနေ၍ ဘဝ၏မျက်နှာစာအမျိုးမျိုးနှင့် လူလူချင်းပေါင်းသင်းဆက်ဆံမှုများကို ရှာဖွေ ဖော်ထုတ်ခြင်းအတွက် ပိုမို၍ အသေးစိတ်အချက်အလက် များကို ဖော်ပြထားပါသည်။ **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီး လေးတိုင်** တစ်စုံမှဓာတ် အမျိုးမျိုးတို့ ဆက်ဆံမှုကို နားလည်ပြီ ဆိုလျှင် မည်သည့်ဓာတ်သည် အထင် ရှားဆုံးဖြစ်ပြီး ကာယကံရှင်အား အပြင်းထန်ဆုံး အရှိန် သြဇာ သက်ရောက်စေမည် ဆိုသည်ကို သိမြင်ရန် မခက်ခဲတော့ပါ။ မစ္စတာ လီကာရှိန်၏ ဥဒါဟရဏ်ကို ကြည့်ခြင်းဖြင့် သူ၏ ဥစ္စာကြွယ်ဝမှုကို ကိုယ်စားပြုနေသော မြေဟူသောဓာတ်သည် အထူးထင်ရှားနေသည်မှာ သိသိသာသာပင် ဖြစ်ချေ၏။ သူ့ဘဝသည် ကြွယ်ဝမှု ပတ်ချာ ဝိုင်းနေသည်။ အထူးသဖြင့် မြေနှင့် ဆက်စပ်နေသော ကြွယ်ဝမှုဖြစ်သည်။ သူ၏ ပစ္စည်းစီးပွားကုန်သွယ်ရေး ဖြစ်၏။ ထို့ပြင်လည်း တန်ခိုးအာဏာနှင့် အဆင့်အတန်းကို ကိုယ်စားပြုသော ဓာတ်၊ သူ့ကိစ္စရပ်တွင် သတ္တုဓာတ်၊

ထိုဓာတ်သည် တစ်နေရာတည်းကို ရယူထားသည်။ ထို့ကြောင့် သူသည် နိုင်ငံရေးသမား ဖြစ်မလာ။ သူ့ဘဝကံကြမ္မာ ဦးတည်ချက် သည် ကြွယ်ဝမှုဖြစ်၏။ တန်ခိုးအာဏာ မဟုတ်ချေ။



ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မွေးဖွားမှု အချက်အလက် များမှနေ၍ မွေးရာပါ သန္ဓေတည် စွမ်းအင်ကို ဖော်ထုတ် သိရှိနိုင်သည်ဖြစ်၍ ပရိယေသနလုပ်ငန်း ခရီးလမ်း အလွဲအချော်ကို ရှေးမှားမိရန် အခွင့်အလမ်း အတန်ပင်နည်းပါးသွားရ၏။ ယေဘုယျ အားဖြင့်ဆိုရလျှင် အကယ်၍ မွေးဖွားမှု အချက်အလက်များတွင် ဥစ္စာကြွယ်ဝမှုကို ကိုယ်စားပြုသော ဓာတ်သည် ထင်ရှားပေါ်လွင် နေသည်ဆိုလျှင် ကာယကံရှင်သည် ငွေကြေး ဘဏ္ဍာများနှင့် ဆက်ဆံရမည်။ မစ္စတာလီ၏ ကိစ္စရပ်မှာကဲ့သို့ပင်ဖြစ်၏။ အခြား တစ်ဖက်တွင်ကား အကယ်၍ ထင်ရှားပေါ်လွင်သော ဓာတ်သည် ဥစ္စာကြွယ်ဝမှု မဟုတ်ဘဲ၊ တန်ခိုးအာဏာနှင့် အဆင့်အတန်းဖြစ်ခဲ့သော် ကာယကံရှင်သည် တန်ခိုးအာဏာနှင့် ဆက်ဆံသည့် ပရိယေသန ဘဝလမ်းကို လိုက်မိဖို့ အကြောင်းများလှပါ၏။ သူသည် ပြည်သူ့ဝန်ထမ်းဘဝတွင် အရာရှိအရာခံ တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် စီမံ အုပ်ချုပ်သူ တစ်ဦးအဖြစ် လုပ်ကိုင်ကောင်းလုပ်ကိုင်ပါလိမ့်မည်။ အလွန်အမင်း လွန်ကဲသည့် ကိစ္စရပ်များတွင် သူသည် နိုင်ငံရေးသမားသော်လည်း ဖြစ်လာနိုင်ပေ၏။

## ဥက္ကဋ္ဌကြီး မော်စီတုန်း (Chairman Mao Tse-Tung)

အောက်ဖော်ပြပါ **ကံကြမ္မာ၏တိုင်ကြီးလေးတိုင်**အစုံမှာ အဓိကကျသော နိုင်ငံရေး ကျော်ကြားသည့် ပုဂ္ဂိုလ်ဖြစ်သော တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်၏ ဥက္ကဋ္ဌကြီး မော်စီတုန်း၏ တိုင်များ ဖြစ်သည်။

**ဥက္ကဋ္ဌကြီးမော်၏ ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင် (၂၆–၁၂–၁၈၉၃)**

| **အချိန်** | **ရက်** | **လ** | **နှစ်** |
|---|---|---|---|
| 甲 | 丁 | 甲 | 癸 |
| သစ်သား | မီး | သစ်သား | ရေ |
| 辰 | 酉 | 子 | 巳 |
| မြေ | သတ္တု | ရေ | မီး |



သူ၏ တိုင်ကြီးလေးတိုင်မှ နေ၍ သူသည် ရေပေါကြွယ်ဝခိုက်ဖြစ်နေသော အေးမြသည့် ဆောင်းရာသီတွင် မွေးဖွားသော **မီးပုဂ္ဂိုလ်** ဖြစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပေသည်။ ရေဓာတ်သည် မီးကို နိုင်သည် ဖြစ်သည်နှင့်အညီ ရေသည် မီးပုဂ္ဂိုလ်အတွက် တန်ခိုး အာ ဏာ နှင့် အဆင့်အတန်းကို သရုပ်ဆောင်လေသည်။ ဥက္ကဋ္ဌကြီးမော် ကံကြမ္မာ ဦး တည် ချက်တိုင်များတွင် ရေဓာတ်သည် ရာသီဥတုတွင်သာမက နှစ်ပရိဇ္ဆေဒတိုင်၏ မိုးကောင်းကင်ပင်စည်တွင်လည်း အထင်အရှား နေရာယူထားသေး၏။ အခြား တစ်ဖက်တွင် ဥစ္စာကြွယ်ဝမှုကို သရုပ်ဆောင်သော ဓာတ်ဖြစ်သည့် သတ္တုဓာတ်သည် မြေပထဗျာအကိုင်းအခက်များတွင် တစ်နေရာကို ယူထားသည်။ သို့ဖြစ်ရာ ဥက္ကဋ္ဌကြီးမော်၏ ဘဝတွင် တန်ခိုးအာဏာသည် ဥစ္စာကြွယ်ဝမှုထက် ပို၍ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းမှာ ထင်ရှားလှပေရာ သူသည် နိုင်ငံရေးသမားတစ်ယောက် ဖြစ်လာစေရန် ကံကြမ္မာက ဦးတည်ခဲ့တော့သည်။

**ရော့ခ်စတားဖြစ်သော ဒေးဗစ် ဘောင်ဝီ (David Bowie)**

ဥက္ကဋ္ဌကြီး မော်စီတုန်း၏တိုင်များနှင့် ခပ်ဆင်ဆင်တူသော အောက်ပါကံကြမ္မာဦးတည်ချက်တိုင်များ အစုံကိုကြည့်ရှုဆင်ခြင်သည်ရှိသော် စာဖတ်သူများသည် ကွာခြားမှုကို လွယ်လင့်တကူ ဝေဖန်သိမြင်နိုင်ပါလိမ့်မည်။

**ဒေးဗစ်ဘောင်ဝီ၏ ကံကြမ္မာဦးတည်ချက် တိုင်များ**

**(၈-၁-၁၉၄၇)**

| အချိန် | ရက် | လ | နှစ် |
|---|---|---|---|
| 甲 | 丁 | 辛 | 丙 |
| သစ်သား | မီး | သတ္တု | မီး |
| 辰 | 亥 | 丑 | 戌 |
| မြေ | ရေ | မြေ | မြေ |



ဤပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌကြီးမော်၏ နာရီတိုင်အတူတူတွင် မွေးဖွားခဲ့သော **မီးပုဂ္ဂိုလ်** ဖြစ်ပေသည်။ သို့ဖြစ်သော်ငြားလည်း တိုင်ကြီးလေးတိုင်တွင် အထင်ရှားဆုံးသော ဓာတ်မှာ မြေဓာတ်သာဖြစ်၍ ရေဓာတ် မဟုတ်ပါချေ။ ဓာတိစက်ဝန်းက မြေသည် မီးဓာတ်မှ မွေးဖွားလာကြောင်း ပြဆိုသည်။ ထို့ကြောင့် မြေဓာတ်သည် မီးပုဂ္ဂိုလ်အတွက် ဆန္ဒဓာတ်နှင့် အသိဉာဏ်ကို သရုပ်ဆောင်သည်။ ယင်းကဲ့သို့သော ပြင်းပြသော ဆန္ဒရှိသည့် ပုဂ္ဂိုလ်သည် လောက၏ ရှေ့မှောက်သို့ ထွက်၍ သူ့ကိုယ် သူထင်ရှားအောင် ပြုလုပ်မှု စိတ်ဓာတ်ကို ပိုင်ဆိုင်ပေ၏။ တန်ခိုးအာဏာ (ရေ) နှင့် ဥစ္စာစည်းစိမ် (သတ္တု) အစရှိသော အခြား သော မျက်နှာစာများကို သရုပ်ဆောင်သော ဓာတ်များသည် နှိုင်းစာကြည့်လျှင် အားပျော့ပေသည်။ ဤပုဂ္ဂိုလ်သည် နိုင်ငံရေးသမားလည်း မဟုတ်၊ စီးပွားကုန်သွယ်ရေး သမားလည်းမဟုတ်ပေ။ သူကား အဆင့်မြင့် ဖျော်ဖြေရေးသမား ရှော့ခ်စတားဖြစ်သည့် ဒေးဗစ်ဘောင်ဝီပင် ဖြစ်ချေ၏။

ဤဥဒါဟရဏ်များတွင် နာမည်ကျော်ပုဂ္ဂိုလ်ကြီး သုံးဦး၏ ကံကြမ္မာ ဦးတည်ချက်ကို ဖော်ပြထားသည်။ သူတို့သည် စီးပွားရေးလောက နိုင်ငံရေးလောက၊ ဖြေဖျော်ရေးလောက တို့တွင် အသီးသီးအောင်မြင်ကျော်ကြားမှုကို ရရှိထားကြသူများ ဖြစ်ကြ၏။ သူတို့၏ ပရိယေသန ဘဝဖြစ်စဉ်၏ သန္ဓေတည် စွမ်းအင်တို့သည် **ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်** အသွင်ကို ယူထားသော သူတို့၏ မွေးဖွားမှု အချက်အလက်များတွင် ပြတ်သားစွာ ရောင်ပြန် ထင်ဟပ်နေ၏။ ဤနည်းတူစွာပင် ကျွန်ုပ်တို့၏ မွေးနေ့နှင့် အချိန်ကို တရုတ်ပြက္ခဒိန်မှ ကြည့်၍ ကျွန်ုပ်တို့၏ **ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်** ကိုယ်ပိုင်အစုံ၌ ပေါ်လွင် နေသော ထင်ရှားသည့် ဓာတ်များကို ဆုံးဖြတ် နိုင်ပါသည်။ ဥစ္စာကြွယ်ဝမှုကို သရုပ်ဆောင် သည့် ဓာတ်သည် အလွန်အားကောင်းလျှင် သင်သည် စီးပွားကုန်သွယ်ရေးသမားပုံစံ ဖြစ်ဖို့နီးစပ်ပေသည်။ နောက်အခန်းတွင် စီးပွား ကုန်သွယ်နယ်ပယ်၌ သင်၏ သန္ဓေတည် စွမ်းအင်ကို သေချာအောင်ပြုရေးအတွက် လမ်းညွှန်အချက်အလက်များမှာ ပို၍ဖော်ပြထားပါသည်။

## သင်၏ကံကြမ္မာဦးတည်ချက်ထဲမှ ဥစ္စာကြွယ်ဝမှု

ကာယကံရှင်၏ **ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်** အစုံကို စစ်ဆေးကြည့်ရှုခြင်းအားဖြင့် လူတစ်ယောက်၏ စီးပွားကုန်သွယ်ရေးနှင့် သက်ဆိုင်သည့် သန္ဓေတည် စွမ်းအင်ကို ကျွန်ုပ်တို့သည် မည်သို့မည်ပုံ အသေအချာသိရှိအောင် လုပ်ရသည် ဆိုခြင်းကို စာဖတ်သူတို့အား တင်ပြခဲ့ပြီးဖြစ်၏။ လွန်ခဲ့သည့်အခန်းတွင် ဥဒါဟရဏ်များဖြင့် ပြည့်ခဲ့သည့်အတိုင်း ဥစ္စာကြွယ်ဝမှုကို ကိုယ်စားပြုသောဓာတ်၏ အားကောင်းစွာ ရပ်တည်မှုသည် စီးပွားကုန်သွယ်ရေးနှင့် သက်ဆိုင်သည့် သန္ဓေတည် စွမ်းအင်ကို ဖော်ထုတ်ပြသကြောင်းကို မကြာခဏပင် တွေ့ရှိကြရလေသည်။ သို့ပါသော်လည်း ဤဟာသည် ယေဘုယျအားဖြင့် ခြုံ၍ပြောဆိုချက်မျှသာ ဖြစ်ပြီးလျှင် ကျွန်ုပ်တို့၏ စီးပွား ကုန်သွယ်ရေး စွမ်းရည်ကို သေချာစွာ မသိရှိနိုင်မီ ပို၍ အသေးစိတ်ကျသော အချက်အလက်များကို ကြည့်ရှုစစ်ဆေးဖို့ လိုအပ်ပါသေးသည်။

ဤအခန်းတွင် ကျွန်ုပ်တို့သည် ဥစ္စာကြွယ်ဝမှုဓာတ်ကို ပို၍အသေးစိတ်ကျကျ စစ်ဆေးကြပါမည်။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော ခံယူချက် သဘောတရားသည် ဟန်ချက်ညီမှုနှင့် အတိုင်အဖောက် ညီမှု သဘောထားပင် ဖြစ်၏။ အကယ်၍ ကံကြမ္မာဦးတည်ချက်တိုင်ကြီးများ အစုံတစ်ခုတွင် ဥစ္စာကြွယ်ဝမှု ဓာတ်သည် အလွန်အမင်းအားကောင်းနေပါလျှင် အလိုအလျောက်အားဖြင့် ကာယကံရှင်၏ ပင်ကိုယ်ကို ကိုယ်စားပြုနေသောဓာတ်သည် အနှိုင်းအဆအားဖြင့် အားနည်းနေပါလိမ့်မည်။ ဤသို့သော ကိစ္စရပ်တွင် ဥစ္စာကြွယ်ဝမှုဓာတ်သည် အထိန်းအကွပ် မရှိဘဲ ဖြစ်ရ၏။ ယင်းသို့သော် ကြွယ်ဝမှုသည် ကာယကံရှင်၏ အထိန်း အကွပ်ဘောင်ကို ကျော်လွန်သွားပြီဆိုခြင်းသည် လုံးဝ ကောင်းကျိုး မပေးပါ။ ဤဟာကို အောက်ပါအခြေအနေများအနက် တစ်ခုခု ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်လေသည်။

ရှေးဦးစွာ ဖော်ပြလိုသည်မှာ ဥစ္စာကြွယ်ဝမှုဓာတ်ကို ကာယကံရှင်၏ ပင်ကိုယ်က နိုင်နင်းထားသော ဓာတ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုရသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဓာတ်စက်ဝန်း နှင့် မရဏစက်ဝန်းတို့ကို ပို၍ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှု မည်ဆိုလျှင် ဤဓာတ်သည် တစ်ချိန်တည်းတွင်ပင် ပင်ကိုယ်ဓာတ်ကို ရနိုင်သောဓာတ်ကို မွေးဖွား ပေးသည့် ဓာတ်ပင် ဖြစ်နေသည်ကို တွေ့နိုင်လေသည်။ အကယ်၍ ပင်ကိုယ်ဓာတ်သည် သစ်သား ဖြစ်ခဲ့သော် ဥစ္စာကြွယ်ဝမှုကို မြေက သရုပ်ဆောင်၏။ ဓာတ်စက်ဝန်းအရဆိုလျှင် မြေဓာတ်က သတ္တုဓာတ်ကို မွေးဖွား၏ မရဏစက်ဝန်းအရဆိုပြန်သော် သတ္တုသည် သစ်သားကို ဖျက်ဆီး၏။ သစ်သားသည် ပင်ကိုယ်ဓာတ် ဖြစ်သည်။ ထို့ကြောင့် လွန်ကဲ သွားသော ကြွယ်ဝမှုသည် ပင်ကိုယ်ဓာတ်ကိုလည်း ခြိမ်းခြောက်သည်ဟု ကောက်ချက် ချနိုင်၏။ ကြွယ်ဝမှုသည် ပင်ကိုယ်ဓာတ်ကို ဖျက်ဆီးသည့်ဓာတ်ကို မွေးဖွားပေးသော ကြောင့်တည်း။

ဤသို့ဖြင့် သင်၏ကံကြမ္မာဦးတည်ချက်တွင် ဥစ္စာကြွယ်ဝမှုဓာတ်သည် အားကောင်း နေလွန်းသည်ကို တွေ့ရလျှင် သင် အောင်မြင်သော စီးပွားကုန်သွယ်ရေးသမားကြီးတစ်ဦး ဖြစ်နိုင်သည်ဟူ၍ ကောက်ကာငင်ကာကောက်ချက်မချနိုင်ပါ။ နေ့ရက်တိုင်းရှိ မိုးကောင်းကင် ပင်စည်မှဓာတ် (ကာယကံရှင်၏ ပင်ကိုယ်ဓာတ်) သည် ကြွယ်ဝမှုကို ထိန်းချုပ်နိုင်လောက် အောင်နှင့် ပင်ကိုယ်ဓာတ်ကို နိုင်နင်းမည့်ဓာတ်ကို ခုခံနိုင်လောက်အောင် အားကောင်းနေခြင်း ရှိ၊ မရှိကို ပိုင်းဖြတ်ဖို့လိုပါ၏။ အကယ်များ ပင်ကိုယ်ဓာတ်သည် အားနည်းလွန်းနေပါလျှင် ဖောသီနေသော ကြွယ်ဝမှုဓာတ်သည် ပိုမိုလာသော ဝန်ပိမှုနှင့် ပိုမိုလာသော အခက်အခဲများကို ဖြစ်ပေါ်စေလိမ့်မည်သာ ဖြစ်၏။ ပင်ကိုယ်ဓာတ်ကို နိုင်နင်းသော ဓာတ်အဖြစ် သရုပ်ဆောင်မှု ကြောင့်ပင် ဖြစ်သည်။ **"ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်"** ဟူသော ခံယူချက်တွင် လူသိများသည့် စကားပုံတစ်ခုမှာ "ကြွယ်ဝမှုများလွန်းခြင်းသည် ကျန်းမာရေးကို ထိခိုက်စေ လိမ့်မည်" ဟူ၍ဖြစ်၏။ ပင်ကိုယ်ဓာတ်က အားနည်းပြီး ကြွယ်ဝမှုနှင့် တန်ခိုးအာဏာ ဓာတ်များက အားလွန်စွာကောင်းနေသော သူများသည် အောင်မြင်သော စီးပွားကုန်သွယ်ရေး သမားဟူ၍ အလိုအလျောက် ဖြစ်မလာ တတ်ပါ။ သို့ရာတွင် ငွေရေးကြေးရေးပြဿနာများ၏ လွှမ်းမိုးခြင်းကိုတော့ ခံရတတ်ပါသည်။

ဥစ္စာကြွယ်ဝမှု များပြားသည် ဖြစ်သော်လည်း တန်ခိုး အာဏာဓာတ်က များစွာ အားမကောင်းလှသော ကံကြမ္မာ ဦးတည်ချက် ပုံစံတစ်မျိုး ရှိသေး၏။ ဤကံကြမ္မာ ဦးတည်ချက်မျိုးကို ငွေကြေးနှင့် နီးကပ်စွာ ဆက်စပ်နေပါသော်လည်း ထိုငွေကြေးကို ပိုင်ဆိုင်ခွင့်မရှိသော ပရိယေသန ဘဝလမ်းကို လျှောက်နေရသော သူများတွင် မကြာခဏ တွေ့မြင်ရလေသည်။ ဥပမာအားဖြင့် ဘဏ်တိုက်မှ ငွေရေတွက် ထုတ်ပေးရသူသည် သူ့အချိန်များစွာကို ငွေရေတွက်ခြင်းဖြင့် အသုံးပြုရတတ်သော်လည်း ထိုကြွယ်ဝမှုမှာ သူနှင့်မဆိုင်ဘဲ ထိုငွေများမှာ သူ၏ထိန်းချုပ်မှုအပြင်ဘက်တွင် ရှိနေသည်။

သို့ဖြစ်သောကြောင့် အကယ်၍ သင်၏ ကံကြမ္မာ ဦးတည်ချက်တွင် ဥစ္စာကြွယ်ဝမှု ခါတ်များကို အများကြီးတွေ့ရရုံဖြင့် အပျော်လွန် မသွားပါစေနှင့် သင်သည် ဥစ္စာကြွယ်ဝမှု ခါတ်ကို ထိန်းကွပ်နိုင်စွမ်းရှိ၊ မရှိကို ဆက်လက်၍ ကြည့်ရှုဝေဖန်ရန် လိုအပ်ပါသည်။ ထိုနည်းတူစွာပင် အကယ်၍ သင်၏ ကံကြမ္မာ ဦးတည်ချက်တွင် ဥစ္စာကြွယ်ဝမှုခါတ်များကို များပြားစွာ တွေ့ရ သော်လည်း ပင်ကိုယ်ခါတ်က အားနည်းနေသည်ကို မြင်ရရုံဖြင့် စိတ်မပျက်ပါနှင့်။ စီးပွားကုန်သွယ်လောကတွင် အရင်းရှင်ကြီး တစ်ယောက် ဖြစ်လာစရာ အခွင့်အလမ်းတွေ ရှိနေပါသေးသည်။ မစ္စတာလီကာရှိန်သည် ပီပြင်သော သာဓက တစ်ခုဖြစ်ပါ၏။ ဥစ္စာကြွယ်ဝမှုခါတ်များ ခြံရံနေသော အလွန်အားနည်းသည့် သစ်သားပုဂ္ဂိုလ် ဖြစ်ပါလျှက်က သူ၏ ကြွယ်ဝမှုကို ထိန်းကွပ် စီစဉ်နိုင်၍ ပစ္စည်းဥစ္စာတို့တွင် အရင်းရှင်ကြီး ဖြစ်လာရသည်။

## ကံကြမ္မာတိုင်များ၏ အခန်းကဏ္ဍ

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ဟူသော ယန္တရား၏ အလုပ်လုပ်ပုံကို စာဖတ်သူများ နားလည်ရေးတွင် ကူညီသောအားဖြင့် ယခုအခါတွင် ကျွန်ုပ်သည် ကံကြမ္မာ ဦးတည်ချက်ကို ဝေဖန်ပိုင်းခြားရေးတွင် ဒုတိယအဆင့်ကို နိဒါန်းပျိုး မိတ်ဆက် ပေးပါတော့မည်။ ယင်းအဆင့်သည်ကား ကံကြမ္မာ တိုင်များကို စာရင်းပြုခြင်းဖြစ်၏။ မွေးဖွားမှု အချက် အလက်များမှ နေ၍ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို ကျွန်ုပ်တို့ ရရှိသည်။ ယင်းတို့မှာ လူတစ်ယောက်၏ မွေးနှစ်၊ မွေးလ၊ မွေးရက်၊ မွေးနာရီတို့ ဖြစ်ကြပါ၏။ ဤတိုင်လေးတိုင် အစုံသည် လူတစ်ယောက်၏ ကံကြမ္မာ ဦးတည်ချက်အဖြစ် ပါဝင်ပေါင်းစပ်နေကြသောအရာများ ဖြစ်လေသည်။ သို့သော်ငြားလည်း ယင်း တိုင်ကြီး လေးတိုင်သည် လူတစ်ယောက်၏ မွေးရာပါ အရည် အချင်းများ၊ အကျင့်စာရိတ္တ၊ သန္ဓေတည်စွမ်းအင်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ဟူသည်လောက်ကိုသာ ဖော်ပြပါသည်။ ဘဝ စတင်လေသောအခါ လူသည် စကြဝဠာမှ အရှိန်သြဇာများကို ခါတ်ကြီးငါးပါးအသွင်ဖြင့် ခံယူရရှိ၏။ ထိုခါတ်ကြီးငါးပါးသည် ဘဝလမ်းတစ်လျှောက်တွင် သူနှင့်အတူရှိနေမည်ဖြစ်ပြီး ဘဝတွင် အတက်အကျများ ဖြစ်ပေါ်စေရန်အတွက် သူ၏ ကံကြမ္မာ ဦးတည်ချက် တိုင်ကြီးလေးတိုင် မူလအစုံနှင့် ထိုခါတ်ကြီးတို့သည် အချင်းချင်း တုံ့ပြန်ထိခတ်ကြလိမ့်မည်။

ဤသို့သောခါတ်များ၏ အရှိန်သြဇာကို "ကံကြမ္မာတိုင်များ"ဟုခေါ်သည့် တရုတ် အက္ခရာ အတွဲကြီးဖြင့် သရုပ်မှုပေ၏။ ဤမည်သော ကံကြမ္မာတိုင်များကို **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အစုံထဲမှ လဟူသော တိုင်မှ ထုတ်ယူရရှိသည်။ ကံကြမ္မာတိုင်တစ်တိုင်သည် ဆယ်နှစ်တာကာလကို ဖော်ပြသည်။ ထိုဆယ်နှစ်အတွင်းတွင် ကာယကံရှင်သည် ကံကြမ္မာတိုင် တစ်ခုစီတွင် ပြထားသော ခါတ်ကြီးနှစ်ပါး၏ အရှိန် သြဇာသက်ရောက်မှုအောက်တွင် ရှိနေပေလိမ့်မည်။ ဘဝတွင် ကံကောင်းပြီး ကြီးစွာ

အောင်မြင် နေသူဖြစ်ရန်မှာ လူတစ်ယောက်သည် ကောင်းမွန်သော ကံကြမ္မာ ဦးတည်ချက်တိုင်အစုံကိုမျှသာ လိုအပ်သည် မဟုတ် သေးပါ။ သူ၏ ကံကြမ္မာဦးတည်ချက်တိုင်များကို ပံ့ပိုးထောက် ပင့်ရန်အတွက် ကောင်းသော ကံကြမ္မာတိုင်များကိုလည်း လိုအပ် ပါသည်။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို မော်တော်ကားဖြင့် ဥပမာတင်၍ ကံကြမ္မာတိုင်များ အတွဲကို လမ်းဖြင့် ဥပမာတင်နိုင်ပါသည်။ မော်တော်ကားသည် မာစီဒီးဘင့်ဇ် ဖြစ်နေ သည့်တိုင်အောင် ဘဝလမ်းကို သွားရာတွင် ကောင်းမွန်သော ခရီးအဖြစ် ပြီးမြောက်နိုင်ရန်မှာ လမ်းကောင်းသည် လိုအပ်ပါသေးသည်။ အကယ်၍ လမ်းသည် ဆိုးရွား၍ အခုအခံတွေ ပြည့်နှက်နေသည်ဆိုပါလျှင် မော်တော်ကားသည် အကောင်းဆုံး ဖြစ်နေသည့်တိုင် ခရီးစဉ်သည် သက်သောင့်သက်သာ ဖြစ်လိမ့်မည် မဟုတ်ပါ။

သို့ဖြစ်လေရာ ကာယကံရှင်၏ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို စစ်ဆေးပြီး လူတစ်ယောက်၏ အောင်မြင်မှုကို ဝေဖန်ပိုင်းခြားသောအခါတွင် သူ၏ ကံကြမ္မာတိုင်များမှာလည်း ကောင်းကျိုးပြုသော ဓာတ်များ ပြည့်နှက်နေခြင်းဖြင့် လိုအပ်သော ပံ့ပိုးမှုကို သူ့အားပေးမည်လားဆိုသည်ကိုလည်း ကြည့်ရှုရန်လိုအပ်ပါ၏။ အလွန်ကောင်းမွန်သော **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အစုံဖြင့် မွေးလာသော သူသည် အလွန်ဆိုးဝါးသော ကံကြမ္မာရိုင်းများနှင့် ကြုံကြိုက်ရလျှင် အောင်မြင်ရမည်ဟု ဆို၍ မရပါ။ အကယ်၍ ဤဆိုးဝါးသော ကံကြမ္မာတိုင် များသည် အသက်အရွယ် ငယ်ငယ်က ဆိုက်ရောက်သည်ဆိုလျှင် သွားလာမှုကိုပင် ပိတ်ဆို့နိုင်ရာ ကာယကံရှင်သည် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ပေ၏။ ဖြစ်ရပ်များစွာတို့တွင် ဘဝ အောင်မြင်မှုကို ဖြစ်ပေါ်စေသည်မှာ **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီး လေးတိုင်** မျှသာ မဟုတ်ဘဲ ကောင်းကျိုးပြုသော ကံကြမ္မာတိုင်များကလည်း ပံ့ပိုးပေးသည်ကို တွေ့မြင်ရပေသည်။ (**ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အစုံမှ ကံကြမ္မာတိုင်များ ထုတ်ယူနည်းကို နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။)

## လီကာရှိန်၏ ကံကြမ္မာတိုင်များက သူ့ကို ကူညီထောက်ပံ့ခဲ့ပုံ

ဖော်ပြခဲ့ပြီးသည်များကို စိတ်ထဲတွင်ထား၍ မစ္စတာ လီကာရှိန်၏ ကံကြမ္မာ ဦးတည်ချက်တိုင်များကို သူ၏ ကံကြမ္မာတိုင်များနှင့် ယှဉ်တွဲ ဆက်စပ်၍ ထပ်မံ စစ်ဆေး ကြည့်ရှုကြပါဦးစို့။

| နာရီ | နေ့ | လ | နှစ် |
|---|---|---|---|
| | 甲 | 戊 | 戊 |
| ? | သစ်သား | မြေ | မြေ |
| | 申 | 午 | 辰 |
| ? | သတ္တု | မီး | မြေ |

| ၆၈ | ၅၈ | ၄၈ | ၃၈ | ၂၈ | ၁၈ | ၈ |
|---|---|---|---|---|---|---|
| 乙 | 甲 | 癸 | 壬 | 辛 | 庚 | 己 |
| သစ်သား | သစ်သား | ရေ | ရေ | သတ္တု | သတ္တု | မြေ |
| 丑 | 子 | 亥 | 戌 | 酉 | 申 | 未 |
| မြေ | ရေ | ရေ | မြေ | သတ္တု | သတ္တု | မြေ |

မစ္စတာလီသည် မီးလ၏ နွေရာသီတွင် မွေးဖွားသော သစ်သားဓာတ်နှင့် ပုဂ္ဂိုလ်ဖြစ်၏။ မီးသည် နွေရာသီတွင် အကြီးပွားဆုံးဖြစ်၍ အားကောင်းသော မီးသည် မစ္စတာလီ၏ သစ်သားကို လောင်ကျွမ်းတော့သည်။ သူနှင့်ပတ်သက်၍ ထားရသမျှသော တိုင်သုံးတိုင်ဖြစ်ကြသော မွေးနှစ်တိုင်၊ မွေးလတိုင်၊ မွေးရက်တိုင် တို့တွင် သစ်သားကို ထောက်ပံ့ပြီး ပြုစုမွေးမြူမည့် ရေကို ကျွန်ုပ်တို့ ရှာမတွေ့နိုင်ခဲ့ပါ။ သို့ဖြစ်ရာ သစ်သားသည် အလွန် အားနည်းနေကာ အသက်ရှင်နေနိုင် သွားဖို့အတွက် သူသည် ရေ၏ ပံ့ပိုးမှုကို လိုအပ်လှပေသည်။ တစ်ဖန်အားဖြင့်လည်း ရေသည် သတ္တု၏ ပံ့ပိုးမှုကို လိုအပ်ချေ၏။ ထို့ကြောင့် မစ္စတာလီအတွက် ကောင်းကျိုးပြုသော ဓာတ်များမှာ ရေနှင့် သတ္တုတို့ ဖြစ်ကြောင်းကို သိမြင်လွယ်ပါသည်။ တစ်ဖက်တွင်ကား မီးနှင့် မြေတို့သည် သစ်သား၏ အားအင်ကို ယူငင်သုံးစွဲ၍ ကုန်ခန်းစေသည် ဖြစ်၍ ကောင်းကျိုးမပြုသောဓာတ်များ ဖြစ်ကြ၏။

မစ္စတာလီကာရှိန်၏ သိထားသမျှသော ကံကြမ္မာ ဦးတည်ချက်တိုင်များသည် သူ၏သစ်သားများ အားနည်းလွန်းနေရသည့် အထဲတွင် အဆင်မပြေသော မြေဓာတ်သည် မတရား အားကောင်းနေခြင်းဖြင့် ဟန်ချက်မကျ၊ အတိုင်အဖောက် မညီမှုကို ပြနေ တော့သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် လူတစ်ယောက်၏ သန္ဓေတည် စွမ်းအင်ကို

သူ၏ ကံကြမ္မာ ဦးတည်ချက်တိုင်များ လောက်ဖြင့်မဆုံးဖြတ်နိုင်ပါ။ သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် အားနည်းချက်မှာ အခြားဓာတ်၏ အစွမ်းဖြင့် အလျော်သဘော အစား ထိုးနိုင် မထိုးနိုင်။ ကံကြမ္မာတိုင်များမှ ကောင်းကျိုးပြုသောဓာတ်များက ကုစားပေးနိုင်၊ မပေးနိုင် ဟူသည်တို့ကို သိနိုင်ရန် သူ၏ ကံကြမ္မာတိုင်များကို စစ်ဆေးရပါဦးမည်။ မစ္စတာလီ၏ ကိစ္စရပ်များတွင် အသက် ၁၈ နှစ်မတိုင်မီ ငယ်စဉ်ကလေးဘဝမှဖြစ်သည့် စောစောပိုင်း ကံကြမ္မာတိုင်များတွင် ဆိုးကျိုးပြုသော မြေဓာတ် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ မြင်နိုင်ပါသည်။ ဤအချက်သည် သူ၏ ကလေးဘဝမှ မွဲတေသော ကျောထောက် နောက်ခံကို မှန်ကန် လှစွာ ရောင်ပြန်ထင်ဟပ်နေပါ၏။ သို့သော်ငြားလည်း အသက် ၁၈နှစ် နောက်ပိုင်းတွင် သတ္တုတည်းဟူသော ပို၍ ကောင်းကျိုးပြုသည့် ကံကြမ္မာတိုင်ထဲသို့ ဝင်ရောက်လာသည်နှင့် အမျှ သူ၏ကံသည်လည်း တက်လာခဲ့လေသည်။ ဤအသက်ပိုင်း လောက်တွင် သူသည် သေးငယ်သော ပလပ်စတစ်စက်ရုံကလေး၏ ပိုင်ရှင်ဖြစ်လာခဲ့ခြင်း ဖြစ်၏။ သို့သော် သတ္တုသည် ကောင်းကျိုးပြုသည့် ဓာတ်ဖြစ်သည် မှန်သော်လည်း သစ်သားကို မွေးမြူ ထောက်ပံ့မှု တိုက်ရိုက်ပေးသည့် ရေလောက်တော့ဖြင့် မကောင်းပါ။ ကောင်းမွန်သောရေဓာတ် အရှိန်သြဇာမှာ တဖြည်းဖြည်းနှင့် အသက်၄၈နှစ်တွင် ရောက်ရှိ လာပါသည်။ ထိုအချိန်တွင် သူသည် အလွန်ကောင်းကျိုးပြုသော အားကောင်းသည့် ရေဟူသော ကံကြမ္မာတိုင်သို့ ဝင်ရောက်ခဲ့ရာ ဤကောင်းကျိုးပြုသည့် ရေဓာတ် အရှိန်သြဇာ သည် နောက် ကံကြမ္မာတိုင်ထဲ အထိ ဆက်လက်၍ သြဇာသက်ရောက်နေမည်ဖြစ်ရာ အသက် ၆၈ နှစ် အထိ တည်ရှိပါလိမ့်မည်။ ဤကံကြမ္မာတိုင်သည် ၁၉၇၆ ခုနှစ် ပတ်ဝန်း ကျင်မှ ယနေ့အထိကာလကိုကိုယ်စားပြုသည်။ စင်စစ်သော်ကား ဤအချိန် ကာလသည် မစ္စတာလီသည် ဟောင်ကောင်နှင့် ပြည်ပဌ သူ၏စီးပွားကြွယ်ဝမှု အင်ပါယာကြီးကို တည်ထောင်သင့်သည့် အချိန်ကာလ ဖြစ်ပြီး ရောမ ကြွယ်ဝမှုကိုရရှိကာ "မစ္စတာစူပါမင်း" ဟူသည့် နောက်ပြောင် ခေါ်မှုကိုပင် ခံရလေသည်။

ဤသာဓကကိစ္စရပ်ကလေးက ကျွန်ုပ်တို့သည် **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီး လေးတိုင်** အနေအထားကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးပြီး ဓာတ်ကြီးငါးပါး၏ အားသည်းမှုနှင့် အားနည်းမှုများကို ဝေဖန်ပိုင်းခြားရမည် ဖြစ်ရုံမက ဘဝခရီးလမ်း တစ်လျှောက်တွင် ကာယကံရှင်၏ ခရီးမှာ ကံကြမ္မာဦးတည်ချက် တိုင်စုံတွင် ကံကြမ္မာတိုင်များက မည်သို့ မည်ပုံ အကျိုးသက်ရောက်စေမည် ဆိုခြင်းကိုပါ စစ်ဆေးကြည့်ရှုကြရမည်ဖြစ်၏။ အကယ်၍ ကံကြမ္မာတိုင်များသည် ကံကြမ္မာဦးတည်ချက်ကို ကောင်းကျိုးပြု၍ အထောက်အပံ့ပေးသည် ဆိုလျှင် ကျွန်ုပ်တို့သည် အောင်မြင်မှု အတွက် ကြီးမားသော သန္တေတည်စွမ်းအင်ကို မျှော်လင့်နိုင်လေသည်။ သို့မဟုတ်ပါက အကယ်၍ ကံကြမ္မာတိုင်များ သည် ကောင်းကျိုး မပြုဟုဆိုလျှင် ဟန်ချက်မျှတသော ကံကြမ္မာ ဦးတည်ချက်တိုင် အစုံသည် အောင်မြင်ပြီးမြောက်မှုကို ဟုတ်တိပတ်တိ ဖြစ်စေနိုင်လိမ့်မည်မဟုတ်ပါ။

အောင်မြင်သော လူပေါင်း များစွာ၏ ကံကြမ္မာ ဦးတည်ချက်တွင် ယေဘုယျ သတိပြုမိချက် တစ်ရပ်သည်ကား သူတို့သည် ပင်ကိုယ်ဓာတ် အားနည်းလွန်းခြင်း သို့တည်းမဟုတ် အားသည်းလွန်းခြင်း ဟူသော ဟန်ချက်မညီမျှသော ကံကြမ္မာဦးတည်ချက်ဖြင့် မွေးဖွားလာကြသည်မှာ ထုံးစံလို ဖြစ်နေသည်။ သို့သော်ငြားလည်း ဤပုဂ္ဂိုလ်များသည် သူတို့၏ ကံကြမ္မာတိုင်များတွင် အလွန် ကောင်းကျိုးပြုသော ဓာတ်များနှင့် ကြုံကြိုက်ကြရ၏။ ထိုဓာတ်များသည် သူတို့၏ အားနည်းသော ကံကြမ္မာဦးတည်ချက်ကို ကုစားပေးသော ကိုးဆယ့်ခြောက်ပါး ရောဂါ ပျောက်ဆေးကို ပေးသည်ဖြစ်၍ သူတို့သည် ကြီးမားသော အောင်မြင်ပြီးမြောက်မှုကို ရရှိနိုင်ကြ ပေ၏။ ဤကား နေမကောင်းသူသည် သူ့ရောဂါ ပျောက်ကင်းစေနိုင်သော ဆေးမှန်ကို ရုတ်တရက် တွေ့လိုက်သည်နှင့် တူသေးတော့သည်။

ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် ဥစ္စာကြွယ်ဝမှု ဓာတ်များသည် ပင်ကိုယ်ဓာတ်နှင့် ဆက်ဆံပုံကို ခင်းကျင်း ပြသထားချက်ဖြစ်၍ စေ့စပ်စွာ ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် ကျွန်ုပ်တို့ သန္ဓေတည်စွမ်းအင်အားဖြင့် စီးပွားကုန်သွယ်ရေးသမားဖြစ်ကာ ကြွယ်ဝမှုကို ရနိုင်ခြင်းနှင့်ပတ်သက်၍ အမြင်သုံးသပ်ချက် ပုံသေနည်း ထုတ်ယူနိုင်ပေသည်။ ထိုနောက် ကျွန်ုပ်တို့သည် အောင်မြင်မှု ရရှိရေး အခွင့်အလမ်းများ ရှိ၊ မရှိကို အတည်ပြုနိုင်ရန် ကံကြမ္မာ တိုင်များကို ကြည့်ရှုရပါလိမ့်မည်။ ရှိနေပြီဆိုလျှင် အကောင်းဆုံး အချိန်ကို ရွေးချယ်နိုင်ရန်ကိုလည်း စစ်ဆေးကြည့်နိုင်၏။ မစ္စတာလီ၏ သာဓကကို ပြန်ကြည့်လျှင် အသက် ၄၈ နှစ် ဝန်းကျင်တွင် ရေဓာတ်၏ အကောင်းဆုံးသြဇာသက်ရောက်မှု ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ထင်ရှားနေလေရာ ဤသူ့ကံကြမ္မာ ဦးတည်ချက်ကို ထိုးထွင်းသိမြင်ထားသူသည် အသက် ၄၈နှစ် မတိုင်မီ အကောင်းဆုံး ကံကြမ္မာတိုင် ရောက်ရှိချိန်အတွက် မိမိကိုယ်မိမိ ပညာဆည်းပူးစေခြင်း၊ အသင့်ပြင်ဆင်စီမံခြင်းတို့အတွက် အချိန်ကို အသုံးချနိုင်ပေသည်။ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ရဲရဲလုပ်ရန်အကောင်းဆုံးနှစ်များအတွက် စီစဉ်နိုင်ပေ၏။ ကံကြမ္မာတိုင်မှ ကောင်းကျိုးပြုသော အရှိန်သြဇာဖြင့် သူ့အတွက် အောင်မြင်မှု အခွင့်အလမ်းများကို သေချာအောင် ပြုလုပ်ထားနိုင်ပေ၏။

# ရင်းနှီးမြှုပ်နှံရန် ဘယ်အချိန်အကောင်းဆုံးလဲ

ကျွန်ုပ်တို့ တွေ့ရှိခဲ့ပြီးဖြစ်သည့်အတိုင်း လူတိုင်းသည် မိမိတို့၏ ဘဝခရီးဝယ် ကံကြမ္မာတိုင် အတွဲများကို ဖြတ်သန်း ခဲ့ရသည်ချည်း ဖြစ်ပေသည်။ ဤကံကြမ္မာတိုင်များသည် ကျွန်ုပ် တို့၏ ကံကြမ္မာဦးတည်ချက်အပေါ် အရှိန်ဩဇာ သက်ရောက်စေမည့် ဓာတ်များကို ကိုယ်စားပြု ဖော်ပြပါ၏။ အကယ်၍ ကံကြမ္မာတိုင်သည် ကောင်းကျိုးပြုသည် ဖြစ်ပြီး ကျွန်ုပ်တို့၏ ကံကြမ္မာ ဦးတည်ချက် တိုင်ကြီးလေးတိုင်မှ ဟန်ချက်ညီမှုနှင့် အတိုင်အဖောက် ညီညွတ်မှုတို့ကို အထောက်အပံ့ပေးသည် ဆိုပါလျှင် ကျွန်ုပ်တို့သည် ကံကောင်းသော အဆင့်အသွင်အပြင်တွင်ရှိနေပြီး ဤအချိန်ကာလအတွင်းတွင် ပြုမူလုပ်ကိုင်သော စီးပွားကုန်သွယ်မှုဆိုင်ရာ စွန့်စားလုပ်ဆောင်ချက်များသည် အဆင်ပြေချောမောလိမ့်မည်သာ ဖြစ်လေသည်။ အခြားတစ်ဖက်တွင်ကား ကျွန်ုပ်တို့သည် ကံကြမ္မာဦးတည်ချက်၌ ဟန်ချက်ယွင်းမှုနှင့် အတိုင်အဖောက် မညီမညွတ်ဖြစ်မှုတို့ကို ကြီးကျယ်စေသော ဆိုးကျိုးပေးသည့် ဓာတ်များ ပါရှိသည့် ကံကြမ္မာတိုင်တစ်တိုင်ကို ဖြတ်သန်းရသည်ဆိုလျှင်မူ ဘဝတွင် အတားအဆီးများကို ကြုံတွေ့နေရပြီး ကျွန်ုပ်တို့၏ စီးပွားကုန်သွယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များသည် အပြစ်အနာ အဆာတွေနှင့် ဖြစ်ဖို့အလားအလာ များကြောင်းကို တွေ့မြင်ရပေလိမ့်မည်။

လူတစ်ဦးသည် စီးပွားကုန်သွယ်မှုတွင်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မည်မျှပင် ကျွမ်းကျင်လည်ပတ်စွာ ချမှတ်သည် ဖြစ်ပါစေ လူသား၏ ထိန်းချုပ်မှု၏ အပြင်ဖက်တွင် လုံးဝရှိနေသော ကံကြမ္မာတည်းဟူသော ဖြစ်ကြောင်းတရားသည် ထာဝစဉ်ရှိ နေသည် ဟူသောအချက်တွင် စီးပွားကုန်သွယ်မှု နယ်ပယ်မှ ပုဂ္ဂိုလ်များသည် ကျွန်ုပ်နှင့် အမှန်ပင် ပြည့်ပြည့်ဝဝ သဘောချင်း တိုက်ဆိုင်ကြပါလိမ့်မည်။ သဘာဝကပ်ဘေးများ၊ မတော်တဆ ဖြစ်ပွားမှုများ၊ နိုင်ငံရေး အပြောင်းအလဲများ၊ ရာသီဥတု၊ ရန်သူမျိုး ငါးပါးဘေး၊ အထက်ကျသော စွမ်းအင်၊ မြို့ရွာမတည်ငြိမ်မှုများ၊ စစ်ဖြစ်ခြင်း အစရှိသော ရုတ်တရက် ဖြစ်ရပ်များသည် လွန်စွာ အကျိုးအမြတ် ဖြစ်ထွန်းစေ၍ စွန့်၍ လုပ်ကိုင်ရသည့် စီးပွား

ကုန်သွယ်မှု တစ်ခုကို ကံဆိုးမိုးမှောင်ကျရောက်ခြင်း အဖြစ်သို့ ရောက်ရှိသွားစေနိုင်လေသည်။ ယင်းကဲ့သို့သော အနိဋ္ဌာရုံများကို ရှောင်ရှားနိုင်ရန်အတွက် သော့ချက်သော်ကား စီးပွားကုန်သွယ်ရေး ဆိုင်ရာ စွန့်စားလုပ်ကိုင်ရမှုများကို ပြုလုပ်နေချိန်တွင် ကံ မကောင်းခြင်းကို ရှောင်ကြဉ်ရန် ဖြစ်ပေ၏။ ယင်းသို့ ကံမကောင်းခြင်းကို ရှောင်ကြဉ်ရန်မှာလည်း ကျွန်ုပ်တို့ကိုယ်တိုင်၏ ကံကြမ္မာ ဦးတည်ချက်ကို ရေရေလည်လည် နားလည်ပြီး စီးပွား ကုန်သွယ်ရေးဆိုင်ရာ စွန့်လုပ်ရမှုများကို ပြုလုပ်ရန် ဘဝတွင် ကောင်းမွန်သော စက်ဝန်းများကို စေ့စပ်သေချာစွာ ရွေးချယ်ရန်သာ ရှိပါတော့၏။

## ရှေးဦးစွာ သင်၏ ကံကြမ္မာတိုင်ကို ထုပါ

လွန်ခဲ့သော ဒသာကာများတွင် လူတိုင်းကို ဆယ်နှစ်တာစီ ကြာမြင့်သည့် ကံကြမ္မာတိုင် အတွဲများက စိုးမိုးခြယ်လှယ်ပါကြောင်းကို ကျွန်ုပ် ထောက်ပြခဲ့ပြီးပါပြီ။ ဆုပ်ဆုပ်ခဲခဲဖြစ်သော စီးပွားကုန်သွယ်ရေး စွန့်လုပ်ရမှုများကို မပြုလုပ်မီ ပထမလုပ်ရမည့် အဆင့်မှာ ကျွန်ုပ်တို့သည် ကောင်းမွန်သော ကံကြမ္မာတိုင်တွင် ရောက်နေ မနေကို စစ်ဆေးရပါမည်။ ကောင်းမွန်သော ကံကြမ္မာတိုင်ဆိုရာတွင် ကောင်းကျိုးပြုသော ဓာတ်များ ရှိနေသည့် တိုင်ပင် ဖြစ်ပါ၏။ မစ္စတာလီကာရှိန်၏ ဒသာကကို ပြန်ကောက်လျှင် အသက် ၄၈ နှစ် မှ ၅၈ နှစ်အထိဖြစ်သော ကောင်းမွန်သည့် ကံကြမ္မာတိုင်ကို ရေဓာတ်က ကိုယ်စားပြုထား၏။ ရေဓာတ်သည် သူ့အားကောင်းကျိုးပေးသော ဓာတ်ဖြစ်လေသည်။ အကယ်၍ လူတစ်ဦး တစ်ယောက်သည် ယင်းကဲ့သို့သော ကောင်းမွန်သည့် ကံကြမ္မာတိုင်တွင် ရောက်ရှိနေ ကြောင်းကို တွေ့ရသည်ရှိသော် ဝယ်ယူသိုလှောင် ဈေးကစားခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း တို့အတွက် အကောင်းဆုံးသော အနေအထားပင်ဖြစ်၏။ သူ၏ ရင်းနှီးမြှုပ်နှံမှု များသည် အမြတ်အစွန်းကောင်း ရရှိစေမည့်ရလာဒ်ကို ဖြစ်ပေါ်စေရန် အကြောင်းများသည် တစ်နည်း ဆိုရသော် သူထိ တွေ့လိုက်သမျှ အရာဝတ္ထုတိုင်းသည် ရွှေအဖြစ် ပြောင်းလဲသွားမည်သာ ဖြစ်သည်။ (ဝါ) လက်ညှိုးညွှန်တိုင်း ရေဖြစ်မည့်ကာလ ပင်တည်း။

သို့သော်ငြားလည်း တကယ့်လက်တွေ့ဘဝတွင် မစ္စတာ လီကာရှိန်ကဲ့သို့ ကောင်းကျိုး ပြုသည့် ဓာတ်တွေချည်းသန့်သန့် ပါဝင်သောကောင်းမွန်သည့် ကံကြမ္မာတိုင်ကို လူတိုင်း ရရှိနိုင် မည်မဟုတ်ပါ။ များစွာသော ကိစ္စရပ်များတွင် ကျွန်ုပ်တို့သည် အကောင်းနှင့်အဆိုး ရောစပ်နေသော ကံကြမ္မာတိုင်တွင် ရောက်နေရကြောင်းကို တွေ့ရှိရတတ်ပေသည်။ ဥပမာအားဖြင့် သစ်သား၏ အထောက်အပံ့ကို လိုအပ်နေသော အားနည်းသည့် မီးပုဂ္ဂိုလ်သည် မိုးကောင်းကင်ပင်စည်မှ သစ်သားနှင့် မြေပထဗျာ အကိုင်းအခက်များမှ မြေတို့ ဖြစ်ကြသော သစ်သားနှင့် မြေတို့ ပါဝင်သည့် ကံကြမ္မာတိုင်နှင့် ကြုံဆုံ နေရတတ်၏။ ဤသို့ဆိုလျှင် သူသည် ပို၍ ဂရုစိုက်ရပေမည်။ ယေဘုယျ ဥပဒေသအားဖြင့် ဆိုသော် မိုးကောင်းကင်ပင်စည်

သည် ပထမငါးနှစ်ကို စိုးမိုး၍ မြေပထဗျာ အကိုင်းအခက်များသည်နောက်ပိုင်း ငါးနှစ်ကို စိုးမိုးသည်။ အားနည်းသော မီးပုဂ္ဂိုလ်သည် ပထမငါးနှစ်တွင် စွန့်လုပ်နိုင်ပြီး နောက်ငါးနှစ်ဖြစ်သည့် ကံကြမ္မာတိုင်၏ ဒုတိယ ထက်ဝက်ပိုင်းတွင် စွန့်လုပ်မှုများမှ ရှောင်ကြဉ်သင့်ပေသည်။

လက်တွေ့တွင် ဆယ်နှစ်ဟူသော ကံကြမ္မာတိုင်တို့သည် ကာလရှည်ကြာ၏။ တစ်နှစ်မှ တစ်နှစ်အတွင်း အတက်အကျများရှိနိုင်သေးသည်။ ကောင်းမွန်သော ဆယ်နှစ်တာကံကြမ္မာတိုင်ထဲ ရောက်နေသူသည် ထိုဆယ်နှစ်တာအတွင်း အချို့နှစ်များသည် ကျန်နှစ်များထက် ပို၍ကောင်းကြောင်းကို သတိပြုတွေ့ရှိနိုင်ပေသည်။ ကံကြမ္မာတိုင်၏ အရှိန်သြဇာသက်ရောက် မှုကို စစ်ဆေးခြင်းအပြင်၊ မွေးနှစ်၏ ထိုမျှမက မွေးရက်၊ မွေးလ မွေးနာရီတို့၏ ဒဏ်သင့်မှုကိုလည်း စေ့စပ်သေချာစွာ စစ်ဆေးရန် လိုအပ်ပါသေးသည်။

ဤစာအုပ်၏ အစတွင် ဖော်ပြခဲ့သည့်အတိုင်း တရုတ် ပြက္ခဒိန်သည် အခြေခံဓာတ်ကြီးငါးပါးဟူသောနည်းဖြင့် ဖော်ထုတ် ထားသော ပြက္ခဒိန်ဖြစ်၏။ ဤဟာသည် တရုတ်တို့က လူသား၏ ကံနှင့်လည်းကောင်း၊ ကံကြမ္မာဦးတည်ချက်နှင့်လည်းကောင်း စကြဝဠာကို ဆက်စပ်သော ကွင်းဆက်ထူထောင်ခြင်း၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့၏ မွေးဖွားချိန်တွင် တည်ရှိနေသော ဓာတ်အစုအဝေးက ကိုယ်စားပြုသော လူသား၏ ကံကြမ္မာဦးတည် ချက်သည် စကြဝဠာမှ ဓာတ်ပိုင်းဆိုင်ရာ အရှိန်သြဇာသက်ရောက်မှု များ၏ အခြယ်အလှယ်ကို ခံရလေသည်။ ဤသို့သော ဓာတ်ပိုင်း ဆိုင်ရာ အရှိန်သြဇာသည် တစ်နှစ်မှတစ်နှစ်၊ တစ်ရက်မှတစ်ရက်၊ တစ်နာရီမှတစ်နာရီ ပြောင်းလဲလျက်ရှိပြီး ပြောင်းလဲသည့် ပုံစံမှာ လည်း တရုတ်တို့၏ ဆီယာပြက္ခဒိန်တွင် ဖော်ပြထားသော မိုးကောင်းကင်ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက်များ အားဖြင့် ပြတ်သားရှင်းလင်းစွာ ဖော်ပြထားသည့် အတိုင်းပင်ဖြစ်ပေသည်။

ထိုတရုတ်ပြက္ခဒိန်၌ နှစ်၊ လ၊ ရက်၊ နာရီဟူသော အချိန်ပိုင်း တစ်ခုစီကို **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်တွင်** ကျွန်ုပ်တို့ အသုံးပြုသည့် မိုးကောင်းကင်ပင်စည်များ ဆယ်စုနှင့် မြေပထဗျာ အကိုင်းအခက်များ ဆယ့်နှစ်ခုဟူသော အစုံတို့အားဖြင့် ဖော်ပြထား၏။ ဤမည်သော မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အခက်အလက်များသည် အခြေခံ ဓာတ်ကြီးငါးပါး၏ အရှိန်သြဇာကို သရုပ်မှုသည်။ ဤဓာတ်ကြီးများသည် လူသား၏ ကံကြမ္မာ ဦးတည်ချက်ပေါ်တွင် ကောင်းကျိုးပြုသော သို့တည်း မဟုတ် ဆိုးကျိုးပြုသော အရှိန်သြဇာကို အဆက်မပြတ် သက်ရောက် စေကာ ဤသို့ဆက်မပြတ်သင့်ရောက်သော အရှိန်သြဇာနှင့် ဓာတ်ကြီးငါးပါးတို့ အချင်းချင်း အပြန်အလှန် ထိခတ်မှုတို့ အားဖြင့် ဤစကြဝဠာထဲတွင် ဖြစ်ရပ်များနှင့် လုပ်ဆောင်မှုများသည် ဖြစ်ပေါ်ရသည်။

ဓာတ်တို့၏ ပုံစံများနှင့် အချင်းချင်း အပြန်အလှန် ဆက်ဆံမှုတို့ကို ဖော်ပြသော ဤစနစ်အားဖြင့် စာတွေ့သဘောဖြင့် ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်တို့ကို

နာရီပိုင်းအထိပင် တိကျမှန်ကန်စွာ ပိုင်းဖြတ်နိုင်ပေတော့သည်။ ခေတ်ကြီးများ အစုအဝေး ကြီးမှနေ၍ သေးငယ်သော ဖြစ်ရပ်ကလေးများကို ဖော်ပြရန်မှာ အမှန်တော့ လွန်စွာပင် လက်ဝင်ရပါလိမ့်မည်။ သို့သော် ဖြစ်တော့ ဖြစ်နိုင်ပါ၏။ ဤသို့သော သေးငယ်သည့် အသေးစိတ်များအထိ ခွဲခြမ်းစိတ်ဖြာ ပြသဖို့ရန်မှာ ဤစာအုပ်၏ ဘောင်ဝန်းအပြင်သို့ ရောက်နေပါသည်။ သို့သော်ငြားလည်း ဤသို့သော စနစ်မျိုးကိုစပ်ဟပ်သုံးစွဲခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းမြတ်ဆုံးသောအခိုက်အတန့်ကို အတော်ပင် သေချာမှုဖြင့် တိကျမှန်ကန်စွာ ကြိုတင်ဟောပြောနိုင်ပါသည်။

## လီကာရှိန်၏ ပြည့်စုံကောင်းမွန်သော အချိန်သတ်မှတ်မှု

အကျွမ်းဝင်ပြီးသားဖြစ်သော မစ္စတာလီကာရှိန်၏ သာဓက ဆီသို့ ပြန်သွားရလျှင် သူသည် စီးပွားကုန်သွယ်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ပြည့်စုံကောင်းမွန်သော အချိန်သတ်မှတ်မှုဖြင့် အလွန်လိမ္မာစွာ ပြုလုပ်ခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင် ပေ၏။ သက္ကရာဇ် ၁၉၇၂ ခု ဟောင်ကောင် စတော့ဈေးကွက်တွင် မစ္စတာလီသည် **ချုံကောင်း** (Cheung Kong) ပစ္စည်းကြီးကိုင် ကုမ္ပဏီတည်းဟူသော ပစ္စည်းအင်ပါယာကြီးကို အောင်မြင်စွာ တူထောင်နိုင်ခဲ့၏။ ထိုအချိန်တွင် သူ့အသက်မှာ ၄၄နှစ်ဖြစ်၍ ရေနှင့် မြေခေတ်တို့ဖြင့် ကောင်းကျိုးပေးသော ကံကြမ္မာတွင်ဆိုက်ရောက်နေဆဲဖြစ်၏။ ထိုနောက်တွင် သူ့အသက် ၅၅နှစ်ဖြစ်သော ၁၉၇၉ ခုနှစ်တွင် ကောင်းကျိုးအပေးဆုံးဖြစ်သော ကံကြမ္မာ တိုင်ဖြစ်သည့် ရေခေတ်သန့်သန့် အရှိန်ဩဇာအောက်တွင် ရှိနေသည်ဖြစ်ရာ သူသည် **ဟတ်ချီဆန်အုပ်စု** (Hutchison Group)ကို လွှဲယူလိုက်ခြင်းဖြင့် ကမ္ဘာကို အံ့အားသင့် သွားစေ ပြန်ပါသည်။ ယင်းသို့ လွှဲယူလိုက်ခြင်းသည် သူ၏ **ချုံကောင်း** အင်ပါယာ၏ အလွန်ပင် အမြတ်အစွန်း ရှိလှသည့် လက်ရုံးတစ်ဖက် ဖြစ်လာ၏။

စီးပွားကုန်သွယ်ရေးကို ပြုလုပ်ရာတွင် မှန်ကန်သောအချိန် သတ်မှတ်မှု အရေးကြီး ခြင်းကို စီးပွားရေးသမားအားလုံး သိကြ သည်ဖြစ်သော်လည်း သူတို့သည် အချိန်မှန်တွင် ခြေလှမ်းမှန်ကို လှမ်းမိပါရဲ့လား ဟူသည်ကို သူတို့ဘာသာသူတို့ သေချာအောင် လုပ်ဖို့ နည်းလမ်းမရှိချေ။ စတော့ဈေးကွက်မှ မှန်းဆတွက်ချက် သူများပမာ ဖြစ်နေကြရသည်။ မှန်းဆတွက်ချက် သူအားလုံးသည် ဈေးထိုးကျဆဲတွင် စတော့ကိုဝယ်ယူခြင်းမှ ရှောင်ရှား လိုကြ ပါသော်လည်း ဈေးသည်အောက်ဆုံးအဆင့် ရောက်နေပြီလား သို့တည်းမဟုတ် ဆက်လက်ကျနေဦးမည်လား ဆိုသည်ကို ကြိုတင် သိရှိရန် မဖြစ်နိုင်ချေ။ ဤကဲ့သို့သော အကျဉ်းအကျပ်မျိုးတွင် **ကံကြမ္မာဦးတည်ချက် တိုင်ကြီးလေးတိုင်က** အဖြေကို ပေးနိုင် ပါသည်။ ရင်းနှီးမြှုပ်နှံရန် သင့်၊ မသင့်ကို ဆုံးဖြတ်ရန် နည်းလမ်းသည်ကား မိမိ၏ ကံကြမ္မာတိုင်များကို သေချာစွာစစ်ဆေးပြီးနောက် အောက်ပါမေးခွန်းများကို မေးရန် ဖြစ်ပါ၏။

- ငါသည် ကောင်းကျိုးပေးသော ကံကြမ္မာတိုင်တွင် ရောက်နေပါသလား။
- ငါသည် ကောင်းကျိုးပေးသောနှစ်တွင် ရောက်ရှိနေပြီး နှစ်ကာလဆိုင်ရာ ဓာတ်ကြီးများသည် ငါ၏ ကံကြမ္မာ ဦးတည်ချက်ကို ပံ့ပိုးပေးကြပါသလား။
- ဥပမာ... နောက် ၆ လ မှ ၁၂ လ အတွင်း ဖြစ်သော နီးကပ်သည့် အနာဂတ်သည် ကောင်းကျိုးပေးပါသလား။
- ဥစ္စာကြွယ်ဝမှုအတွက် ပြင်းထန်သည့် ယှဉ်ပြိုင်မှုလက္ခဏာ များရှိနေပါသလား။ ရှိနေသည်ဟု ဆိုလျှင်ငါ၏ ပြိုင်ဖက် ၏အင်အားနှင့် နှိုင်းစာလျှင် မည်သို့ရှိသနည်း။
- အကယ်၍ အဖြေအားလုံးသည် ခေါင်းညိတ်စရာဖြစ်၍ အဆင်ပြေနေသည် ဆိုလျှင်၊ စွန့်၍လုပ်ရမှုသည် အနည်းဆုံး ကာလတိုအတွက်ဖြစ်စေ အောင်မြင်ပါလိမ့်မည်။

ဤအရေးအခိုက်အတန့်အတွင်း ယှဉ်ပြိုင်မှုနှင့် ပတ်သက် သည့် နောက်ဆုံးမေးခွန်းကို များစွာ ပို၍အသေးစိတ်ကျကျ ရှင်းလင်းပြရန် လိုအပ်မည်ထင်ပါသည်။ ပင်ကိုယ်ဓာတ်သည် သစ်သား ဖြစ်ခဲ့ပါလျှင် ယင်းသစ်သားဓာတ်သည် လုပ်ဖော် ကိုင်ဖက်များနှင့် မိတ်ဆွေများ သို့တည်းမဟုတ် အလားတူ ရာထူးဌာနန္တရနှင့် အဆင့်အတန်းရှိသော ပုဂ္ဂိုလ်များ ဤဟာများကို သရုပ်မှုပါသည်။ အကယ်၍ ပင်ကိုယ်ဓာတ်သည် အားပျော့ခဲ့ပါလျှင် ထိုကဲ့သို့သော လုပ်ဖော်ကိုင်ဖက်များသည် အလုပ်ဝန်ထုပ် သို့တည်းမဟုတ် ဝန်ပိမှုကို လာရောက်ခွဲဝေ ကူညီခံယူမည် ဖြစ်သဖြင့် ထိုသူများထံမှ အကူအညီရနိုင်ပါသည်။ တစ်နည်း တစ်လမ်းအားဖြင့် ပင်ကိုယ်ဓာတ်သည် အားကောင်းခဲ့သော် ယင်းသို့သော အထောက်အကူသည် မလိုအပ်ဘဲ သူတို့သည် ပင်ကိုယ်ဓာတ်၏ အားကို ပိုမိုလွန်ကဲစေလေရာ ကံကြမ္မာဦးတည်ချက်တွင် ဟန်ချက်ပျက်စေပါသည်။ ဤသို့သော အခြေအနေများတွင် သူတို့သည် မိတ်ဆွေမဟုတ်တော့ဘဲ ရန်သူများ ဖြစ်လာကြရ၏။ ပြိုင်ဖက်များသည် ပင်ကိုယ်ဆီမှ ဥစ္စာကြွယ်ဝမှုကို ဆွဲယူသွားနိုင်သော အန္တရာယ်ရှိသည် ဖြစ်သောကြောင့် သစ်သားဓာတ် များသည် အားကောင်းသော ပြိုင်ဖက်များကို သရုပ်ဆောင်ခြင်း မကြာခဏ ဖြစ်တတ်ပါသည်။ အကယ်၍ယင်းသို့သော ပြိုင်ဖက်များသည် နှစ်တစ်နှစ်တွင် ပေါ်ပေါက်ခဲ့သော် ထိုနှစ်၏ ဓာတ်နှင့် ပင်ကိုယ်ဓာတ်တို့ မည်သည်က ပို၍ အားကောင်းသည်ကို နှိုင်းယှဉ်ကြည့်ရန် လိုအပ်လေသည်။ အကယ်၍ နှစ်တွင်ပေါ်နေသော ဓာတ်သည် နှိုင်းဆရာတွင် ပိုမိုအားကောင်းသည်ရှိသော် ကာယကံရှင်သည် ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်နိုင်ပြီး ဤသို့သော နှစ်မျိုး တွင် စီးပွားကုန်သွယ်ရေး စွန့်လုပ်ရမှုများကို ခိုင်ခိုင်မာမာ မလုပ်သင့်ချေ။

## ဂျော့ဘုရှ် (George Bush) နှင့် ဘီလ်ကလင်တန် (Bill Clinton) တို့ပြိုင်ပွဲ

ဤကဲ့သို့သော အခြေအနေမျိုးအတွက် အကောင်းဆုံးသော ဥဒါဟရဏ်မှာ ထိုစဉ်က လက်ရှိသမ္မတ ဖြစ်ခဲ့သော သမ္မတဘုရှ်နှင့် ဒီမိုကရက်တစ် သမ္မတလောင်း ယခု သမ္မတ ကလင်တန်တို့၏ ၁၉၉၂ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြသည့်ပွဲပင် ဖြစ်၏။ သမ္မတဘုရှ်၏ ကံကြမ္မာတိုင်များကို စစ်ဆေးကြည့်ရှုကြပါစို့။

**သမ္မတဘုရှ်၏ ကံကြမ္မာဦးတည်ချက်တိုင်များနှင့် ကံကြမ္မာတိုင်များ**

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| ? | 壬 | 庚 | 甲 |
| | ရေ | သတ္တု | သစ်သား |
| ? | 戊 | 午 | 子 |
| | မြေ | မီး | ရေ |

| | | | | | |
|---|---|---|---|---|---|
| ၆၈ | ၅၈ | ၄၈ | ၃၈ | ၂၈ | ၁၈ |
| 丁 | 丙 | 乙 | 甲 | 癸 | 壬 |
| မီး | မီး | သစ်သား | သစ်သား | ရေ | ရေ |
| 丑 | 子 | 亥 | 戌 | 酉 | 申 |
| မြေ | ရေ | ရေ | မြေ | သတ္တု | သတ္တု |

သမ္မတဘုရှ်သည် မီးဓာတ်ကြီးမားဆုံးဖြစ်သော နွေရာသီတွင် မွေးဖွားသော ရေပုဂ္ဂိုလ်ဖြစ်ကြောင်းကို တိုင်များကပြသနေလေသည်။ သူသည် အားနည်းသော ရေဓာတ်ပုဂ္ဂိုလ်ဖြစ်ရာ သတ္တုနှင့် ရေတို့၏ အားပေးထောက်ခံမှုကို လိုအပ်ပေ၏။ သမ္မတရွေးကောက်ပွဲကို အားကောင်းသော ရေနှင့် သတ္တုနှစ် ဖြစ်သော ၁၉၉၂ ခုတွင် ကျင်းပသည်။ စာတွေ့သဘောအားဖြင့် ဆိုရလျှင် ထိုနှစ်သည် သမ္မတဘုရှ်အတွက် ကောင်းကျိုးပေးသော နှစ်ဖြစ်၍ သူသည် ရွေးကောက်ပွဲတွင် အနိုင်ရရန် အခွင့်အလမ်း ကောင်းသည်ဟု ဆိုသင့်ပေသည်။

သို့ရာတွင် အကယ်၍သာ သမ္မတဘုရှ်သည် ၁၉၉၂ ခု အဦးပိုင်းတွင် ဤအခန်း အစပိုင်း၌ စာရင်းထိုးဖော်ပြခဲ့သော မေးခွန်းလေးခုကို သူ့ကိုယ်သူ မေးကြည့်မည်ဆိုလျှင်

အဖြေများသည် အောက်ပါအတိုင်း ဖြစ်ပေလိမ့်မည်။



**ကံကြမ္မာတိုင်၏ အကျိုးသက်ရောက်မှု။** ။ သူ့အသက် ၆၈ နှစ်တွင် ရေတည်းဟူသောကောင်းကျိုးပေးသည့်ကံကြမ္မာတိုင်ဆီမှနေ၍ နှိုင်းစာလျှင် ကောင်းကျိုးလျှော့ပေးသော မီးတည်းဟူသော ကံကြမ္မာတိုင်ဆီသို့ ပြောင်းသည်။ သို့သော်ငြားလည်း ၁၉၉၂ ခုနှစ်သည် အားကောင်းသော ရေနှင့် သတ္တုနှစ်ဖြစ်သဖြင့် ကောင်းကျိုးပေးသော ရေဓာတ် အရှိန်ဩဇာသည် ဆက်လက်၍ အားကောင်းနေသည်။

**ရှေ့ဆယ့်နှစ်လ။** ။၁၉၉၂–၉၃နောက်က ဆက်၍ လာသော နှစ်မှာ သတ္တုနှင့် ရေဓာတ်နောက် တစ်နှစ်ဖြစ်လေရာ သမ္မတဘုရှ်အတွက် ကောင်းကျိုးပေးနေသေးသည်။

**ယှဉ်ပြိုင်မှု၏ အကျိုးသက်ရောက်မှု။** ။ သက္ကရာဇ် ၁၉၉၂ ခုသည် အားကောင်းသော ရေက သတ္တုပေါ် တည်နေသော နှစ်ဖြစ်သည် သမ္မတဘုရှ်သည်လည်း ရေပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပေရာ ယခုကဲ့သို့ ဖြစ်နေသော အခိုပွာယ်မှာ သမ္မတ အဖြစ် သူနှင့် ယှဉ်ပြိုင်ရန် အားကောင်းသော ပြိုင်ဖက်ပေါ်လာမည်ဖြစ်ကြောင်း ပြသသည်။ ထို့ကြောင့် မည်သူက ပို၍ အားကောင်းသည်ကို ဆုံးဖြတ်ရန် လိုအပ်လာ၏။ သမ္မတဘုရှ်သည် မြေပေါ်တွင် ထိုင်ထားသော ရေပုဂ္ဂိုလ်ဖြစ် သည်။ မြေသည် ရေကိုပျက်စီးသည့် ဓာတ်ဖြစ်၏။ သူသည် အားပျော့သော ရေပုဂ္ဂိုလ်ဖြစ်ပေသည်။ တစ်ဖက်တွင်ကား ၁၉၉၂ ခုနှစ်တွင်ပေါ်ပေါက်လာသော သူ၏ ပြိုင်ဖက်မှာ သတ္တုပေါ်တွင် ထိုင်နေသော ရေပုဂ္ဂိုလ်အဖြစ် သရုပ်ဆောင် ၏။ သတ္တုဓာတ်မှ အထောက်အပံ့ကို ရသော ရေသည် သိသိသာသာပင် ပိုမိုအားကောင်းလေသည်။

ဤတွင် မေးခွန်းတစ်မှသုံးအထိ သမ္မတဘုရှ်သည် အဆင်ပြေစွာ ဖြေဆိုနိုင်ပါ၏။ သို့ရာတွင် နံပါတ်လေး မေးခွန်း၏ အဖြေက အရာရာကို ကမောက်ကမ ဖြစ်စေလေတော့သည်။ ၁၉၉၂ ခုနှစ်သည် ကောင်းသောနှစ် ကောင်းသော ကံ အလားအလာဖြစ်

သည်မှန်သော်လည်း သမ္မတဘုရှ်သည် အနိုင်မရခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏ ပြိုင်ဖက်သည်ပို၍အားကောင်းသောကြောင့် ဖြစ်ပါ၏။

ဤနည်းနှင်နှင် ကျိုးကြောင်းဆင်ခြင်ပုံကို ကျွန်ုပ်တို့၏ စီးပွားကုန်သွယ်မှုဆိုင်ရာ စွန့်၍လုပ်ရမှု များတွင်လည်း လွယ်လင့်တကူပင် စပ်ဟပ်သုံးစွဲနိုင်လေသည်။ အကယ်၍ ကျွန်ုပ်တို့သည် စွန့်၍လုပ်ရမည့် နှစ် သို့တည်းမဟုတ် အရေးကြီးသည့်လတွင် ပေါ်ပေါက်လာသော ပင်ကိုယ်ဓာတ်နှင့် တူသည့်ဓာတ်တစ်ခုကို တွေ့ရသည်ဆိုလျှင် ဤဟာသည် အလွန် အားကောင်းသောပြိုင်ဖက်။ စီးပွားကုန်သွယ်မှုဆိုင်သော စွန့်လုပ်ရမှုထဲမှ ကျွန်ုပ်တို့ ရရှိမည့် ကောင်းကျိုးများကို ဆွဲယူသွား မည့် ပြိုင်ဖက်။ ထိုသို့သောပြိုင်ဖက်ကို သရုပ်ဆောင်ခြင်းဟုတ် မဟုတ်ဆိုသည်ကို ဝေဖန်ပိုင်းခြားရန် အရေးကြီးပါ၏။ သမ္မတဘုရှ်၏ သာဓကတွင် ထင်ရှားပြခဲ့သလိုပင် ဤသို့သော သတိသမ္ပဇဉ်ယှဉ်မှုသည် စီးပွားကုန်သွယ်မှုဆိုင်ရာ စွန့်လုပ်ရမှုကို ပြုလုပ်ဆောင်ရွက်ရန် အချိန်မှန်ကို ရွေးချယ်ရာတွင် မရှိမဖြစ် လိုအပ်ပါချေ၏။



# မှန်ကန်သော စီးပွားရေးလုပ်ငန်းကို ရွေးချယ်ခြင်း

ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် ဥစ္စာကြွယ်ဝမှု နှင့်ပတ်သက်၍ ပို၍ ပြတ်သားသော အသိရှိနေပြီ ဖြစ်ရာ ယခုအခါတွင် ကျွန်ုပ်တို့သည် ကိုယ်ပိုင် စီးပွားကုန်သွယ်မှုလုပ်ငန်းကို စတင်လုပ်ကိုင်ရန် ကျွန်ုပ်တို့တွင် သန္ဓေတည် စွမ်းအင် ရှိ–မရှိ။ (ကျွန်ုပ်တို့၏ ဥစ္စာကြွယ်ဝမှုဓာတ်သည် ထင်ရှား၍ ထိန်းကွပ်နိုင်မှု ရှိနေသည့် ကိစ္စရပ်မျိုးတွင်ဖြစ်သည်။) သို့တည်းမဟုတ် လုပ်ငန်းအဖွဲ့အစည်း တစ်ခုတွင် ဝန်ထမ်း အဖြစ်နှင့်ပင် စိတ်ချရသော အလုပ်တွင် ဆက်လက်နေသင့်၊ မနေသင့်။ (တန်ခိုး အာဏာ ဓာတ်က ဥစ္စာစည်းစိမ်ဓာတ်ထက် ပို၍ ထင်ရှားနေသည့် ကိစ္စရပ်မျိုး သို့တည်းမဟုတ် ပင်ကိုယ် ဓာတ်က ဥစ္စာကြွယ်ဝမှုဓာတ်ကို မထိန်းချုပ်နိုင်လောက်အောင် အားပျော့နေသည့် ကိစ္စရပ်မျိုး၊ ယင်းသို့သော ကိစ္စရပ်မျိုးတွင် ဖြစ်သည်။) ဟူသည်တို့ကို ဆုံးဖြတ်နိုင်ပြီ ဖြစ်၏။ ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် ထင်ဟပ်နေသော သန္ဓေတည် စွမ်းအင်နှင့် အညီ ကျွန်ုပ်တို့ ရွေးချယ်နိုင်သော ပရိယေသန ဘဝလမ်းကြောင်းတို့သည် များစွာ ရှိပါ၏။ ကျွန်ုပ်တို့သည် စီးပွားကုန်သွယ်မှုလူစားမျိုးဖြစ်သည်ဟု ယုံကြည်ရပြီး ဥစ္စာကြွယ်ဝမှုကို ပိုမိုရရှိရန် အခွင့်အလမ်းကို ကျွန်ုပ်တို့၏ ကံကြမ္မာ တိုင်များတွင်လည်း တွေ့ရသည် ဆိုကြပါစို့။ ဤသို့ဆိုလျှင် နောက်မေးရမည့် မေးခွန်းသည် “ကျွန်ုပ်တို့၏ ငွေကို ရင်းနှီး မြှုပ်နှံရန် အသင့်လျော်ဆုံးသော စီးပွားရေးနယ်ပယ်သည် အဘယ်ဟာဖြစ်သနည်း” ဟူ၍ ဖြစ်ရလေသည်။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော ခံယူချက်သဘောတရားက စကြဝဠာတွင်းမှ အရာမှန်သမျှသည် အခြေခံဓာတ်ကြီးငါးပါးအားဖြင့် ပေါင်းစပ်ဖွဲ့စည်း ထားခြင်း ဖြစ်သည်ဟူ၏။ ဤသူ့အားဖြင့် ကျွန်ုပ်တို့သည် ပရိယေသန ဘဝလမ်းနှင့် စီးပွားရေးနယ်ပယ်များကိုလည်း ဓာတ်ကြီးတစ်ပါးပါးဖြင့် သတ်မှတ်ထားနိုင်ပေသည်။ အချို့သော စက်မှုလုပ်ငန်းတို့သည် ဓာတ်တစ်ပါးပါးနှင့်အလွန်အမင်းထင်ရှားစွာ ဆက်ဆံ

နေလေသည်။ ဥပမာအားဖြင့်ဆိုရလျှင် ပစ္စည်းများနှင့် ပတ်သက်နေသည့် စီးပွားရေးသည် ပြုတ်သားစွာပင် မြေဓာတ်နှင့် သက်ဆိုင်နေ၏။ သင်္ဘောလုပ်ငန်းဖြစ်သည့် စီးပွားရေးကို သတ္တုနှင့်ရေဟူသော ဓာတ်ကြီးများက သရုပ်မှုသည်။ ဖက်ရှင်၊ အဝတ်အထည်၊ စက္ကူ ဟူသော စက်မှုလုပ်ငန်းများသည် သစ်ပင် ပန်းပင်များမှာ ပစ္စည်းများကို အသုံးပြုသည်ဖြစ်၍ သစ်သားဟူသော ဓာတ်ကြီးက ကိုယ်စားပြုသည်။

လွယ်လင့်တကူ ရည်ညွှန်းကြည့်ရှုနိုင်ရန် အောက်ပါဇယားတွင် အချို့သော လူသိများသည့် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားပေ၏။

| | | |
|---|---|---|
| သတ္တု | – | ရွှေ၊ သံမဏိ၊ သတ္တုပစ္စည်း၊ မော်တော်ကား၊ ကျောက်မျက်။ |
| သစ်သား | – | စက္ကူ၊ အထည်အလိပ်၊ ဖက်ရှင်ပစ္စည်း၊ အိမ်ထောင်ပရိဘောဂ |
| ရေ | – | သင်္ဘော၊ ဆေးဆိုးခြင်း၊ အဖျော်ယမကာများ။ |
| မီး | – | စွမ်းအင်၊ ချက်ပြုတ်ခြင်း၊ လျှပ်စစ်၊ အီလက်ထရောနစ်ပစ္စည်းများ။ |
| မြေ | – | မရွေ့မပြောင်းနိုင်သည့်ပစ္စည်း၊ ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ခြင်း၊ ဓာတုဗေဒပစ္စည်းများ။ |

ဤကား ထင်ရှားသော ဥပမာ သာဓကများ ဖြစ်ပါ၏။ သို့သော်ငြားလည်း ယခုခေတ် လူ့အဖွဲ့အစည်းသည် ရှုပ်ထွေးလှပေရာ ဓာတ်တစ်ခုခုအဖြစ် ကွဲခြား အမည်တပ်ရန် မလွယ်ကူသည့် သဘာဝရှိသော ဝန်ဆောင်မှု စက်မှုလုပ်ငန်းများ များစွာရှိနေလေသည်။ ထိုသို့အများနှင့်မတူ တစ်မူထူးခြားသော စီးပွားရေးနယ်ပယ် အချို့သည် သူတို့ကို ဓာတ်ကြီးတစ် ခုခုနှင့် ဆက်စပ်ပေးခြင်း မပြုလုပ်မီ အထူးစဉ်းစား ပိုင်းဖြတ်ရန် လိုအပ်ပေ၏။ ဥပမာဆိုရသော် စကားများများပြောရန် လိုသော ပရိယေသန ဘဝလမ်းများကို စင်စစ်အားဖြင့် သတ္တုဓာတ်အမျိုးအစား ခေါင်းစဉ်အောက်တွင် အမည်တပ်ခွဲခြားနိုင်လေသည်။ အကြောင်းရင်းသော်ကား သတ္တုဓာတ်သည် ပါးစပ်၏ သရုပ်သင်္ကေတ တစ်ခုလည်းဖြစ်သောကြောင့်တည်း။

ကျွန်ုပ်၏ ယခင်အတွေ့အကြုံများအရဆိုသော် မီးဓာတ်သည် ငွေကြေးဘဏ္ဍာရေးနှင့် စတော့ဈေးကွက်တို့နှင့် သက်ဆိုင်၏။ ကျွန်ုပ်သည် သူတို့၏ ကံကြမ္မာဦးတည်ချက်သည် မကြာခဏပင် မီးဓာတ်နှင့် နီးကပ်စွာဆက်စပ်လျက်ရှိသော ငွေကြေးဘဏ္ဍာရေး လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အချို့နှင့် စတော့ပွဲစားအချို့၏ ကံကြမ္မာ ဦးတည်ချက်များကို သတိပြုကြည့်ရှုခဲ့ပါသည်။ ဝေါလ်စထရိ (Wall Street) မှစတော့ဈေးကွက် အတက်အကျ အပြောင်းအလဲများသည်လည်း မီးဓာတ်၏ အရှိန်ဩဇာနှင့် နီးကပ်စွာ ဆက်စပ်မှု ရှိကြောင်းကို ပြသနေလေသည်။ (ပိုအသေးစိတ်ကျသော စတော့ဈေးကွက် ပြုလုပ်ပုံ ခွဲခြမ်းစိတ်ဖြာလေ့လာချက်ကို ဤစာအုပ်၏ နောက်ဘက် အခန်းတစ်ခုတွင် ဖော်ပြပါမည်။)

သစ်သားခေတ်သည် အမျှင်များနှင့် ဆံပင်တို့၏ သရုပ်ဖြစ်သည်။ ဤသို့ဆိုနိုင်ခြင်းမှာ ကျွန်ုပ်သည် ဆံပင်အလုပြင်သူများ၏ ကံကြမ္မာဦးတည်ချက်တို့တွင် ထင်ရှားသော သစ်သားခေတ်ကို သတိပြုတွေ့ရှိမိရသောကြောင့် ဖြစ်ပါ၏။

ဤဥပမာသာဓကများက ကျွန်ုပ်တို့သည် အမျိုးမျိုးအထွေထွေသော ခေတ်ပေါ် စီးပွားရေး လုပ်ငန်းများကို အခြေခံ ခေတ်ကြီး ငါးပါးအောက်တွင် မည်သို့မည်ပုံ ခွဲခြားစာရင်းသွင်းထားနိုင်သည်ကို ပြသနေလေသည်။ ဤသို့သော အသိပညာကို ရင်ဝယ်ပိုက် လိုက်ရသည့်နောက်တွင် ကျွန်ုပ်တို့သည် စီးပွားရေး ကုန်သွယ်မှုဆိုင်ရာ စွန့်စားလုပ်ဆောင် ရမည့် အလုပ်အတွက် မည်သည့်နယ်ပယ်သည် အသင့်လျော်ဆုံး ဖြစ်လိမ့်မည်ကို ဆုံးဖြတ်နိုင် ကြပေလိမ့်မည်။ တစ်ဖန် **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** က မှန်ကန်သော ရွေးချယ်မှုကို ပြုလုပ်မိရန် လမ်းညွှန်မှုကို ပေးပါ၏။

ရှေ့အခန်းများတွင် ဆွေးနွေးပြီးခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏ **ကံကြမ္မာဦးတည်ချက် တိုင်ကြီး လေးတိုင်**ကို ထူပြီးနောက်တွင် တိုင်လေးတိုင်အစုံကို အတိုင်အဖောက်ညီမှုနှင့် ဟန်ချက်ညီမှုတို့ကို ဖြစ်ပေါ်စေမည့် ကောင်းကျိုးပြုသော ခေတ်များကို ပြဋ္ဌာန်းရမည် ဖြစ်၏။ စာတွေ့အားဖြင့်ဆိုသော် ကျွန်ုပ်တို့၏ ကံကြမ္မာ ဦးတည်ချက်အတွက် ကောင်းကျိုး အပြုဆုံးသော ခေတ်က ကိုယ်စားပြုသည့် နယ်ပယ်သို့ဝင်ဖို့ အကောင်းဆုံးဖြစ်ပါသည်။ အားပျော့သော မီးပုဂ္ဂိုလ်၏ ကိစ္စရပ်များတွင် သူ့အား ကောင်းကျိုးပြုသော ခေတ်သည် သစ်သားဖြစ်၏။ သစ်သားသည် အားပျော့သော မီးအား အထောက်အပံ့နှင့် အာဟာရ ကို ပေးမည်ဖြစ်သောကြောင့်တည်း။ ဤသို့သော မီးပုဂ္ဂိုလ်အတွက် ကောင်းကျိုးအပြုဆုံးသော လုပ်ငန်းမှာ သစ်သားနှင့် အဆက်အစပ်ရှိသော လုပ်ငန်းဖြစ်၍ ဥပမာအားဖြင့် အိမ်ထောင် ပရိဘောဂ၊ စက္ကူ၊ အထည်အလိပ်တို့ ဖြစ်ကြပေသည်။ တစ်ဖက်တွင်မူ သင်္ဘောလုပ်ငန်းကို သူရှောင်ကြဉ်ရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သင်္ဘောသည် ရေကို သရုပ်ဆောင်၍ ရေသည် အားပျော့သော မီးကိုဖျက်ဆီးမည် ဖြစ်သောကြောင့်တည်း။ ယေဘုယျသဘော ဆောင်သော နောက်ခံသဘောတရား တစ်ရပ်သည်ကား ကျွန်ုပ်တို့တွင် လွတ်လပ်စွာ ရွေးချယ်စရာတွေ အများကြီးရှိသည်ဟု ယူဆသည်။ သို့ဖြင့်လွတ်လပ်သော စိတ်သည် ကံကြမ္မာဦးတည်ချက်ကို ရယူနိုင်သည်ဟူသော နောက်ခံသဘောတရား ဖြစ်၏။

လွတ်လပ်သော စိတ်သည် ကျွန်ုပ်တို့၏ ကံကြမ္မာ ဦးတည်ချက်ကို ထိန်းချုပ်နိုင်သည် မနိုင်သည် ဆိုခြင်းမှာ ဒဿန သဘောတရားနှင့် ပတ်သက်သော ပြဿနာ ဖြစ်၍များစွာ အငြင်းပွားဖွယ်ရာ တွေ့ရှိသည်။ ဤအကြောင်းအရာကို နက်ရှိုင်းစွာ ဝင်ရောက်ရန်မှာ ဤအခန်း၏ ဘောင်အပြင်ဘက်သို့ ရောက်နေပါသည်။ စိတ်ပါဝင်စားသော စာဖတ်သူ များသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ပိုမိုဆွေးနွေးထားချက်များကို ဤစာအုပ် အဆုံးပိုင်းတွင် တွေ့မြင်နိုင်ပါသည်။ သို့သော်ငြားလည်း ကံကြမ္မာ ဦးတည်ချက်ကို လေ့လာမှုတွင် ကျွန်ုပ်၏အတွေ့အကြုံအရဆိုသော် လူတစ်ယောက်သည် သူ၏ ကံကြမ္မာ

ဦးတည်ချက်အတွက် ကောင်းကျိုးအပေးဆုံးသော လုပ်ငန်းကို လုပ်နိုင်ခြင်းဆိုသည်မှာ စိတ်ကူးဆန်သယောင်ယောင်ဖြစ်နေသည်။ တကယ့်လက်တွေ့ဘဝတွင်ကား ဤသို့ ဖြစ်လေ့ဖြစ်ထ မရှိချေ။ ထိုသို ဖြစ်ရမည့်အစား လူတို့သည် သူ့အတွက် ကောင်း ကျိုးပြုတတ်သော ဓာတ်များက ကိုယ်စားမပြုဘဲ သူ့ကံကြမ္မာ ဦးတည်ချက်တွင် အထင်ရှားဆုံးနှင့် အားအကောင်းဆုံးသော ဓာတ်များက ကိုယ်စားပြုသည့် နယ်ပယ်တွင်းသို့သာ ဝင်ရောက်နိုင်တတ်ကြလေသည်။

## လီကာရှိန်ကို ဘာက မောင်းနှင်ပါသလဲ

ပစ္စည်းလုပ်ငန်းမှ မဟာအရင်းရှင်ကြီးမစ္စတာလီကာရှိန်၏ ကံကြမ္မာဦးတည်ချက်တိုင်များကိုပင် တစ်ဖန်ထပ်၍ ဥပမာသဘော အသုံးပြုကြပါဦးစို့။ ရှေ့က အခန်းတွင် ရှင်းလင်းဖော်ပြပြီးဖြစ်သည့်အတိုင်း မစ္စတာလီသည် အားပျော့သော သစ်သားပုဂ္ဂိုလ်ဖြစ်၍ သူ့အတွက် ကောင်းကျိုးပြုသော ဓာတ်များမှာ ရေနှင့်သတ္တုတို့ ဖြစ်သင့်သည်။ သို့ပါသော်ငြားလည်း မစ္စတာလီကာရှိန်သည် သဘော်လုပ်ငန်းဖြင့် နာမည်တစ်လုံး မရယူခဲ့ဘဲ ပစ္စည်းလုပ်ငန်းဖြင့် အောင်မြင်မှုကို ရယူခဲ့သည်၊ ယင်းပစ္စည်းလုပ်ငန်းမှာ မြေဓာတ်ခေါင်းစဉ်အောက်အမျိုးအစားသာ ဖြစ်သည်။ သို့သော် မြေဓာတ်မှာ သူ့အတွက် ကောင်းကျိုး မပြုချေ။ ဤဟာသည် ကိုယ့်အတွက် အကျိုးအပြုဆုံးသော ဓာတ်က ကိုယ်စားပြုသည့် ပရိယေသနဘဝလမ်းကို လိုက်သင့်သည် ဟူသော နောက်ခံသဘောတရားကို ဆန့်ကျင်ရာရောက်ချေသည်။

မြင်လွယ်သော အချက်ကား မစ္စတာလီသည် မြေဓာတ်နှင့် ပတ်သက်နေသော ပရိယေသနဘဝလမ်းကို လိုက်ခဲ့သည်မှာ သူ၏ **ကံကြမ္မာဦးတည်ချက်တိုင်ကြီးလေးတိုင်**တွင် မြေဓာတ်သည် ထင်ပေါ်၍ ကြီးစိုးသော ဓာတ်ဖြစ်နေသည်။ သို့ဖြစ်၍ သူ၏ကံကြမ္မာဦးတည်ချက်ထဲတွင် သူ့ကို ထိုလမ်းသွားဖို့ မောင်းနှင်စွမ်းအားသည် ရှိနှင့်နေလေပြီ။ မြေသည် သူ့အတွက် ကောင်းကျိုးပေးသောဓာတ် မဟုတ်သော်ငြားလည်း အသက်ငှနှစ်တွင် သူ၏ကံကြမ္မာတိုင်များမှ ရေ၏ အထောက်အပံ့ကို ရရှိသည်နှင့်တစ်ပြိုင်နက် သူ၏ ပင်ကိုယ်ဓာတ်ဖြစ်သော မြေဓာတ်သည် ကောင်းကျိုးမပြုသော မြေဓာတ်ကို ထိန်းချုပ်မှု အောက်တွင်ထားနိုင်လောက်အောင် အားကောင်းလာပြီး မြေဓာတ်ကို သူ၏ ကြီးမားသော ပစ္စည်းမှပေးသည့် ကြွယ်ဝမှုအဖြစ် ပြောင်းလဲပစ်နိုင်လေသည်။

## ပစ္စည်းလုပ်ငန်းအရင်းရှင်ကြီး အာလင်ဘွန်း (Alan Bond)

ဤနေရာတွင် အခြားသော နာမည်ကျော် ပစ္စည်းလုပ်ငန်း မဟာအရင်းရှင်တစ်ဦးဖြစ်သည့် ဩစတေးလျမှ မစ္စတာ အာလင်ဘွန်း၏ ကံကြမ္မာ ဦးတည်ချက်တိုင်များကို စစ်ဆေးကြည့်ရလျှင် စိတ်ဝင်စားဖွယ်ရာ ကောင်းပေလိမ့်မည်။

## အာလင်ဘွန်း၏ ကံကြမ္မာဦးတည်ချက်တိုင်များ(၂၂-၄-၁၉၃၈)

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| ? | 甲 | 丙 | 戊 |
| | သစ်သား | မီး | မြေ |
| ? | 申 | 辰 | 寅 |
| | သတ္တု | မြေ | သစ်သား |



သူ၏ ကံကြမ္မာဦးတည်ချက်တိုင်တစ်စုံမှ ကျွန်ုပ်တို့ သတိပြုမိသည်ကား မစ္စတာလီကာရှိန်နှင့် တော်တော်ကြီး တူညီနေမှု ဖြစ်သည်။ မစ္စတာဘွန်းနှင့် မစ္စတာလီတို့ နှစ်ယောက်စလုံးမှာ သစ်သား ပုဂ္ဂိုလ်တွေချည်း ဖြစ်၍ ကံကြမ္မာဦးတည်ချက်နှစ်စုံစလုံးတွင် ကြီးစိုးလွှမ်းမိုးသော မြေဓာတ်များ ရှိနေရာ ဤဟာသည် သူတို့၏ ကြွယ်ဝမှုကို သရုပ်ဆောင်နေပေ၏။ သို့ဖြစ်ရာနှစ်ယောက်စလုံးမှာ ပစ္စည်းလုပ်ငန်း စီးပွားရေးမှကြွယ်ဝလာကြရသည်မှာ အံ့ဩဖွယ်ရာ မဟုတ်ပါချေ။

### မစ္စတာစူပါရေနံတင်သင်္ဘော-ဆာ၊ဝိုင်၊ကေပေါင်း (Sir Y.K. Pao)

ခြားနားမှုကို ရှုသောအားဖြင့် အခြားသောနာမည်ကျော် ဟောင်ကောင် မဟာအရင်းရှင်တစ်ဦး၏ ကံကြမ္မာဦးတည်ချက်ကို စစ်ဆေးကြပါဦးစို့။ သူသည်ကား "ပင်လယ်ပြင်၏ဘုရင်" ဟူ၍လည်းကောင်း မစ္စတာစူပါ ရေနံတင် သင်္ဘော"(ဝါ) "မစ္စတာ စူပါတင်ကာ" ဟူ၍ လည်းကောင်း နာမည်ပြောင်ဖြင့် ခေါ်ဝေါ်ခြင်းခံရသူ ဆာ၊ ဝိုင်၊ ကေ ပေါင်း ဖြစ်လေ၏။ သူသည် သက္ကရာဇ် ၁၉၆၀ ပြည့်ကျော်နှစ်များနှင့် ၁၉၇၀ ပြည့် လွန်နှစ်စောစောပိုင်း နှစ်များအတွင်း သူ၏ စူပါရေနံတင် သင်္ဘော အုပ်စုများမှ ရောမကြွယ်ဝမှုကို ရရှိသူ ဖြစ်လေသည်။ အောက်ပါသည် သူ၏ကံကြမ္မာ ဦးတည်ချက်တိုင်များ တစ်စုံဖြစ်တော့သည်။

## ဆာ၊ ဝိုင်၊ ကေ ပေါင်း၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၁၀-၁၁-၁၉၈၁)

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| ? | 辛 | 癸 | 戊 |
|  | သတ္တု | ရေ | မြေ |
| ? | 酉 | 亥 | 午 |
|  | သတ္တု | ရေ | မြေ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆၉ | ၅၉ | ၄၉ | ၃၉ | ၂၉ | ၁၉ | ၉ |
| 庚 | 己 | 戊 | 丁 | 丙 | 乙 | 甲 |
| သတ္တု | မြေ | မြေ | မီး | မီး | သစ်သား | သစ်သား |
| 午 | 巳 | 辰 | 卯 | 寅 | 丑 | 子 |
| မီး | မီး | မြေ | သစ်သား | သစ်သား | မြေ | ရေ |

ဆာဝိုင်ကေပေါင်းသည် ရေဓာတ်အလွန် ကြီးမွားသည့် ဆောင်းရာသီတွင် မွေးဖွားသော သတ္တုဓာတ် ပုဂ္ဂိုလ်ဖြစ်သည်။ ရေသည် သတ္တုကိုအားကုန်စေသည်ဖြစ်၍ ဆာ၊ ဝိုင်၊ ကေ သည် အားပျော့သော သတ္တုပုဂ္ဂိုလ်ဟု ယူဆနိုင်၏။ အာဟာရနှင့် အထောက်အပံ့ကို ရရှိရန် မြေဓာတ်ကို မှီခိုနေရသည်။ တစ်ဖန် မီးကမြေကို မွေးဖွားသည်ဖြစ်၍ မြေဓာတ်များသည် မီး၏အပူရှိန်ကိုလိုအပ်၏။ ဤသို့ဖြင့် မီးနှင့်မြေ နှစ်ခုစလုံးသည် ဆာ၊ ဝိုင်၊ ကေအတွက် ကောင်းကျိုးပေးသော ဓာတ်များ ဖြစ်ကြကုန်၏။ သို့ပါသော်လည်း ရေသည်သူ၏ သတ္တုအားအင်ကို ယုတ်လျော့စေသည် ဖြစ်၍ ကောင်းကျိုးမပေးချေ။

သို့တိုင်အောင် သူ့အတွက် ကောင်းကျိုးပေးသော မြေဓာတ်က တိုက်တွန်းသလို ပစ္စည်းနှင့် ဆိုင်သော စီးပွားရေးလုပ်ငန်း သူလုပ်ကိုင်ရမည့်အစား ဆာဝိုင်ကေသည် ရေဓာတ်အောက်တွင် စာရင်းဝင်သော သင်္ဘောလုပ်ငန်းတွင် ကြီးစွာသော အောင်မြင်မှုကို ရရှိနေသည်။ အကြောင်းကား သိသာလှပါ၏။ သူ၏ကံကြမ္မာဦးတည်ချက်တွင် ရေသည် စိုးမိုးသောဓာတ် ဖြစ်နေသဖြင့် ထိုဓာတ်၏ အရှိန်ဩဇာမှ သူ မလွတ်ကင်းနိုင်ပါ။ သူသည် ဆက်လက်၍ အောင်မြင်နိုင်ပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် ၂၉ နှစ်မှ စ၍ ကံကြမ္မာတိုင်များတွင် အထောက်အပံ့ပေးသော မီးဓာတ်နှင့်ကြုံဆုံရ၏။ သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် အားကောင်းသော မီးဓာတ်သည် မြေကိုထောက်ပင့်ပေးရာ တစ်လှည့်အားဖြင့် မြေလည်း ပင်ကိုယ်သတ္တုဓာတ်ကို ထောက်ပင့်ပြန်လေသည်။

သတ္တုသည် လျှံလာသောရေဒဏ်ခံနိုင်လောက်အောင် သန်မာ၏။ ဤသည်မှာ ရေဓာတ်လုပ်ငန်း ဖြစ်သော သင်္ဘော လုပ်ငန်းတွင် သူအောင်မြင်နေမှု၏ နောက်ကွယ်က အကြောင်းရင်း ဖြစ်ပေ၏။ စိတ်ဝင်စားဖွယ် ကောင်းသည်ကား ဆာ ဝိုင်ကေသည် တဖြည်းဖြည်းအာရုံပြောင်းကာ ကောင်းလွန် (Kowloon)နယ်၊ စင်ရှာစွေ့(Tsim Sha Tsui) ဟူသော ဖွံ့ဖြိုးသည့်ဒေသ၌ အဓိကပစ္စည်းပိုင်ရှင် တစ်ဦးဖြစ်လာလောက်အောင် ပစ္စည်း စီးပွားရေးသို့ ပြောင်းရွှေ့လာ၏။ ဤအပြောင်းအလဲသည် သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် ထင်ဟပ်နေသည်။ အသက် ၄၉ နှစ်တွင် ဆာဝိုင်ကေသည် အလွန် အားကောင်းသော မြေဓာတ်ဖြစ်သည့် ကံကြမ္မာ တိုင်သို့ ရောက်၏။ အားကောင်းသော မြေဓာတ်သည် ရေကိုနိုင်နင်း၍ တိုင်တွင် စိုးမိုးနေသော ဓာတ်ဖြစ်လာသည်။ ဤသို့ ရေမှ မြေသို့ တန်ခိုးပြောင်းလဲခြင်းသည် ဆာဝိုင်ကေ၏ စီးပွားရေး အာရုံတည်ချက်ကို သင်္ဘော လုပ်ငန်း မှ မရွှေ့ မပြောင်း နိုင်သည့် ပစ္စည်းလုပ်ငန်းဆီသို့ ပြောင်းလဲစေခဲ့သည်။



ဤဥပမာ သာဓကများသည် ပရိယေသန ဘဝလမ်း တစ်ခုထဲ သို့တည်းမဟုတ် နယ်ပယ် တစ်ခုထဲသို့ အဘယ်သို့လျှင် ကျွန်ုပ်တို့သည် ဆွဲခေါ်ခံရသလို ရောက်ရှိ လာရပါသလဲ ဟူသော အသိရခက်မှု အပေါ် များစွာသော အလင်းရောင်ပေး၍ ရှင်းလင်းစေပါသည်။ အချုပ်ကို ဆိုရသော် ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် အားအကောင်းဆုံး ဓာတ်၊ သို့တည်းမဟုတ် လွှမ်းမိုးနေသောဓာတ်သည် သူနှင့်ဆက်စပ်နေသော ပရိယေသန ဘဝလမ်းဆီသို့ ရောက်သွားအောင် မောင်းနှင်စွမ်းအားကို မကြာခဏပင် ပေးတတ်လေသည်။ ထိုဓာတ်သည် ကောင်းကျိုးပေးသောဓာတ် ဟုတ် မဟုတ်နှင့် မသက်ဆိုင်ပါ။ ယင်းသို့သော ပရိယေသန ဘဝလမ်းထဲသို့ ရောက်အောင်မောင်းနှင်ခြင်း ခံခဲ့ရပြီဆိုသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့ အောင်မြင်မှုရနိုင် မရနိုင်ဆိုသည်မှာ ထိုဓာတ်ကို ကျွန်ုပ်တို့က ထိန်းချုပ်ကိုင်တွယ်နိုင်စွမ်း ရှိမှုက ပြဋ္ဌာန်းဆုံးဖြတ်ပေ၏။ အကယ်၍တည်း ကံကြမ္မာတိုင်များက ပင်ကိုယ်ဓာတ်၏ အင်အားကို တိုးတက်ပြီး ပင်ကိုယ်ဓာတ်က ကောင်းကျိုးမပေးသော (ဝါ) ဆိုးကျိုးဖြစ်စေသော

ဓာတ်ကိုထိန်းချုပ်နိုင်လောက်အောင် လုံလောက်သော အထောက်အပံ့ကို ပေးသည်ဆိုလျှင် ကာယကံရှင်သည် ကောင်းကျိုးပေးသော ဓာတ်၏ နယ်ပယ်မဟုတ်ငြားသော်လည်း ထိုနယ်ပယ်တွင် ကြီးမားသော အောင်မြင်မှုကို ရရှိတတ်ကြောင်းကို မကြာခဏ တွေ့မြင်ရပေ၏။

ဤသို့သော အသိပညာကို ရင်ဝယ်ပိုက်ထားပြီဖြစ်၍ ယခုကျွန်ုပ်တို့သည် မိမိတို့၏ ပရိယေသန ဘဝလမ်းကို ရွေးချယ်ရာတွင် လမ်းညွှန်ချက်အချို့ကို ရရှိနိုင်ပြီ ဖြစ်၏။ ပထမအဆင့်သည်ကား ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် ကောင်းကျိုးအပေးဆုံးသော ဓာတ်ကို ရှာဖွေကြည့်ရန် ဖြစ်၏။ ဤဓာတ်သည် အားကောင်း၍ စိုးမိုးနေသည်ဟု ဆိုလျှင် ထိုဓာတ်က ကိုယ်စားပြုသော လုပ်ငန်းကို လွယ်လွယ်ပင်လုပ်ကိုင်၍ ကြီးမားသော အောင်မြင်မှုကို ရရှိနိုင်ပေသည်။ တစ်ဖက်တွင်မူ အကယ်၍ ကောင်းကျိုးပေးသော ဓာတ်သည် အားနည်းနေပြီး ကျွန်ုပ်တို့၏ ကံကြမ္မာတိုင်များက ထိထိရောက်ရောက် ထောက်ပင့်ချီမ၍ မပေးဘူးဟုဆိုလျှင် ကျွန်ုပ်တို့သည် ထိုပရိယေသန ဘဝလမ်းသို့ ဝင်ရောက်ရန် ခက်ခဲပေလိမ့်မည်။ ဤသို့သော ကိစ္စရပ်တွင် ကာယကံရှင်သည် လိုလိုလားလား ဖြစ်စေ၊ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်စေ သူ၏ကံကြမ္မာ ဦးတည်ချက်မှာ စိုးမိုးနေသော်လည်း ကောင်းကျိုးမပေးသော (ဝါ) ဆိုးကျိုးဖြစ်စေသောဓာတ်က သရုပ်ဆောင်သည့် ပရိယေသန ဘဝလမ်းထဲသို့ မောင်းသွင်းခြင်း ခံရဖွယ် ရှိလေသည်။ သို့ရာတွင် ဤသို့ဖြစ်ရာ၌ ကာယကံရှင်သည် မုချ မအောင်မမြင်ဖြစ်ရမည်ဟု မဆိုလိုပါ။ မစ္စတာလီကာရှိန်နှင့် ဆာဝိုင်ကေပေါင်းတို့၏ ဉာဏ်ကိုဖွင့်ပေးသော သာကေများ တွင်တွေ့မြင်ခဲ့ကြရသည့်အတိုင်း ဆိုးကျိုးပေးသည့်ဓာတ်ကို ထိန်းချုပ်ထားနိုင်လောက်အောင် ပင်ကိုယ်ဓာတ်ကို ကံကြမ္မာ တိုင်များက အားဖြည့်ပေးနိုင်သမျှ ကာလပတ်လုံးကြီးမားသော အောင်မြင်မှုသည် ဖြစ်နိုင်သေးသည်သာတည်း။

# အဖော်မှန်ကိုရွေးချယ်နည်း

စီးပွားရေးသမားတစ်ဦးအနေဖြင့် မကြာခဏ ကြုံတွေ့ရတတ်သော ပြဿနာသည်ကား အခြားသူတစ်ဦးနှင့် အစုစပ် လုပ်ရကောင်းမလား သို့တည်းမဟုတ် စီးပွားကုန်သွယ်ရေးဆိုင်ရာ စွန့်စားလုပ်ဆောင်ရမှုတစ်ခုတွင် အခြားသူတစ်ဦးနှင့် တွဲ၍ လုပ်ရကောင်းမလား ဟူသောပြဿနာဖြစ်၏။ ဤသို့သောဆုံးဖြတ်ချက်မျိုးကို မချမှတ်နိုင်မီ မေးစရာ မေးခွန်းတွေ များစွာ ရှိပေ၏။ ရှေးဦးစွာ ယခုစွန့်စားလုပ်ဆောင်ရမည့် အလုပ်သည် စီးပွားရေးအရ ကြီးပွားနိုင်မည်လား သို့တည်းမဟုတ် အမြတ်အစွန်း ရနိုင်ပါမည်လား ဆိုသည်ကို ဆုံးဖြတ်ရမည်။ ထိုနောက်တွင် ယခုစွန့်စားလုပ်ရမည့်လုပ်ငန်းမှ တွဲဖက်အဖော်သည် သင့်လျော်အပ်စပ်ပါ၏လား။ ထို့ပြင် ပူးတွဲ လုပ်ကိုင်မှုတွင် အတိုင်အဖောက် ညီညွတ်မှု ရှိပါမည်လား ဟူသည်တို့ကိုလည်း ဆုံးဖြတ်ရပေမည်။ အကျိုးအမြတ်ရှိလှသော ဖက်စပ်လုပ်ငန်းတွင် တွဲဖက်လုပ်ကိုင်သူ အဖော်များအချင်းချင်း မညီမညွတ် ဆန့်ကျင်မှုတွေ ရှိ၍ ပျက်စီးရသည်ကို မကြာခဏပင် မြင်တွေ့ရပေါင်းများလှပေပြီ။ တကယ်တော့ အကယ်၍ သော့ချက်ကျသော တွဲဖက် လုပ်ကိုင်သူ အဖော်အချင်းချင်းသည် ထာဝစဉ် အချင်းများနေကြပြီး ပေါ်လစီကိစ္စရပ်များတွင် အချင်းချင်း သဘောတူညီမှုရဖို့ ခက်ခဲနေသည်ဟုဆိုလျှင် ထိုစီးပွားကုန်သွယ်ရေး လုပ်ငန်းသည် ရှေ့လျှောက် ချောချောမောမော လုပ်ကိုင်သွားဖို့ မမျှော်လင့်နိုင်ပါချေ။ လွန်ခဲ့သော အခန်းတွင် အကျိုးအမြတ်များရှိသော စီးပွားကုန်သွယ်ရေးဆိုင်ရာ စွန့်စားလုပ်ဆောင်ရမှုကို လုပ်ကိုင်ရန် အချိန်မှန်မှန် ရွေးချယ်သည့်ပြဿနာနှင့်ပတ်သက်၍ ကျွန်ုပ်ဆွေးနွေး

ခဲ့ပြီးပါပြီး ဤအခန်းတွင် ကျွန်ုပ်တို့၏ အာရုံပြုချက်ကို အကျိုးအမြတ်ရှိနိုင်မှုဆီမှနေ၍ စီးပွားကုန်သွယ် လုပ်ငန်းတွင် လူသားအချင်းချင်း အတိုင်အဖောက် ညီညွတ်မှု ရှိခြင်းဆီသို့ ရွှေ့ပြောင်းကြပါဦးစို့။ စီးပွားရေးလုပ်ငန်းကို ချောချောမွတ်မွတ် ဆောင်ရွက်နိုင်ရန်အတွက် အကောင်းဆုံး ဖက်စပ်အဖော်ကို ရွေးရာတွင် ကျွန်ုပ်တို့သည် တရုတ်ဂန္ဓာရီပညာကို မည်သို့ အသုံးချနိုင်မည်ကို ကြည့်ကြပါဦးအံ့။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** သည် လူသားအချင်းချင်း ဆက်ဆံမှုတွင် ဆီလျော်အပ်စပ်မှု ရှိမရှိ စစ်ဆေးဆုံးဖြတ်ရန်အတွက် နည်းပေါင်းများစွာကို ပေးနှင်းပါ၏။ တစ်နည်းအားဖြင့် ဖက်စပ်လုပ်ကိုင်မည့် အဖော်ကိုရွေးခြင်းသည် စရိုက်အားဖြင့် ဆီလျော်ညီညွတ်မှု ရှိရမည့် ဇနီး သို့တည်းမဟုတ် လင်ယောကျ်ားကို ရွေးရခြင်းနှင့် သဘောတူညီပေ၏။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသောနည်းအရ အတိုင်အဖောက် ညီညွတ်မှုကို ရရှိရန် နည်းလမ်းမှာ ကာယကံရှင်၏ တိုင်လေးတိုင်အစုံကို ဟန်ချက်ညီမှု ဖြစ်ပေါ်စေမည့် ဓာတ်များကို အားဖြည့်ပေးရန် ဖြစ်လေသည်။ အခြားနည်းဆိုရသော် ဖက်စပ်လုပ်ကိုင်သူများအကြား ဟပ်မိမှုအတွက် အခြေခံဥပဒေသ တစ်ခုသော်ကား အစုစပ်သမား နှစ်ယောက်စလုံး၏ ကံကြမ္မာတိုင်များသည် တစ်ဘက်သားကို ကောင်းကျိုးပေးမည့်ဓာတ်များ အမြောက်အမြား ရှိနေရမည် ဆိုခြင်းပင်ဖြစ်၏။ အကယ်၍ တစ်ယောက်က အားနည်းသော မီးဓာတ်ပုဂ္ဂိုလ် ဖြစ်သဖြင့် ထောက်ပံ့မှုနှင့် အာဟာရအတွက် သစ်သားကို ပို၍လိုအပ်နေသော် ကံကြမ္မာတိုင်များတွင် သစ်သားနှင့် မီးဓာတ်တွေများစွာ ရှိနေသောသူနှင့်ဆိုလျှင် လွန်စွာသင့်မြတ်အပ်စပ်ပေလိမ့်မည်။ ဤသို့ဖြစ်ခြင်း၏ အကြောင်းရင်းကား သစ်သားဓာတ်ပေါ်များစွာ ရှိသောသူသည် လွန်စွာအားနည်းသော မီးဓာတ်ပုဂ္ဂိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။ အကယ်၍ အားနည်းသော မီးဓာတ်ပုဂ္ဂိုလ်သည် သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် မြေဓာတ်အမြောက်အမြားကို ပိုင်ဆိုင်ထားသည်ရှိသော် အားကောင်းသော သစ်သားဓာတ်ပုဂ္ဂိုလ်နှင့် ဆီလျော်အပ်စပ်ပေလိမ့်မည်။ အားကောင်းသော သစ်သားဓာတ်နှင့် ပုဂ္ဂိုလ်သည် သူ၏ပိုလျှံနေသော သစ်သားစွမ်းအင်များကို သုံးစွဲပစ်ရန် မြေဓာတ်လိုနေသောကြောင့် ဖြစ်၏။ ဤသို့သော ဖက်စပ် လုပ်ကိုင်မှုများသည် အချင်းချင်းကောင်းကျိုး ဖြစ်ထွန်းစေပြီး အနည်းဆုံး လူသားအချင်းချင်း ဆက်ဆံမှုမျက်နှာစာတွင် အတိုင်အဖောက် ညီညွတ်မှုရှိနေမည်သာ ဖြစ်လေသည်။

## ဂျပန်၏ တော်ဝင်စုံတွဲဖြစ်သော နာရုဟီတိုနှင့် အိုဝါဒါ

အချင်းချင်းဆီလျော်အပ်စပ်လှသည်ဟု ယူဆရသော စုံတွဲဖြစ်သည့် အောက်ဖော်ပြပါ နမူနာသာဓကကို စစ်ဆေးကြပါစို့။ ဤနာမည်ကျော်ကြားလှသော ကံကြမ္မာဦးတည်ချက်တိုင် တစ်စုံမှာ ဂျပန်နိုင်ငံ အိမ်ရှေ့မင်းသား နာရုဟီတိုနှင့်မင်းသမီး အိုဝါဒါတို့ ဖြစ်ကြပေသည်။

## အိမ်ရှေ့မင်းသား နာရူဟီတို၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၂၃-၂-၁၉၆၀)

| | | | | | |
|---|---|---|---|---|---|
| | နာရီ | ရက် | လ | နှစ် | |
| | ? | 辛 | 戊 | 庚 | |
| | | သတ္တု | မြေ | သတ္တု | |
| | ? | 巳 | 寅 | 子 | |
| | | မီး | သစ်သား | ရေ | |
| ၅၄ | ၄၄ | ၃၄ | ၂၄ | ၁၄ | ၄ |
| 甲 | 癸 | 壬 | 辛 | 庚 | 己 |
| သစ်သား | ရေ | ရေ | သတ္တု | သတ္တု | မြေ |
| 申 | 未 | 午 | 巳 | 辰 | 卯 |
| သတ္တု | မြေ | မီး | မီး | မြေ | သစ်သား |

## မင်းသမီး အိုဝါဒါ၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၉-၁၂-၁၉၆၃)

| | | | | |
|---|---|---|---|---|
| | နာရီ | ရက် | လ | နှစ် |
| | ? | 丙 | 甲 | 癸 |
| | | မီး | သစ်သား | ရေ |
| | ? | 戊 | 子 | 卯 |
| | | မြေ | ရေ | သစ်သား |
| ၅၀ | ၄၀ | ၃၀ | ၂၀ | ၁၀ |
| 己 | 戊 | 丁 | 丙 | 乙 |
| မြေ | မြေ | မီး | မီး | သစ်သား |
| 巳 | 辰 | 卯 | 寅 | 丑 |
| မီး | မြေ | သစ်သား | သစ်သား | မြေ |

ဤကံကြမ္မာ ဦးတည်ချက်တိုင်များက အိမ်ရှေ့မင်းသားသည် သစ်သားရာသီ ဖြစ်သော ဖေဖော်ဝါရီလတွင် မွေးဖွားသည့် သတ္တုဓာတ် ပုဂ္ဂိုလ် ဖြစ်ကြောင်း ပြသနေကြ၏။ ထိုရာသီတွင် သတ္တုသည် မကြီးပွားပါ။ ထို့ကြောင့် သူသည် အားပျော့သော သတ္တုလူ ဖြစ်သဖြင့် မြေ၏ ထောက်ပံ့မှုကို လိုအပ်သည်။ တစ်ဖန် မြေက မီး၏ ထောက်ပံ့မှုကို လိုပြန်၏။ သူ၏ အပ်စပ်ပါသော အဖော်သည် သူ့အလိုကို ဖြည့်ဆည်းနိုင်ရန် အလို့ငှာ သူမ၏ ကံကြမ္မာဦးတည်ချက်တွင် မြေဓာတ် နှင့် မီးဓာတ်များ ဆုပ်ဆုပ်ခဲခဲ ရရှိပေလိမ့်မည်။



မင်းသမီး အိုဝါဒါ၏ ကံကြမ္မာတိုင်များကို စစ်ဆေးကြည့်ကြပါစို့။ သူမသည် ရေဓာတ်အလွန်ကြီးပွားသော အေးစက်သည့် ဆောင်းရာသီတွင် မွေးဖွားသည့် မီးဓာတ် ပုဂ္ဂိုလ်ဖြစ်သည်။ ရေသည် မီးကို ဖျက်ဆီးသူဖြစ်၏။ ထို့ကြောင့်သူမသည် အားပျော့သော မီးဓာတ်ပိုင်ရှင် အမျိုးသမီးဖြစ်ရာ သစ်သား၏ ပံ့ပိုးမှုကို လိုနေ၏။ ထို့ကြောင့် သူမသည် ခင်ပွန်းသည်အဖြစ် သို့တည်းမဟုတ် သင့်လျော်အပ်စပ်သော စီးပွားဘက်အဖြစ် ကံကြမ္မာ ဦးတည်ချက်တွင် လုံလောက်သော သစ်သားဓာတ်ကို ပိုင်ဆိုင်သည့် သူကို ရှာဖွေရမည် ဖြစ်သည်။ ဤသို့သော အသိတရားကို ရင်ဝယ်ပိုက်၍ ကျွန်ုပ်တို့သည် အိမ်ရှေ့မင်းသားနှင့် မင်းသမီးတို့၏ ကံကြမ္မာဦးတည်ချက်များကို ထပ်မံ၍ အပြန်အလှန်အားဖြင့် စစ်ဆေးကြပါဦးစို့။ သူတို့သည် တစ်ယောက်တစ်ပြန်အတွက် အပ်စပ်သော အဖော်ဖြစ်နိုင်သည့် လိုအပ်ချက်များ ပြည့်စုံနေခြင်း ရှိ–မရှိကို သိဖို့လိုပါသည်။

မင်သမီးသည် သစ်သား၏ ထောက်ပံ့မှုကို လိုသည်။ ဤဟာကို အိမ်ရှေ့မင်းသား၏ မွေးလတိုင်တွင် သူမသည် တွေ့မြင်နိုင်၏။ မင်းသားသည် ဖေဖော်ဝါရီလတွင် မွေးဖွား၍ ထိုလနှင့်ဆိုင်သော ရာသီမှာ အလွန်အားကောင်းသော သစ်သားဓာတ်ရာသီ ဖြစ်သည်။ အခြားတစ်နည်းတွင်ကား အိမ်ရှေ့မင်းသားသည် သူ၏ အဖော်ဖြစ်သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် မီးနှင့်မြေဓာတ်တို့၏ ထောက်ပံ့မှုကို ရှာနေသည်။ မင်းသမီး၏ တိုင်လေးတိုင်ကို ကြည့်သောအခါ မွေးရက်တိုင်သည် မြေပေါ်မှ မီးဖြစ်သဖြင့် လိုအပ်ချက် ပြည့်စုံနေသည်။ မီးဓာတ်သည် အားမကောင်းပါသော်လည်း ၁၉၉၃ ခု အသက် ၃၀ ပြည့်သောအခါတွင် သူမ၏ သက်ရောက်ကံကြမ္မာတိုင်မှ အားကောင်းသော သစ်သားနှင့်

မီးခာတ်တို့၏ အရှိန်ဩဇာအောက်တွင် သူမသည် ရောက်ရှိနေ၏။ ထို့ကြောင့် သူတို့သည် သင့်လျော်အပ်စပ်သော စုံတွဲဖြစ်၍ တစ်ဦး၏ ခာတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆီးပေးနိုင်လေသည်။

ဤဥဒါဟရဏ်က အတူဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းတွင် လူလူချင်းဆက်ဆံမှု အတိုင်အဖောက်ညီမှုကို ရရှိရန် သင့်လျော်အပ်စပ်သော အဖော်ကို မည်သို့ရွေးချယ်နိုင်ကြောင်းကို ဖော်ပြနေပါ၏။ သို့ရာတွင် လူလူချင်း အတိုင်အဖောက်ညီမှုသည် စီးပွားရေးလုပ်ငန်း၏ အဓိကဦးတည်ချက် ဖြစ်ဖို့ ခဲယဉ်းပါသည်။ အမြတ်အစွန်း ရရှိမှုအပေါ်တွင်ပို၍ အာရုံစိုက်ပါသည်။ ထို့ကြောင့် ပူးတွဲမလုပ်မီခင် စပ်တူလုပ်ကိုင်မည်ဟု ရည်ရွယ်ထားသော အဖော်၏ ကံကြမ္မာဦးတည်ချက်တွင် ချမ်းသာကြွယ်ဝမှု မျက်နှာစာကို အရင်စစ်ဆေးကြည့်ရန် လိုအပ်ပါ၏။

လွန်ခဲ့သော အခန်းများတွင် စီးပွားရေးဆိုင်ရာ စွန့်စားလုပ်ဆောင်ရသော လုပ်ငန်းတွင် အချိန်သတ်မှတ် ပြဋ္ဌာန်းမှု၏ အရေးကြီးပုံကို ကျွန်ုပ်တို့ အလေးအနက်ပြု၍ ဖော်ပြပြီးခဲ့ပါပြီ။ ကျွန်ုပ်တို့တွင် စီးပွားကုန်သွယ်ရေးဆိုင်ရာ သန္ဓေတည်စွမ်းအင် ရှိ–မရှိကို စစ်ဆေးပြီးသော် ထိုသို့သော စစ်ဆေးမှုမျိုးကို စပ်တူလုပ်ကိုင်မည်ဟု ရည်စူးထားသော အဖော်ကိုလည်း စမ်းသပ်စစ်ဆေးကြည့်နိုင်ပါသည်။ လွယ်ကူသော ကျိုးကြောင်းဆင်ခြင်ပုံကား– စပ်တူလုပ်ကိုင်မည့်သူ၏ ကံကောင်းနေခြင်းသည် လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းအား အကျိုးအမြတ်ဖြစ်ပေါ်စေမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူ၏ ကံကောင်းနေမှုသည် ဖက်စပ်လုပ်ငန်းအပေါ် ကောင်းကျိုးနှင့် အမြတ်အစွန်းများကို ဆောင်ကြဉ်းလာနိုင်အောင် အကူအညီပေးမည်ဖြစ်သောကြောင့်တည်း။ အခြားတစ်ဘက်တွင်မူကား ကံဆိုးနေသော စပ်တူလုပ်ကိုင်မည့်သူသည် စီးပွားရေးလုပ်ငန်းအား အပျက်အစီးနှင့် အတားအဆီးများကိုသာ ဆောင်ကြဉ်းလာမည်ဖြစ်လေသည်။ သူသည် ကံအကောင်းဆုံးဖြစ်နေသည် သို့တည်းမဟုတ် ကြွယ်ဝမှုကို ဆုပ်ဆုပ်ခဲခဲ ရနိုင်လောက်အောင် သူ့အနေအထားမတ်နေသည် ဟူသည်တို့ကို ထင်ဟပ်သော ကံကြမ္မာတိုင်များရှိသည့် စပ်တူအဖော်ကိုရှာသင့်ပေသည်။ ယင်းသို့သော အားကောင်းသည့် စပ်တူအဖော်ဖြင့်ဆိုလျှင် သင်သည် သူနှင့် တွဲဖက်ခြင်းအားဖြင့် သူ၏ကံကောင်းမှုကို မျှဝေခံစားရဖွယ်ရာ ရှိလေသည်။

**မောင်စကြဝဠာ အာနီး၊ ရှာဇနက်ဂါး**

ဤအချက်ကို သာကေပြသောအနေဖြင့် ဟောလိဝုဒ်မှ ရုပ်ရှင်ပါစတား ဖြစ်သည့် မစ္စတာ အာနီး ၊ ရှာဇနက်ဂါး၏ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်ကို** ကြည့်ကြပါစို့။

အာနီး၊ ရှာဇနက်ဂါး၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၁၀-၁၁-၁၉၈၁)

| | နာရီ | ရက် | လ | နှစ် | |
|---|---|---|---|---|---|
| | 戊 | 庚 | 丁 | 丁 | |
| | မြေ | သတ္တု | မီး | မီး | |
| | 寅 | 戌 | 未 | 亥 | |
| | သစ်သား | မြေ | မြေ | ရေ | |
| ၅၇ | ၄၇ | ၃၇ | ၂၇ | ၁၇ | ၇ |
| 辛 | 壬 | 癸 | 甲 | 乙 | 丙 |
| သတ္တု | ရေ | ရေ | သစ်သား | သစ်သား | မီး |
| 丑 | 寅 | 卯 | 辰 | 巳 | 午 |
| မြေ | သစ်သား | သစ်သား | မြေ | မီး | မီး |

တိုင်များက ဖော်ပြနေသည့်အတိုင်းပင် မစ္စတာရှာဇနက်ဂါးသည် မြေဓာတ်ဆောင်သည့် မွေးလတွင်မွေးဖွားခဲ့သော သတ္တုဓာတ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပေသည်။ သတ္တုကို အာဟာရပေး မွေးမြူရန်အတွက် ကံကြမ္မာဦးတည်ချက်တွင် မြေဓာတ်များသည် ပေါများလှ၏။ ထို့ကြောင့် သတ္တုသည် အားကောင်းသည်။ စိတ်ဝင်စားမှတ်သားဖွယ် ကောင်းသည်မှာ မြေဟူသည် လူ၏ ခန္ဓာကိုယ်တွင် အသားနှင့် ကြွက်သားတို့ကို သရုပ်မှုသည်လည်း ဖြစ်ပေရာ အားကောင်းသော မြေဓာတ်သည် မစ္စတာရှာဇနက်ဂါး၏ တုတ်ခိုင်သော ကိုယ်လုံးကိုယ်ပေါက်နှင့် သူ၏ များပြားလှစွာသော မောင်စကြာဝဠာ ဘွဲ့တံဆိပ်များနှင့် ကောင်းစွာ ဟပ်မိနေသည်မှာ ထင်ရှားလှပေသည်။ သို့သော်ငြားလည်း ကျွန်ုပ်တို့သည် စီးပွားကုန်သွယ်ရေးကိစ္စကို ဆွေးနွေးနေသည် ဖြစ်သည်နှင့်အညီ မစ္စတာရှာဇနက်ဂါး၏ ငွေကြေးဖြစ်စေနိုင်သော သန္ဓေတည်စွမ်းအင်အပေါ်တွင် အာရုံစိုက်ရပါမည်။ ဤသို့ဆိုသော် အားကောင်းသော သတ္တုပုဂ္ဂိုလ် ဖြစ်သည်နှင့်အညီ မစ္စတာရှာဇနက်ဂါးသည် သူ၏ကံကြမ္မာဦးတည်ချက်ဖြစ်ဖြစ်၊ ကံကြမ္မာတိုင်များတွင် ဖြစ်ဖြစ် ကြွယ်ဝမှုကို တစ်ချိ ကြုံတွေ့လိုက်ရပြီဆိုလျှင် ထိုကြွယ်ဝမှုကို ထိန်းချုပ်ကိုင်တွယ်နိုင်သော အနေအထားတွင် ရှိနေပါ၏။ ရှေ့ယခင်က ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတိုင်း ကြွယ်ဝမှုဆိုသည်မှာ ပင်ကိုယ်ဓာတ်က နိုင်ထားသည့်ဓာတ် ဖြစ်၏။ မစ္စတာ ရှာဇနက်ဂါးသည် သတ္တုပုဂ္ဂိုလ်ဖြစ်၏၊ သူ၏ ကြွယ်ဝမှုကို သစ်သားဓာတ်က ကိုယ်စားပြုသည်။ သစ်ပင်သည် ပေါက်ရောက်နိုင်ဖို့အတွက် ရေကိုမှီခိုရသည် ဖြစ်လေရာ ရေဓာတ်သည် ကာယကံရှင်၏ ငွေကြေးချူသော သန္ဓေတည်စွမ်းအင် သို့မဟုတ် အသိဉာဏ်ဖြစ်သည်။



အသက် ၃၇နှစ် ပြည့်ခဲ့ပြီးနောက် မစ္စတာ ရွှာဇနက်ဂါးသည် အားကောင်းသော ရေနှင့် သစ်သား အရှိန်ဩဇာ သက်ရောက်သောကာလထဲသို့ ဝင်ရောက်ခဲ့ရာ ထိုဓာတ်များ၏ အရှိန် ဩဇာသည် ဆက်လျက်ဖြစ်သော ကံကြမ္မာတိုင် နှစ်တိုင်၊ အသက် ၅၇ နှစ်အထိ စိုးမိုးနေမည်ဖြစ်၏။ ဤ အားကောင်းသော ရေနှင့် သစ်သား ဓာတ်များ အားလုံးသည် ငွေကြေးကို သရုပ်မူကြသည် ဖြစ်ပြီးလျှင် အားအကောင်းဆုံး သစ်သားသည် ကံကြမ္မာတိုင်တွင် အသက် ၄၇ နှစ်မှ ၅၇ ဟူသော ဆယ် နှစ်တာကာလ လုံးလုံး ပေါ်ပေါက်လာမည်ကို မျှော်လင့်ထား နိုင်၏။ တကယ်တော့ အသက် ၃၇ နှစ်တွင် မစ္စတာ ရွှာဇနက်ဂါးသည် သူ၏ ပေါက်မြောက်သွားသော ရုပ်ရှင်ကား " လူရိုင်းကြီး ကိုနန် " (Conan The Barbarian)ကို ရုံတင်ခဲ့လေသည်။ ထိုမှစ၍သူသည် တစ်ကမ္ဘာလုံးရှိ ရုပ်ရှင်ပိတ်ကားပေါ်၌ ထိုးကြိတ်သတ်ဖြတ်မှု သရုပ်ဆောင်သည့် ဓာတ်လိုက်များထဲတွင် လူကြိုက်အများဆုံး ဓာတ်လိုက်တစ်ဦး ဖြစ်လာလေတော့၏။ များမကြာလှသေးသော နှစ်များတွင် သူ၏ဝင်ငွေမှာ မိုးထိခဲ့လေ၏။ အကယ်၍ သင်သည် မစ္စတာရွှာဇနက်ဂါးနှင့် ဖက်စပ်စီးပွားရေး လုပ်ငန်းလုပ်နိုင်လောက်အောင် ကံကောင်းသည်ဆိုပါလျှင် ထိုစီးပွားရေး လုပ်ငန်းသည် အမြတ်အစွန်း ရရှိပြီး အောင်မြင်လိမ့်မည်မှာ သေချာသလောက်ပင် ဖြစ်တော့သည်။

ဤကား စီးပွားရေးလုပ်ငန်းတစ်ခုတွင် သန္ဓေတည်စွမ်းအင်ရှိသော အစုစပ်အဖော်ကို ရရှိစေရန် မည်သို့မည်ပုံ ဝေဖန်ပိုင်းဖြတ်ရသည် ဆိုခြင်းအတွက် ဥဒါဟရဏ် ဖြစ်ပေ၏။ အဓိကဦးတည်ချက်မှာ အမြတ်အစွန်း ရရှိရေးပင်ဖြစ်လေရာ ကံဆိုးနေသော အဖော်နှင့် တွဲ၍တော့ မဖြစ်နိုင်ပါ။ သူသည် အမြတ်စွန်းကို ဖော်ထုတ်နိုင်သည့် အနေအထားတွင် မရှိပါ။ အစုစပ်အဖော်နှင့် ညီညီညွတ်ညွတ်ဆက်ဆံရေးကို ထည့်သွင်းတွက်ချက်သည့် အပြင် သူ့တွင် စီးပွားကုန်သွယ်ရေး ကံကြမ္မာ ရှိ–မရှိကိုလည်း သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် ဝေဖန်ပိုင်းဖြတ်ဖို့မှာ ပို၍ပင် သေရေးရှင်ရေးကျပေသည်။ အကယ်၍ စီးပွားကုန်သွယ်ဖက် အဖော်သည် ထိုအချက်နှစ်ချက်နှင့် ပြည့်စုံသည်ဆိုပါက စပ်တူလုပ်ကိုင်သော စီးပွားရေးသည် အောင်မြင်မှာ သေချာလေတော့သည်။

# လက်အောက်ဝန်ထမ်းများကို ခန့်ထားခြင်းနှင့် အုပ်ချုပ်ခြင်းအတွက် လမ်းပြချက်

ယနေ့အချိန်တွင် ကြီးမားသော ကုန်သွယ်လုပ်ငန်း ကော်ပိုရေးရှင်း များစွာတို့သည် ဝန်ထမ်းကို ခန့်ထားကြတော့မည်ဆိုလျှင် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ၊ သို့မဟုတ် စိတ်ညွှတ်ရာ ဝါသနာ စစ်ဆေးချက်များကို အသုံးပြုနေကြလေသည်။ ဤသို့သော စစ်ဆေးမှုမျိုးကို ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ခန့်ထားလိုက်သော ဝန်ထမ်းများသည် သူတို့လုပ်ကိုင်ကြမည့် ရာထူးနေရာများအတွက် သင့်တော်မှုကို သေချာချင်ကြခြင်း ဖြစ်ပေသည်။ သို့ဖြစ်သော်ငြားလည်း ရာထူးနေရာမှန်တွင် လူမှန်ကိုထားမိဖို့ဟူသော ဤရည်မှန်းချက်ကို ဂန္ထာရီနည်းလမ်းများအားဖြင့် ဆိုလျှင် ပို၍ ထိထိမိမိ ရရှိနိုင်မည်ဆိုခြင်းကို သဘောပေါက်သူမှာ ဝန်ထမ်းရေးရာ စီမံအုပ်ချုပ်ရသည့် ပုဂ္ဂိုလ်တို့တွင် အလွန်နည်းပါးလှပေ၏။ ဤအခန်းတွင် ဝန်ထမ်းရေးရာ စီမံအုပ်ချုပ်မှုနှင့် ဝန်ထမ်းများ ခန့်ထားမှုတွင် **ကံကြမ္မာဦးတည်ချက်တိုင်ကြီးလေးတိုင်** ဟူသော နည်းနိဿယကို မည်သို့မည်ပုံ အသုံးချနိုင်သည်ဆိုခြင်းကို ကျွန်ုပ်လက်တွေ့ဖော်ပြပါမည်။

ဖက်စပ်ကုန်သွယ်မှု လုပ်ငန်းတစ်ခုကိုလုပ်တော့မည်ဆိုလျှင် ကောင်းကျိုးဖြစ်ထွန်းစေသော စပ်ကူအဖော်ကို မည်သို့ရွေးချယ်နိုင်သည် ဆိုခြင်းကို ကျွန်ုပ်တို့တွေ့ရှိခဲ့ကြပါပြီ။ စပ်တူအဖော်တွင် ရှိရမည်ဟူ၍ ကျွန်ုပ်တို့ ယူထားသော အရည်အချင်းများသည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဓာတ်ကြီးများသည် ကောင်းကျိုးပြုမေတ္တာထားခြင်းကိုလည်း ပြသည်။ ထို့ပြင် အကျိုးအမြတ် တိုးမြှင့်ပေးသော ကံကောင်းစေခြင်းကိုလည်း ဖြစ်စေပါသည်။ ဤဆင်ခြင်တုံတရားကိုပင် အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည်ဝန်ထမ်းရွေးချယ်မှုတွင် ဤနည်းနာကို အသုံးပြုနိုင်ပေ၏။ သို့ရာတွင်

ခန့်ထားရန် အလားအလာရှိသော ဝန်ထမ်းလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်သဘာဝကို အလေးအနက်ပြုခြင်းသို့ ကျွန်ုပ်တို့ အာရုံပြုချက်ကို အနည်းငယ် ရွှေ့ပြောင်းကြရပါမည်။

ရှေးဦးစွာ ခန့်ထားရန် အလားအလာရှိသည့် ဝန်ထမ်းသည် ခန့်ထားမည့် အလုပ်ရှင်နှင့် ဆီလျော်အပ်စပ်မှု ရှိ- မရှိ သေချာစေရန်အတွက် ဝန်ထမ်းလောင်း၏ ကံကြမ္မာဦးတည်ချက်ကို ကြည့်ရပါမည်။ ရုံးထဲတွင် အတိုင်အဖောက်ညီသော ပေါင်းသင်းဆက်ဆံမှုကို ထိန်းသိမ်းထားနိုင်ရန်နှင့် လုပ်ငန်းစွမ်းရည်ထက်မြက်မှုကို လျော့ပါးစေနိုင်သော စရိုက်ချင်းဆန့်ကျင် ကုန်ကြခြင်းကို ရှောင်နိုင်ရန်အတွက် ဤသို့ ကြည့်ရှုစစ်ဆေးခြင်းသည် လိုအပ်ပေ၏။ ဤမျက်နှာစာကို လွန်ခဲ့သော အခန်းတွင် ဆီလျော်အပ်စပ်သော အဖော်ကို ရွေးခြင်းနှင့်ပတ်သက်၍ ကျေကျေညက်ညက် ဆွေးနွေးခဲ့ပြီး ဖြစ်သတည်း။

ဒုတိယအချက်အနေဖြင့် အကြံပြုလိုသည်မှာ အလုပ်ရှင်သည် ကောင်းစွာအမှုထမ်းဆောင်ခြင်းနှင့် အလုပ်ကို ကျေနပ်မှုရှိခြင်းတို့ သေချာပေါက်ဖြစ်ပေါ်စေရန်၊ ကံကောင်းထောက်မသောအားဖြင့် ခန့်ထားသည့် ဝန်ထမ်းတွင် ပြည့်စုံနေစေရန် စစ်ဆေးရန်ပင် ဖြစ်၏။ အလုပ်တာဝန် ထမ်းဆောင်ရာတွင် ပျော်ရွှင်ကျန်းမာနေသည့် ဝန်ထမ်းကို ဒုက္ခပေးပြီး ကိုးလိုးကန့်လန့် ဖြစ်စေမည့် ဝန်ထမ်းထက် ပို၍ရရှိလိုသည်မှာ ကျိုးကြောင်းဆီလျော်လှပေသည်။ ကံကောင်းနေပြီး ကောင်းမွန်သည့် အမှတ်များများ ပိုင်ဆိုင်ထားသော အရောင်းစာရေးသည် အလုပ်ရှင်နှင့်ကုမ္ပဏီများ၏ ကောင်းကျိုးနှင့် အမြတ်အစွန်းကို ပို၍ ဖြစ်စေသည်ကို မကြာခဏ တွေ့နေရလေသည်။

ဤဖြစ်ကြောင်းတရားများအပြင် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**သည်လည်း ခန့်ထားမည့် ဝန်ထမ်းသည် ပရိယေသနဘဝလမ်း တစ်ခုအတွက် သန္ဓေတည်စွမ်းအင်ရှိ မရှိ ဟူသည်ကို ထိုးထွင်းသိမြင်နိုင်မှုကို တော်တော်ကလေး ပေးနှင်းနိုင်ပါ၏။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**တွင် စိုးမိုးသော ဓာတ်ကြီးမှနေ၍ ထိုသို့ ထိုးထွင်းသိမြင်နိုင်မှုတို့ကို ရရှိနိုင်ပေ၏။

လွန်ခဲ့သော အခန်းများတွင် မည်သည့် ပရိယေသန ဘဝလမ်းနှင့် မည်သည့် ဦးတည်ရာသည် အသင့်လျော်ဆုံးဖြစ်သည်ကို ဆုံးဖြတ်ရန်အတွက် ကျွန်ုပ်တို့၏ သန္ဓေတည်စွမ်းအင်ကို မည်သို့မည်ပုံ ဖော်ထုတ်သိရှိနိုင်မည် ဆိုခြင်းများကို ဆွေးနွေးခဲ့ပြီးပါပြီ။ ထိုအခြင်းအရာကိုပင် ထောက်ရှု၍ ရာထူးနေရာ တစ်ခုအတွက် တော်တည့်မှန်ကန်သော ဝန်ထမ်းကို ရွေးချယ်ရေးတွင် ဤနည်းကိုပင် အသုံးပြုနိုင်လေသည်။ လူမျိုးမျိုးသည် ပရိယေသန ဘဝလမ်းအတွက် အမျိုးမျိုးသော သန္ဓေတည်စွမ်းအင်တို့ဖြင့် မွေးဖွားလာသည် ဖြစ်ရာ လူတစ်စုံတစ်ယောက်ကို လေ့ကျင့်သင်ကြားပေးပြီးမှ နောက်တွင် သူ၏ဝါသနာမှာ ထိုနယ်ပယ်တွင် လုံးဝမရှိဟူ၍ တွေ့ရှိရခြင်းသည် လုံ့လနှင့် အချိန်တို့ကို ဖြုန်းတီးပစ်ခြင်းသာ ဖြစ်ပေတော့သည်။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော ခံယူချက် သဘောတရားအားဖြင့် ပရိယေသနဘဝလမ်းအတွက် သန္ဓေတည်စွမ်းအင်ကို အဓိက အမျိုးအစားကြီးလေးခုအဖြစ် မျိုးခွဲ၍ ရနိုင်လေသည်။ ယင်းတို့သည်ကား တန်ခိုးအာဏာ ဟူသော အမျိုးအစား၊ ငွေကြေးဟူသော အမျိုးအစား၊ ဖန်တီးနိုင်မှုဟူသော အမျိုးအစား၊ စာပေပညာတတ်ဟူသော အမျိုးအစားတို့ပင် ဖြစ်ကြ၏။ ဤအခန်းတွင် ကျွန်ုပ်တို့သည် ဤနယ်မြေကြီးလေးခုကို တစ်ခုပြီးတစ်ခု ခွဲခြမ်းစိတ်ဖြာ၍ လေ့လာကြပါမည်။

**တန်ခိုးအာဏာဟူသော အမျိုးအစား**

တန်ခိုးအာဏာဟူသော အမျိုးအစားဝင်သူများ၏ ကံကြမ္မာဦးတည်ချက်သည် တန်ခိုးအာဏာဓာတ်က ကြီးစိုးခြင်းခံနေရ၏။ တန်ခိုးအာဏာဓာတ်ဟူသည်ကား ပင်ကိုယ်ဓာတ်ကို နိုင်နင်းထားသော ဓာတ်ပင်ဖြစ်၏။ ပင်ကိုယ်ဓာတ်သည် မီးဓာတ်ဖြစ်ပြီး ကာယကံရှင်သည် ဆောင်းရာသီ၊ ရေဓာတ်ကြီးစိုးမှုအောက်တွင် မွေးဖွားလာသည် ဆိုပါလျှင် ကာယကံရှင်သည် တန်ခိုးအာဏာ အမျိုးအစားဝင်သူဖြစ်တော့သည်။ အကြောင်းပြချက်သော်ကား ရေသည်မီးကိုဖျက်ဆီး၏။ ထို့ကြောင့် မြင်သာထင်ရှားသော ရေဓာတ်သည် မီးဓာတ်ပုဂ္ဂိုလ်အတွက် တန်ခိုးအာဏာနှင့် အဆင့်အတန်းတို့သည် သရုပ်သကေ်တ ဖြစ်ရပေတော့သည်။

အစွန်းရောက်အောင် ထင်ရှားလွန်းသောသာဓကသည်ကား တရုတ်နိုင်ငံမှ ဥက္ကဋ္ဌကြီးမော်၏ ကံကြမ္မာဦးတည်ချက် တိုင်များပင် ဖြစ်ပေ၏။ ဆောင်းရာသီတွင် မွေးဖွားသော ရေဓာတ်ပုဂ္ဂိုလ်ဖြစ်ကာ သူ၏ကံကြမ္မာဦးတည်ချက်တွင် တန်ခိုးအာဏာနှင့် အဆင့်အတန်းတို့မှာ လွန်မင်းစွာ မြင်သာထင်ရှားလှပေရာ သူသည် နှစ်ဆယ်ရာစုနှစ်၏ ကြီးမြတ်သောနိုင်ငံရေးသမား ပုဂ္ဂိုလ်ကြီးများအနက်မှ တစ်ယောက်ဖြစ်လာရတော့၏။

ဥက္ကဋ္ဌကြီးမော်နှင့် အခြားသော နိုင်ငံရေးသမားများ တန်ခိုးကြီးသော ခေါင်းဆောင်ကြီးများ အများအပြားကဲ့သို့ အလွန်ပင် မြင်သာထင်ရှားသော တန်ခိုးဓာတ်ရှိသောသူသည် နိုင်ငံရေးကစားကွက်၊ တန်ခိုးအာဏာ ကစားကွက်တို့တွင်ပါဝင်ဆင်နွှဲ လိုတတ်သည်။ သို့သော်ငြားလည်း ဥက္ကဋ္ဌကြီးမော်လောက်တော့ မပြင်းထန်သည့် မြင်သာထင်ရှားသော တန်ခိုးဓာတ်ရှိသော သူသည် နိုင်ငံရေးဘက်မလှည့်သော်လည်း၊ ထိုသို့လှည့်ရမည့်အစား ကြီးမားသော အဖွဲ့အစည်း အဆောက်အအုံတွင် အလွန်စွမ်းရည်ရှိသော အုပ်ချုပ်သူ သို့တည်းမဟုတ် မန်နေဂျာတစ်ယောက် ဖြစ်လာနိုင်ပေ၏။ အကယ်၍ ရာထူးနေရာသည် စီမံအုပ်ချုပ်ရသည့် သဘာဝရှိသည် ဟုဆိုလျှင် ပို၍ အားကောင်းသော တန်ခိုးအာဏာဓာတ် ရှိသူများကို ဝန်ထမ်းအဖြစ် ရွေးချယ်ခြင်းက ပို၍ ပညာရှိရာရောက်ပေသည်။ ယင်းသို့သောသူများသည် စည်းကမ်းရှိသူများ၊ ဩဇာညောင်းသူများ ခေါင်းဆောင်မှုတွင် ခိုင်မာသူများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ သန္ဓေတည်စွမ်းအင်ရှိသူများ ဖြစ်ကြောင်းကို မကြာခဏ တွေ့ကြရပါ၏။

**ငွေကြေးဟူသော အမျိုးအစား**

ငွေကြေးဟူသော အမျိုးအစားတွင် ပါဝင်သူများမှာ သူတို့၏ ကံကြမ္မာ ဦးတည်ချက်တွင် မြင်သာထင်ရှားသော ငွေကြေး သို့မဟုတ် ချမ်းသာကြွယ်ဝမှုဓာတ် ရှိသူများ ဖြစ်ကြ၏။ ငွေကြေးဓာတ်ဆိုသည်မှာ ပင်ကိုယ်ဓာတ်က နိုင်နင်းသော ဓာတ်ဖြစ်၏။ ဥဒါဟရဏ်သော်ကား သစ်သားဓာတ်ပုဂ္ဂိုလ်အတွက် မြေဓာတ်သည် သူ၏ ချမ်းသာကြွယ်ဝမှု ဓာတ်ဖြစ်၏။ ရှေ့အခန်းများတွင် ငွေကြေးဟူသော အမျိုးအစားဆိုင်ရာ နမူနာများကို များစွာ တွေ့မြင်ခဲ့ရလေပြီ။ ကျွန်ုပ်တို့သည် အစွန်းရောက်ကိစ္စများ ဖြစ်ကြသည့် မစ္စတာ လီကာရှိန်နှင့် မစ္စတာ အာလင်ဘွန်းတို့၏ ကိစ္စရပ်များကို တစ်ဖန်ပြန်လည်၍ ကိုးကား နိုင်ပေသည်။ သူတို့နှစ်ဦးစလုံးသည် သစ်သားပုဂ္ဂိုလ်များ ဖြစ်ကြပြီး သူတို့၏ ကံကြမ္မာ ဦးတည်ချက်တွင် မြေတည်းဟူသော ကြွယ်ဝမှုဓာတ်သည် မြင်သာထင်ရှားနေပေ၏။

ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်သည့်အတိုင်း သူတို့၏ ကံကြမ္မာဦးတည်ချက်တွင် အားကောင်းသော ငွေကြေးဓာတ်နှင့် ပုဂ္ဂိုလ်များသည် သူတို့၏ ကံကြမ္မာတိုင်တွင် ငွေကြေးကို ထိန်းကွပ်ရန် ကံကြမ္မာအားကောင်းမှုနှင့် ကြုံကြိုက်ရသည်ရှိသော် ထိုသူများသည် မစ္စတာလီလောက်ပင် ချမ်းသာနိုင်၏။ သို့သော်ငြားလည်း ကိစ္စရပ် အများအပြားတွင် သူတို့၏ ကံကြမ္မာ ဦးတည်ချက်တွင် အားကောင်းသော ငွေကြေးဓာတ်ရှိသူများမှာ ငွေကြေးကို ထိန်းချုပ်နိုင်ရန်အတွက်ပင်ကိုယ်ဓာတ်က သိပ် အားပျော့နေပေ၏။ အကယ်၍ သူတို့သည် ကြွယ်ဝမှုကိုထိန်းချုပ်နိုင်ရန် အလွန်ကောင်းမွန်သော ကံကြမ္မာတိုင်များနှင့် မကြုံရ ဟုဆိုလျှင် ဤသူများသည် မစ္စတာလီကဲ့သို့ မဟာအရင်းရှင်များ ဖြစ်လာလိမ့်မည် မဟုတ်ပါ။ သို့သော် သူတို့သည် ဘဏ္ဍာရေး ကြီးကြပ်သူများ စာရင်းကိုင်များ၊ အဖွဲ့ အစည်းတစ်ခုခုတွင် ဘဏ်စာရေးများ ဟူသော သူများအဖြစ်၊ ဘဝလမ်း တစ်လျှောက်တွင် သူတို့၏ ကံကြမ္မာတိုင်များက သူတို့ကို ဘယ်လောက်ကောင်းကောင်း အထောက်အပံ့ ပေးသည် ဆိုခြင်းအပေါ် မူတည်၍ သူတို့သည် ယုံကြည်လောက်စွာ တာဝန်ထမ်းဆောင် နိုင်ကြပါသည်။ အောက်ပါသည် သူ၏ ကံကြမ္မာ ဦးတည်ချက်တွင် မြင်သာထင်ရှားသော ငွေကြေးဓာတ် ရှိသူစ်ဦး၏ နောက် နမူနာ တစ်ခုပင်ဖြစ်ပါ၏။

**ဆာ၊ ပီယာ-ဂျေးကော့စ်၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၂၇-၅-၁၉၃၃)**

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| ? | 癸 | 丁 | 癸 |
| | ရေ | မီး | ရေ |
| ? | 巳 | 巳 | 酉 |
| | မီး | မီး | သတ္တု |

ဤတိုင်အစုံသည် ယခင်က ဟောင်ကောင်အစိုးရလက်အောက်တွင် ဘဏ္ဍာရေးအတွင်းဝန်အဖြစ် အမှုထမ်းခဲ့သူ ဆာ၊ ပီယာ၊ ဂျေးကော့စ် (Sir Pier Jacobs) ၏ တိုင်အစုံဖြစ်သည်။ သူသည် မီးဓာတ်အကြီးမားဆုံး ဖြစ်သော နေ့ရာသီတွင် မွေးဖွားသော ရေပုဂ္ဂိုလ် တစ်ဦးဖြစ်၏။ သိရှိရသော သူ၏တိုင်သုံးတိုင်တွင် မီးသည် ပေါ်များ၍ မြင်သာထင်ရှား၏။ ဤကဲ့သို့ အားကောင်းသော ကြွယ်ဝမှုဓာတ်နှင့် လူသည် သူ၏ ပရိယေသနဘဝလမ်းတွင် တော်တော်ကလေး များပြားသော ငွေကြေးတို့ကိုကိုယ်တွယ်ရန် ကြုံမှာပါလာသည်မှာ သိသာထင်ရှားလှချေသည်။

**ဖန်တီးနိုင်မှုဟူသော အမျိုးအစား**

ယခုအချိန်အထိဆိုလျှင် စီမံအုပ်ချုပ်မှုအမျိုးအစားနှင့် ငွေကြေးဟူသော အမျိုးအစားတို့ကို မိတ်ဆက်ဖော်ပြခဲ့ပြီး ဖြစ်၏။ သို့သော်လည်း များစွာသော အခြေအနေတို့တွင် အလုပ်ရှင်သည် ဒီဇိုင်းပြုလုပ်သူ၊ အရောင်းစာရေး အစရှိသော ပို၍ဖန်တီးနိုင်မှု သဘာဝရှိသော သို့မဟုတ် သာမန်ထက် သာလွန်သော သဘာဝရှိသော အလုပ်များအတွက် လူလိုပေလိမ့်မည်။ ယင်းကဲ့သို့သော အလုပ်များအတွက် သင်သည် ဖန်တီးနိုင်မှု ဟူသော အမျိုးအစားဝင်သည့်သူကို ခန့်အပ်လိုပေလိမ့်မည်။ ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် ဖန်တီးနိုင်မှုဓာတ်ကို ပင်ကိုယ်ဓာတ်က မွေးဖွားပေးလိုက်သည့်ဓာတ်ဟု အဓိပ္ပာယ် ဖွင့်ဆိုထား၏။ အကယ်၍ ပင်ကိုယ်ဓာတ်သည် မီးဖြစ်သည်ဆိုသော် မီးသည် မြေကို မွေးဖွား၏။ ထိုအခါ မြေသည် မီးဓာတ် ပုဂ္ဂိုလ်အတွက် ဖန်တီးနိုင်မှုဓာတ်ဟု ယူဆရသည်။ ဖန်တီးနိုင်မှုဓာတ်များ များပြားစွာရှိသော သူသည် အသိဉာဏ်ကြွယ်ဝ၏။ စကားပြောကောင်း၏။ အဝတ်စား ကောင်းစွာ ဝတ်စားသည်။ ဤစရိုက် အမျိုးအစားရှိသော သန္တေတည် စွမ်းအင်သည် သာမန်ထက် သာလွန်သည်၊ ထို့ပြင် ဖန်တီးနိုင်မှုရှိသည့် ကိုယ်ရည်ကိုယ်သွေး အမျိုးအစားများ လိုအပ်လျက်ရှိသည့် အလုပ်များအတွက် သင့်တော်ပေ၏။ အလွန်တရာ မြင်သာထင်ရှားသော ဖန်တီးနိုင်မှုဓာတ် ရှိသော ပုဂ္ဂိုလ်များသည် နာမည်ကျော်ကြားသော ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဓာတ်သဘင်ပုဂ္ဂိုလ်များ အထိပင် ဖြစ်လာနိုင်လေသည်။ အောက်ပါသည် ကြီးမြင့်သော အဆိုတော် ဖျော်ဖြေရေး ပုဂ္ဂိုလ်တစ်ဦး၏ တိုင်ကြီးလေးတိုင်သာဓကပင် ဖြစ်ပေ၏။

## ဒေးဗစ်ဘောင်ဝီ၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၈–၁–၁၉၄၇)

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| 甲 | 丁 | 辛 | 丙 |
| သစ်သား | မီး | သတ္တု | မီး |
| 辰 | 亥 | 丑 | 戌 |
| မြေ | ရေ | မြေ | မြေ |

ဤဟာသည် ဗြိတိသျှ ရော့ခ်အင်ရိုးလ် စတား မစ္စတာ ဒေးဗစ်ဘောင်ဝီ (Mr. David Bowie) ၏ ကံကြမ္မာ ဦးတည်ချက်ဖြစ်သည်။ သူသည် သီချင်းဆိုရာတွင်လည်းကောင်း၊ သီချင်းရေးစပ်ရာတွင်လည်းကောင်း၊ စင်မြင့်ပေါ်မှ ဖြေဖျော်မှုများတွင်လည်းကောင်း၊ ရုပ်ရှင်ထဲတွင် သရုပ်ဆောင်ရာတွင်လည်းကောင်း၊ တော်တော်ကလေး စွမ်းရည်ရှိသည့် နာမည်ကျော်ကြား လူသိများသူ ဖြစ်လေ၏။ သူ၏ ကံကြမ္မာဦးတည်ချက်က သူသည် မီးဓာတ်ပုဂ္ဂိုလ်ဖြစ်၍ မြေဓာတ်များ အလွန်မြင်သာထင်ရှား ပေါ်ကြွယ်ဝသူဖြစ်ကြောင်း ဖော်ပြနေသည်။ မီးကမြေကို မွေးဖွားသည် ဖြစ်သည်နှင့်အညီ မြေသည် သူ၏ ဖန်တီးနိုင်မှု ဓာတ်ဖြစ်သည် မစ္စတာ ဒေးဗစ်ဘောင်ဝီက ကံကြမ္မာဦးတည်ချက်တွင် ဖန်တီးနိုင်မှုဓာတ်ရှိသော သူတစ်ဦးသည် ဖန်တီးနိုင်စွမ်း လိုအပ်သော နယ်မြေများတွင် ကြီးမားသော အောင်မြင်မှုကို မည်သို့မည်ပုံ ရရှိနိုင်ကြောင်းကို ပြသသော ထင်ရှားသည့် သာဓကပင် ဖြစ်ပေတော့သည်။




မစ္စတာ ဘောင်ဝီ၏ နမူနာသည် အစွန်းရောက် ကိစ္စရပ် တစ်ခု ဖြစ်သည်။ သာမန် ဖန်တီးနိုင်မှု အလုပ်များအတွက် ဖန်တီးနိုင်မှု ဓာတ်များကို အလွန်အမင်း အများအပြား မလိုအပ်ပါ။ စင်စစ်၌ကား အား ကောင်း လွန်း သော ဖန်တီးနိုင်မှုဓာတ် ရှိနေခြင်းကို ရှောင်ပင်ရှောင်ရန် လိုအပ်ပါ၏။ အကြောင်းသော်ကား ဖန် တီး နိုင် မှု ဓာတ်များသည် ပင်ကိုယ်ဓာတ်က အားသွင်းပေးထား

ရ၏။ လွန်ကဲသော ဖန်တီးနိုင်မှုဓာတ်သည် ပင်ကိုယ်ဓာတ်ကို အားကုန်စေပြီး ပင်ကိုယ်ဓာတ်ကိုလွန်စွာ အားပျော့စေပါ၏။ ထို့ကြောင့် ကံကြမ္မာဦးတည်ချက်တိုင်များ အစုံတစ်ခုတွင် လွန်ကဲသော ဖန်တီးနိုင်မှု ဓာတ်များအပေါ် ထိန်းချုပ်မှု ရှိသလောက် ရှိဖို့တော့ လိုအပ်လေသည်။ ဖန်တီးနိုင်မှုစွမ်း ရှိရန်မှာ လုံလောက်သော စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားရပေမည်။ ဖန်တီးနိုင်မှုဓာတ်ကို ဟန်ချက်ထိန်းရန် အတွက် သာမန်အားဖြင့် လိုအပ်သောဓာတ်ကို စွမ်းအားအရင်းအမြစ် ဓာတ်ဟုခေါ်ဝေါ်လေသည်။ ဤဓာတ်ကား ပင်ကိုယ်ဓာတ်ကို မွေးဖွားပေးသော ဓာတ်ကို ခေါ်ခြင်းဖြစ်ပေ၏။

မစ္စတာဒေးဗစ်၊ ဘောင်ဝီသည် မီးပုဂ္ဂိုလ်ဖြစ်သည့်အတွက် သူ၏ စွမ်းအားအရင်းအမြစ်သည် သစ်သားဖြစ်၏။ သစ်သားသည် မီးကို မွေးဖွားသောကြောင့်တည်း။ သစ်သား၏ အထောက်အပံ့ကို မရသည်ရှိသော် မီးသည် မြေကို မွေးဖွားရန် အားနည်းလွန်းနေပေလိမ့်မည်။ ထို့ကြောင့် ကံကြမ္မာဦးတည်ချက် အစုံတစ်ခုတွင် ဖန်တီးနိုင်သောဓာတ်ကို အများအပြားတွေ့ရှိပါက လုံလောက်သော စွမ်းအားအရင်းအမြစ်ကို ရှာဖွေရန် လိုအပ်ပေသည်။ ဖြစ်ရိုးဖြစ်စဉ် ဖြစ်တတ်သည်ကား လွန်ကဲသော ဖန်တီးနိုင်မှုဓာတ်ရှိပါသော်လည်း မလုံလောက်သော စွမ်းအား အရင်းအမြစ်ဓာတ် ရှိသောသူသည် စကားကိုဖောင်နေအောင် ပြောတတ်၏။ သို့သော်သူ့စကားတွင် နက်ရှိုင်းမှုနှင့် အနှစ်သာရမရှိဖြစ်တတ်ချေ၏။ ဤသူတို့သည် ဆူဆူညံညံအပြုလုပ်ဆုံးဖြစ်သည့် ပုလင်းလွတ်များနှင့် တူပေတော့၏။ အခြားတစ်ဖက်တွင်မူ ဖန်တီးတတ်သော ဓာတ်များရှိပြီး လုံလောက်သော စွမ်းအားအရင်းအမြစ်လည်းရှိသောသူများသည် ကျွမ်းကျင်သော ပညာသည်များ ဖြစ်လာကြောင်းကို မကြာခဏ တွေ့ရပေသည်။

**စာပေပညာတတ်ဟူသာ အမျိုးအစား**

နောက် ဆုံး တွင် အခြားတစ်မျိုး ရှိသေးသည်။ စိုးမိုးနေသော ဓာတ်များမှာ ငွေကြေး၊ တန်ခိုးအာဏာ၊ ဖန် တီး နိုင် မှု ဟူ သည့် ဓာတ်များ တစ်ခုမျှ မဟုတ်ဘဲ စွမ်းအား အရင်းအမြစ် ဓာတ်က သာလျှင် စိုးမိုးနေသော လူစားမျိုးဖြစ်၏။ ဤသို့သော သူများသည် သုတေသန လုပ်ငန်းများနှင့် စာပေပညာ လောက ဆီသို့ မြင့်တက်သွားတတ်ကြောင်းကို မကြာခဏ တွေ့ရ



လေရာ သူတို့သည် စီမံကိန်း ချမှတ်ရေးဆွဲခြင်း၊ သုတေသနပြုခြင်းတို့ လိုအပ်သော အလုပ်များနှင့် အသင့်တော်ဆုံး ဖြစ်လသည်။ သာဓကများကား စီးပွားရေးပညာရှင်များ၊ သိပ္ပံပညာရှင်များ ကြီးမားသော ကော်ပိုရေးရှင်းများမှ သင်တန်းဆရာ အရာရှိများပင် ဖြစ်ကြ၏။ လက်တွေ့သာဓကပြသည့်အနေဖြင့် မြင်သာထင်ရှားသည့် သိပ္ပံပညာရှင်ကြီး ဖြစ်သည့် မစ္စတာ အဲလ်ဘတ် အိုင်စတိုင်း (Mr Albert Einstein) ၏ ကံကြမ္မာ ဦးတည်ချက်တိုင်များကို ကြည့်ကြပါဦးစို့။

**အဲလ်ဘတ် အိုင်စတိုင်း၏ ကံကြမ္မာဦးတည်ချက်တိုင်များ (၁၈၇၉)**

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| 癸 | 丙 | 丁 | 己 |
| ရေ | မီး | မီး | မြေ |
| 巳 | 申 | 卯 | 卯 |
| မီး | သတ္တု | သစ်သား | သစ်သား |

မစ္စတာအိုင်စတိုင်းသည် သစ်သားဓာတ် အလွန်ကြီးပွားသည့် စပရင်းရာသီတွင် မွေးဖွားသော မီးဓာတ် ပုဂ္ဂိုလ်ဖြစ်ပေ၏။ မီးပုဂ္ဂိုလ်တစ်ယောက်အတွက် သစ်သားသည် မီး၏ မိခင်ဖြစ်ရကား ထိုသစ်သားသည် သူ၏စွမ်းအား အရင်းအမြစ်ဓာတ် ဖြစ်လာရတော့သည်။ မစ္စတာအိုင်စတိုင်း၏ ကံကြမ္မာဦးတည်ချက်တွင် ရှိနေသော အားကောင်းသည့် သစ်သားဓာတ်သည် သူ့အား သိပ္ပံပညာဆိုင်ရာ သုတေသနပြုမှုတွင် ကြီးမားသော အောင်မြင်မှုကို ရရှိစေပေ၏။

လူတစ်ယောက်၏ ပရိယေသနဘဝလမ်းအတွက် သန္ဓေတည် စွမ်းအင်အပေါ် လေးနက်သော အရှိန်ဩဇာကို ဖြစ်ပေါ်စေသော အဓိကအမျိုးအစားကြီးလေးခုကို ယခု ကျွန်ုပ်တို့ သိရှိရပြီဖြစ်၏။ ထိုဟာများသည် အလုပ်ရှင်တစ်ဦးအတွက် ရာထူးနေရာ တစ်ခုခုတွင် ခန့်ထားရန် ရည်ရွယ်သော ဝန်ထမ်း၏ ဝါသနာစရိုက်ကို ဝေဖန် ပိုင်းဖြတ်နိုင်ရန် လမ်းညွှန်လမ်းပြ အချက်အလက်များကို ပေးနိုင်စွမ်းပါသည်။

ဤအခန်းတွင် ဝန်ထမ်းလောင်းကို သူ၏ဝါသနာစရိုက်နှင့် အလားအလာအလိုက် ရွေးချယ်ခြင်းကိစ္စကို ဆွေးနွေးခဲ့ပါပြီ။ သို့သော်ငြားလည်း တကယ့်စီးပွားရေး လောကသည် များစွာပင် ရှုပ်ထွေးပွေလီလှပေရာ၊ လူ၏ဝါသနာ အလားအလာအပြင် အခြားစဉ်းစားစရာ အချက်များစွာ ရှိပါသည်။ ရှေ့ကအခန်းတစ်ခန်းတွင် ကျွန်ုပ်သည် အမျိုးမျိုးသော ဓာတ်များပိုင်သည့် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများကို နိဒါန်းပျိုးမိတ်ဆက်ပေးခဲ့ပြီး

ပါပြီ။ ဥပမာအားဖြင့် ဆိုသော် မီးဓာတ်သည် ငွေရေးကြေးရေး ဘဏ္ဍာရေး။ စွမ်းအင်၊ လျှပ်စစ်တို့နှင့် သက်ဆိုင်ပြီး သတ္တုကမူ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စားနှင့် သတ္တုပစ္စည်းများနှင့် သက်ဆိုင်သည်။ ဤနည်းက ဝန်ထမ်းအတွက်လည်း အသုံးဝင်ပါသည်။ ဥပမာအားဖြင့် အကယ်၍ သင်သည် မော်တော်ကားအရောင်းအဝယ်လုပ်သူ ဆိုပါလျှင် သူ၏ကံကြမ္မာဦးတည်ချက်တွင် သတ္တုဓာတ်များများ ပါသော ဝန်ထမ်းသည် သင်၏ လုပ်ငန်းနေရာတွင် အခြားသူများထက်ပို၍ ကြာကြာနေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မော်တော်ကားသည် သတ္တုဓာတ်အားဖြင့် သရုပ်မှုသောကြောင့်ပင် ဖြစ်လေသည်။

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တိုက်တွန်းလိုသည်မှာ ဝန်ထမ်းလောင်း၏ ကံကြမ္မာ ပုံလွှာကို အနည်းဆုံး နီးကပ်သော အနာဂတ်ကာလအတွက်ကလေးဖြစ်ဖြစ် ဝေဖန်ပိုင်းဖြတ် ကြည့်သင့်ပါ၏။ သူ၏ ရှေ့တွင် ရာထူးတိုးမြင့်ဖို့နှင့် အောင်မြင်မှုအတွက် အလားအလာ ကောင်းသော အလုပ်သမားကို ခန့်အပ်ခြင်းသည် ကျိုးကြောင်း ညီညွတ်ဆီလျော်ပေ၏။ သို့ဖြစ်သောကြောင့် လျှောက်ထားသူများကို စစ်ဆေးသောအခါတွင် နီးကပ်သည့် အနာဂတ်ကာလတွင် ကောင်းကျိုးပေးသော နှစ်များ သို့မဟုတ် ကောင်းကျိုးပေးသော ကံကြမ္မာတိုင်များနှင့် ကြုံတွေ့ရရှိသော သူများကို ရွေးချယ်စေလိုပါ၏။

# စတော့ဈေးကွက်တွင် စီးပွားပွဲ့ဖြိုးမှုကို ကြိုတင်ကာကွယ်ခန့်မှန်းခြင်း

ပြီးခဲ့သော အခန်းများတွင် အရေးကြီးသော စီးပွားရေး ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အထောက်အကူအဖြစ် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ဟူသော စိတ်ဆွဲဆောင်မှု ရှိလှသည့်နည်းကို လက်တွေ့ကောက်ယူ ပြသခဲ့ပြီးပါပြီ။ သို့သော်ငြားလည်း ဤမည်သော လေးနက်သည့် တရုတ်ဂန္ဓာရီအတတ်၏ သန္ဓေတည်စွမ်းအင်ကို ကျေကျေ လည်လည် တီးခေါက်မိမည်ကား ဝေးလှပါသေးသည်။ လူ၏ရှေးဖြစ်ကံကြမ္မာကို ကြိုတင် ခန့်မှန်းခြင်း၌ တန်ဆာပလာတစ်ခုသဖွယ် ထိရောက်စွာ အသုံးပြုနိုင်ခြင်းအပြင် **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို ကမ္ဘာ့စီးပွားရေး၊ စတော့ဈေးကွက် အတက်အကျ စစ်မက်ရေးရာများတို့နှင့် စီးပွားရေးလုပ်ငန်းများအပေါ် အခိုင်အမာ ဒဏ်သင့်စေနိုင်သည့် အုံကြွမှုများ ဟူသော အဖြစ်မျိုးကဲ့သို့ ပိုမိုကြီးကျယ်သော ပြဿနာများကို ဝေဖန်ပိုင်းခြား ဖို့အတွက်လည်း အသုံးကျနိုင်ပါ၏။

၁၉၈၈ခုနှင့် ၁၉၉၁ ခုကာလအကြားတွင် "ဟောင်ကောင်စတင်းဒတ်" (Hong Kong Standard) တွင် ဖော်ပြခဲ့သော ဆောင်းပါးများ၌ ကျွန်ုပ်သည် ပင်လယ်ကွေ့စစ်ပွဲ၊ မစ္စက်မားဂရက်သက်ချာ နုတ်ထွက်ခြင်း သမ္မတမီးခေးဂေါ်ဘာချော့ အာဏာ ကင်းမဲ့သွား ရခြင်း ဟူသော အရေးကြီးသော ဖြစ်ရပ်များ ဖြစ်ပေါ်လာမည့် အရေးကို အောင်မြင်စွာ ကြိုတင် ဟောပြောခဲ့ပါသည်။ ဤကိစ္စများအားလုံးတွင် ယင်းကြိုတင်ဟောပြောမှုများတွင် အသုံးပြုခဲ့သည့် တန်ဆာပလာမှာ **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** သာလျှင် ဖြစ်တော့သည်။ အကြောင်းရင်းကား ရှင်းလှပါ၏။ ကမ္ဘာ့ဖြစ်ရပ် အများအပြားမှာ အချို့သော ပုဂ္ဂိုလ် တစ်ဦးတစ်ချင်း၏ အရှိန်ဩဇာသည် များစွာသက်ရောက်၍ ဖြစ်ပေါ် ရသည် ဖြစ်ရာ ဤပုဂ္ဂိုလ်များ သို့မဟုတ် ဤကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ကံကြမ္မာ ဦးတည်ချက်များသည် ဖြစ်ရပ်တို့၏ ဖြစ်ပေါ်မှုအစဉ်ကို ဖော်ပြနိုင်ပေတော့၏။ ဥပမာအားဖြင့်

ဆတ်ဒမ်ဟူစိန် (Saddam Hussein) နှင့် သမ္မတဘွတ်ရှ်တို့၏ ကံကြမ္မာ ဦးတည်ချက်တိုင်များမှ နေ၍ ၁၉၉၁ ခု စပရင်ရာသီတွင် သတ္တုဓာတ်နှင့် သစ်သားဓာတ်တို့ အကြားဖြစ်ကြီးမားသောဆန့်ကျင်ဖက်ပြိုင်မှုနှင့် တွန်းထိုးရုန်းကန်မှုတို့ကို ကျွန်ုပ်တို့သတိပြု တွေ့ရှိနိုင်ပေ၏။ ဤဟာသည် စစ်ဖြစ်ခြင်း၏ အမှတ်လက္ခဏာများ ဖြစ်ပေရာ ကျွန်ုပ်တို့သည် ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားလာမည်ကို ကြိုတင်၍ ဟောပြောနိုင်ခဲ့သည်။

ဤအခြင်းအရာအားဖြင့်ပင် ၁၉၉၁ ခုနှစ်များတွင် မစ္စက်မားဂရက်သက်ချာ (Mrs. Margared Thatcher)နှင့် သမ္မတ ဂေါ်ဘာချော့ (President Gorbachev) တို့၏ ကံကြမ္မာ ဦးတည်ချက်များတွင် တန်ခိုးအာဏာ ဓာတ်များ ချုပ်ငြိမ်းမှုကလည်း သူတို့၏ အပေါ်ကျရောက်လာမည့် တန်ခိုးနှင့်အာဏာပိုင်မှု ကျဆုံးမည်ကို ဖော်ထုတ်ပြသနေပြန်ပါ၏။ သော့ချက်ကျသော ကမ္ဘာ့ခေါင်းဆောင်ကြီးအချို့တို့၏ ကံကြမ္မာ ဦးတည်ချက်တိုင်များကို ထောက်ရှုခြင်းအားဖြင့် သူတို့၏ အောင်မြင်မှု မအောင်မြင်မှုများကို ကြိုတင်ခန့်မှန်းရန် ဖြစ်နိုင်သည်။ တစ်ဖန် ထိုအောင်မြင်မှု မအောင်မြင်မှုများက သူတို့ကိုယ်စားပြုသော နိုင်ငံများအပေါ် မီးထိုးပြပေလိမ့်မည်။ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတို့ဖြင့် အားကောင်းစွာ ဆက်စပ်မှုရှိနေသော စီးပွားရေးလုပ်ငန်းပိုင်ရှင်များ အတွက် နိုင်ငံရေး အဖြစ်အပျက်များနှင့် စီးပွားရေး လမ်းယူမှုတို့နှင့် ပတ်သက်၍ ကြိုတင်သိရှိမှုသည် သူတို့၏ စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အလွန်အမင်း အရေးကြီးလှပေတော့သည်။ ထို့ကြောင့် ဤအခန်းတွင် တရုတ်ဂဏန်းရိုပညာ နည်းနာများအားဖြင့် ကမ္ဘာ့လမ်းယူမှုများကို ခွဲခြမ်းစိပ်ဖြာ လေ့လာခြင်းကိစ္စရပ်ကို စွဲမြဲစွာ အာရုံစိုက်သွားမည် ဖြစ်သည်။

နိုင်ငံရေးဖြစ်ရပ်များကို ကြိုတင်ခန့်မှန်း ဟောပြောရန်အတွက် **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို ကျွန်ုပ်အဘယ်သို့ အသုံးပြုခဲ့သည်ဆိုခြင်းကို ဥပမာ သာဓကများ ပြခဲ့ပြီးပါပြီ။ ဤနည်းလမ်းကို အသုံးပြု၍ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုကိုလည်း ကျွန်ုပ်တို့ ကြိုတင်ခန့်မှန်းဟောပြောနိုင်ပါပေ၏။

စီးပွားရေးပညာရှင်သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပြုအမူကို တစ်ဦးချင်း စီးပွားရေး အပြုအမူတို့၏ အစုအပေါင်း အပြုအမူဟူ၍ ယူဆလေသည်။ လူတစ်ဦးချင်းသည် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီး လေးတိုင်**က ထင်ဟပ်သည့် သူ့ကိုယ်ပိုင် ကံကြမ္မာကို ပိုင်ဆိုင်ထားသည့်အလျောက် လူများစွာတို့၏ စီးပွားရေး ကံကြမ္မာကို သတိပြု ကြည့်ရှုခြင်းဖြင့် စီးပွားရေး အလားအလာ၏ လမ်းယူမှုကို တိုင်းတာဆုံးဖြတ်ခြင်းကို ပြုလုပ်နိုင်လေသည်။ ထင်ရှားသောသာဓကသည်ကား ၁၉၈၇ ခု အောက်တိုဘာလတွင် တစ်ကမ္ဘာလုံးရှိ စတော့ဈေးကွက်များ ပြိုကျသည့်ကာလနှင့် ကပ်လျက်ရှိသော မတိုင်မီကာလ ကလေးပင် ဖြစ်သည်။ ထိုကာလက ဤစာကို ရေးသူသည် မိမိထံ လာရောက်၍ ရှေ့ဖြစ် ကြည့်ရှုသူ

များ၏ ဦးတည်ချက် တိုင်ပေါင်းများစွာမှ ဘဏ္ဍာရေးအရေးအခင်း၏ နိမိတ်လက္ခဏာများကို သတိပြု ကြည့်ရှုနိုင်ခဲ့ပေ၏။

စတော့ဈေးကွက်တွင် အဓိကရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် အဓိကဈေးကစားသူများ (ဝါ) မိမိတို့၏ ကြွယ်ဝမှုနှင့် ကောင်းစားရေးသည် စတော့ဈေးကွက်နှင့် နီးစပ်စွာ ဆက်စပ်လျက်ရှိသူများ၊ ထိုသို့သော သူတို့၏ ကံကြမ္မာဦးတည် ချက်ကို ခွဲခြမ်းစိပ်ဖြာ လေ့လာခြင်းအားဖြင့် ဤပုဂ္ဂိုလ်တို့၏ ကံကြမ္မာများ စုပေါင်းတိမ်းညွတ်မှုကို သတိပြု ကြည့်ရှုခြင်းအား ဖြင့် စီးပွားရေးဆောင်ရွက်မှု၏ လမ်းယူပုံကို မြင်တွေ့ရန် ဖြစ်နိုင်ပေသည်။ စတော့ဈေးကွက်တွင် ပါဝင်ဆင်နွှဲသည့် လူပေါင်းများစွာတို့၏ ကံကြမ္မာဦးတည်မှုတိုင်များကို လေ့လာပြီးစီးသောအခါတွင် မီးဓာတ်နှင့် စတော့ဈေးကွက်၏ ဆောင်ရွက်မှုတို့အကြားတွင် ဆက်စပ်မှုအချို့ ရှိကြောင်းကို ကျွန်ုပ်သတိပြုမိခဲ့သည်။ ကျွန်ုပ်၏ တွေးဆချက်အဆိုကြမ်း ကား ဤသို့တည်း။ အားကောင်းသော မီးဓာတ်ပေါ်လွင်နေမှုသည် စီးပွားရေး ခေတ်ထခြင်းနှင့် စတော့ဈေးတက်ခြင်းတို့နှင့် ဆက်စပ်နေကြောင်းကို မကြာခဏ တွေ့ရပေသည်။ အခြား တစ်ဖက်တွင်မူကား အားပျော့အောင် လုပ်ထားခြင်းခံရသော သို့တည်းမဟုတ် ချုပ်ငြိမ်း သွားသော မီးဓာတ်သည် ဈေးကွက်တွင် ဈေးနှုန်းကျခြင်းနှင့် စီးပွားရေးကျဆင်းခြင်းတို့နှင့် အားကောင်းစွာ ဆက်စပ်ဟန် လက္ခဏာရှိလေသည်။

## ဝေါလ်စထရီမှ စတော့ဈေးကွက် ပြိုကွဲမှုအကျယ်စိစဉ်တင်ပြခြင်း

ဤမည်သောမီးဓာတ်နှင့် စတော့ဈေးကွက်လုပ်ဆောင်မှုတို့အကြား ဆက်စပ်မှု ရှိခြင်းကို ဝေါလ်စထရီ (Wall Street)ခေါ် အမေရိကန်နိုင်ငံမှ ဘဏ္ဍာရေးအချက်အချာ၏ သမိုင်းတွင် စတော့ဈေးကွက် ပြိုကွဲမှုအချိန်ပိုင်းဖြတ်ခြင်းအား ဖြင့် ထင်ရှားပြသနိုင်လေသည်။ များစွာသော စတော့ပွဲစားများသည် အောက်တိုဘာလကား စတော့ဈေးကွက် မတည် မငြိမ်ဖြစ်တတ်သော လတစ်လဖြစ်ကြောင်း မကြာခဏပင် သတိပြုမိခဲ့ကြသည်။ အကြီးစား ပြိုကွဲမှုများသည် အောက်တိုဘာ လအတွင်း သို့တည်းမဟုတ် အောက်တိုဘာနားတစ်ဝိုက်တွင် ဖြစ်ပျက်ခဲ့ကြ၏။ မြင်သာ ထင်ရှားဆုံးသော သာဓကများ မှာ ၁၉၂၉ ခု အောက်တိုဘာလနှင့် ၁၉၈၇ ခု အောက်တိုဘာလ ပြိုကွဲမှုများပင် ဖြစ်လေသည်။ ဤဖြစ်ပျက်မှုများကို စတော့ ဈေးကွက် လုပ်ဆောင်မှုများသည် မီးဓာတ်နှင့် နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိသည် ဟူသော နောက်ခံ သဘော တရားအားဖြင့်လည်း ရှင်းပြနိုင်ပေ၏။ အောက်တိုဘာလ ဟူသည်မှာ အော်တမ်ရာသီဖြစ်၍ မီးဓာတ်ကြီးပွားမှု အထွတ်အထိပ်ဖြစ်ခဲ့သော နွေရာသီကို ကျော်ဖြတ်ခဲ့ပြီးနောက် မီးဓာတ်၏ ယိမ်းယိုင်မှုကို သရုပ်ဆောင်သောလ ဖြစ်လေသည်။

သို့သော်ငြားလည်း စတော့ဈေးကွက် အဖြစ်အပျက်များနှင့် ပတ်သက်၍ အသုံး ဝင်သော ဂန္ဓာရီ နောက်ခံသဘော တရားတစ်ခုကို ဖော်ထုတ်ယူနိုင်ခြင်း မရှိမီ နှစ်သက်

စရာအချို့ကို ကျွန်ုပ်တို့ ဆည်းပူးရန် လိုအပ်ပါသည်။ အော်တမ် ရာသီသည် စတော့ ဈေးကွက် ထိခိုက်ဖွယ်ရှိသော ရာသီဖြစ်သော်ငြားလည်း ဈေးကွက်ပြိုကွဲခြင်းသည် နှစ်စဉ် အောက်တိုဘာလ တိုင်း၌ ဖြစ်ပေါ်ခြင်း မရှိခဲ့ပါချေ။ ဤအချက်ကို ရှင်းလင်းပြနိုင်ရန်အတွက် ကျွန်ုပ်တို့သည် တရုတ်ပြက္ခဒိန်စနစ်ကို ပို၍ နက်ရှိုင်းစွာ နားလည်သဘောပေါက်ဖို့ လိုအပ်လေသည်။

ပြန်လည်ဖော်ပြရဦးမည်ဆိုလျှင် တရုတ်တို့၏ ဆီယာပြက္ခဒိန်က နှစ်တိုင်းနှစ်တိုင်းကို တရုတ်အက္ခရာနှစ်လုံးကို အသုံးပြုသောနည်းဖြင့် ဖော်ပြရာ အက္ခရာတစ်ခုစီမှာ ဓာတ်တစ်ခုစီကို ကိုယ်စားပြုနေလေ၏။ ဤအက္ခရာနှစ်လုံးကို မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက်များဟူ၍ ခေါ်ဝေါ်ကြလေသည်။ ဆိုလိုသည်မှာ မိုးကောင်းကင် ပင်စည်တစ်ခုနှင့် မြေပထဗျာအကိုင်းအခက်ဟူသော တစ်စုံက နှစ်တစ်နှစ်ကို ကင်ပွန်းတပ်သည်။ ဤပင်စည်များနှင့် အကိုင်းအခက်များ၏ ထူးခြားချက်မှာ တစ်ခုစီက ဓာတ်တစ်ခုစီကို ကိုယ်စားပြုခြင်းပင် ဖြစ်၏။ ထို့ကြောင့် မိုးကောင်းကင် ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက်များဟူသော အသွင်ဖြင့် ဖော်ပြထားသော နှစ်တစ်နှစ်၏ နာမည်မှာ စင်စစ်တွင် မည်သည့်နှစ်တွင် မည်သည့်ဓာတ်များသည် မြူးတူးကြောင်းကို ပြောကြားနေခြင်း ဖြစ်ပေ၏။

ဥပမာသော်ကား ၁၉၈၆ ဟူသောနှစ်သည် “ 丙寅 ” ဟူ၍ အမည်ပေးထား၏ ဆိုလိုသည်မှာ မိုးကောင်းကင် ပင်စည်တွင် မီးဓာတ်ဖြစ်သော **ယန်** ရှိပြီး မြေပထဗျာ အခက်အလက်တွင် သစ်သားဓာတ်ဖြစ်သော **ယန်** ရှိနေသည်ဟု ဆိုလိုပေသည်။ မီးဓာတ်သည် စတော့ဈေးကွက်နှင့် ဆက်စပ်နေသည် ဟူသော ကျွန်ုပ်တို့၏ တွေးဆချက် အဆိုကြမ်း အရဆိုလျှင် ၁၉၈၆ ခုနှစ်သည် အားကောင်းသော မီး၏ စွမ်းအားကို တိုးမြှင့်ပေးသော အားကောင်းသော သစ်သားဓာတ်၏ အရှိန်ဩဇာ ရှိသည်ဖြစ်၍စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများမှ ငွေဖြစ်ဖွယ်ရှိသော ကမ္ဘာ့စီးပွားရေးခေတ်ထမည့်နှစ်တစ်နှစ် ဖြစ်ပေသည်။ အထက်တွင် ဖော်ပြခဲ့သော နောက်ခံသဘောတရား ရှိပင်ရှိနေငြားသော်လည်း ၁၉၈၆ခု အော်တမ်ရာသီတွင် စတော့ဈေးကွက် ပြိုကွဲမှုမဖြစ်ခဲ့ပေ။ အကြောင်းရင်းသော်ကား အော်တမ်ရာသီသည် မီးဓာတ်အား ပျော့ရသော ရာသီဖြစ်သော်ငြားလည်း မီးဓာတ်၏ စွမ်းအားသည် အားကောင်းမြဲပင်ရှိနေသည်။ သို့ဖြစ်ခြင်းကား နောက်နှစ်ဖြစ်သည့် ၁၉၈၇ ခုကို တရုတ်အက္ခရာများဖြစ်ကြသော “ 丁卯 ”တို့က ကိုယ်စားပြုပေရာ **ယင်** မီးဓာတ် နှင့် **ယင်** သစ်သားဓာတ်တို့ဖြစ်သည်။ ဤသို့ဖြင့် ၁၉၈၆မှ ၁၉၈၇ အထိ မီးဓာတ်အရှိန်ဩဇာသည် ဆက်လျက်ရှိကာ ၁၉၈၆ ခုတွင် မီးဓာတ်ချုပ်ငြိမ်းမှု မရှိခဲ့ချေ။ သို့ဖြင့် မီးဓာတ်စွမ်းအား ဖြစ်ပေါ်နေသော ၁၉၈၆ ခု အော်တမ်နှင့် ဆောင်းရာသီတို့တွင် စတော့ဈေးကွက်သည် အားကောင်းလျက်ရှိပေတော့၏။

ကိုင်း- ၁၉၈၇ ခုနှစ်ကိုကြည့်ကြရအောင်။ ယင်း မီးခွေးနှစ်ဖြစ်သည်။ မီးခွေး၏ စွမ်းအားသည် ၁၉၈၆ခုနှစ်ကထက် အားပျော့၏။ သို့သော်လည်း မီးခွေးသည် ၁၉၈၇ ခု နွေရာသီတွင် စတော့ဈေးကွက်ကို ဆက်လက် ထောက်ပင့်နေရာ ဈေးကွက် ဖြစ်ပေါ် မှုသည် အားကောင်းနေသည်မှာ အောက်တိုဘာလအထိ ဖြစ်၏။ အောက်တိုဘာလသို့ ရောက်သောအခါတွင်ကား ပြိုကွဲမှုကို ကမ္ဘာက ကြုံတွေ့ရတော့၏။ တစ်ဖန် ၁၉၈၇ ခုအော်တမ်ရာသီတွင် ဘာတွေ ဖြစ်ပျက်သည်ကို ရှင်းပြရန်အတွက် ၁၉၈၇ခုကို ကျော်၍ ကြည့်ရပေမည်။ ၁၉၈၇ ခု နောက်နှစ်သည် ၁၉၈၈ ခုနှစ်ဖြစ် သည်။ ၁၉၈၈ ခုနှစ်ကို တရုတ်ပြက္ခဒိန်တွင် မိုးကောင်းကင် ပင်စည်ပေါ်မှ မြေခွေးနှင့် မြေပထဗျာ အကိုင်း အခက်ပေါ်မှ မြေခွေး ( 戊辰 ) ဟူ၍ ဖော်ပြထားပေ၏။ မီးခွေးသည် မြေခွေးကို မွေးဖွားသည် ဖြစ်သည်နှင့်အညီ မြေခွေးသည် မီးခွေးစွမ်းအင်ကို ပျက်စီးစေတတ်သော သဘောကိုဆောင်သည်။ အဘယ်ကြောင့်ဆိုသော် မြေခွေးသည် မီးစွမ်းအားကို ကုန်ခမ်း စေမည် ဖြစ်သောကြောင့်တည်း။ ၁၉၈၈ ခုနှစ်အထိ မီးစွမ်းအားသည် ယိမ်းယိုင်စပြုလာတော့ ၏။ ယင်းသို့ ၁၉၈၇ ခု အော်တမ်ရာသီတွင် မီးခွေး ချုပ်ငြိမ်းခြင်းက ၁၉၈၇ အောက်တိုဘာလတွင် ကမ္ဘာနှင့်အဝန်း စတော့ဈေးကွက် ပြိုကွဲရခြင်းဖြစ်ရပေ၏။

မီးခွေးကို ကမ္ဘာနှင့်အဝန်း စီးပွားရေးစွမ်းဆောင်မှုနှင့် ဆက်စပ်မှု ရှိသည်ဟူသော နောက်ခံသဘောတရားကို ၁၉၈၇ ခုနှစ်နောက်ပိုင်းတွင်ဆက်၍လာသော နှစ်များတွင်လည်း စမ်းသပ်ကြည့်နိုင်လေသည်။ ကမ္ဘာ့စီးပွားရေးသည် ၁၉၈၉ခုနှင့် ၁၉၉၀ပြည့်နှစ်များတွင် လျင်မြန်စွာ နာလန်ထလာသည်။ ဤနှစ်၂နှစ်သည် မြေခွေးနှင့် မီးခွေးက တစ်ခု သတ္တုခွေးနှင့် မီးခွေးကတစ်ခု အသီးသီး ဖြစ်ကြရပေသည်။ သို့သော်ငြားလည်း ၁၉၉၁ ခု သတ္တုခွေးနှင့် မီးခွေးက တစ်ခု အသီးသီးဖြစ်ကြပေသည်။ သို့သော်ငြားလည်း ၁၉၉၁ ခု သတ္တုခွေးနှင့် မြေခွေး (辛未) ဖြစ်သော နှစ်သို့ ဝင်ရောက်လာခဲ့သည်တွင် အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများမှ စီးပွားရေး အရှိန်ဩဇာ မဏ္ဍလသည် တော်တော်ကလေး ဆုတ်ယုတ်လာပြီး အားကောင်းသော သတ္တုနှင့် ရေနှစ်များဖြစ်သည် ၁၉၉၂ ခု (壬申) နှင့် ၁၉၉၃ ခု (癸酉) နှစ်များတွင်ကား စီးပွားရေးကျဆင်းမှုသည် ပို၍ ဆိုးလာတော့သည်။ နောက်ခံသဘောတရားအရ ပြောရလျှင် အမှန်တကယ် ပြန်၍ နာလန်ထုကောင်းမွန်လာမည့် လက္ခဏာများကို သစ်သားခွေးနှင့် မြေခွေးတို့ ပြန်လည် ရောက်ရှိ လာမည့် ၁၉၉၄ ခုနှစ်(甲戌)တွင်သာ မျှော်လင့်နိုင်ပေသည်။ သို့ဖြစ်သည့်တိုင် နာလန်ထုမှုသည် ယာယီသာ ဖြစ်ပေလိမ့်မည်။ ၁၉၉၄ ခုနှစ်တွင် သစ်သားခွေး စွမ်းအားသည် မီးခွေးကို ထောက်ပံ့ပေးနိုင်လောက်အောင် အားမကောင်းသောကြောင့် ဖြစ်ပါ၏။ ထို့ပြင်လည်း ကျွန်ုပ်တို့သည် ရေခွေးစက်ဝန်းထဲတွင်ပင် ရှိနေသေး၏ အားအကောင်းဆုံးသော ရေခွေးအရှိန်ဩဇာသည် ၁၉၉၆ ခုနှစ်တွင် ရောက်လာပါလိမ့်မည်

၁၉၉၆သည်ကား ရေဓာတ်ပေါ်မှ မီးဓာတ်(丙子)နှစ် ဖြစ်လေရာ စီးပွားရေးစွမ်းဆောင်မှုတွင် နောက်တစ်ခု ဖြစ်သော ဆုတ်ယုတ်မှုကို မျှော်လင့်နိုင်ပေ၏။

**သတိပေးစကား**

ယခုတင်ပြဆွေးနွေးမှုသည် အကယ်၍ သင်တို့၏ စီးပွားရေးလုပ်ငန်းသည် ငွေရေးကြေးရေးနှင့် မှန်းဆတွက်ချက် ရသည့် အလုပ်မျိုးနှင့် နီးစပ်စွာဆက်သွယ်နေသည် ဆိုပါလျှင် စတော့ဈေးကွက်၌ စွန့်၍ လုပ်ရမှုအပေါ်တွင် ဝေဖန်ပိုင်းဖြစ်နိုင်ရေးအတွက် အကြမ်းဖျင်း ဖေးမလမ်းညွှန်ချက်ကို စာဖတ်သူများအား ပေးနှင်းပါသည်။ သို့သော်လည်း သတိတော့ပေးရပါမည်။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော နည်းစနစ်သည် လူတစ်ဦးချင်း၏ ကံကြမ္မာတို့ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုရန်အတွက် စီမံထားခြင်းသာ ဖြစ်ကြောင်း သတိပြုသင့်ပါ၏။ ဤနည်းစနစ်ကို စီးပွားရေး လမ်းယူမှုများကဲ့သို့သော ကမ္ဘာနှင့်အဝန်း အဖြစ်အပျက်များတွင် စပ်ဟပ်သုံးစွဲသည်ရှိသော် လွဲမှားမှုများ ရှိနေပါသေးသည်။ ရှေးဦးစွာ စတော့ဈေးကွက်တွင် ပါဝင်ဆင်နွှဲကြသူများအတွက် မီးဓာတ်က ပို၍ အဆင်ပြေသည်ဟူသော အယူအဆသည် လွန်ခဲ့သည့်ဖြစ်ရပ်များအပေါ်ကို သတိပြုလေ့လာပြီး ယူဆခြင်းပေါ်တွင် အခြေပြုထားပါသည်။ သို့သော်ငြားလည်း အချိန်ကာလအခါသမယသည် ပြောင်းလဲသည်နှင့်အမျှ ယခင်ပါဝင်ဆင်နွှဲသူများ သွားကုန်ကြပြီးနောက် ယခင်နှင့်မတူ ကွဲပြားသော မျိုးဆက်ဖြစ်သည့် ပါဝင်ဆင်နွှဲသူများ ပေါ်ထွက်လာပေလိမ့်မည်။ သူတို့၏ ကံကြမ္မာဦးတည်ချက်သည် မီးဓာတ်မဟုတ်သော အခြားဓာတ်များနှင့် အဆင်ပြေကောင်းပြေနိုင်၏။ ထို့ပြင်လည်း စတော့ဈေးကွက်ကစားပွဲသည်လည်း ယခုအခါတွင် ပြောင်းလဲနေပေပြီ။ "အင်ဒက်ထရေဒင်း" (Index Trading) ကဲ့သို့သော ကိရိယာတန်ဆာပလာသစ်များကို စတင်သုံးစွဲလာသည်နှင့်အညီ စန်းထသော စတော့ဈေးကွက်သည် လူများစု အကျိုးအမြတ် ခံစားရမည်ဟု ဆိုလိုရာ မရောက်ဘဲလည်း နေမည်။ စာဖတ်သူများသည် ယင်းသို့သော တွင်းပုန်းများကို ခေါင်းထဲတွင် ဆောင်ထားရန်လိုပြီး ဤနည်းစနစ်ကို စပ်ဟပ်သုံးစွဲသည့်အခါတွင် ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေ ပြုဖို့လည်းလိုအပ်ပါသည်။ အားထားစရာ အကောင်းဆုံး ဖြစ်နေသေးသော နည်းနာမှာ မှန်းဆတွက်ချက် လုပ်ကိုင်မှုများမပြုလုပ်မီ မိမိ၏ကိုယ်ပိုင်ကံကြမ္မာ ဦးတည်ချက်တိုင်များတွင် ငွေကြေးအလားအလာကို စစ်ဆေးခြင်းပင် ဖြစ်ချေ၏။

ယခင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း အခြေခံဓာတ်ကြီးငါးပါးကို အထွေထွေသော စီးပွားရေးလုပ်ငန်းများနှင့် ခွဲဝေစပ်ဟပ်ထားနိုင်သည်။ ထို့ကြောင့် စာဖတ်သူများကို ကျွန်ုပ်တိုက်တွန်းလိုသည်မှာ မိမိတို့၏ လုပ်ငန်းကို သေသေချာချာ လေ့လာပြီးနောက် မိမိ၏ လုပ်ငန်းကို ဓာတ်တစ်ခုခုနှင့် ဆက်စပ်ပေးနိုင်အောင် ကြိုးစားရပါလိမ့်မည်။ ထို့နောက်တွင်မှ မိမိ၏ အထူးလုပ်ငန်းကြီးပွားမှုကို ကြိုတင်ခန့်မှန်းရန်အတွက် ထိုဓာတ်ကို ကိရိယာ တန်ဆာပလာသဖွယ် အသုံးပြုနိုင်ပါသည်။

ဤနေရာတွင် ထောက်ပြလိုသည်မှာ လုပ်ငန်းတစ်ခုကို ကိုယ်စားပြုသောဓာတ်သည် အားကောင်းစွာ တည်ရှိနေမှုဖြင့် ထိုလုပ်ငန်းကို ကြီးပွားလာနိုင်သည် မဟုတ်ကြောင်း မကြာခဏ တွေ့သည်ဆိုခြင်းပင် ဖြစ်၏။ ဆန့်ကျင်သော အားဖြင့်ပင် ယင်းဓာတ်အားကောင်းနေခြင်းသည် ကျဆင်းမှုစက်ဝန်းကို ဖြစ်စေတတ်၏။ ဥပမာဆိုသော်သတ္တုဓာတ် အားကောင်းသောနှစ်တွင် ရွှေဈေးမတက်ဘဲ ထိုး၍ကျတတ်သည်ကို မကြာခဏ တွေ့ရလေသည်။ ထိုနည်းတူပင် အားကောင်းသော သတ္တုဓာတ်နှင့် ရေဓာတ်တို့၏ နှစ်များတွင် သဘော်ာကုန်တင်မှုဈေးကွက်သည် မကြာခဏပင် ခံသွားရလေသည်။

အကယ်၍ အလွန်အသုံးများခဲ့သော မစ္စတာ လီကာရှိန်၏ သာဓကကို သတိရပါသေးလျှင် ဤသို့သော ဖြစ်ပုံကို နားလည်ရ မခက်ပါ။ လူတိုသည် တစ်စုံတစ်ခုသော ပရိယေသနလုပ်ငန်းဆီသို့ ကံကြမ္မာပို့၍ သွားကြရကြောင်း ယင်းပရိယေသနလုပ်ငန်းမှာ မိမိ၏အဆင်ပြေသောဓာတ် ဖြစ်ခြင်းကြောင့် မဟုတ်ဘဲ၊ မိမိ၏ ကံကြမ္မာဦးတည်ချက်တွင် ထိုဓာတ်၏ ပမာဏသည် လွန်ကဲစွာ များပြားနေသောကြောင့် ဖြစ်ကြောင်းကို ကျွန်ုပ်ယခင်က ရှင်းပြခဲ့ပြီးပါပြီ။ ထိုကြောင့် လူတစ်ယောက်သည် သဘော်ာလိုက်ခြင်းကို ပြုရာတွင် သူ၏ကံကြမ္မာဦးတည်ချက်တွင် ရေဓာတ်နှင့် သတ္တုဓာတ်များ အလွန်အမင်း ပါရှိနေသောကြောင့် ဖြစ်သည်။ ရေနှင့်သတ္တုဓာတ်တို့သည် သူ့ကို ကောင်းကျိုးမပြု။ သို့ဖြစ်လျှင်သူသည် လွန်ကဲနေသော သတ္တုဓာတ်နှင့် ရေဓာတ်တို့ကို တန်ပြန်နိုင်ရန်မှာ သစ်သားဓာတ်နှင့် မီးဓာတ် တို့ကိုလိုအပ်၏။ ဤသို့ဖြင့် သတ္တုဓာတ်နှင့် ရေဓာတ်ဖြစ်သော နှစ်သည် ဤသဘော်ာလိုက်သူအား ကြီးပွားမှုကို ပေးမည် မဟုတ်ပါ။ သဘော်ာကုန်တင်ခြင်းဈေးကွက်သည် ရေဓာတ်နှင့်သတ္တုဓာတ်နှစ်များတွင် ပို၍အားမကောင်းဘဲ သစ်သားဓာတ်နှင့် မီးဓာတ်တို့နှစ်များတွင်သာ ပို၍အားကောင်းသည်မှာ ဤအကြောင်းကြောင့်ပင် ဖြစ်ချေ၏။

# စီးပွားကုန်သွယ်ရေးလုပ်ငန်းအားလုံး ကြီးပွားရန် "ဖုန်းရွှေ" လိုအပ်ပါသည်

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**သည် ကျွန်ုပ်တို့၏ စီးပွားကုန်သွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အထောက်အကူပြုရာတွင် အလွန်ပင်အရုံသင့်ဖြစ်သော ကိရိယာတန်ဆာပလာ ဖြစ်ပေသည်။ ဤနည်းနာနှင့် ပတ်သက်၍ ပိုမိုလေ့လာသိရှိလိုသော စာဖတ်သူများသည် ဤစာအုပ်အဆုံးတွင်ရှိသော နောက်ဆက်တွဲများကို ကိုးကားကြည့်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့ ရေးသားသော အခြားစာအုပ်များတွင်လည်း ဖတ်ရှုနိုင်ပါ၏။

သို့ရာတွင် လူသား၏ကံကြမ္မာကို တန်ဖိုးဖြတ်ပေးရာတွင် ကြီးစွာသော အောင်မြင်မှုကို ရရှိထားသည် မှန်သော်လည်း **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**သည် ဖန်တီးမှုအပိုင်းမပါဝင်ဘဲအရှိကို ဖော်ပြသည့် အပိုင်းတွင်သာ ရှိသော ဂန္ထာရီ အတတ်ဖြစ်နေပါသေးသည်။ နောက်ခံသဘောတရားအနေဖြင့် ကျွန်ုပ်တို့ လုပ်နိုင်တာတွေရှိ၏။ အကယ်၍ ကျွန်ုပ်တို့၏ ပင်ကိုယ်သန္ဓေတည် စွမ်းအင်နှင့် အတက်အကျစက်ဝန်းများကို သဘောပေါက်ထားသည်ဆိုလျှင် ဘဝတွင် ကျွန်ုပ်တို့၏ အာရုံပြုသည့်ဘက်ကို ပို၍ ကောင်းအောင်နှင့် အခွင့်အလမ်းများကို ဖမ်းဆုပ်ရာတွင် ပို၍ မြန်ဆန်အောင် ညှိနှိုင်းချိန်ဆပေးနိုင်မည်ဖြစ်လေသည်။ ဤဟာကို **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ကို တတ်မြောက်ရခြင်း၏ အကောင်းသဘောဆောင်သည့် မျက်နှာစာဟူ၍ ယူဆနိုင်ပါ၏။ သို့သော် ထိုအတတ်သည် ကျွန်ုပ်တို့၏ အနာဂတ်ကို တိုးတက်ကောင်းမွန်အောင် သို့တည်းမဟုတ် ကျွန်ုပ်တို့၏ သန္ဓေတည်စွမ်းအင်ကို တိုးမြင့်ထက်မြက်လာအောင် ဟူသည်တို့အတွက် သော်ကား ဖြည့်ဆီးပေးခြင်း မရှိပါချေ။ ဥပမာအားဖြင့်ဆိုသော် အကယ်၍ လူတစ်ယောက်သည် နှစ်တစ်နှစ်တွင် ငွေရှာရန်အတွက် ကံကောင်းနေလိမ့်မည်ကို **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** က ဖော်ပြ၍ သိနားလည်ထားသည်ဆိုစေကာမူ ထိုသို့ရရှိဖွယ်ရှိမည့်

အကျိုးအမြတ်ကို တိုးမြှင့်ပြီး အများဆုံးရအောင် သူဘာလုပ်နိုင်ပါသနည်း။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော အတတ်သည် သူရမည့် အကျိုးအမြတ်ငွေတစ်သိန်းကို တစ်သန်းသို့ တိုးမြှင့်သွားစေရန် နည်းလမ်းကို မပေးပါ။ ဤချို့တဲ့ချက်ကို အားဖြည့်သည့်သဘောဖြင့် တရုတ်တို့သည် "ဖုန်းရွှေ" ဟု ခေါ်သော နောက်ထပ် ဂန္ဓာရီကိရိယာ တန်ဆာပလာတစ်ခုကို လက်ဝယ်ထားရှိပါသည်။ ထိုအရာသည် ကျွန်ုပ်တို့၏ အကျိုးအမြတ်များ၊ သို့တည်းမဟုတ် အဆုံးအရှုံးများ ထိုပဟာများ၏ ရေချိန်ကို ပြောင်းလဲပေးနိုင်သည်ဟု ယုံကြည်ထားကြ၏။

ဥဒါဟရဏ်ဖြင့် လက်တွေ့ရှင်းလင်းပြပါရစေ။ ဤစာအုပ်တွင် ကျွန်ုပ်သည် လူချမ်းသာ တစ်ယောက်၏ ပီပြင်သော ဥပမာသာဓကအဖြစ် မစ္စတာ လီကာရှိန်၏ ကံကြမ္မာဦးတည်ချက်ကို မကြာခဏပင် အသုံးပြုခဲ့ပါသည်။ သို့ရာတွင် မစ္စတာလီကာရှိန် မွေးဖွားချိန်နှင့် တူညီသောအချိန်တွင် ယောကျ်ားကလေးပေါင်းများစွာသည်လည်း မွေးဖွားခဲ့ပါ၏။ တစ်နည်းဆိုသော် မစ္စတာလီကဲ့သို့သော **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**မျိုးရှိသည့် အခြားသော လူများရှိကြပါသည်။ သို့တိုင်အောင် မဟာအရင်းရှင်ကြီးအဖြစ် မစ္စတာလီကိုသာ ကျွန်ုပ်တို့ သိကြရ၏။ တခြားသူတွေ ဘာဖြစ်သွားကြပါသနည်း။ အဘယ်ကြောင့် သူတို့ကော မစ္စတာလီကဲ့သို့ မဟာအရင်းရှင်ကြီးတွေ ဖြစ်မလာကြပါသလဲ။ မစ္စတာလီ၏ ကြီးမားသော အောင်မြင်မှုတွင် အခြားသော လက်သည်အကြောင်းတရားများကလည်း ပါဝင်ဆင်နွှဲနေကြရပေမည်။ ကံကြမ္မာဦးတည်ချက်နှင့် အခွင့်အလမ်းသင့်မှုတို့အပြင် တတိယလက်သည်အချက်သည်ကား ဤစာအုပ်၏ အဖွင့်တွင် ကျွန်ုပ်ပြောခဲ့သည့်အတိုင်းပင်– **"ဖုန်းရွှေ"** ဖြစ်ပေတော့သည်။ ယင်း**"ဖုန်းရွှေ"**သည် လူသား၏ ကံကြမ္မာဦးတည်ချက်ကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်သော စွမ်းအင်တစ်ရပ်အနေဖြင့် ယုံကြည်ထားကြ၏။ အကယ်၍သာ လိမ်လိမ်မာမာ စပ်ဟပ် အသုံးချမည် ဆိုပါလျှင် ကောင်းသော ကံကြမ္မာ ဦးတည်ချက်ကို တိုးမြှင့်သွားစေမည့် လက်သည်အချက် တစ်ချက် ဖြစ်လာပေလိမ့်မည်။ **ဖုန်းရွှေ** ၏ အကူအညီမပါဘဲနှင့်ပင် မစ္စတာလီသည် လူချမ်းသာ ဖြစ်လာရန်ကံပါခဲ့၏။ သူသည် သန်းကြွယ်သူဌေး တစ်ယောက်ပင်ဖြစ်နိုင်ပါသေးသည်။ ကောင်းမွန်သော **ဖုန်းရွှေ** ၏ အကူအညီဖြင့် ဆိုလျှင်ကား သူ၏ ကြွယ်ဝမှုသည် ဆထက်ထမ်းပိုးတိုးကာ ယနေ့တွင် သူသည် သန်းကြွယ်သူဌေးမကပင် ဖြစ်နေပေလိမ့်မည်။

## ဖုန်းရွှေဟူသည် အဘယ်နည်း

ကောင်းပြီ ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်ကို စွက်ဖက်ခြယ်လှယ်နိုင်သည် ဆိုသော ဤ**"ဖုန်းရွှေ"**ဆိုသည်မှာအဘယ်နည်း။ အတိအကျသိဖို့ လိုပေသည်။ **ဖုန်းရွှေ** ဆိုသည်ကား လူသား၏ ရှေ့ကံကြမ္မာတွင် ပတ်ဝန်းကျင်က စွက်ဖက် ခြယ်လှယ်မှုကို ဖော်ပြသော တရုတ်လူမျိုးတို့၏ ဂန္ဓာရီပညာတွင် ထီးတည်း ဖြစ်သည့် ဘာသာရပ်တစ်ခု

ဖြစ်၏။ ဤဘာသာရပ်သည် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**နှင့်မတူ ဂဏ္ဍာရီ ပညာရပ်တွင် လုံးဝကွဲပြားသော လမ်းခွဲတစ်ခုဖြစ်၏။ တိုင်ကြီးလေးတိုင်သည် လူသား၏ ရှေ့ဖြစ်နှင့် ကံကြမ္မာ ဦးတည်ချက်တို့၏ မျက်နှာစာကို ခြုံငုံမိ၏။ **ဖုန်းရွှေ** မူကား လူသား၏ ပတ်ဝန်းကျင်ကို လေ့လာဆည်းပူးခြင်းဖြစ်ရာ ကျွန်ုပ်တို့၏ ကမ္ဘာ၊ တောတောင် ရေမြေ၊ ပင်လယ်သမုဒ္ဒရာ၊ ချောင်းများ မြစ်များ၊ လူသားခိုလှုံနေထိုင်သည့် အိမ်များကို ခြုံငုံမိ လေတော့သည်။ သမားရိုးကျ တရုတ်လူမျိုးသည် လူသားသည်ကား စကြဝဠာပင် ဖြစ်၍ ကျွန်ုပ်တို့၏ နေ့စဉ် ဘဝတွင် စကြာဝဠာက များစွာ ပါဝင်စွက်ဖက် ခြယ်လှယ် သည်ဟူ၍ ယုံကြည်ထားပေ၏။ စကြဝဠာသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဖြစ်ပြီး ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ရှိနေသော သဘာဝ စွမ်းအင်များသည် ကျွန်ုပ်တို့အပေါ် ရင်းနှီးစွာ သင့်ရောက်နေလေသည်။ ယင်းသို့သော သဘာဝစွမ်းအင်များသည် ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်အပေါ် အကျိုးသက်ရောက် စေပါ၏။

**ဖုန်းရွှေ** အကြောင်းကို ရှေ့ဆက်၍ အသေးစိတ်မရှင်းပြမီ ထာဝရ ပဟေဠိတစ်ခုကို အဖြေညှိပါဦးမည်။ ယင်းပဟေဠိကား ကံကြမ္မာ ဦးတည်ချက်ကို ပြောင်း၍ရပါသလား ဟူသည်ပင်ဖြစ်၏။ **ဖုန်းရွှေ** စွမ်းအင်များကို နိဒါန်းပျိုးလိုက် ခြင်းက စာဖတ်သူများအား ကံကြမ္မာဦးတည်ချက်သည် ပြုပြင်ပြောင်းလဲ၍ ရသည်ဟု ထင်မှတ်သွားစေဖွယ် အကြောင်း ရှိလေသည်။ တစ်ဖန် ဆန့်ကျင်ဘက်စကားတွေလို ဖြစ်ကုန်ပြန်၏။ အကယ်၍ ကံကြမ္မာ ဦးတည်ချက်ကို ပြောင်းလဲနိုင်သည် ဆိုပြန်လျှင် ကံကြမ္မာဦးတည်ချက်ကို ကြိုတင်သိမြင်ခြင်း မရှိနိုင်။ သို့ဖြစ်လျှင် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**၏ နောက်ခံသဘောတရား များသည် ပြိုကျသွားပေလိမ့်မည်။ ဤဆန့်ကျင်ဘက် စကားများကို ဖြေရှင်းရန်ကား ကျွန်ုပ်တို့သည် **ဖုန်းရွှေ**ကို ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက် အဆင့်အတန်းကို ပြုပြင်ရန် ကိရိယာ တန်ဆာပလာတစ်ခုအဖြစ် ရှုမြင်သင့်ပေ၏။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ သန္ဓေတည် စွမ်းအင်နှင့် ကံကြမ္မာပုံကြမ်းတို့ကို မြင်စေပါသည်။ ကျွန်ုပ်တို့ ကြုံတွေ့ရမည့် အတက်အကျများကို ကြိုတင်၍ ဟောပြော နိုင်ပါသည်။ သို့သော်ငြားလည်း အတက်အကျများ၏ ပြင်းထန်အားကောင်းမှုသည် ကံကြမ္မာမဟုတ်သော အကြောင်းရင်းများက သက်ရောက်စေပါလိမ့်မည်။ **ဖုန်းရွှေ**သည် ယင်းသို့သော အကြောင်းရင်းများအနက်မှ တစ်ခုဖြစ်ပါသည်။ ကျန်သောအကြောင်းရင်း များကား လွတ်လပ်သောဆန္ဒဓာ။ လူလူချင်းတို့၏ အကျိုးကို ဆောင်ခြင်း၊ လုံ့လဝီရိယတို့ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ **ဖုန်းရွှေ**သည်ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် အတိအကျ ဖော်ပြ ထားပြီးဖြစ်သော ကံကြမ္မာပုံကြမ်း၏ သဏ္ဌာန်ကို ပြုပြင်ပြောင်းလဲပစ်နိုင်သည် မဟုတ်ပါ။ သို့ရာတွင် **ဖုန်းရွှေ**သည် အတက်အကျများ၏ ပြင်းပြအားကောင်းမှုနှင့် ဒီဂရီ အဆင့်တို့ကိုမူ ပြုပြင်ပြောင်းလဲပေးနိုင်ပါ၏။ ကောင်းသော **ဖုန်းရွှေ** အားဖြင့် ကျွန်ုပ်တို့၏ အတက်စက်ဝန်းသည် ပိုပင် ဖွံ့ဖြိုးလာနိုင်ပြီး ကျွန်ုပ်တို့၏ အကျစက်ဝန်းတွင် ဒုက္ခရောက်ရမှု

သက်သာ လျော့ပါးသွားနိုင်ပါ၏။ သို့သော် **ဖုန်းရွှေ** သည် ကျဆင်းနေသော အဆင့်ကို ဖွံ့ဖြိုးကောင်းစားမှုအဖြစ် ပြောင်းပြန်လှန်၍ မပြောင်းလဲပစ်နိုင်ပါ။

ကံကြမ္မာနှင့် **ဖုန်းရွှေ**တို့ ဆက်ဆံပုံကို ပြတ်သားစွာ နားလည်ပြီဖြစ်၍ ယခုအခါတွင် **ဖုန်းရွှေ**၏ အကြောင်းကို ပို၍ အသေးစိတ်ကျကျ ရှင်းပြပါတော့အံ့။ ရှေးဦးစွာ **ဖုန်းရွှေ** ဆိုသည်မှာ ဘာဖြစ်ကြောင်းရှင်းပြပါရစေ။ တိတိကျကျအားဖြင့်ဆိုသော် ထိုစကားနှစ်လုံးသည် လေနှင့်ရေဟူ၍ပင် အဓိပ္ပာယ်ပေါက်ပါသည်။ ဤစကားလုံး နှစ်လုံးသည် "အလောင်း မြှုပ်နှံခြင်းအတွက် ဥပဒေသများ" ဟူသော ရှေးဟောင်းကျမ်းတစ်ဆူတွင် မြစ်ဖျားခံသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ထိုကျမ်းထဲတွင် အောက်ပါဝါကျ ပါရှိ၏။

"စွမ်းအင်စီးဆင်းမှုသည် လေဖြင့် ကွဲပြားလွင့်ပျောက်ရပြီး ရေ၏ နယ်စပ်တွင် ရပ်တန့်ရသည်။"

ဤတွင်ဖော်ပြထားသော "စွမ်းအင်" ဆိုသည် ဘာကို ဆိုလိုကြောင်း မရှင်းလင်း လှသော်လည်း တောတောင် ရေမြေနှင့်အတူ စီးဆင်းပြီး လူတွေအပေါ် အကျိုးသက်ရောက်မှု ရှိသည့် နားလည်ရခက်သော သဘာဝစွမ်းအင်အချို့ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ ဤအကြောင်းကြောင့်ပင် ဤစွမ်းအင်ကို **ဖုန်းရွှေ** စွမ်းအင်ဟူ၍ ခေါ်ဝေါ်ခဲ့ကြ၏။ **ဖုန်းရွှေ**သည် ရေမြေနှင့်စပ်လျဉ်းပြီး လူသားကောင်းကျိုးကို ခြယ်လှယ် နိုင်သော နားလည်ရခက်သည့် စွမ်းအင်တစ်မျိုး ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်က ဤဘာသာရပ်ကို လူသား၏ ကံကြမ္မာပေါ်တွင် သက်ရောက်သည့် ပတ်ဝန်းကျင်၏ အရှိန်ဩဇာကို လေ့လာသော ဘာသာရပ်ဟူပင် လွယ်လွယ်အဓိပ္ပာယ် ဖွင့်ဆိုရပါမည်။ ကံကြမ္မာဟူသည်ကို အလေးအနက်ထားရမည်။ သို့မှသာလျှင် ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လူမှုရေးအရသော်လည်းကောင်း စီးပွားရေးအရသော်လည်းကောင်း လေ့လာသော အခြား ဘာသာရပ် အမျိုးအစားများနှင့် ကွဲပြားသွားပေလိမ့်မည်။ ထို့ကြောင့် **ဖုန်းရွှေ** ဟူသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် တည်ရှိနေပြီး ကျွန်ုပ်တို့၏ ကံကြမ္မာပေါ်သို့ ကောင်းကျိုး ဆိုးကျိုး သက်ရောက်စေမည့် သဘာဝစွမ်းအင် တစ်မျိုးပင် ဖြစ်တော့သည်။ **ဖုန်းရွှေ** ကို လေ့လာခြင်း၏ ဦးတည်ရည်မှန်းချက်မှာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်မှ ကောင်းသော အရှိန်ဩဇာများကို အသုံးချရန်နှင့် ဆိုးရွားသောအရှိန်ဩဇာတို့ကို ရှောင်ကြဉ်ရန် နည်းလမ်း ရှာဖို့ပင် ဖြစ်ပေ၏။

**ဖုန်းရွှေ** ပတ်ဝန်းကျင်သည် နှစ်မျိုးနှစ်စား ရှိသည်။ တစ်မျိုးမှာ ရုပ်ပိုင်းဖြစ်၍ တကယ်ပင် မြင်နေရသော ပတ်ဝန်းကျင်ဖြစ်၏။ ဥပမာဆိုရလျှင် မြေပြင်၊ တောင်များ၊ မြစ်များ၊ အဆောက်အအုံများ၊ လမ်းများ ကျွန်ုပ်တို့၏ အိမ်အတွင်းဘက် ပုံစံနှင့် အဆ အပြင်တို့ ဖြစ်ကြရုံမက ကျွန်ုပ်တို့၏ စားပွဲခုံပေါ်တွင် တင်ထားသော အသေးအဖွဲ ထင်ရသော အရာဝတ္ထုကလေးအထိပင် ပါလေသည်။ အရာဝတ္ထုတစ်ခုချင်းသည် ကျွန်ုပ်တ

အပေါ် **ဖုန်းရွှေ** အရှိန်သြဇာ တစ်မျိုးမျိုး သက်ရောက်သည်ဟု ယုံကြည်ထားသည်။ ပို၍ လျို့ဝှက်ဆန်းကျယ်ပြီး အသိရခက်လှသော ဒုတိယအမျိုးအစားကား အရပ်မျက်နှာဆိုင်ရာ အရှိန်သြဇာများ ဖြစ်ပေ၏။ ထိုအရှိန်သြဇာမှာ မမြင်ရသော်ငြားလည်း အရပ်မျက်နှာနှင့် အချိန် ကာလအလိုက် လူတို့၏ ကံကြမ္မာအပေါ် သင့်ရောက်တတ်ပေသည်။ **ဖုန်းရွှေ** အရှိန်သြဇာတို့ကို ဝေဖန်တန်ဘိုးဖြတ်ရာတွင် အမျိုးအစားနှစ်ခုစလုံးကို ထည့်သွင်းစဉ်းစားရန်မှာ လုံးဝလိုအပ်ပါ၏။ ဥပမာအားဖြင့် တရုတ်နိုင်ငံတွင် များစွာသော နန်းတော်များနှင့် ဝတ်ကျောင်းဘုံကျောင်းများကို အနီရောင် နံရံများ၊ ခေါင်မိုးတွင် တိခနဲဖြစ်နေသော အစွန်းများဖြင့် တည်ဆောက်ထားကြ၏။ အနီရောင်သည်မီးဓာတ်၏ အရောင်ဖြစ်ပြီး ဦးထိပ်ချွန်ထက်သော အရာဝတ္ထုများကို မီးသင်္ကေတ ဟူ၍ ယူဆကြသည်။ ထို့ကြောင့် အဆောက်အအုံတစ်ခု၏ မြင်သာသော သင်္ကေတသည် မီး၏ပုံရိပ်ကို ရောင်ပြန်ဟပ်သည် ဖြစ်ရာ မီးလောင်ကျွမ်းမှုဘေးဆိုးကို ခံယူရာရောက်ပေ၏။ သို့ရာတွင် တရုတ်တို့၏ နန်းတော်အားလုံးတော့ မီးသင့် လောင်ကျွမ်းခြင်း မရှိခဲ့ပါ။ အကြောင်းရင်းကား ဤသို့ဖြစ်၏။ စမ်းသပ်တွေ့ထိ၍ မရသော အရပ်မျက်နှာဆိုင်ရာ အရှိန်သြဇာ တစ်စုံတစ်ခုနှင့်မျှ အချင်းချင်း တုံ့ပြန် ထိခတ်ခြင်း မရှိပါဘဲလျက် ရုပ်သင်္ကေတသက်သက်က မီးလောင် ကျွမ်းစေခြင်းကို မဖြစ်ပေါ်စေနိုင်ပါ။ တစ်စုံတစ်ရာသော အရပ်မျက်နှာဆိုင်ရာ အရှိန်သြဇာများသည် အဆောက်အအုံတွင် ရှိနေသော မီးဓာတ်နှင့် ပေါင်းစပ်သွားသည့် အခါတွင်မှ မီးလောင်ကျွမ်းမှု ဖြစ်ပွားရလေသည်။

ပီကင်းမှ ထင်ရှားကျော်ကြားသော တရုတ်နန်းတော်ကြီး "တားမြစ်ထားသော မြို့တော်"[၁၂]၏ သမိုင်းကြောင်းကိုပြန်လည်ကြည့်ရှုပါလျှင် မြို့တော်၏အတွင်းတွင် မီးဘေးဆိုက်ရောက်မှုပေါင်းများစွာ ရှိကြောင်း တွေ့ရှိကြပါလိမ့်မည်။ တစ်ချိတစ်ချိတွင်လည်း မြို့သည် အရပ်မျက်နှာ စွမ်းအင်များ၏ မီးဓာတ်က သြဇာသက်ရောက် ခြယ်လှယ်ခြင်း ခံရသည်ကို တွေ့ရပေ၏။

ဤအရပ်မျက်နှာဆိုင်ရာ စွမ်းအင်များသည် ဘာများနည်း။ ခန့်မှန်းတွေးဆထားသော အကြောင်းအရာမျှသာ ဖြစ်ပါချေ၏။ အချို့က အရပ်မျက်နှာဆိုင်ရာ စွမ်းအင်များဆိုသည်မှာ သံလိုက်ဓာတ်လှိုင်းများဟု ဆိုကြသည်။ အချို့က စကြဝဠာဆိုင်ရာ ရောင်ခြည်များ၊ စွမ်းအင်များနှင့် ဆက်စပ်ပစ်ချင်ကြသည်။ ယနေ့အထိ ထိုစွမ်းအင်များကို သေချာပေါက် သိရှိရန် စနစ်တကျ သိပ္ပံနည်းကျကျ လေ့လာမှုဟူ၍ မရှိခဲ့သေးပါ။ သို့သော်ငြားလည်း ထိုစွမ်းအင်များကို ခြေရာကောက်ရန်အတွက် ရှေးဟောင်းတရုတ်များသည် ပုံစံ အဆင်အယင် တစ်မျိုးကို တွေ့ရှိထားကြပုံရ၏။ ထိုတွေ့ရှိချက်အားဖြင့် အရပ်မျက်နှာဆိုင်ရာ စွမ်းအင်များ၏ လှုပ်ရှားမှုကို ကြိုတင်ပြောနိုင်ပြီး ဤအသိရခက်ခဲသော စွမ်းအင်များကို သုံးစွဲရန်

၁၂ = Forbidden City

သို့တည်းမဟုတ် ထိန်းချုပ်ရန်အတွက် နောက်ခံသဘောတရားများကိုပင် ဖော်ထုတ်လာနိုင်ကြ တော့သည်။

ဤပညာကို ရရှိရန် သူတို့သည် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့ကြသည်ဆိုခြင်းမှာ ပဟေဠိတစ်ရပ် ဖြစ်ပေသည်။ သို့သော်စကြဝဠာနှင့် သဘာဝတို့နှင့် ပတ်သက်၍ တရုတ် ဂန္ဓာရီပညာ အမြင်သဘောထားများတည်းဟူသော ထုထုထယ်ထယ် ဖြစ်သည့် အခြေခံဆီမှ ထိုပညာနှင့် နည်းနာတို့ ပေါ်ထွက်လာသည်ဟု ယုံကြည်ထားလေသည်။ အရုပ်မျက်နှာဆိုင်ရာ **ဖုန်းရွှေ** အရှိန်ဩဇာများ နောက်ကွယ်တွင် ရှိသော တရုတ်ဂန္ဓာရီပညာစနစ်တစ်ခုလုံးကို ပြည့်ပြည့်စုံစုံရှင်းပြရန်ကြိုးစားခြင်းသည် လိုဘကြီးလွန်းရာ ရောက်ပေလိမ့်မည်။ သို့သော် ငြားလည်း အားကောင်းသော **ဖုန်းရွှေ** စနစ်၏ နောက်တွင်ရှိသော အဓိကနောက်ခံ သဘောတရားများ၏ အတိုချုပ်အကြမ်းဖော်ပြချက်ကိုတော့ တင်ပြနိုင်ပါသေး၏။

ဤနောက်ခံသဘောတရား တစ်ခုချင်းကို အတိုချုပ် လေ့လာကြည့်ကြပါစို့။ **ဖုန်းရွှေ**ကို လေ့လာမှုသည် သဘာဝ သို့တည်းမဟုတ် ပတ်ဝန်းကျင်၏ လူသားကံကြမ္မာ အပေါ် အကျိုးသက်ရောက်မှုအကြောင်း လေ့လာခြင်းဖြစ်ပေရာ **ဖုန်းရွှေ**၏ ပြည့်စုံသော နောက်ခံသဘောတရားတစ်ခုသည် အနည်းဆုံးအနေဖြင့် မျက်နှာစာသုံးခုကို အကြုံးဝင်စေရ မည် ဖြစ်လေသည်။ ပထမသည် သဘာဝ၊ သို့တည်းမဟုတ် စကြဝဠာကို နားလည် သဘောပေါက်ခြင်း၊ ဒုတိယမှာ အချိန်ကာလ ဟူသော အသိသညာ၊ နောက်ဆုံးသည်ကား နေရာဒေသဟူသော အသိပညာ။ ဤမည်သော မျက်နှာစာ သုံးရပ်တို့ ဖြစ်ကြ၏။


## စကြဝဠာနှင့် သဘာဝဟူသော အသိသညာ

ရှေးတရုတ်သူဟောင်းတို့သည် သဘာဝနှင့်ပတ်သက်၍ ကြာမြင့်စွာကပင် နောက်ခံ သဘောတရားတစ်စုံကို သုံးပြုခဲ့ကြပေ၏။ အခြေခံအနေဖြင့် သူတို့သည် **ယင်** နှင့် **ယန်** တို့၏ ဒွန္ဒ သဘောကို တွေ့မြင်ခဲ့ကြ၏။အရာရာတိုင်းတွင် **ယန်** ဟူသော အပေါင်းလက္ခဏာ သဘောဆောင်ခြင်း။ ယောကျ်ား။ တောက်ပလင်းထိန်သောဘက်နှင့် ဆန့်ကျင်ဘက်ဖြစ် သည့် **ယင်**ဟု သော အနုတ်လက္ခဏာသဘောဆောင်ခြင်း၊ မိန်းမ၊ အမှောင်ဘက်ဆိုသည့် သဘောနှစ်ခုရသည် ရှိနေသည် ချည်း ဖြစ်၏။ မျက်နှာစာနှစ်ခုသည် တစ်ခုကိုတစ်ခု အကျိုးပြုပြီး တစ်ခုရှိမှ တစ်ခု ပြည့်စုံခြင်းကို ဖြစ်စေသည်။ **ယင်**နှင့် **ယန်** တို့အကြားတွင် ဟန်ချက်ညီမှုရှိမှ အတိုင်အဖောက်ညီခြင်းကို ရရှိနိုင်ပေ၏။ ဤယုံကြည်မှုသည် "ထိုက်ကြည်"[၁၃]ပုံတွင် ပြတ်သားစွာထင်ဟပ်နေ၏။ ထိုပုံမှာ စက်ဝိုင်းတစ်ခု၏ အဖြူနှင့် အနက်ဘက်တို့သည် တစ်ခုတွင်းသို့ တစ်ခု ပေါင်းစပ်ဝင်ရောက်နေမှုကို ဖော်ပြသည်။ ယင်းခံယူချက် သဘောတရားသည် တရုတ်ရိုးရာ ယဉ်ကျေးမှုအတွက် မူလအခြေခံပင် ဖြစ်တော့၏။

---


၁၃ = Tai Chi

ရုပ်ပုံ ၂။ **ယင်** နှင့် **ယန်**တို့ကို ဖော်ပြနေသော **ထိုက်ကြည်**




ထိုနောက်တွင်ကား ရှေ့အခန်းများတွင် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီး လေးတိုင်**နှင့်ပတ်သက်ပြီး ကျွန်ုပ်နိဒါန်းပျိုးခဲ့ ပြီးဖြစ်သည့် အခြေခံဓာတ်ကြီး ငါးပါးဟူသော နောက်ခံသဘောတရားအကြောင်းကို ပြောရပါတော့မည်။ ရှေးဟောင်းတရုတ် လူမျိုးတို့သည် လောကဓာတ်စကြဝဠာထဲမှ အရာရာသည် အခြေခံစွမ်းအား ငါးခု သို့မဟုတ် ငါးခုသော အခြေခံ စွမ်းအင်များဖြင့် ဖွဲ့စည်းထားရသည်ဖြစ်ကာ ထိုစွမ်းအင်များ၏ ခြယ်လှယ်သရွေ့ကို ခံရသည်ဟု ယုံကြည်ထားကြလေ သည်။ ထိုအခြေခံစွမ်းအင်ကြီးငါးခုကို ဤကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ တွေ့ရှိနိုင်သည့် ရုပ်ဝတ္ထုတို့ဖြင့် သရုပ်မှုထားကြသည်။ ယင်းတို့ကား **သတ္တု၊ သစ်သား၊ ရေ၊ မီး၊ လေ** တို့ဖြစ်ကြပေ၏။ ဂန္ဓာရီယုံကြည်မှုအရဆိုသော် လူသားနှင့် သူ၏ကံကြမ္မာများ အပါအဝင် ကိုင်တွယ်၍ ရသည်ဖြစ်စေ မရသည်ဖြစ်စေ အရာဝတ္ထု တစ်ခုတိုင်းကို ထိုဓာတ်ကြီးများက ကိုယ်စားပြုနိုင်သည်ဖြစ်၍ ထိုအရာဝတ္ထုသည် ထိုဓာတ်ကြီးများ၏ ခြယ်လှယ်ခြင်းကို ခံရနိုင်သည်ဟူ၍ ဖြစ်၏။ ထိုနောက် ရှေးတရုတ် သူဟောင်းတို့သည် ဤဓာတ်ကြီးငါးပါးတို့အတွင်းဝယ် ဆက်ဆံမှုရှိကြပုံကို အခြေခံ ဥပဒေသ ပုံစံနှစ်မျိုးအားဖြင့် ပြဋ္ဌာန်းရန် နောက်အဆင့်ကို တည်ဆောက်ကြပြန်သည်။ ယင်းဥပဒေသများသော်ကား **ဓာတ်စက်ဝန်းနှင့် မရဏစက်ဝန်း** တို့ပင်ဖြစ်ကြ၍ အောက်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်၏။

ရုပ်ပုံ ၃။ ဓာတိစက်ဝန်း




ရုပ်ပုံ ၄။ မရဏစက်ဝန်း




**ယင်**နှင့် **ယန်** ဓာတ်ကြီးငါးပါး၏ စက်ဝန်းနှစ်ခုဟူသော အသိပညာသည် သဘာဝ၏ မူလအခြေခံ နိယာမများဖြစ်သည်ဟုယူဆကာ တရုတ်ဂန္ဓာရီပညာ အရပ်ရပ်တွင် စပ်ဟပ်သုံးစွဲကြလေတော့သည်။

**ယင်၊ ယန်** နှင့်ဓာတ်ကြီးငါးပါးတို့သည် "ပြောင်းလဲခြင်းကျမ်း"[၁၄] ဟု အဓိပ္ပာယ်ရသည့် **"ယီကျင်း"**[၁၅] အမည်ရှိ ရှေးကျမ်းကြီး၏ နောက်ခံတရားများအဖြစ် တည်ရှိကြသည်ဟူ၍ ယုံကြည်ထားကြ၏။ ဤကျမ်းသည်လောကဓာတ် စကြဝဠာနှင့် ပတ်သက်သည့် အသိပညာနှင့် နားလည်နိုင်မှုတို့ကို ဖွင့်ပြသည့်ကျမ်းဖြစ်သည်ဟူ၍ အများက မှတ်ယူထားကြသည်။ ကျမ်းပြုဆရာနှင့် ကျမ်းဖြစ်ပေါ်လာပုံကို မသိရချေ။ ထိုကျမ်း၏ မူရင်းပုံစံမှာ **တြိရေခါ**[၁၆] ရှစ်မျိုးသာပါရှိ၍ တြိရေခါတစ်ခုတွင် တစ်ဆက်တည်းဖြစ်စေ ခါးပြတ်နေလျက်ဖြစ်စေ၊ မျဉ်းကြောင်းသုံးကြောင်းပါသည်။ ခါးပြတ်နေသော မျဉ်းသည် **ယင်** ဟူသော မျက်နှာစာကို ရောင်ပြန်ဟပ်၍ တစ်ဆက်တည်း ဖြစ်နေသောမျဉ်းမှာ **ယန်** ဟူသော မျက်နှာစာကို ရောင်ပြန်ဟပ်သည်။ ထိုမျဉ်းကြောင်းများ သုံးကြောင်းစီ မထပ်အောင် အမျိုးမျိုး တွဲလျှင် ကျွန်ုပ်တို့သည် အတွဲရှစ်တွဲကို ရကာ ယင်းတို့ကို "တြိရေခါရှစ်ခု"ဟူ၍ ခေါ်ဝေါ်၏။

တြိရေခါတစ်ခုတွင် အဓိပ္ပာယ် သဘောမျိုးစုံကို သတ်မှတ်ထားရာ အခြေခံဓာတ်ကြီးတစ်ပါး၊ မိသားစုထဲမှ တစ်ယောက် သဘာဝဖြစ်ရပ်တစ်ခု၊ တိရစ္ဆာန်တစ်ကောင် ထို့မျှမက ရာသီတစ်ခု ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု လူတန်းစား တစ်လွှာဟူသည်တို့လည်း


၁၄ = Book of Change

၁၅ = I Ching

၁၆ = Trigrams

ပါဝင်ကြသည်။ အတိုချုပ်ဆိုရသော် ဤတြိဂရေခါ ရှစ်ခုသည် လောကဓာတ် စကြဝဠာတွင်း အရာတွေအားလုံးကို သရုပ်မှုရန် ရည်စူးထားချေ၏။ ဤတြိဂရေခါများကို နှစ်ခုစီအမျိုးမျိုး တွဲစပ်ပေးခြင်းအားဖြင့် မျဉ်းခြောက်ကြောင်း ပါရှိသော ဆရေခါ[17] ၆၄မျိုးကို ရရှိလေသည်။ ဤဆရေခါ ၆၄မျိုးသည် အရာဝတ္ထုများကို လည်းကောင်း လူသားတို့၏ ရှုပ်ထွေးလှသော ဆက်ဆံမှုများကိုလည်းကောင်း ပို၍အသေးစိတ်ဖော်ပြကြပေ၏။ ယနေ့ကျွန်ုပ်တို့ သိရှိထားသည့်အတိုင်းဆိုလျှင် **ယီကျင်း**သည် ဤဆရေခါ ၆၄မျိုးကို အသေးစိတ် ရှင်းပြထားသော ကျမ်းကြီးတစ်ကျမ်းဖြစ်၍ ပညာရှိကြီး ကွန်ဖျူးရှပ်နှင့် ချောင်မင်းဆက်မှ ဘေရာဇ် တစ်ပါးတို့က စုစည်းပြုစုထားခဲ့ကြသည် ဟူ၏။ မည်သည့် အကြောင်းကိစ္စအတွက်မဆို ဤကျမ်းတွင် ကြည့်ရှုကြပြီး နှစ်ပေါင်းထောင်နှင့်ချီ၍ တရုတ်လူမျိုးတို့သည် ရှေ့ဖြစ် ဟောဖို့အတွက် ဤကျမ်းကို အသုံးပြုခဲ့ကြလေသည်။ **ယီကျင်း ရှေ့ဖြစ်ဟောမှု**[18]နှင့် ပတ်သက်၍ ဤစာအုပ်၏ နောက်အခန်းများတွင် ပို၍ ဆွေးနွေးထားပါသည်။

**ရုပ်ပုံ ၅ တြိဂရေခါ ရှစ်ခု**




**အချိန်ကာလဟူသော အသိသညာ**

စကြဝဠာနှင့်သဘာဝနိယာမများကို သိသောပညာအပြင် အချိန်ကာလနှင့် ပတ်သက်၍ ပြတ်သားသောအသိ သညာရှိထားဖို့လည်း လိုအပ်လေသည်။ လောကဓာတ်စကြဝဠာသည် ငြိမ်နေသည် မဟုတ်ဖြစ်ရာ စကြဝဠာ၏ သဘာဝ ဖြစ်သော အရှိန်သြဇာသည်

၁၇ = hexagrams

၁၈ = I Ching Oracle

အချိန်ကာလကို လိုက်၍ ပြောင်းလဲနေပေမည်။ ဤသည်မှာ ကျွန်ုပ်အလေးအနက်ပြုချင်သော အချက်တစ်ချက် ဖြစ်ပါ၏။ **ဖုန်းရွှေ** သည် အချိန်ကာလအလိုက် ပြောင်းလဲနေမည်ဖြစ်၍ မည်သည့်ကောင်းသော ဖုန်းရွှေမှ ထာဝရတည်တံ့နေလိမ့်မည်မဟုတ်ပါ။ တရုတ်တို့၏ ရာဇဝင်တွင် ကျွန်ုပ်တို့ သတိပြုမိသည့်အတိုင်းပင် ရာစု နှစ်ပေါင်းများစွာကို ဖြတ်သန်း၍ မင်းဆက်တို့သည် ကြီးပွားဖွံ့ဖြိုးသည်။ ချည့်နဲ့ယိမ်းယိုင်သည်။ မည်သည့်မင်းဆက်မျှ ယနေ့အထိ မခံခဲ့ချေ။ သို့ဖြစ်ရာ ပြည့်စုံသော **ဖုန်းရွှေ** နောက်ခံသဘောတရားသည် အချိန်ဟူသော အစိတ်အပိုင်းကို လည်းခြုံငုံရမည်ဖြစ်ပြီး အချိန်ကာလအလိုက် ပြောင်းလဲမှု အဆင်ပလင်ကို ခြေရာကောက်နိုင်ရပေလိမ့်မည်။

**ဖုန်းရွှေ**စနစ်က အချိန်ကာလကို နှစ်ပေါင်း ၁၈၀ စက်ဝန်းများဖြင့် ခွဲခြမ်းထား၏။ စက်ဝန်းတစ်ခုလျှင် နှစ်ပေါင်း ၆၀ အပိုင်းအခြားပေါင်း သုံးကြိမ်ပါရှိသည်။ အပိုင်းအခြား တစ်ကြိမ်လျှင် နှစ်ပေါင်း ၂၀ ဖြစ်သောခေတ်သုံးခုရှိရာ ၁၉၈၄ မှ ၂၀၀၃ အထိဖြစ်သော နှစ်ပေါင်း ၂၀ သည် **သတ္တခေတ်**[၁၉] ဖြစ်၍ အောက်အပိုင်းအခြားဖြစ်သည်။ အချိန်ကာလနှင့် ပတ်သက်သော ဤအသိသညာသည် ယခုစာအုပ်တွင် ကျွန်ုပ်လိုက်နာအသုံးပြုသော **ကြယ်ပျံဖုန်းရွှေ**[၂၀] ဟူသော နည်းတွင် ဤခေတ် အသိသညာသည် များစွာအရေးပါ၏။ အိမ်တစ်ဆောင်၏ ဖုန်းရွှေကို စူးစမ်းခြင်းမပြုမီ ယင်းအိမ်သည် မည်သည့်ခေတ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်ကို သိဖို့လိုအပ်၏။ **ဖုန်းရွှေ**၏ စကားအသုံးအနှုန်းရဆိုလျှင် သက္ကရာဇ် ၁၉၈၄နှင့်၂၀၀၃ အကြားတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အိမ်များကို **"သတ္တခေတ်၏ အိမ်များ"**[၂၁] ဟူ၍ ခေါ်ဝေါ်ကြောင်း မှတ်မိသိရှိထားသင့်ပါသည်။


---

၁၉ = Age of Seven

၂၀ = Flying Star feng shui

၂၁ = Age of Seven houses


ရုပ်ပုံ ၆။ အပိုင်းအခြားသုံးခုနှင့် ခေတ်ကိုးခု




**နေရာဒေသဟူသော အသိသညာ**

အခြေခံဖြစ်သော အချိန်ကာလနှင့် စကြဝဠာ အသိသညာတို့ဖြင့် လက်နက်တပ်ဆင်ထားပြီးသည့်တိုင်အောင် ပြည့်စုံသော **ဖုန်းရွှေ** နောက်ခံသဘောတရားအတွက် ခိုင်မြဲသော အုတ်မြစ်ကို ချနိုင်ရန်မှာ နေရာဒေသနှင့် ပတ်သက်သော အသိသညာသည် လိုအပ်ပါသေးသည်။ နေရာဒေသဟူသော စိတ်ကူးကို ရရှိစေသည်မှာ **လိုရှူ** (Loshu) ဟုခေါ်သော နားလည်ရခက်သည့် ထူးဆန်းသော ပုံဖော်ချက်ကြောင့် ဖြစ်သည်။ ထိုပုံဖော်ချက်မှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်က တရုတ်ပြည်အလယ်ပိုင်းရှိ **လို** မြစ်အတွင်းမှ တက်လာသည့် ရေမလိပ်ကြီး၏ ကျောပေါ်တွင် စတင်တွေ့ရှိခဲ့သည် ဆို၏။ ရုပ်ပုံ ၇ သည် မူလ **လိုရှူ** ပုံဖော်ချက်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်၏။

ပုံ ၇။ လိုရှုပုံဖော်ချက်



ရုပ်ပုံ ၈။ လိုရှုကို ဂဏန်းများဖြင့် ဖော်ပြခြင်း

| | | တောင် | | |
|---|---|---|---|---|
| | ၄ | ၉ | ၂ | |
| အရှေ့ | ၃ | ၅ | ၇ | အနောက် |
| | ၈ | ၁ | ၆ | |
| | | မြောက် | | |

ဤပုံဖော်ချက်ကို သက်သောင့်သက်သာ ဖြစ်စိမ့်သောငှာ မကြာခဏပင် ကိုးကွက်ဇယား ပုံစံမျိုးဖြင့် ရေးဆွဲတတ် ကြကာ အကွက်တစ်ကွက်သည် အရပ်မျက်နှာတစ်ခုကို ကိုယ်စားပြုပေ၏။ အကွက်တစ်ခုစီထဲတွင် မူလလိုရှု ပုံဖော်ချက်ဟူ၍ ခေါ်ဝေါ်ကာ ယနေ့ ဘူမိကြန်တတ်ကျွမ်းသူ[၂၂] ပုဂ္ဂိုလ်များ ယေဘုယျအားဖြင့် စပ်ဟပ်သုံးစွဲနေသည့် **ဖုန်းရွှေ** နောက်ခံသဘောတရား တစ်ခုလုံး၏ အခြေခံ အုတ်မြစ်ပင် ဖြစ်ပေတော့၏။ လေးထောင့်ကွက် တစ်ခုစီမှ ဂဏန်းများသည် အရပ်မျက်နှာ တစ်ခုတွင် ရောက်ရှိနေသော **ဖုန်းရွှေ** အရှိန်ဩဇာအမျိုးအစားတစ်ခုကို သရုပ်ဆောင်ပေ၏။ ဂဏန်းသုံးခုကို မျဉ်းဖြောင့်အားဖြင့်ပေါင်းလျှင် ဒေါင်လိုက်ပေါင်းပေါင်း ကန့်လန့်ပေါင်းပေါင်း ဓားလွယ်ခုတ်ပေါင်းပေါင်း ၁၅ ရရှိသည်ကို သတိပြုပါ။ **ဖုန်းရွှေ**၏ **ကြယ်ပျံ** အယူအဆဂိုဏ်း[၂၃]မှာ အချိန်ကာလ အစိတ်အပိုင်းကို ခြုံငုံထားသည်ဖြစ်၍ တက်ကြွလှုပ်ရှားသည်ဟု စာဖတ်သူများအား ကျွန်ုပ် အလေးအနက်ပြောကြားပါ၏။ ဤနည်းတူစွာပင် ကိုးကွက် ဇယားဖြင့် ဖော်ပြသော လိုရှုပုံဖော်ချက်သည် အချိန်ကာလနှင့်အညီ ပြောင်းလဲ၏။ လေးထောင့်ကွက် တစ်ကွက်စီထဲမှ ဂဏန်းများသည် တက်ကြွလှုပ်ရှားနေကြကာ သတ်မှတ်ထားသော အဆင်ပလင်ဖြင့်

---

၂၂ = geomancers
၂၃ = Flying Star School

ရွေ့လျားကြလေ၏။ အကယ်၍ အလယ်ကွက်ကို အစာထိုးသော် အခြားသော ဂဏန်းများသည်လည်း အလိုအလျောက်ပင် အဆင်ပလင်တူစွာဖြင့် ပြောင်းလဲကြကုန်၏။ အကယ်၍ အလယ်ကွက်နံပါတ် ၅မှစတင်၍ ရေတွက်မည်ဆိုလျှင် ရွေ့လျားမှု အဆင်ပလင်ကို အောက်ပါအတိုင်း ကျွန်ုပ်တို့တွေ့ရှိနိုင်ပေ၏။

| အလယ် | နောက်မြောက် | အနောက် | ရှေ့မြောက် | တောင် | မြောက် | အနောက်တောင် | အရှေ့ | ရှေ့တောင် |
|---|---|---|---|---|---|---|---|---|
| ၅ | ၆ | ၇ | ၈ | ၉ | ၁ | ၂ | ၃ | ၄ |

ဤကိုးကွက်ဇယား၏ အရေးအပါဆုံးသော အချက်မှာ အချိန်ကာလပြောင်းလဲသည်နှင့်အမျှ **ဖုန်းရွှေ** ၏ ရွေ့လျားပြောင်းလဲပုံ အဆင်ပလင်ကို ဖော်ပြနေခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်အကွက်တစ်ကွက်စီမှ ဂဏန်းများသည် များစွာသော အနက်အဓိပ္ပာယ်တို့ကိုသိမ်းဆည်းထားပေ၏။ ဂဏန်းတစ်ခုသည် ယီကျင်းမှတြိရေခါ တစ်ခုကို ကိုယ်စားပြု၏။ သို့ဖြင့် တြိရေခါ တစ်ခုမှ ပုန်းကွယ်နေသော အနက်အဓိပ္ပာယ် အားလုံးသည် ဤတွင် ခြုံငုံမိနေသည်။ တစ်ခုချင်းသည် အခြေခံဓာတ် တစ်ခုစီလည်း ဖြစ်ပြီး **ယင်နှင့်ယန်**တို့၏ သဘောကို ဆောင်သည်။ ထို့ပြင် စောစောက ပြောခဲ့ပြီးသည့်အတိုင်း အချိန်ကာလကို နှစ်၂၀ စီ ရှိသော ခေတ် ၉ ခုဖြင့် ခွဲခြားထား၏။ ဤသို့ဖြင့် နံပါတ်များသည် ခေတ်ကိုလည်း သရုပ်မှုပါသည်။ အောက်ပါဇယားသည် ၁ မှ ၉ အထိ နံပါတ်များ၏ အနက်အဓိပ္ပာယ်တို့ကို အချုပ်အားဖြင့် ဖော်ပြနေပေ၏။

| ဂဏန်း | တြိရေခါ | ဓာတ် | သဘာဝ | လူပုဂ္ဂိုလ် | ခေတ် |
|---|---|---|---|---|---|
| ၁ | ☵ | ရေ | ရေ | သက်လတ်ပိုင်းယောကျ်ား | ၁ |
| ၂ | ☷ | မြေ | မြေ | မိန်းမအို | ၂ |
| ၃ | ☳ | သစ်သား | မိုးကြိုး | သားကြီးသြရသ | ၃ |
| ၄ | ☴ | သစ်သား | လေ | သမီးအကြီးဆုံး | ၄ |
| ၅ | — | မြေ | - | - | ၅ |
| ၆ | ☰ | သတ္တု | ကောင်းကင် | သူအိုယောကျ်ား | ၆ |
| ၇ | ☱ | သတ္တု | စိမ့်မြေ | မိန်းမငယ် | ၇ |
| ၈ | ☶ | မြေ | တောင် | ယောကျ်ားငယ် | ၈ |
| ၉ | ☲ | မီး | မီး | သက်လတ်ပိုင်းမိန်းမ | ၉ |

နံပါတ် ၅ သည် အလယ်မှနေ၍ စွမ်းအားကို ထိန်းချုပ်ပြီး ဟန်ချက်ညီပေးသည်ဟု ယူဆရသည်။ ထိုနံပါတ်သည် မည်သည့် တြိရေခါနှင့်မျှ မသက်ဆိုင်ဘဲ အခြားသော နံပါတ်များကဲ့သို့ ဘာအဓိပ္ပာယ်ကိုမှ ဆောင်ယူခြင်း မရှိချေ။

လိုရှုပုံဖော်ချက်မှ ရရှိသော ကိုးကွက်ဇယားသည် ကျွန်ုပ်ယခင်က ပြောပြခဲ့သည့် နောက်ခံ သဘောတရားများကို ယူထားသည်ကိုသတိပြုပါ။ သဘာဝနိယာမများ အခြေခံ ဓာတ်ကြီးငါးပါး ဟူသည်တို့ကို သိမ်းဆည်းထားပြီးသည့်အပြင် သဘာဝစွမ်းအားများသည် မည်သို့မည်ပုံ အချိန်ကာလအလိုက် သတ်မှတ်ထားသော အဆင်ပလင်ဖြင့် ပြောင်းလဲသည် ဆိုခြင်းကို လမ်းညွှန်ပြနေပေ၏။ ပုံဖော်ချက်ထဲမှာ ဂဏန်းများသည် ခေတ်တစ်ခုမှ ခေတ်တစ်ခုဆီ၊ နှစ်တစ်နှစ်မှ နောက်တစ်နှစ်ဆီ၊ လတစ်လမှ နောက်လတစ်လဆီ ထိုမျှသာမက နေ့တစ်နေ့မှ နောက်နေ့တစ်နေ့ဆီသို့ပင် ဇယားတွင်ပြထားသည့် အဆင်ပလင် အတိုင်း ပြောင်းလဲနေသည် ဖြစ်သောကြောင့် ထိုဂဏန်းတို့သည် တက်ကြွလှုပ်ရှား နေကြသည်ဟု ဆိုရ၏။ အပြောင်းအလဲများကို အလယ်ဗဟိုမှဂဏန်းကိုပြောင်းပေးခြင်းဖြင့် ဖြစ်ပေါ်လာကြ၏။ ဥပမာ သတ္တခေတ် (၁၉၈၄–၂၀၀၃)အတွင်း အရပ်မျက်နှာ အသီးသီးတွင် ရှိနေသော **ဖုန်းရွှေ** စွမ်းအားများကို သိနိုင်ရန်မှာ အလယ်ကွက်တွင် ၇ ဂဏန်းကို ထည့်၍ ၈၊ ၉ တို့ကို ပတ်၍ ထည့်ရသည်။ ထိုနောက် ကျန်ရှိသော ၆ ကွက်တွင် လိုရှု အဆင်ပလင်နှင့်အညီ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့ကို ထည့်သွားရမည်။ နောက်ဆုံးတွင် အောက်ဖော်ပြပါ ကိုးကွက်ဇယား အသစ်တစ်ခုကို ရပြီး ထိုဇယားက သတ္တခေတ်အတွင်းရှိ **ဖုန်းရွှေ** အရှိန်ဩဇာကို ဖော်ပြပေ၏။

**ရုပ်ပုံ ၉။ သတ္တခေတ်အတွက် ဖုန်းရွှေ ဇယား**

| | | | | |
|---|---|---|---|---|
| | | တောင် | | |
| | ၆ | ၂ | ၄ | |
| အရှေ့ | ၅ | ၇ | ၉ | အနောက် |
| | ၁ | ၃ | ၈ | |
| | | မြောက် | | |

ဤကိုးကွက်ဇယားများကို နောကျေနေအောင် လေ့လာထားလျှင် အကျိုးနပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆောက်အအုံများအပေါ် သင့်ရောက်သော အရပ်မျက်နှာဆိုင်ရာ **ဖုန်းရွှေ** အရှိန်ဩဇာများကို ထောက်လှမ်းရန်အတွက် ထိုဇယားများသည် အခြေခံရာ ပစ္စည်းများ ဖြစ်ကြသောကြောင့်တည်း။ အဆောက်အအုံတစ်ခု၏ ခေတ်နှင့် အရပ်မျက်နှာကို သိရလျှင် အရပ်မျက်နှာ အဘက်ဘက်မှ သင့်ရောက်သော မတွေ့မထိနိုင်သည့်

စွမ်းအင်များကို ဖော်ပြသော ကိုးကွက်ဇယားများကို ကျွန်ုပ်တို့သည် တမုဟုတ်ချင်း ရေးဆွဲနိုင်ပါသည်။ ဤဟာကို အဆောက်အအုံ၏ ဖုန်းရွှေ၊ သို့မဟုတ် "ကြယ်ပျံ" ဇယားပင် ဖြစ်တော့သည်။ အကယ်၍ ကျွန်ုပ်တို့သည် နောက်တစ်ဆင့်တက်၍ နှစ်တစ်နှစ် သို့တည်းမဟုတ် လတစ်လ၏ အရပ်မျက်နှာဆိုင်ရာ အရှိန်အဝါများကို အဆောက်အအုံ၏ ကြယ်ပျံ ဇယားနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဂဏန်းများ သို့မဟုတ် ကြယ်ပျံများသည် တစ်ခုနှင့်တစ်ခု ဘယ်ပုံဘယ်နည်း အချင်းချင်းတုံ့ပြန်ထိခတ်ကြသည် ဆိုခြင်းကို မြင်တွေ့နိုင်မည်ဖြစ်၏။ ဤနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် အဆောက်အအုံတစ်ခု၏ ကံကြမ္မာနှင့် ရေ့ဖြစ်ရပ် များကို ဝေဖန်ပိုင်းခြား၍ ကြိုတင်ဟောပြောနိုင်မည် ဖြစ်ပေ၏။

**ဖုန်းရွှေ**၏ ဤမည်သော "ကြယ်ပျံအယူအဆဂိုဏ်း"၏ နည်းနာသည် ရှေးဟောင်း တရုတ်လူမျိုးတို့ ကောင်းစွာ လျှို့ဝှက်ထားသည့် အရာဖြစ်ခဲ့လေသည်။ ချင်မင်းဆက်တွင် ပြန်လည်ဖော်ထုတ်တွေ့ရှိခဲ့သည်တွင် ထိုမှစ၍ ယနေ့တိုင် **ဖုန်းရွှေ** ပါရဂူများအကြားတွင် အကျော်ကြားဆုံးနှင့် လက်တွေ့အကျဆုံး နည်းနာဖြစ်လာချေ၏။

နည်းနာကို လက်တွေ့သင်ယူရန်ကား မလွယ်ကူလှပါ။ သို့ရာတွင် စာဖတ်သူများသည် မိမိတို့၏စီးပွားကုန်သွယ်ရေး လုပ်ဆောင်ချက်များ၏ အကျိုးအမြတ် ရရှိမှုနှင့် စည်ပင်ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်အတွက် ထိုနောက်ခံသဘောတရားများကို စပ်ဟပ်သုံးစွဲနိုင်သည် ဖြစ်ရာ ထိုနည်းနာ၏ အလုပ်လုပ်ပုံကို နားလည်ရန် ကြိုးစားပါက အကျိုးဖြစ်ထွန်းသည်ကို တွေ့ကြရပေလိမ့်မည် ဖြစ်သတည်း။

## မန်နေဂျာများအတွက် မရှိမဖြစ်သော ဖုန်းရွှေနည်းနာများ

ပြီးခဲ့သောအခန်းတွင် ကျွန်ုပ်သည် **ဖုန်းရွှေ** ပညာဆိုင်ရာ စကားလုံးများစွာကို မိတ်ဆက်ပေးခဲ့ပြီးပါပြီ။ အချို့မှာ အတော်ပင် နာမ်ပိုင်းဆန်လှသဖြင့် ဆုပ်မိနားလည်နိုင်ဖို့ မလွယ်ကူလှပါချေ။ စာဖတ်သူများအနေဖြင့် ပို၍ ကောင်းစွာ နားလည်သဘောပေါက်စေရန် **ဖုန်းရွှေ**ကို ခွဲခြမ်းစိတ်ဖြာနိုင်ရေးအတွက် လက်တွေ့ လေ့ကျင့်ခန်းကို ဆောင်ရွက်နိုင်သည့် ကွင်းဆင်းခရီးကို ထွက်ကြပါစို့။

လူနေအိမ်တစ်ဆောင်၏ **ဖုန်းရွှေ**ကို စစ်ဆေးပေးရန် ပန်ကြားမှုကို လက်ခံရရှိပြီ ဆိုပါစို့။ ကွင်းဆင်းခရီးကို မထွက်မီ ပထမအဆင့်အနေဖြင့် နောက်ခံအကျိုးအကြောင်း အချက်အလက်များကို စုဆောင်းရမည် ဖြစ်ပါသည်။ **ဖုန်းရွှေ** ပညာကို ကျင့်သုံးနေသူ အနေဖြင့် သိဖို့လိုအပ်သော သတင်းအချက်အလက်တစ်ရပ်သည်ကား အဆောက်အအုံ၏ ခေတ်ဖြစ်သည်။ ပြီးခဲ့သည့် အခန်းတွင်ဖော်ပြခဲ့သလိုပင် အချိန်ကာလကို အနှစ် ၂၀ စီ ပါဝင်သော ခေတ်များဖြင့် ပိုင်းခြားထား၏။ ဥပမာအားဖြင့် အဆောက်အအုံ တစ်ခုသည် ၁၉၆၄ ခုမှ ၁၉၈၃ (အပါအဝင်) ကာလအတွင်းတွင် ဆောက်လုပ်ပြီးစီးသည် ဆိုလျှင် ဆဋ္ဌခေတ်အဆောက်အအုံဟု ခေါ်ဝေါ်၏။ ထိုအဆောက်အအုံ၏ **ဖုန်းရွှေ** အရှိန်ဩဇာသည် ထိုခေတ်မတိုင်မီနှင့် ထိုခေတ်နောက်ပိုင်းတွင် ဆောက်လုပ်ပြီးစီးသော အဆောက်အအုံနှင့် တစ်နေရာတည်းတွင် တည်၍ အရပ်မျက်နှာ တစ်ဖက်တည်းသို့ မျက်နှာမူသော အခြား အဆောက်အဦ၏ အရှိန်ဩဇာနှင့် လုံးဝကွဲပြား ခြားနားသည်။

ထုံးစံအားဖြင့် လိုအပ်သော နောက်အချက်အလက် တစ်ခုသည်ကား ထိုအိမ်တွင် နေထိုင်သူများ၏ မွေးဖွားမှုဆိုင်ရာ အချက်အလက်များပင် ဖြစ်လေသည်။ ဤအချက်အလက်များကို နည်းမျိုးစုံတွင် သုံးရသည်၊ ရှေးဦးစွာ မတူသော နှစ်များတွင် မွေးဖွားကြသူများသည် မတူသော **ဖုန်းရွှေ** အရှိန်အဝါများကို လက်ခံရရှိကြပေရာ အိမ်တွင်နေထိုင်သူ များ၏ မွေးဖွားမှုအချက်အလက်များနှင့် အိမ်မျက်နှာမူရာ အရပ်မျက်နှာနှင့် **ဖုန်းရွှေ** ဝိရောဓိတွေ ရှိနေမည်လား ဆိုသည်ကို စိစစ်ပိုင်းဖြတ်ရန် လိုအပ်လေပေ၏။ ဒုတိယအဆင့်အနေဖြင့် နေအိမ်မွမ်းမံပြင်ဆင်မှုများတွင် အကောင်းဆုံးသော အရောင်စီမံချက်ကို ရွေးချယ်ရေးတွင် မွေးဖွားမှု အချက်အလက်များသည် အထောက်အကူ ပြုလေသည်။ ထို့ပြင် နေထိုင်သူများ အတွက် အသင့်လျော်ဆုံး အိပ်ရာနေရာ ရွေးချယ်မှုတွင်လည်း အသုံးပြုရပေသည်။ ယင်းသို့ အိပ်ရာနေရာ ရွေးချယ်ရေးတွင် စင်စစ်သော်ကား **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ဟူသော နည်းနာကို ကိုင်တွယ်ခြင်းပင် ဖြစ်၏။ အိမ်နှင့်လည်းကောင်း၊ နေထိုင်သူများနှင့်လည်းကောင်း ပတ်သက်သော အချက်အလက်များကို စုဆောင်းခြင်းအပြင် ယခုကဲ့သို့ **ဖုန်းရွှေ** စစ်ဆေးမှုကို ပြုလုပ်ပေးပါရန် ပန်ကြားခြင်း၌ အထူးအကြောင်းများ ရှိပါက ကာယကံရှင်သည် ထိုအကြောင်းများကို **ဖုန်းရွှေ** ဆရာအား ပြောပြထားရပါမည်။ သို့မှသာ ဆရာသည် ပြဿနာရှိသော နေရာများကို အာရုံ စိုက်နိုင်မည်ဖြစ်ပေ၏။

## ဖုန်းရွှေကွင်းဆင်းလုပ်ငန်းအတွက်ကိရိယာတန်ဆာပလာများ

ကွင်းဆင်းခြင်းမပြုလုပ်မီ လိုအပ်သော လက်နက်ကိရိယာများကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ကြပါဦးမည်။ **ဖုန်းရွှေ** ကွင်းဆင်းလုပ်ငန်းအတွက် များများစားစားတော့ မလိုအပ်လှပါ။ မရှိမဖြစ် အလိုအပ်ဆုံး ပစ္စည်းသော်ကား "လိုပန်"ဟု ခေါ်သော တရုတ် **ဖုန်းရွှေ** အရပ်မျက်နှာညွှန်း ကိရိယာပင်ဖြစ်၏။ လွယ်လွယ်ပြောရလျှင် ထိုကိရိယာမှာ အရပ်မျက်နှာကို တိုင်းတာရန် သံလိုက်အိမ်မြှောင်ပါသည့် ကွန်ပါပင် ဖြစ်၏။ သို့ရာတွင် အရပ်မျက်နှာညွှန်း သာမန် ကွန်ပါများနှင့်မတူပါ။ လိုပန်တွင်များပြားစွာသော စက်ဝိုင်း အထပ်ထပ်ပါ၏။ စက်ဝိုင်းများအသီးသီးတွင် ရှုပ်ထွေးသော တြိဂံရေခါများ၊ ကြယ်တာရာများ၊ မိုးကောင်းကင်ပင်စည်များ၊ မြေပထဗျာ အကိုင်းအခက်များနှင့် ဂဏန်းတွေပါရှိလေသည်။ အမြင်တွင် ရှုပ်ထွေးခြင်းကြောင့်တော့ စိတ်မပျက်သွားပါနှင့်။ များသောအားဖြင့် ထိုသရုပ်သင်္ကေတများကို သင်္ချိုင်းဂူနေရာရွေးချယ်ခြင်းအတွက်သော်လည်းကောင်း၊ **ယင်** အိမ်များ ရွေးချယ်ခြင်းအတွက်သော်လည်းကောင်း ထိုကိစ္စများအတွက်သာ သုံးစွဲရပါသည်။ **ယန်း** အိမ်များ(လူနေရန်အတွက်အိမ်များ) ၏ ဖုန်းရွှေကို စစ်ဆေးရန်မှာ စတင်လုပ်ဆောင်သော လက်သင်များအတွက်ဆိုလျှင် တောင်၂၄ လုံးဟုခေါ်သော စက်ဝိုင်းကိုသာ ကျွမ်းကျင်ဖို့ လိုပေသည်။ ဤစက်ဝိုင်းမှာ ဒီဂရီ ၃၆၀ကို ၂၄ ပိုင်းခွဲထားပြီး ၁ ပိုင်းလျှင် ၁၅ ဒီဂရီစီ ရှိပေ၏။

## ရုပ်ပုံ ၁၀။ လိုပန်အရပ်မျက်နှာညွှန်း ကိရိယာ၏ တောင် ၂၄ လုံး




အရပ်မျက်နှာညွှန်း ကိရိယာအပြင် ကျွန်ုပ်သည်"နှစ်တစ်ထောင်ပြက္ခဒိန်" အမည်ရှိ စာအုပ်လေးကိုလည်း သယ်ဆောင်သွားလေ့ရှိပါသည်။ ဤစာအုပ်ကို အနောက်တိုင်း ပြက္ခဒိန်ကို တရုတ်ပြက္ခဒိန်သို့ ပြောင်းလဲတွက်ချက်ရာတွင် အသုံးပြုရပါသည်။ အခြားသော တိုင်းတာရေးကိရိယာကိုလည်း အသုံးပြုရပါသေး၏။ ကြမ်းပြင်ပုံစံများကို စကေးကိုက် ရေးဆွဲနိုင်ရန် အိမ်၏အလျားအနံ စသော အတိုင်းအတာများကို တိုင်းတာရေးတွင် အသုံးပြုသည့် "ဆောနစ်ရူလာ"[၂၄] ဟုခေါ်သည့် တိုင်းတာရေးကိရိယာပင်ဖြစ်သည်။

---

၂၄ = Sonic Ruler

**အရပ်မျက်နှာများကိုပြဋ္ဌာန်းခြင်း**

ပြီးခဲ့သောအခန်းတွင် **ဖုန်းရွှေ**တွင် ရုပ်ပတ်ဝန်းကျင်နှင့် မတွေ့ထိနိုင်သည့် အရှိန်ဩဇာများဟူ၍ မျက်နှာစာ နှစ်ခုရှိကြောင်းကို ကျွန်ုပ် အလေးအနက်ပြု ပြောကြားခဲ့ပြီးပါပြီ။ အဆောက်အအုံတစ်ခုကို စစ်ဆေးရာတွင် ပထမအဆင့်မှာမြေနေရာကို လှည့်ပတ် သွားလာ၍ ရုပ်ပတ်ဝန်းကျင်ကို ကြည့်ရှုပြီးသော် အရပ်မျက်နှာများကို ပြဋ္ဌာန်းရန်ပင် ဖြစ်လေသည်။ အဆောက်အအုံ၏ အရပ်မျက်နှာကို ပိုင်းဖြတ်ရန်မှာ လွန်စွာအရေးကြီးလှ၏။ ဤဟာသည် အဆောက်အအုံ၏ **ဖုန်းရွှေ** ကားချပ်ရေးဆွဲရာတွင် မလွဲမသွေ လိုအပ်သော ခြေလှမ်းဖြစ်သောကြောင့်တည်း။ ဤအဆင့်တွင် အမှားပါသွားခဲ့သော် **ဖုန်းရွှေ စစ်ဆေးမှုကြီး** တစ်ခုလုံး တန်ဖိုးမရှိ အလကားဖြစ်သွားနိုင်ရုံမက ပို၍ဆိုးသည်မှာ တလွဲဆီသို့ ဆောင်ကြဉ်း သွားဖွယ်ရာလည်း အကြောင်းရှိပေ၏။ ရှေးအခါများကဆိုလျှင် အဆောက်အအုံ တစ်ခုကို အရှေ့အနောက် ပြဋ္ဌာန်းရလွယ်ကူ၏။ ရှေးအခါက အဆောက်အအုံများမှာ လေးထောင့်ရှည်မျောမျောတွေ ဖြစ်ကြသောကြောင့် ဖြစ်လေသည်။ ထိုခေတ်အခါက အဆောက်အအုံများတွင် ရှေ့ဝင်ပေါက်သည် အိမ်မျက်နှာမူရာ အရပ်မျက်နှာ ဖြစ်တတ်ပါ၏။ သို့သော်ငြားလည်း ခေတ်ပေါ်အဆောက်အအုံများသည် အထူးသဖြင့် မိုးထိအဆောက်အအုံများသည် အလွန်ပင် ထုံးစံမဟုတ်သည့် ပုံပန်းများဖြင့် ရှိကြပေရာ ဘယ်ဟာ အိမ်ရှေ့၊ ဘယ်ဟာ အိမ်နောက်ဟူ၍ ပြဋ္ဌာန်းသတ်မှတ်ရန်အတွက် အတော်ပင် ကျွမ်းကျင်သော ဆုံးဖြတ်ချက် လိုအပ်ပေ၏။ ကောင်းမွန်မှန်ကန်စွာဆုံးဖြတ်နိုင်ရန်မှာ နှစ်ပေါင်းများစွာသော အတွေ့အကြုံနှင့် ခိုင်မာသော စာတွေ့ အခြေခံတို့ လိုအပ်လေသည်။


အဆောက်အအုံ၏ အရပ်မျက်နှာကို ပြဋ္ဌာန်းပြီးသောအခါတွင် ကျွန်ုပ်တို့သည် အရပ်မျက်နှာဆိုင်ရာ လိုအပ်ချက်များကို တိကျမှန်ကန်စွာတိုင်းတာနိုင်ရန်အတွက် **လိုပန်**ကို အသုံးပြုရပါသည်။ တိုင်းတာရာတွင် ကျွန်ုပ်သည် အဆောက်အအုံဆီမှ ဝေးနိုင်သလောက် ဝေးစွာတွင် မတ်တတ်ရပ်ရန် ထာဝစဉ်ကြိုးစားခဲ့၏။ ထို့ပြင်ရှေ့ကကွယ်နေသည့် အရာတွေမရှိသည့် ဟင်းလင်းပြင်နေရာကို ရှာသည်။ အဘယ်ကြောင့်ဆိုသော် ထုထည်ကြီးမားသော အဆောက်အအုံကြီး ခံနေလျှင်သော် လည်းကောင်း၊ အနီးအပါးတွင် သတ္တုပစ္စည်းတွေ ရှိနေလျှင်သော်လည်းကောင်း၊ အရပ်မျက်နှာညွှန်းကိရိယာမှ သံလိုက်အိမ်မြှောင်ကို ထိခိုက်စေမည်ဖြစ်၍ လွဲမှားစွာ ဖတ်ရှုမိခြင်းကို ဖြစ်စေနိုင်ပါ၏။ ဤအကြောင်းများကြောင့်ပင် အိမ်တွင်းသို့ ဝင်၍ အရပ်မျက်နှာညွှန်းကွန်ပါကို ကြည့်ခြင်းမှာလည်း မယုံကြည်လောက်ပါ။ အိမ်ထောင်ပရိဘောဂများနှင့် ယာယီတပ်ဆင် ပစ္စည်းများကလည်း နှောင့်ယှက်မှုကို ဖြစ်စေနိုင်ပါ၏။ အိမ်ခေတ်နှင့် အရပ်မျက်နှာပြဋ္ဌာန်းချက်များ ကိုအသုံးပြုခြင်းဖြင့် ယခုဆိုလျှင် ကျွန်ုပ်တို့သည် **ဖုန်းရွှေ** ကားချပ်ကို ဆွဲနိုင်ပြီ ဖြစ်၏။ ယင်း**ဖုန်းရွှေ**ကားချပ်ကား အဆောက်အအုံ အနေဖြင့် အရပ်မျက်နှာတိုင်းမှ ရရှိမည့် အရှိန်ဩဇာများကို ဖော်ပြသော

ကိုးကွက်ဖယားပင် ဖြစ်လေ၏။ ဤပမာဏ လုပ်ငန်းများ ပြီးစီးသည့်နောက်တွင် ကျွန်ုပ်တို့သည် အဆောက်အအုံအတွင်းမှ အထပ်ကို စစ်ဆေးရန် အဆင်သင့်ဖြစ်နေပါချေပြီ။

**အတွင်းဘက်ကို စစ်ဆေးခြင်း**

အထပ်ထဲသို့ ဝင်လိုက်မိသည်ဆိုလျှင် ဤအထပ်သည် အဆောက်အအုံ၏ မည်သည့် အပိုင်းဖြစ်၍ မည်သည့် အရပ်မျက်နှာနှင့် ဆက်သွယ်လျက်ရှိသည်ကို သိအောင်လုပ်ရမည် ဖြစ်၏။ ထိုနောက်တွင်မှ အကွက်ရိုက်ထားပုံကိုသိရန်နှင့် ကြမ်းပြင်အနေအထားပုံကို ရေးဆွဲရန်အတွက် အထပ်တစ်ခုလုံးကို စစ်ဆေးနိုင်ပေပြီ။ ရုပ်ပုံ ၁၁ နှင့် ရုပ်ပုံ ၁၂ တို့သည် နမူနာ အထပ်တစ်ခု၏ ကြမ်းပြင်အနေအထားပုံနှင့် ထိုအထပ်နှင့် ဆီလျော်သော **ဖုန်းရွှေ** ကားချပ်တို့ ဖြစ်ကြပြီး ထိုကားချပ်က အရပ်မျက်နှာဆိုင်ရာ အရှိန်သြဇာများကို ဖော်ပြလေသည်။ အလယ်ကွက်က နံပါတ်ကြီးသည် ၆ ဖြစ်၍ ဤအဆောက်အအုံသည် ဆဋ္ဌခေတ် (၁၉၆၄ မှ ၁၉၈၃ နှစ်ကုန်အထိ) အတွင်း တည်ဆောက်ထားကြောင်းကို ဖော်ပြနေသည်။ အကွက်တိုင်းတွင်ရှိသည့် သေးငယ်သော ဂဏန်းကလေးများ တစ်စုံ တစ်စုံသည် **ဖုန်းရွှေ** အရှိန်အဝါများ ဖြစ်ကြ၍ ယင်းတို့ကို အများအားဖြင့် "ကြယ်ပုံများ" ဟုခေါ်ဝေါ်ကြသည်။ လက်ဝဲဘက်က ဂဏန်းများသည် "တောင်ကြယ်များ" (Mountain Star) ဟုခေါ်သည်။ ယင်းတို့သည် လူတို့၏ ကြီးပွားဖွံ့ဖြိုးမှု သို့တည်းမဟုတ် ကျန်းမာရေးကို ဖော်ပြသည်။ လက်ျာဘက်က ဂဏန်းကလေးများကို "ရေကြယ်များ" (Water Stars) ဟုခေါ်၍ ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးမှုကို စိုးမိုးကြ၏။

**ရုပ်ပုံ ၁၁။ နမူနာအထပ်၏ ကြမ်းပြင်အနေအထားပုံ**



ရုပ်ပုံ ၁၂။ နမူနာအထပ်၏ ဖုန်းရွှေကားချပ်

နတ

| | | |
|---|---|---|
| ၈ ၂<br>၅ | ၄ ၇<br>၁ | ၆ ၉<br>၃ |
| ၇ ၁<br>၄ | ၉ ၃<br>၆ | ၂ ၅<br>၈ |
| ၃ ၆<br>၉ | ၅ ၈<br>၂ | ၁ ၄<br>၇ |

ရမ

တစ်ဘက်တွင် ကြမ်းပြင်အနေအထားပုံကိုထား၍ အခြားတစ်ဘက်တွင် အဆောက်အအုံ၏ **ဖုန်းရွှေ** ကားချပ်ကိုထားကာ **ဖုန်းရွှေ**ပညာ ကျွမ်းကျင်သူသည် အဆောက်အအုံ တစ်ခုလုံး၏ ကောင်းကျိုး မျက်နှာစာနှင့် ဆိုးကျိုးမျက်နှာစာ ဟူသည်တို့ကိုလည်းကောင်း အဆောက်အအုံ၏ ပတ်ဝန်းကျင်နှင့် မထိကိုင်နိုင်သော စွမ်းအားများသည် ငွေရေးကြေးရေး ဆိုင်ရာ ဖွံ့ဖြိုးမှု၊ လူဆိုင်ရာ ဖွံ့ဖြိုးမှုတို့အပေါ် မည်ပုံ သင့်ရောက်နိုင်သည်တို့ကိုလည်းကောင်း၊ စတင်၍ ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ပေတော့သည်။ အဆောက်အအုံ၏ **ဖုန်းရွှေ**ကိုပင် အတွင်းက အထပ်၏ **ဖုန်းရွှေ** ဖွံ့ဖြိုးမှုကို ဖော်ပြရန်အတွက် စပ်ဟပ်သုံးစွဲနိုင်ပါ၏။ မှတ်သားရန် လိုအပ်သောအချက်သော်ကား အဓိကဖြစ်သော ဝင်ထွက်ပေါက်၏ ထားသိုရာ နေရာပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အလုံးစုံသော အကောင်းအဆိုးအရှိန်သြဇာများသည် ရှေ့ပေါက်မှဝင်ကြသောကြောင့်ဖြစ်ပေ၏။ ထိုဟာနှင့် ထပ်တူထပ်မျှ အရေးကြီးသည်ကား အဓိကဖြစ်သော အကြီးဆုံးအိပ်ခန်း တည်နေရာပင်ဖြစ်သည် အိမ်သားများ၏ ကျန်းမာရေးနှင့် ကြီးပွားရေးတို့အပေါ်များစွာ အကျိုးသက်ရောက်မှု ရှိသောကြောင့်ပင် ဖြစ်ပါ၏။

ဥပမာအားဖြင့်– ရပ်ပုံ ၁၁ မှ အဓိက ဝင်ထွက်ပေါက်သည် အရှေ့မြောက် (ရမ) အရပ်တွင် တည်ရှိသည်။ ဆီလျော်ရာ **ဖုန်းရွှေ** ကားချပ်တွင် ဤနေရာ၌ ၃ နှင့် ၆ ဂဏာန်းများရှိသည်။ အဓိပ္ပာယ်သည်ကား ဤအိမ်၏ ရှေ့ပေါက် သည် ဤကြယ်နှစ်ခုက ကိုယ်စားပြုသော **ဖုန်းရွှေ** စွမ်းအားတို့၏ အရှိန်ဩဇာက ခြယ်လှယ်သည်ကို ခံရမည် ဟူပေ၏။ ဝင်ထွက်ပေါက်သည် တက်ကြွလှုပ်ရှားမှု ရွေ့လျားမှုစီးဆင်းမှုဒေသ၏ တည်နေရာ ဖြစ်သည်နှင့်အညီ အဓိကအလေးအနက် ပြုရမည်မှာ ရေကြယ်ဖြစ်၍ ယခုကိစ္စရပ်တွင် ၆ ဖြစ်၏။ ဤကြယ်သည် လွန်ခဲ့သည့် ဆဋ္ဌခေတ်နှင့် သက်ဆိုင်၏။ ယခု ကျွန်ုပ်တို့သည် သတ္တခေတ်တွင် ရောက်နေသည်ဖြစ်သဖြင့် ဤကြယ်သည် မှေးမှိန်သွားသော ဖွံ့ဖြိုးမှုကို သရုပ်မှုသည် ဖြစ်သောကြောင့် ကောင်းကျိုးပြုသော ကြယ်တစ်ခု မဟုတ်ပါ။ ဤဝင်ထွက် ပေါက်သည် ငွေရေးကြေးရေး ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေရန်အတွက် ကောင်းမွန်သော နေရာယူမှု ဖြစ်မလာချေ။

ကြယ်ပျံကားချပ်တွင်ပါသော သေးငယ်သည့် ဂဏာန်းများမှာ ရေကြယ်များနှင့် တောင်ကြယ်များဖြစ်ကြပေရာ အိမ်၏ တည်ရှိရာနေရာ အသီးသီးပေါ်သို့ ကျရောက်သည့် အထူးထူး အထွေထွေသော **ဖုန်းရွှေ** အရှိန်ဩဇာများ၏ သရုပ်သင်္ကေတများဖြစ်ကြလေ သည်။ ဂဏာန်းတစ်ခုချင်းသည် ယီကျင်းကျမ်း၏ တြိရေခါများမှ အခြေခံအားဖြင့် ဆင်းသက် လာသော လေးနက်သည့် အနက်အဓိပ္ပာယ်ကို ဆောင်ပေ၏။ ကိုးကွက် ကြယ်ပျံ ကားချပ်တွင် အရပ်မျက်နှာ တစ်ခုတွင်ရှိနေသော ဂဏာန်းများကို စစ်ဆေးကြည့်ရှု ခြင်းဖြင့် ကားချပ်မှ လေးထောင့်ကွက်တစ်ခုက ကိုယ်စားပြုသည့် အိမ်၏ အစိတ်အပိုင်းတွင် ဖွံ့ဖြိုးမှု၊ သို့တည်းမဟုတ် ဘေးသင့်မှု ဒီဂရီတို့ကို ထိုးထွင်း သိမြင်နိုင်ပေ၏။ ဤသေး ငယ်သော ဂဏာန်းကလေးများကို မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုရေးမှာ အိမ်တစ်ဆောင်ကို **ဖုန်းရွှေ** ပညာဖြင့် ခွဲခြမ်းစိတ်ဖြာရေးတွင် မရှိမဖြစ် လိုအပ်လေသည်။ တစ်ဘက်စာမျက်နှာပေါ် ဇယားက အိမ်တစ်ဆောင်ဆောင်၏ ကြယ်ပျံကားချပ်တွင်ရှိသော ယင်းသို့သော ဂဏာန်း တစ်ခုစီ၏ ဆိုလိုချက်ကို အကျဉ်းချုပ်၍ ဖော်ပြလျက် ရှိပေတော့သည်။

| ဂဏန်း | တြိရေခါ | ဓာတ် | ပုဂ္ဂိုလ် | အရာဝတ္ထု | ကိုယ်ခန္ဓာ | သက်ရောက်မှု |
|---|---|---|---|---|---|---|
| ၁ | ☵ | ရေ | သက်လတ်ပိုင်း ယောကျ်ား | ငွေ၊ ဥမင် သွေး | နား ကျောက်ကပ် | ပညာသင်ကြား မှုဆိုင်ရာကိစ္စများ |
| ၂ | ☷ | မြေ | သူအိုမိန်းမ | မြေကြီး နွားထီး | နှာခေါင်း အစာအိမ် | ဖျားနာခြင်း |
| ၃ | ☳ | သစ်သား | သားကြီး သြရသ | မိုးကြိုး | ခြေထောက် ဆံပင် အသည်း | အမျက်ဒေါသ |
| ၄ | ☴ | သစ်သား | အကြီးဆုံး သမီး | လေ။ ကြိုး | တင်ပါး လည်ပင်း | ချစ်ခြင်းမေတ္တာ ကာမတဏှာ |
| ၅ | - | မြေ | - | Shar | - | ကံဆိုးခြင်း အဆီးအတားများ |
| ၆ | ☰ | သတ္တု | သူအိုယောကျ်ား | မိုးကောင်းကင် | ဦးခေါင်း အဆုတ် | အတိတ်ကဖွံ့ဖြိုးမှု တရားဥပဒေ ရေးရာကိစ္စများ |
| ၇ | ☱ | သတ္တု | မိန်းမငယ် | ရေကန် | ပါးစပ် | ပစ္စုပ္ပန် ဖွံ့ဖြိုးမှု |
| ၈ | ☶ | မြေ | ယောကျ်ားငယ် | တောင် | လက် | ရောက်လာခါနီး ဖွံ့ဖြိုးမှု |
| ၉ | ☲ | မီး | သက်လတ်ပိုင်း မိန်းမ | အလှအပ | မျက်လုံး နှလုံး | အနာဂတ် ဖွံ့ဖြိုးမှု |

တော်သော **ဖုန်းရွှေ** ပညာ ကျွမ်းကျင်သူများသည် အထပ်ပိုင်းတစ်ခုတွင် ရှိသမျှ အခိုကအခန်းများ၏ တည်နေရာပေါ်တွင်လည်းကောင်း၊ ခုတင်များ၊ စားပွဲများ မီးဖိုများ၊ ရုပ်မြင်သံကြားစက်များ၊ တယ်လီဖုန်းများ စသော အရေးကြီးသည့် ပရိဘောဂများနှင့်

အလှဆင်ပစ္စည်းများ တည်နေရာပေါ်တွင်လည်းကောင်း၊ စေ့စေ့စပ်စပ် ဝေဖန်မှတ်ချက် ပြုမည်။ ထို့ပြင် ကြမ်းပြင်ပေါ်မှ အခင်းအကျင်းအရာဝတ္ထုတို့၏ တည်နေပုံ ဟူသည်တို့က အိမ်၏ကြီးပွားဖွံ့ဖြိုးမှုကို မည်သို့မည်ပုံ အကျိုးသက်ရောက်စေသည် ဆိုခြင်းကို အသေးစိတ် ရှင်းလင်းပြောပြမည် ဖြစ်ပေသည်။ အိမ်တွင်းဘက် မွမ်းမံ ပြင်ဆင်မှုအပြင် အပြင်ဘက် ပတ်ဝန်းကျင်ကလည်း သင်၏ နေအိမ်ကို မည်သို့မည်ပုံ အကျိုးသက်ရောက်စေမည်ဆိုခြင်း ကိုလည်း ရှင်းလင်း ပြလိမ့်မည်။ ဤအချက်အလက်များသည် အိမ်သားများ၏ မွေးဖွားမှု အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာမှုနှင့် တွဲစပ်ညှိနှိုင်းသွားခြင်းဖြင့် ရရှိခြင်း ဖြစ်၏။ သူ၏ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုက အိမ်သား များ၏ ဤအိမ်နှင့် အပ်စပ်ဆီလျော်မှု ရှိ–မရှိ ဆိုခြင်းနှင့် မွမ်းမံ ပြင်ဆင်မှုများ အသွေးအရောင်များနှင့် ဆီလျော်အပ်စပ်မှု ရှိ–မရှိတို့ကိုလည်း ပိုင်းဖြတ်ပေးသွားမည် ဖြစ်လေသည်။

**တက်ကြွလှုပ်ရှားနေသော အရှိန်ဩဇာများ**

**ဖုန်းရွှေ**၏ အရှိန်ဩဇာတို့သည် အချိန်ကာလအလိုက် ပြောင်းလဲနေသည် ဖြစ်ရာ **ဖုန်းရွှေ** အတိတ်ကောက်ခြင်းသည် ထာဝစဉ် တက်ကြွလှုပ်ရှားနေသည်ဟု ကျွန်ုပ် အလေးအနက်ပြု၍ အထပ်ထပ် ပြောကြားခဲ့ပါပြီ။ ဤသို့ဖြင့် **ဖုန်းရွှေ**သည် အနာဂတ်လ အနည်းငယ်အထိ ကာမိအောင် ကြည့်ရှုပြီး အိမ်သားများအား မည်သို့မည်ပုံ အသင့်ပြင် ထားရမည် ဆိုသည်ကို ပြောပြထားပါလိမ့်မည်။ ဥပမာအားဖြင့် အကယ်၍ အမင်္ဂလာဖြစ်သော အဝါရောင် ကြယ်နံပါတ် ၅ သည် လတစ်လအတွင်းတွင် အရှေ့ပေါက်သို့ ဆိုက်ရောက် လာမည်ဟု မျှော်လင့်ရသည်ဆိုလျှင် ပညာရှင်က အိမ့်ရှင်အား ထိုလသို့ ရောက်လျှင် ဆိုးရွားသော အရှိန်ဩဇာကို ချေဖျက်ရန်အလို့ငှာ လေတိုက်လျှင်သံစုံမြည်သော ဆည်းလည်း ကိရိယာကို ချိတ်ဆွဲထားဖို့ ပြောကြားမည် ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဥပမာသာဓကကို ပြန်ကောက်ရလျှင် ရုပ်ပုံ ၁၂တွင် ပြထားသော **ဖုန်းရွှေ** ကားချပ်သည် အဆောက်အအုံပေါ်သို့ ကျရောက်သော မလှုပ်မရှား တည်ငြိမ်သည့် **ဖုန်းရွှေ** အရှိန်ဩဇာကိုသာ ပြခြင်းဖြစ်ပေ၏။ နှစ်အလိုက် လအလိုက် ထို့မှမက နေ့အလိုက်ပင်လျှင် ဖြစ်သော **ဖုန်းရွှေ** အရှိန်ဩဇာများရှိသေးသည်။ ထိုဟာများသည် အဆောက်အအုံ၏ တည်ငြိမ်နေသော **ဖုန်းရွှေ**ကားချပ်ဖြင့် အပြန်အလှန် ထိခတ်ကြသည်တွင် ဖြစ်ရပ်များသည် အကျိုးဆက်အနေဖြင့် ပေါ်ပေါက်လာကြရလေသည်။ ဤသို့သော နှစ်အလိုက်၊ လအလိုက်၊ နေ့အလိုက်ဖြစ်သော **ဖုန်းရွှေ** စွမ်းအားများ (ဝါ) ကြယ်ပျံ များသည် နောက်ဆုံးပြီးခဲ့သော အခန်းတွင် ဆွေးနွေးခဲ့သည့် လိုရှုပုံဖော်ချက်မှ အဆင်ပလင် အတိုင်း ရွေ့လျားကြသည်ဖြစ်ရာ ကိုးကွက်ကားချပ်တွင်လည်း ဖော်ပြ၍ရပေ၏။ ရုပ်ပုံ ၁၃က ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် အရှိန်ဩဇာများကို ထင်ဟပ်နေသည့် ယင်းသို့သော ကြယ်ပျံကားချပ်ကို ပြသနေလေသည်။

## ရုပ်ပုံ ၁၃။ ၁၉၉၂၊ နိဝင်ဘာလ အတွက် ကြယ်ပျံကားချပ်

| | | |
|---|---|---|
| ၁<br>၇ | ၆<br>၃ | ၈<br>၅ |
| ၉<br>၆ | ၈<br>၈ | ၁<br>၁ |
| ၅<br>၂ | ၇<br>၄ | ၃<br>၉ |

ဤလအလိုက် ကြယ်ကားချပ်ကို အဆောက်အအုံ၏ တည်ငြိမ်နေသော **ဖုန်းရွေ** ကားချပ်ပေါ်တွင် ထပ်၍ တင်ကြည့် လိုက်ခြင်းအားဖြင့် နှစ်အလိုက် ကြယ် ၂ (နံပါတ်ကြီး) နှင့် လအလိုက် ကြယ် ၅ (နံပါတ်သေး) တို့သည် ၁၉၉၂ ခု နိုဝင်ဘာလတွင် အရှေ့မြောက် ဒေသသို့ ရောက်ရှိကြောင်း တွေ့နိုင်ပေ၏။ ဤနေရာသည် အိမ်ခန်း၏ အဓိက ဝင်ထွက်ပေါက် တည်နေရာ ဖြစ်လေသည်။ ကြယ် ၅ သည် ဘေးဒုက္ခကို သရုပ်ဆောင်ပြီး၊ ကြယ် ၂ သည် ဖျားနာခြင်းကို သရုပ်ဆောင်သည်ဖြစ်ရာ ဤအိမ်ခန်း၏ အိမ်ထောင်ဦးစီးသည် ထိုနှစ် နိုဝင်ဘာလတွင် ဆေးရုံတက်ရသည်ဟု သိရခြင်းအတွက် အံ့သြစရာ မရှိပါချေ။

အိမ်က ပြန်လည် မထွက်ခွာမီ **ဖုန်းရွေ** ကျွမ်းကျင်သူသည် အိမ်နှင့်ပတ်သက်သည့် သူ၏ အမြင်များကို ပြောမည်ဖြစ်ပြီး အနာဂတ် ကြီးပွားဖွံ့ဖြိုးမှုကို ခြိမ်းခြောက်ချက်များကို ဖယ်ရှားပစ်ရန် ဘာတွေလုပ်ကိုင်သင့်ကြောင်းကိုလည်း နည်းညွှန်သွားမည် ဖြစ်ပေသည်။ ကြမ်းပြင်အနေအထားပုံကို စကေးကိုက် ရေးဆွဲနိုင်ရန် အိမ်၏ အတိုင်းအတာများကို အတိအကျ ယူခြင်းသည် ကျွန်ုပ်လုပ်နေကျအလုပ် ဖြစ်ပါ၏။ ဤသို့ ပြုလုပ်ခြင်းသည် အိမ်၏ မည်သည့်အပိုင်းသည် မည်သည့် အရပ်မျက်နှာဆိုင်ရာ **ဖုန်းရွေ** အရှိန်သြဇာ အောက်သို့ကျရောက်သည် ဆိုခြင်းကို အတည်ပြုရန်အတွက် လိုအပ်လှပေ၏။ ကြမ်းပြင် အနေအထားပုံကို ပုံကြမ်းအားဖြင့်သာ ရေးဆွဲထားခြင်းသည် အသေးစိတ် အဓိပ္ပာယ် ဖော်ထုတ် ကောက်ယူဖို့ရန်အတွက် မတိကျ မမှန်ကန်တတ်ချေ။

နောက်ဆုံးအဆင့်သည်ကား အလုပ်အပ်နှံသူအတွက် ပြည့်စုံသော အစီရင်ခံချက် ဟောစာတမ်းကို ရေးသားပေးခြင်းပင် ဖြစ်ပါ၏။ ထိုအထဲတွင် ဝေဖန်ဆုံးဖြတ်ချက်များ ရှင်းလင်း ဖော်ပြချက်များကို ပုံများနှင့်တစ်ကွ ယတြာများကိုပါ မှတ်တမ်းတင်

ရေးသားထားရပါသည်။ တစ်ဖန် ဤဟာသည် တကယ်ပင်လိုအပ်သော အဆင့်ဟူ၍ ကျွန်ုပ်ယူဆပါသည်။ ဤသို့ရေးပေးခြင်းသည် အလုပ်အပ်နှံသူအား မည်သည့် ပြောင်းလဲမှုများ လိုအပ်ကြောင်းကို ပြတ်သားသော လမ်းညွှန်ချက်များကိုသာ ပေးနှင်းသည် မဟုတ်သေး။ **ဖုန်းရွှေ** ဆရာအတွက်လည်း နောင်တွင် ဤအလုပ်အပ်နှံသူပင် ထပ်မံလာရောက်၍ ဆက်လက်လုပ်ကိုင်စရာများကို ပန်ကြားလာသည်ရှိသော် ယခင်ကလုပ်စရာတွေ ပေးအပ်ထားခဲ့ခြင်းများနှင့် ပတ်သက်၍ ပြည့်စုံသော မှတ်တမ်းဖြစ်စေပါလိမ့်မည်။

ယခုလောက်ဆိုလျှင် **ဖုန်းရွှေ** ဆိုသည်မှာ ဘာလဲဆိုခြင်းနှင့် လုပ်ငန်း အပ်နှံလာသည့်အခါ **ဖုန်းရွှေ** ဆရာသည် ဘာလုပ်ရမည်ဆိုခြင်းနှင့် ပတ်သက်၍ ယေဘုယျသဘောကိုတော့ ရလောက်ပါပြီ၊ အကယ်၍ စာဖတ်သူသည် လုပ်နည်းကိုင်နည်းမျက်နှာစာများထဲသို့ နက်ရှိုင်းစွာဝင်ရောက်ပြီး မိမိဘာသာ စမ်းသပ် လုပ်ကိုင်ကြည့်ချင်သည် ဆိုလျှင်ကား **ဖုန်းရွှေ** ကားချပ်များကို မည်သို့ဆွဲရမည်။ ကြယ်များကို မည်သို့ အဓိပ္ပာယ်ကောက်ရမည်ဆိုခြင်းတို့နှင့် ပတ်သက်သည့် ပညာသည် လိုအပ်ပါ၏။ ဤကားချပ်များစီစဉ်ရေးဆွဲသည့်ဖော်နည်းလုပ်နည်းကားများကို ဤစာအုပ်၏ အဆုံးတွင် နောက်ဆက်တွဲအဖြစ် တင်ပြထားပါ၏။ ထိုတင်ပြချက်များသည် စာဖတ်သူများကို ခေတ်တိုင်းက အဆောက်အဦများအတွက် ကားချပ်များကို ရေးဆွဲစေနိုင်မည် ဖြစ်ပေ၏။

ဤကားချပ်များကို သင့်လျော်မှန်ကန်စွာ အဓိပ္ပာယ်ကောက်ယူရန်ကား ပိုမိုနက်နက်တတ်ကျွမ်းမှုနှင့် အတွေ့အကြုံသည် လိုအပ်ပါ၏။ ဤအရေးအတွက် နောက်လာမည့်အခန်းများတွင် တကယ့်သဘာဝမှ သာဓကများကို ထုတ်ပြ၍ သင်တို့အား ကျွန်ုပ်ဦးဆောင်သယ်ယူသွားခြင်းဖြင့် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ဤစာအုပ်၏ အဆုံးတွင် အိမ်တစ်ဆောင်၏ **ဖုန်းရွှေ** ကို ဝေဖန်ပိုင်းဖြတ်ရန် လိုအပ်သော အလွှန်တရာ လိုအပ်လှသော အဆင့် ၁၇ ခုကို စာရင်းထုတ်ဖော်ပြထားသည့် နောက်ဆက်တွဲ နောက်တစ်ခု ပါရှိသေးပါ၏။ ဤလုပ်ကိုင်စရာ အဆင့်များကို စာဖတ်သူများ ကျွမ်းကျင်သွားပါလျှင် ကျွန်ုပ်တို့သည် စီးပွားကုန်သွယ်ရေး ပတ်ဝန်းကျင်သို့ ရွှေ့ပြောင်းဆည်းပူးကြပါမည်။ သို့မှသာ ကျွန်ုပ်တို့၏ စီးပွားရေး ဖွံ့ဖြိုးမှုကို တိုးမြင့်စေအောင် ဆိုခြင်းနှင့် ဆိုးရွားသော **ဖုန်းရွှေ** အရှိန်သြဇာဘေးများကို ရှောင်ရှားနိုင်အောင် ကျွန်ုပ်တို့သည် ဤ**ဖုန်းရွှေ** လက်နက်ကိရိယာများကို မည်သို့အားဖြင့် အပြည့်အဝ သုံးစွဲနိုင်မည် ဆိုခြင်းကို နားလည်လာကြမည် ဖြစ်ပါသည်။

## စီးပွားဖွံ့ဖြိုးဖွယ်ရှိသော ရုံးအဆောက်အအုံကို ရွေးချယ်ခြင်း

စီးပွားကုန်သွယ်ရေးများတွင် **ဖုန်းရွှေ** နောက်ခံသဘောတရားများကို အသုံးအဝင်ဆုံး စပ်ဟပ်သုံးစွဲခြင်းသည်ကား စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်အလို့ငှာ စီးပွားရေးဆိုင်ရာ အဆောက်အအုံနေရာကို ရွေးချယ်ခြင်းနှင့် အတွင်းပိုင်းစီစဉ် ထားရှိမှုတို့တွင် သုံးစွဲခြင်းပင် ဖြစ်ပေ၏။ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်္ကာပူတို့မှ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဆောက်အအုံများစွာတို့သည် **ဖုန်းရွှေ** ပညာရှင်များ၏ ပါဝင်ပူးပေါင်းမှုဖြင့် ပုံစံပြုလုပ်ထားသည်ဖြစ်ပြီး အရှေ့တိုင်းမှ ထင်ရှားသော အဖွဲ့အစည်း အချို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် သူတို့၏ ရုံးအဆောက်အအုံများ၌ ကောင်းမွန်သော **ဖုန်းရွှေ** ပုံစံပြုလုပ်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။

### ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ် အဆောက်အအုံ

ဟောင်ကောင်မြို့တွင် အထင်ရှားဆုံးသော သာကေမှာ ဗဟိုခရိုင်တွင် တည်ရှိသော နာမည်ကြီး ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ် အဆောက်အအုံပင် ဖြစ်လေတော့၏။ ထိုအဆောက်အအုံ တည်နေရာမှာ ဝိတိုရိယ တောင်ထွတ်၏ နဂါးဂူနေရာဟု ယုံကြည်ထားကြသည်။ တရုတ်လူမျိုးများက တောင်တန်းများသည် နဂါးများနှင့် တူကြပြီး အလွန်ပင် အားကောင်းသော သဘာဝစွမ်းအားများ ရှိကြကာ နဂါးဂူဆိုသည်မှာလည်း နဂါး၏ ကောင်းကျိုးပေးသော စွမ်းအားအစိုင်အခဲကြီး စုစည်းတည်ရှိရာ နေရာကို ဆိုလိုလေသည်။ ဤသို့သော ဂူပေါ်တွင် ထိုင်ထားသည့် ဟောင်ကောင်ဘဏ် အဆောက်အအုံသည် သူ၏ ဖွံ့ဖြိုးမှုကို တိုးမြှင့်ရန်အတွက် သဘာဝစွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိပေ၏။ နဂါးဂူသည် ပတ်ပတ်လည်မှ တောတောင်ရေမြေနှင့် ပတ်ဝန်းကျင်၏ အထူးအနေအထား


ကိုလည်း လိုအပ်သေးသည်။ သို့မှသာလျှင် ကောင်းကျိုးပြုသော စွမ်းအားများကို ခံယူနိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက ကောင်းသော အရှိန်သြဇာသည် လျင်မြန်စွာ ကွဲပြားလွင့်ပျောက်သွားမည်သာ ဖြစ်ပါ၏။

ဤအချက်နှင့် ပတ်သက်သော် **ဟောင်ကောင်ဘဏ်** တည်နေရာသည် အထက်ပါ လိုအပ်သည့် စံပြုအခြေခံများနှင့် ညီညွတ်စေသော အစောင့်အရှောက်၊ အကာအကွယ်များကို ရရှိထားလေသည်။ လက်ဝဲဘက်နှင့် လကျာဘက်တို့တွင် **စတင်းဒတ်ချာတာဘဏ် အဆောက်အအုံ**နှင့် ဟောင်းနေပြီဖြစ်သော **တရုတ်နိုင်ငံဘဏ် အဆောက်အအုံ**တို့ တည်ရှိကြလေရာ နဂါး၏လက်မောင်းနှင့် ကျား၏လက်မောင်း(အဓိပ္ပာယ်မှာ ဘယ်ရော ညာရော တွင် အစောင့်အရှောက်များ ရှိနေသည်ဟု ဆိုလို၏) ဟူ၍ အသီးသီး တည်ရှိနေသည်။ **ဟောင်ကောင်ဘဏ်** ၏ ရှေ့တွင် **ရပ်တုပန်းခြံ** ရှိ၍ ထိုပန်းခြံကို ထွန်းလင်းတောက်ပသော ခန်းမဆောင်ဟု ခေါ်ဝေါ်သည်။ ဆိုလိုသည်ကား ကောင်းကျိုးပြုသော စွမ်းအားများကို ဆောင်ယူထားသည်ဟူ၏။ **ရပ်တုပန်းခြံ** ၏ အလွန်တွင် **စတားကူးတို့ဆိပ်တံတား** နှင့် **မြို့တော်ခန်းမအဆောက်အအုံ**တို့သည် အကာအကွယ် ဒိုင်းများသဖွယ်ရှိနေကြ၏။ **ဖုန်းရွှေ** စွမ်းအားများကို ရပ်တန့်စေပြီး စုစည်းနိုင်ရန်အတွက် အရေးကြီးသော စံပြုအခြေခံအချက်ကား ရေဖြစ်သည်။ ကျော်ကြားလှသော ရှေးထုံးစကားတစ်ရပ်ရှိသည်။ "သဘာဝ စွမ်းအားများသည် လေဖြင့် ကွဲပြားလွင့်ပျောက်သွားမည်ဖြစ်သော်လည်း ရေ၏ အစပ်တွင် ရပ်တန့်ကြသည်" ဟူ၏။ ဤကိစ္စတွင် ဘဏ်၏ အရှေ့တွင်ရှိသော **ဗိတိုရိယဆိပ်ကမ်း**သည် လိုအပ်ချက်ကို အတိအကျ ဖြည့်ဆည်းပေးချေသည်။


ထို့ကြောင့် ဟောင်ကောင်ဘဏ်သည် စံပြုဖြစ်သော **ဖုန်းရွှေ** ပတ်ဝန်းကျင်ကို အကျိုးခံစားနေလေတော့၏။ သို့ရာတွင် လွန်ခဲ့သည့်အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကောင်းမွန်သော ရပ်ဝတ္ထုပတ်ဝန်းကျင်သက်သက်က ကောင်းသော **ဖုန်းရွှေ**ကို အာမခံချက် မပေးနိုင်ပါ။ ကိုင်တွယ် ထိတွေ့ခြင်း မပြုနိုင်သည့် စွမ်းအားများကိုလည်း ကြည့်ရှုရန် လိုအပ်ပါသည်။ ကိုင်တွယ်ထိတွေ့ခြင်း မပြုနိုင်သည့် စွမ်းအားများ၏ အရှိန်သြဇာကို တန်ဖိုးဖြတ်ရန်မှာ ဟောင်ကောင်ဘဏ် အဆောက်အအုံ၏ အရပ်မျက်နှာတို့ကို စီစစ်ရန်နှင့် အဆောက်အအုံ၏ ခေတ်ကို သတ်မှတ်ရန် လိုအပ်လေသည်။ ဤမည်သော အချက်အလက်နှစ်ရပ်အားဖြင့် ကျွန်ုပ်တို့သည် အရပ်မျက်နှာ အားလုံးမှလာသော အဓိက **ဖုန်းရွှေ** အရှိန်သြဇာများကို ဖော်ပြသော **ဖုန်းရွှေ**ကားချပ်ကို ရေးဆွဲနိုင်မည်ဖြစ်ပေ၏။

လက်ရှိ ဟောင်ကောင်ဘဏ် အအောက်အအုံသည် ၁၉၈၄ ခုနှစ် နောက်ဘက်တွင် ဆောက်လုပ်ပြီးစီးသည်။ သို့ဖြစ်၍ **သတ္တခေတ်** အဆောက်အအုံ ဖြစ်လေတော့သည်။ တောင်မြောက်အရပ်မျက်အတိုင်းတည်သည်။ အောက်ဖော်ပြပါ ကားချပ်က အဆောက်အအုံ၏ အရပ်မျက်နှာ တစ်ခုစီကို သက်ရောက်သည့် ကိုင်တွယ်၍ မရသော စွမ်းအားများကို ဖော်ပြပေ၏။

ရုပ်ပုံ ၁၄။ ဟောင်ကောင်ဘဏ်၏ ဖုန်းရွှေပတ်ဝန်းကျင်




ရုပ်ပုံ ၁၅။ ဟောင်ကောင်ဘဏ်၏ ဖုန်းရွှေကားချပ်



ကားချပ်၏ လေးထောင့်ကွက်တိုင်းသည် အရပ်မျက်နှာကို ကိုယ်စားပြု၏။ အဆောက်အအုံ၏ အရှေ့မျက်နှာစာသည် မြောက်ဘက်သို့ လှည့်၏။ ထို့ကြောင့် အရှေ့မျက်နှာစာသည် **"မ"**ဟု အမှတ်အသားပြုထားသည့် နောက်ဆုံး အကွက်ကို ကိုယ်စားပြုပါသည်။ ဤအကွက်တွင် ဂဏန်း သုံးခု ရှိပါသည်။ လက်ျာဘက်က ဂဏန်းအသေး ၇ သည် ရေကြယ်ကို ကိုယ်စားပြု၍ ငွေကြေးဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်စေပါသည်။ လက်ဝဲဘက်က ဂဏန်းအသေး ၇ သည် တောင်ကြယ်ကို ကိုယ်စားပြု၍ လူပုဂ္ဂိုလ်ဖွံ့ဖြိုးမှုနှင့် အတိုင်အဖောက် ညီညွတ်မှုကို အကျဉ်းသက်ရောက်စေပါသည်။ ဂဏန်းကြီး ၃ သည် သတ္တခေတ်မှ ဆင်းသက်လာခြင်းဖြစ်၍ ယခုအဆင့်တွင် သိပ်ပြီး အရေးမကြီးလှသေးပါ။

ဤ **ဖုန်းရွှေ** ကားချပ်များကို အဓိပ္ပာယ်ကောက်ယူ ဖော်ထုတ်ရေးတွင် အဓိကဖြစ်သော နောက်ခံသဘောတရားကြီး နှစ်ခုကို စိတ်ထဲတွင် ထာဝစဉ် ထားရပါမည်။ ပထမတွင် ကျွန်ုပ်တို့သည် ၁၉၈၄ မှ ၂၀၀၃ အတွင်းဖြစ်သော **သတ္တခေတ်**တွင် ရောက်ရှိနေသည်ဖြစ်ရာ အကျိုးအဖြစ်ထွန်းဆုံးသော ဂဏန်းမှာ ၇ ဖြစ်သည်။ ဒုတိယအကောင်းဆုံးဂဏန်းသည်၈ ဖြစ်သည်။ ၈ ဟူသည်မှာ နောက်ကကပ်လျက်လာသော ခေတ်ဖြစ်သောကြောင့်တည်း။ ၉ ဂဏန်းကား တတိယအကောင်းဆုံး ဖြစ်ပါ၏။ ထိုအခြင်းအရာကိုထောက်၍ ၇ ထက်ငယ်သော ဂဏန်းများသည် မကောင်းသော ဂဏန်းများဖြစ်သည်။ လွန်သွားပြီဖြစ်သော ခေတ်များကို ကိုယ်စားပြုသောကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုဂဏန်းများသည် ဆိုးရွားသော အရှိန်ဩဇာများ ဖြစ်ကြကုန်သည်။ သို့ဖြစ်ရကား **ဖုန်းရွှေ** ကားချပ်ကို အဓိပ္ပာယ်ဖော်ထုတ် ကောက်ယူ သောအခါ ပထမဆုံးအဆင့်ကား ဂဏန်းငယ် ၇နှင့် ဂဏန်းငယ် ၈ တို့ဘယ်မှာရှိနေကြသည်ကို ကြည့်ရှုရန် ဖြစ်ပါသည်။ ယခုဖော်ပြထားသော ကားချပ်တွင် ၇ နှစ်လုံးနှင့် ၈ နှစ်လုံး ပါရှိနေ၏။ တစ်ခုက တောင်ကြယ်၊ တစ်ခုက ရေကြယ် ဖြစ်သောကြောင့်တည်း။ ကားချပ်၌ လက်ဝဲလက်ျာ နေရာယူမှုအပေါ်တွင်တည်၏။ ရေကြယ်သည် ငွေကြေးဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်၍ တောင်ကြယ်သည် လူပုဂ္ဂိုလ်၏ ကျန်းမာရေးနှင့် အတိုင်အဖောက် ညီညွတ်မှုတို့ကို အကျိုးသက်ရောက်၏။ ယခု ကျွန်ုပ်တို့၏ ဟောင်ကောင်ဘဏ်သာဓကတွင် ရေကြယ် ၇ ကော၊ တောင်ကြယ် ၇ ပါ နှစ်ခုစလုံးသည် မြောက်ဘက်တွင်ရှိပြီး ရေကြယ် ၈ သည် တောင်ဘက်တွင်လည်းကောင်း၊ တောင်ကြယ် ၈သည် အနောက်တောင်ဘက်တွင်လည်းကောင်း ရှိနေကြလေသည်။

ဒုတိယအဆင့်တွင်ကား ဤကောင်းကျိုးပြုသော တောင်ကြယ်များနှင့် ရေကြယ်များတည်ရှိရာများကို တကယ့် ရုပ်ဝတ္ထုပတ်ဝန်းကျင်နှင့် နှိုင်းယှဉ်ကြည့်ရန်ပင် ဖြစ်ပေ၏။ ကောင်းကျိုးပြုသော ကြယ်များဖြစ်ကြသည့် ၇ နှင့် ၈ တို့ရှိကြသည့် နေရာဒေသ၏ အသွင်အပြင်တို့ကို စစ်ဆေးကြရပေမည်။ ကောင်းကျိုးပြုသော ကြယ်များက ကောင်းကျိုး

ပေးနိုင်စေရန်မှာ တောင်ကြယ်သည် တောင်ပေါ်တွင် ရှိရမည် ဖြစ်ပြီး ရေကြယ်သည် ရေတွင်ရှိရပေလိမ့်မည်ဆိုခြင်းကို မှတ်သားထားရာ၏။ ခေတ်မီမြို့တော်များတွင် တောင်များနှင့် ရေများသည် ထာဝစဉ် တည်နေနိုင်ခြင်း မရှိရကား တောင်ဟူသော စကားရပ်သည် အဆောက်အအုံများ မြင့်မားသော တည်ဆောက်မှုကြီးများ၊ မြေမြင့်များ ဆိတ်ငြိမ်၍ ပတ်လည်ကာရံထားသည့် အခန်း ဟူသည်တို့ကိုပါ ခြုံငုံကြောင်းနှင့် အဓိပ္ပာယ် သက်ရောက်မှုကို ဆန့်ထုတ် ကြရပေမည်။ ရေအတွက်လည်း ထိုစကားသည် နိမ့်သော မြေပြင်၊ ပန်းခြံ၊ လမ်းစသော ဟင်းလင်းပြင်များ။ ရွေ့လျားရာ ဒေသများဖြစ်သောထွက်ဝင်ပေါက်၊ တံခါးပေါက်တို့နှင့် လှုပ်ရှားမှုရှိရာ ဧည့်ခန်း၊ အစည်းအဝေးခန်း စသော နေရာများကိုပါ ခြုံငုံထားရပါမည်။ အကယ်၍ ရေကြယ်များဖြစ်ကြသော ၇ နှင့် ၈ တို့ကို ဝင်ထွက်ပေါက် သို့တည်းမဟုတ် ဟင်းလင်းပြင်တွင် တွေ့ရပါမူ ထိုကြယ်များက ငွေကြေးဖွံ့ဖြိုးမှုတို့ကို တိုးမြှင့်ပေးကြပါလိမ့်မည်။ ထိုနည်းတူပင် တောင်ကြယ်များ ဖြစ်ကြသည့် ၇ နှင့် ၈ တို့ကို မြင့်မားသော အဆောက်အအုံများရှိရာဘက်တွင် တွေ့ရလျှင် ထိုကြယ်များက လူပုဂ္ဂိုလ်တို့၏ အတိုင်အဖောက် ညီညွတ်မှုကို တိုးမြှင့်ပေးပါလိမ့်မည်။

ဤအသိပညာတည်းဟူသော လက်နက်ဖြင့် တပ်ဆင်အပ်သည် ဖြစ်၍ ကျွန်ုပ်တို့သည် ဟောင်ကောင်ဘဏ်၏ **ဖုန်းရွှေ** ကားချပ်ကို စစ်ဆေးကြည့်ရှုကြပါစို့။ ရေကြယ် ၇ ကို မြောက်ဘက်တွင် တွေ့ရရာ အဆောက်အအုံ၏ မျက်နှာစာပင် တိတိကျကျ ဖြစ်နေ၏။ အဆောက်အအုံ၏ အရှေ့တွင် ဝင်ထွက်ပေါက်၊ ရုပ်တုပန်းခြံ၊ ဘုရင်မလမ်းနှင့် ဝိတိုရိယဆိပ်ကမ်းတို့ရှိရာ အားလုံးမှာ "ရေ" ပရိယာယ်တွင် အကျုံးဝင်နေတော့သည်။ ထို့အပြင် ဘဏ်အတွက် ငွေကြေးဖွံ့ဖြိုးမှုသည် သေချာနေ၏။ ကောင်းကျိုးပြုသော နောက်ထပ်ရေကြယ် ၈ ကို တောင်ဘက်တွင် တွေ့ရသည်။ ထိုနေရာတွင် ဘဏ်၏ နောက်ဘက် ဝင်ထွက်ပေါက်နှင့် လမ်း တစ်လမ်းရှိနေသည်။ တစ်ဖန် ဤသည်ကလည်း ဖွံ့ဖြိုးမှုကို သတ္တခေတ်တွင်သာမဟုတ် အဋ္ဌခေတ်ဖြစ်သော နောက်အနှစ် ၂၀ ကျော်အထိ ပေးနေပေလိမ့်မည်။ ဤသို့ဖြင့် မြောက်ဘက်တွင် တစ်ပေါက်၊ တောင်ဘက်တွင် တစ်ပေါက်ရှိနေသော ဝင်ထွက်ပေါက် နှစ်ပေါက်သည် ဘဏ်အတွက် ဖွံ့ဖြိုးမှုကို အနည်းဆုံး သက္ကရာဇ် ၂၀၂၃ အဋ္ဌခေတ်၏အဆုံး အထိအာမခံချက်ပေးနေကြပါသည်။

ကိုင်း- တောင်ကြယ်များကို ကြည့်ကြပါဦးစို့။ တောင်ကြယ် ၇ သည်မြောက်ဘက်တွင်ရှိရာ ထိုဘက်တွင် မြင့်မားသော အဆောက်အအုံများမရှိပါ။ ထို့ကြောင့် လူပုဂ္ဂိုလ်တို့၏ အတိုင်အဖောက် ညီညွတ်မှုသည် ငွေကြေးဖွံ့ဖြိုးမှုလောက် မကောင်းသော ဖော်ပြချက်ဖြစ်၏။ သို့သော်ငြားလည်း ဝိတိုရိယဆိပ်ကမ်းကို လွန်သွားသော် **ကောင်းလွန်** ဘက်တွင် မြင့်မားသော တောင်များရှိရာ အပြစ်အနာအဆာကို ကုသပေးရာ ရောက်လေသည်။ တောင်ကြယ် ၈ ကို အနောက်ဘက်တွင် တွေ့ရပေရာ အနောက်တောင်ဘက်တွင် မြင့်မားသော အဆောက်အအုံများနှင့် ဝိတိုရိယတောင်ထွတ် ရှိနေသည်ကို တွေ့ရသည်။ သို့ဖြစ်၍

သက္ကရာဇ် ၂၀၀၃ အလွန် အဌခေတ်တွင် ဤဘဏ်၌ လူပုဂ္ဂိုလ်တို့ စိတ်ဓာတ် ညီညွတ်မှု ပိုမိုကောင်းမွန်လာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်နိုင်ပေသည်။

အထက်ဖော်ပြချက်သည် ရုံးအဆောက်အအုံတစ်ခု၏ ဖွံ့ဖြိုးမှုကို မည်သို့မည်ပုံ ဝေဖန်ပိုင်းခြားရမည် ဆိုခြင်းအတွက် လွယ်ကူသောဥပမာသာဓက ကလေးတစ်ခု ဖြစ်ပါ၏။ စီးပွားကုန်သွယ်ရေး လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်ရန်အတွက် ရုံးခန်းနေရာကို သော်လည်းကောင်း၊ ဆိုင်ခန်းနေရာကိုသော်လည်းကောင်း၊ မည်သည့်နေရာတွင် ဝယ်ယူလျှင် အကျိုးဖြစ်ထွန်း မည်ကို သိရှိရန်အတွက် ဤဟာသည် ပထမခြေလှမ်းပင်ဖြစ်ပါ၏။ သို့ရာတွင် စာဖတ်သူများကို သတိပေးရပါဦးမည်။ ခေတ်ပေါ် အဆောက်အဦများသည် အခန်းပေါင်းများစွာ အထပ်ပေါင်းများစွာကို ခွဲခြားထားရှိပေရာ တစ်ဦးပိုင်သည် အတွင်းဘက် စီစဉ်ထားရှိမှုကို ကြိုက်သလို ပြုလုပ်ထား၏။ ထို့ကြောင့်ကောင်းကျိုးပေးသော အဆောက် အအုံ ဆိုလျှင် အထဲတွင်ရှိသမျှသော တစ်ဦးချင်းပိုင် အခန်းများ၊ အထပ်များ အားလုံးသည် အလိုအလျောက် ကောင်းကျိုးရသွား သည်ဟူ၍ အဓိပ္ပာယ် မသက်ရောက်ပါ။ ဟောင်ကောင် ဘဏ်၏ **ဖုန်းရွှေ** ကားချပ်တွင် တွေ့မြင်နိုင်သည့်အတိုင်းပင် သေးငယ်သော ၅ ဂဏန်း လေးများကို အရှေ့နှင့် အရှေ့မြောက်ဘက်တို့တွင် တွေ့ကြရသည်။ ဤဟာများသည် ဆိုးရွားသော **ဖုန်းရွှေ** အရှိန်သြဇာများ ဖြစ်ကြ၍ ဤထောင့်များတွင် ရုံးခန်းသာ ရှိခဲ့သော်၊ ကောင်းကျိုးပေးသော ကြယ်များဖြစ်ကြသည့် ၇ နှင့် ၈ တို့ကိုလည်း မြှင့်တင် ပေးရန် မစီစဉ်ဘူးဟုဆိုလျှင် ထိုအဆောက်အအုံကြီး၏ ဖွံ့ဖြိုးမှုကို ခွဲဝေရရှိနိုင်မည် မဟုတ်ချေ။ သို့ဖြစ်သည်နှင့်အညီ ကောင်းသော အဆောက်အအုံကိုသာ ရွေးချယ်ရသည် မဟုတ်၊ အဆောက်အအုံထဲက တစ်ဦးချင်းပိုင် နေရာများတွင်လည်း ကောင်းသည်ကို ရွေးချယ်ရန် လိုအပ်ပါသည်။ တစ်ဦးချင်းပိုင်က အဆောက်အအုံတစ်ခုလုံးထက်ပင် ပို၍ အရေးကြီးသေးတော့သည်။


အကယ်၍ သင်သည် လက်လီ ရောင်းသည့် လုပ်ငန်းကလေးကို လုပ်သည် ဖြစ်၍ သင်လိုသည်မှာ ရုံးခန်းမဟုတ်ဘဲ လက်လီဆိုင်ခန်းကလေးတစ်နေရာသာ လိုအပ်သည် မှန်သော်လည်း ကောင်းကျိုးပေးမည့် အဆောက်အအုံကို ရွေးချယ်ရန် လိုအပ်ပါ၏။ ဤကိစ္စရပ်တွင်ကား အဆောက်အအုံ၏ ဖွံ့ဖြိုးမှုသည် ဆိုင်ခန်းကလေးကိုလူကြိုက်များ ကျော်ကြားစေမှုကို သေချာပေါက် ပြုလုပ်ပေးပေလိမ့်မည်။

### ဖွံ့ဖြိုးမှုကိုလျော့ပါးစေသည့် ပုံသဏ္ဌာန်များ

အဆောက်အအုံ၏ ရုပ်ဝတ္ထုပတ်ဝန်းကျင်နှင့် ပတ်သက်၍ အခြားသော **ဖုန်းရွှေ** စဉ်းစားစရာတွေလည်း ရှိပါသေး၏။ အထူးပုံသဏ္ဌာန်များဖြင့် ဆောက်လုပ်ထားသော အချို့ဆောက်လုပ်မှုများသည် အဆောက်အအုံအတွက် ဆိုးဝါးသော အရှိန်သြဇာကို သယ်ဆောင်လာတတ်ပြီး အဆောက်အအုံ၏ ဖွံ့ဖြိုးမှုကို လျော့ပါးစေလေသည်။ ဤသို့သော

အရာဝတ္ထုများကို ရုပ်ဝတ္ထုဆိုင်ရာ **"ရှား"**[၂၅] များဟု ခေါ်၍ ရှောင်ကြဉ်နိုင်သလောက် ရှောင်ကြဉ် ကြရမည်။ အောက်ပါတို့သည် အတွေ့ရများသော ဥပမာအချို့ ဖြစ်လေသည်။

**ရုပ်ပုံ ၁၆။ ထက်သောအစွန်းရှိသည့် "ရှား"**



**ထက်သော ဦးချွန်ပါသော အရာဝတ္ထုများ ။** ။ ထက်သော အစွန်းများသည် အဆောက်အအုံကိုမျက်နှာပြုနေခြင်းသည် ရုပ်ဝတ္ထုဆိုင်ရာ **"ရှား"** (ဆိုးရွားသော ဖုန်းရွှေ အရှိန်သြဇာကို ဖြစ်စေသော အရာဝတ္ထု) တစ်ခုဟူ၍ ယူဆကြသည်။ ဟောင်ကောင်တွင် အငြင်းပွားနေကြသော အဆောက်အအုံမှာ **တရုတ်နိုင်ငံဘဏ် အဆောက်အအုံသစ်** ဖြစ်၏။ ပုံသဏ္ဍာန်မှာ တြိဂံပုံသဏ္ဍာန်ရှိ၍ အထက်ထပ်များပေါ်တွင် ထက်သောအစွန်းများ ရှိနေလေသည်။


**ကွေးနေသော ဓားသွား။** ။ လမ်းတစ်လျှောက်ဖြစ်စေ၊ နှစ်ထပ်လမ်းတစ်လမ်း ဖြစ်စေ၊ ကွေ့သွားသော အစွန်းသည် အဆောက်အအုံတစ်ခုကို မျက်နှာမူသည် ဆိုလျှင် ဆိုးရွားသော **ဖုန်းရွှေ**ဟူ၍ ယူဆကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ကွေးသွားသော ပုံသဏ္ဍာန်သည် အဆောက်အအုံထဲသို့ ဖြတ်ဝင်လာမည့် ဓားသွားကို သရုပ်ဆောင်

---

[၂၅] = Shars


သောကြောင့် ဖြစ်လေသည်။ သို့သော်ငြားလည်း လမ်းကွေ့သည် အဆောက်အအုံကို ဦးမတည်ဘဲ ပွေ့ပိုက်ရစ်ပတ်သွားသည် ဆိုလျှင်ကား ကောင်းကျိုးပြုသော အခင်းအကျင်း ဖြစ်လာရတော့သည်။

**ရုပ်ပုံ ၁၇။ ကွေးသောစားသွားဖြစ်သည့် "ရှား"**




**ပြားနေသောထိပ်။** ။ ပြတင်းက ပြူထွက်လိုက်လျှင် အနီးအနားက အဆောက်အအုံ၏ခေါင်မိုးသည် သင့်အထပ်နှင့် တစ်ညီတည်းဖြစ်နေလျှင်၊ ပြားနေသော ထိပ်ဖြစ်သည့် "ရှား"ဟုဆိုသည်။ ဤ "ရှား"နှင့်ပတ်သက်၍ ရှင်းပြချက် တစ်ခုသော်ကား ထိုအနီးအနားက အဆောက်အအုံထိပ်ဖျားတွင် လေကြောင်းသည် အားအကောင်းဆုံး ဖြစ်နေမည် ဖြစ်သောကြောင့်ဟုဆို၏။

**ရုပ်ပုံ ၁၈။ ထိပ်ပြား "ရှား"**




**မိုးပေါ်ကကြည့်လျှင် ပပ်ကြားအက်**။ ။ ဤအခင်းအကျင်းဖော်ပြနေပုံကား မြင့်မားသော အဆောက်အအုံကြီး နှစ်ခုယှဉ်နေ၍ ကြားတွင်ကျဉ်းမြောင်းသော လမ်းကလေးသာ ခြားခြင်း ဖြစ်၏။ ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်မှာ ကြီးမားသော အဆောက်အအုံကြီးများအကြားတွင် ကြီးမားသော ပပ်ကြားအက်ကြီးဖြစ်နေသည့် သဘောကို ဆောင်နေခြင်းဖြစ်သည်။ ရှင်းပြချက်မှာ အထက်ပါထိပ်ပြား "ရှား" မှာကဲ့သို့ပင် လေကြောင်းသည် "ပပ်ကြားအက်"ထဲတွင် အလွန်အားကောင်းနေမည့် သဘောပင်ဖြစ်ပေ၏။

ရုပ်ပုံ ၁၉။ မိုးပေါ်ကကြည့်လျှင်ပပ်ကြားအက်




**ချောင်းကြည့်နေသောအဆောက်အအုံ**။ ။ဤစကားပုံ၏ ဆိုလိုချက်မှာ တစ်ခုနှင့်တစ်ခု ရှေ့နောက်ဖြစ်နေသော ကပ်ယှဉ်နေသည့် အဆောက်အအုံနှစ်ခုကို ရည်ညွှန်းနေသည်။ နောက်ဘက်က အဆောက်အအုံသည် ရှေ့ကဟာထက် အနည်းငယ်ပိုမြင့်သည်။ သဘောမှာ လူတစ်ယောက်သည် နိမ့်သော အဆောက်အအုံနောက်တွင် ပုန်းနေပြီး သင့်ကို ချောင်းကြည့်နေပုံဖြစ်ရာ ခိုးဝှက်ခြင်းသရုပ်သင်္ကေတဖြစ်တော့သည်။

ရုပ်ပုံ ၂၀။ ချောင်းကြည့်ခြင်း“ရှား”




**ကျားခေါင်း။** ။အကယ်၍သင်သည် သင်၏ အဆောက်အအုံ ပြတင်းပေါက်အပြင်သို့ ကြည့်လျှင် သင့်ထက်နိမ့်သော အဆောက်အအုံများ၏ ခေါင်မိုးများပေါ်တွင် အခိုင်အမာ ဆောက်လုပ်ထားသည့် ဆောက်လုပ်ချက် အချို့ကို တွေ့နိုင်သည်။ ဤဟာများသည် ဓာတ်လှေခါး သို့တည်းမဟုတ် ရေလှောင်တိုင်ကီများကို အထောက်အပံ့ပြုသည့် ဆောက်လုပ်ချက်များ ဖြစ်သည်။ ခေါင်မိုးပေါ်ကျော်ထွက်နေသော ဤဟာများသည် ဆိုးရွားသော **ဖုန်းရွှေ** အရှိန်သြဇာများနှင့် ပေါင်းစပ်သွားလျှင် ကံကြမ္မာဆိုးများကို ဖြစ်ပေါ်စေတတ်သည် ဖြစ်၍ ကျားခေါင်းများဟု ခေါ်ဝေါ်လေသည်။

ရုပ်ပုံ ၂၁။ ကျားခေါင်း



**ဖော်မဲ့အဆောက်အအုံ။** ။ဤသို့သော အဆောက်အအုံမှာ ပတ်ဝန်းကျင်ထက်များစွာ မြင့်မားနေသော အဆောက်အအုံ ပင် ဖြစ်ပါသည်။ ယင်းသည် ကောင်းမွန်သော ဖော်ပြချက်မဟုတ်ပါ။ ပြင်းထန်သော လေ၏ ခြယ်လှယ်မှုကို ခံရပြီး အကာအကွယ်နည်းပါးလှသောကြောင့် ဖြစ်သည်။ ပမာအားဖြင့် တူညီသည်မှာ တောင်ထိပ်တွင် မတ်တတ်ရပ်နေသော ဖော်မဲ့ထီးတည်းဖြစ်နေသော လူတစ်ယောက်နှင့် တူနေသေးတော့၏။


ရုပ်ပုံ ၂၂။ **ဖော်မဲ့အဆောက်အအုံ**



**ရေကအောက်ခြေကိုဖြတ်ခြင်း။** ။ ပင်လယ်ပြင်နှင့် အဆောက်အအုံ အောက်ခြေ အကြားဝယ်နေရာလေး အနည်းငယ်သာရှိရုံ ရေစပ်နားတွင် ကပ်၍ ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ဤဟာသည် ကောင်းမွန်သော ဆောက် လုပ်ပုံအဆင်အပြင် မဟုတ်ပါ။ တောင်ထွတ်အစွန်းတွင် ဆောက်ထားသော အဆောက်အအုံသည်လည်း မကောင်းပါ။ ယင်းအဆောက်အအုံ နှစ်မျိုးစလုံးပင် အားကောင်းသော အခြေခံ ကင်းမဲ့ခြင်းကို သရုပ်ဖော်နေကြပေသည်။

**အထူးသဘာဝဖြင့်ဆောက်သော အဆောက်အအုံများ။** ။အထူးရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများသည် ပတ်ဝန်းကျင်မှ **ဖုန်းရွှေ**အပေါ်တွင် အကျိုးသက်ရောက်မှု အချို့ရှိနိုင်လေသည်။ အကျိုးသက်ရောက်မှုမှာ အဓိကအားဖြင့် အဆောက်အအုံ၏ သဘာဝကို လိုက်၍ သက်ရောက်၏။ ဥပမာအားဖြင့် ရဲစခန်းသည် လက်နက် များနှင့် ပြစ်မှုကျူးလွန်သူများရှိနေသဖြင့် အကြမ်းဖက်မှုနှင့် ဆက်စပ်နေသည်ဟု ဆိုကြသည်။ တစ်ဖက်တွင်မူ ဘုရားဝတ်ကျောင်း သည် ပတ်ဝန်းကျင်မှ ကောင်းသော အရှိန်သြဇာများကို သိမ်းငင်ယူသည်ဖြစ်ရာ အနီးအနားက အခြားသော အဆောက်အအုံများအတွက် ဖွံ့ဖြိုးမှုအနည်းငယ်သာ အနိုင်နိုင်ကျန်တတ်ပေ၏။ အကျဉ်းထောင်များ၊ ဆေးရုံများ၊

## ရုပ်ပုံ ၂၃။ ရေကအောက်ခြေကို ဖြတ်ခြင်း



အလောင်းပြင်ခန်းမများ၊ သင်္ချိုင်းများစသော အခြားသော အထူးနေရာ အကွက်အကွင်းများသည် ဝမ်းနည်းခြင်း ကံဆိုးမှု ကြုံရခြင်းဟူသည်တို့နှင့် ဆက်စပ်နေပြီး အနီးအနားတွင် နေထိုင်ရသည်မှာ ပျော်စရာဖြစ်နိုင်ဖို့ ခဲယဉ်းပေ၏။

ဤသည်တို့ကား အဆောက်အအုံတစ်ခု၏ ပတ်ဝန်းကျင်မှ ဝိသေသလက္ခဏာများထဲမှ အများကြုံရသည့် ဥပမာ သာဓကအချို့ဖြစ်သည်။ ကျွန်ုပ်တို့၏ စီးပွားကုန်သွယ်ရေးအတွက် အကောင်းဆုံးနေရာကို ရွေးချယ်သောအခါတွင် ထည့်သွင်းစဉ်းစားစရာများဖြစ်ပါ၏။ ဤဝတ္ထုဆိုင်ရာ 'ရှား' ( Shar)များအနက်မှ အချို့မှာ အစဉ်အလာ ယုံကြည်ချက်များဖြစ်၍ ထိုဟာများ၏ ဆိုးကျိုး သက်ရောက်မှုများကို ဝေဖန်ပိုင်းခြားရန်သော်လည်းကောင်း သက်သေပြသရန်သော်လည်းကောင်း ခက်ခဲလှပါ၏။ သို့သော်ငြားလည်း အထက်တွင် ကျွန်ုပ် အလေးအနက် ပြောခဲ့သလိုပင် ကြမ္မာဆိုး တစ်ခုဖြစ်ပေါ်စေရန်မှာ ရုပ်ဝတ္ထုဆိုင်ရာ 'ရှား'နှင့် ကိုင်တွယ်ထိတွေ့မရသော စွမ်းအားများအနက်မှ ဆိုးရွားသော စွမ်းအားတို့ စွမ်းအားတို့ ပူးတွဲပေါင်းစပ်မှသာ ဖြစ်နိုင်ပေသည်။ ဥပမာဆိုရသော် အကယ်၍ အရှေ့အရပ်က သင်၏ အဆောက်အအုံ ပြတင်းပေါက်သည် အနီးအနားက တရုတ်နိုင်ငံဘဏ်၏ ချွန်ထက်သော အစွန်းစောင်းကို မျက်နှာမူနေသည်ဆိုလျှင် ဤဟာသည် ဆိုးရွားသော အကျိုးသက်ရောက်မှုကို ဖြစ်စေတော့မည်ဟု ချက်ချင်းကောက်ချက်မချနိုင်ပါ။ သင့်အိမ်၏ **ဖုန်းရွှေ** ကားချပ်ကို ရှေးဦးစွာ စစ်ဆေးကြည့်ရပါမည်။ အကယ်၍ အရှေ့အရပ်အကွက်မှာ တောင်ကြယ် ၇ ဂဏန်းရှိနေလျှင် ပူစရာမလိုတော့ပါ။ မြင့်မားသော ဘဏ်အဆောက်အအုံသည် သင့်အခန်း၏ ဖွံ့ဖြိုးမှုကို တိုးမြှင့်ပေး မည်ဖြစ်သောကြောင့်တည်း။ တစ်ဘက်တွင်မူ အရှေ့မှ တောင်ကြယ်သည် ၅ ဂဏန်းဖြစ်သည်ဆိုလျှင် သင်သည် ပြဿနာနှင့် ကြုံတွေ့ရပေလိမ့်မည်။

## ကောင်းမွန်သော ရုံးခန်းရွေးချယ်ရေးအတွက် သော့ချက်ဖြစ်သော ကြယ်ပျံများ

အကျိုးဖြစ်ထွန်းစေမည့် နေရာဒေသတွင် ကောင်းမွန်သော ရုံးအဆောက်အအုံကို ရွေးချယ်ပြီးစီးကြပြီ ဆိုပါစို့။ နောက်လုပ်ရမည့် အလုပ်ကား အဆောက်အအုံထဲတွင် အကောင်းဆုံး တစ်ဦးချင်းပိုင် ရုံးခန်းကို ရှာဖွေရန်ဖြစ်ပါ၏။ ကောင်းမွန်သော တစ်ဦးချင်းပိုင် ရုံးအလုပ်ခန်းကို ရွေးချယ်ရခြင်းမှာ ကောင်းမွန်သော နေအိမ်ရွေးချယ်ရသည်နှင့် တူပါ၏။ အလေးအနက်ထားသော အချက်များတွင်သာ ကွဲလွဲသလိုလို ရှိပါသည်။ ရုံးခန်း၏ ဦးတည်ချက်မှာ အမြတ်အစွန်း ဖြစ်ဖို့ ဖြစ်ရာ အလေးအနက်ပြုချက်မှာ ငွေကြေးမျက်နှာစာသာ ဖြစ်၏။ နေအိမ်အတွက်သော်ကား လူများကျန်းမာရေးနှင့် ညီညီညွတ်ညွတ် သင့်သင့်တင့်တင့် နေထိုင်နိုင်ရေးက အလေးချိန်ပို၍ ယူလေ့ရှိပါသည်။

လွန်ခဲ့သည့်အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကောင်းသောအဆောက်အအုံကို ရွေးချယ်ပြီးစီးသွားသောအခါ ကျွန်ုပ်တို့သည် ထိုအဆောက်အအုံ၏ **ဖုန်းရွှေ** ကားချပ်ကို ရေးဆွဲထားရမည်။ နောက်အဆင့်သော်ကား တစ်ထပ်ချင်းသို့မဟုတ် တစ်ဦးချင်းပိုင်နက်ချင်း တို့တွင် အတွင်းဘက်စီစဉ် ထားသိုမှုများသည် ဖွံ့ဖြိုးမှုကို တိုးမြှင့်ပေးနိုင်၊ မပေးနိုင်ကို သိရရန် ထို**ဖုန်းရွှေ** ကားချပ်ကို စပ်ဟပ်အသုံးပြုရမည် ဖြစ်လေသည်။ ရေကြယ်များသည် ငွေကြေးဖွံ့ဖြိုးမှုကို စိုးမိုးသည်ဖြစ်ရာ ကောင်းသော ရုံးလုပ်ငန်း၏ ကြိုတင်လိုအပ်ချက်မှာ ဝင်ထွက်ပေါက်နှင့် ဧည့်ခံနေရာများသည် ကောင်းကျိုးပြုသော ရေကြယ်များဖြစ်သည့် ၇ နှင့်၈ ဂဏန်းတို့ရှိနေသည့်ဘက်တွင် ရှိရပေမည်။ အကယ်၍ ရေကြယ်များ ဖြစ်ကြသော ၇နှင့် ၈ ဂဏန်းတို့ကို ဝင်ထွက်ပေါက်တွင် မရဘူးထားဦး။ အနည်းဆုံးတော့ ပြတင်းပေါက် များ ရှိရာတွင်တော့ ရှိနေစေရမည်။ သို့မှသာ တစ်ဦးချင်းပိုင် ရုံးအလုပ်ခန်းအား ဖွံ့ဖြိုး မှုကို ပေးနှင်းနိုင်မည် ဖြစ်ပေ၏။

ဥပမာအားဖြင့်ဆိုရလျှင် လွန်ခဲ့သည့် အခန်းတွင် ဥဒါဟရဏ်ပြထားသော **ဖုန်းရွှေ** ကားချပ်ဖြင့်ပင် ဟောင်ကောင် ဘဏ်အဆောက်အအုံထဲတွင် ရုံးခန်းနေရာကို ရွေးချယ်ကြမည်ဆိုပါစို့။ ကောင်းကျိုးပြုသော ရေကြယ် ၇ သည်မြောက်ဘက် တွင်ရှိ၍ ရုပ်တုပန်းခြံနှင့် ဝိတိုရိယ သဘော်ဆိပ်ကို မျက်နှာမူထားပေရာ နောက်ခံသဘောတရားအရဆိုသော် ဤသို့သော အဆောက်အအုံမျိုးတွင် ရုံးအလုပ်ခန်းကို ရွေးချယ်ရန် အကောင်းဆုံးမှာ ဝင်ထွက်ပေါက် မြောက်ဘက်တွင် ရှိသည့်နေရာကို ရွေးချယ်မည် ဖြစ်၏။ သို့သော်ငြားလည်း ဤသို့သော ရုံးအလုပ်ခန်းအတွက် အပြစ်အနာအဆာမှာ ဝင်ထွက်ပေါက်သည် မြောက်ဘက်တွင်ရှိလျှင် ပြတင်းပေါက်များသည် တောင်ဘက်သို့ မျက်နှာမူနေမည် ဖြစ်သောကြောင့် ပင်လယ် မြင်ကွင်းလုံးဝမရှိချေ။ ပို၍ကောင်းသော ရွေးချယ်မှုမှာ ကောင်းကျိုးပြုသော ရေကြယ် ၇ ကို ရရှိရန် မြောက်ဘက်သို့လှည့်သော ပြတင်းပေါက်များနှင့် ကောင်းကျိုးပြုသော ရေကြယ် ၈ ကို ရရှိရန် တောင်ဘက်လှည့်သော ဝင်ထွက်ပေါက်တို့ရှိသည့် ရုံးအလုပ်ခန်းကို ရွေးချယ်ရပေလိမ့်မည်။ ယင်းသို့သော ရုံးအလုပ်ခန်းသည် ပင်လယ်မြင်ကွင်းကိုလည်း ရရှိမည်ဖြစ်ပြီး ရေကြယ်များဖြစ်ကြသော ၇ နှင့် ၈ နှစ်ခုစလုံး၏ ဖွံ့ဖြိုးမှုကိုလည်း လက်မလွတ်ဘဲ ရရှိခံစားနိုင်မည်ဖြစ်ပေသည်။ ဤအဆောက်အအုံတွင် အရှေ့ဘက်တွင် ဝင်ထွက်ပေါက်ရှိသော ရုံးခန်းသည် ကောင်းမွန်သော ရွေးချယ်မှု မဖြစ်နိုင်ချေ။ အဘယ်ကြောင့် ဆိုသော် ရေကြယ် ၅ သည် အရှေ့ဘက်တွင် ရှိနေရမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုကို ပေးစွမ်းနိုင်လိမ့်မည် မဟုတ် သောကြောင့်တည်း။

ကောင်းမွန်သော ဝင်ထွက်ပေါက်သည် ကောင်းမွန်သော ရုံးအလုပ်ခန်းတစ်ခုကို ရွေးချယ်ရာတွင်– အဓိက စံပြုအခြေခံဖြစ်ပေသည်။ သို့ရာတွင် လူလူချင်း အတိုင်အဖောက် ညီညွတ်ခြင်းသည်လည်း အရေးကြီးပါ၏။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းအချင်းချင်း အကြားတွင်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် လည်းကောင်း၊ သဘောချင်းမတိုက်ဆိုင် ဝိရောဓိဖြစ်မှုများ ဖြစ်ခြင်းကို ဖြစ်စေ၊ စက်မှုလုပ်ငန်းဆိုင်ရာ အငြင်းပွားမှုများကိုဖြစ်စေ၊ စက်မှုလုပ်ငန်းဆိုင်ရာ မတော်တဆ ထိခိုက်မှုကြောင့် ဒဏ်ရာ အနာတရ ဖြစ်ခြင်းများကို ဖြစ်စေ၊ ဖြစ်ပေါ်ခြင်းဖြင့် ဒုက္ခ မရောက်လိုကြသောကြောင့် ဖြစ်ပါ၏။ ဤအရာအားလုံးကို **ဖုန်းရွှေ** ကားချပ်တွင် တောင်ကြယ်များက စိုးမိုးပါသည်။

ကောင်းသော တောင်ကြယ်များဖြစ်သည့် ၇ သို့တည်းမဟုတ်၈ ကို တောင်ရှိရာ ဒေသတွင် ထားရှိခြင်းအားဖြင့် လူတို့၏ ကျန်းမာရေးနှင့် အချင်းချင်း ညီညွတ်မှုများ တိုးတက်ကောင်းမွန်လာနိုင်ပေသည်။ ဟောင်ကောင်ဘဏ် အဆောက်အအုံ ဥပမာကို ပြန်ကောက်ရလျှင် တောင်ကြယ် ၈ ဂဏန်းသည် အနောက်တောင်ဘက်တွင် ရှိ၍ တောင်ကြယ်၇ ဂဏန်းသည် မြောက်ဘက်တွင်ရှိသည်။ အဆောက်အအုံ၏ အနောက်တောင် ဘက်တွင် မြင့်မားသော အဆောက်အအုံများရှိပြီး မြောက်ဘက်တွင်ရေရှိပေရာ အမှုဆောင် အရာရှိချုပ်၏ အခန်းကို အနောက်တောင်ဘက်တွင် ထားခြင်းအားဖြင့် လူအချင်းချင်း

အတိုင်အဖောက်ညီညွတ်မှုကို တိုးတက်စေပါလိမ့်မည်။ ထို့ကြောင့် ကောင်းကျိုးပြုသော ဝင်ထွက်ပေါက်ကို ရရှိခြင်းအပြင် အခြား စဉ်းစားရမည့် အချက်သည်ကား ရုံးအလုပ်ခန်းတွင် မန်နေဂျာ၏ အခန်းကို အနောက်တောင်ဘက်အရပ်တွင်ထားရမည် မထားရမည် ဟူသော အချက်ပင် ဖြစ်လေသည်။

အကယ်၍ ရုံးအလုပ်ခန်းသည် အထက်ပါ လိုအပ်ချက်နှစ်ခုစလုံးနှင့် ပြည့်စုံနေသည် ဆိုပါလျှင် ကောင်းသော ရွေးချယ်မှု ဖြစ်နေလေပြီ။ လုပ်ရန်ကျန်ရှိသော လုပ်ငန်းမှာ ငွေကြေးအင်အားနှင့် လူပုဂ္ဂိုလ်ကြီးပွားမှုကို တိုးတက်စေရန် အတွင်းပိုင်း မွမ်းမံမှုကို ထပ်ပေါင်းပေးရန် ဖြစ်ပေသည်။ ဤအကြောင်းများကို နောက်အခန်းတွင် ဆက်လက်စစ်ဆေးကြပါအံ့။

ဟောင်ကောင်ဘဏ်သည် ကောင်းသော **ဖုန်းရွှေ** အဆောက်အအုံအဖြစ် အကောင်းဆုံးသာဓကတစ်ရပ် ဖြစ်ပါပေ၏။ လက်တွေ့တွင် ကောင်းသော **ဖုန်းရွှေ** အဆောက်အအုံများမှာ ရှားပါး၍ လွန်စွာမှ စရိတ်ကုန်ကျမှု ကြီးမားလေသည်။ ထို့ကြောင့် စီးပွားရေးဆိုင်ရာ ထောက်ထားဆင်ခြင်မှုများနှင့် သက်သောင့်သက်သာ ဖြစ်မှုဟူသော အကြောင်းကြောင့် မကြာခဏပင် ကျွန်ုပ်တို့သည် လျှော့လျှော့ပေါ့ပေါ့ ညှိနှိုင်းကြရပေ၏။

## သင့်တွင်ရှိနေတာထဲက အကောင်းဆုံးဖြစ်အောင်လုပ်နည်း

အောက်ပါ ဥပမာအားဖြင့် များစွာကောင်းကျိုးမပြုလှသော စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်ခုမှ ရုံးအလုပ်ခန်းကို ကျွန်ုပ်တို့ မည်သို့မည်ပုံ ရွေးချယ်နိုင်သည်ကို ကျွန်ုပ်တို့ သိရှိနိုင်ပေ၏။ ကျွန်ုပ်ထံ အလုပ်အပ်သူသည် အိမ်မြေပွဲစား အသေးစား ဖြစ်၏။ သူသည် ကြီးမားသော အိမ်မြေလုပ်ငန်း ကုမ္ပဏီကြီးတွင် လုပ်ငန်းအတွေ့အကြုံကို များစွာ ရရှိ လာပြီးသည့်အခါတွင် ကိုယ်ပိုင် ကုမ္ပဏီတစ်ခု ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။ သူတတ်နိုင်သရွေ့မှာ စတုရန်းပေ ၁၀၀မျှသာ ကျယ်ဝန်းသော ရုံးခန်းကလေးသာ ဖြစ်၍ စရိတ်သိပ်မကြီးသော ဒေသတွင်များစွာ ကောင်းကျိုးမပြုသော အဆောက်အအုံတွင် ရှိနေ၏။ ထိုအဆောက်အအုံမှာ အသစ်ဖြစ်၍ ၁၉၉၃ ခုတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ အနောက် မြောက်အရပ်ကို မျက်နှာမူ၍ အရှေ့တောင်အရပ်ကို ကျောပေးထားသည်။ ရုပ်ပုံ ၂၄ သည် ဤအဆောက်အအုံအတွက် ရေးဆွဲထားသော **ဖုန်းရွှေ**ကားချပ်ပင် ဖြစ်ပေ၏။

ရုပ်ပုံ ၂၄။ စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်ခု၏ ဖုန်းရွှေကားချပ်


ရတ

| | | |
|---|---|---|
| ၅ ၇ / ၆ | ၁ ၃ / ၂ | ၃ ၅ / ၄ |
| ၄ ၆ / ၅ | ၆ ၈ / ၇ | ၈ ၁ / ၉ |
| ၉ ၂ / ၁ | ၂ ၄ / ၃ | ၇ ၉ / ၈ |

နမ

ကောင်းကျိုးပြုသော ရေကြယ် ၇ ဂဏန်းသည် အရှေ့တောင်တွင်ရှိကြောင်းကို ကားချပ်က ပြနေရာ ထိုဟာသည် အဆောက်အအုံ၏ နောက်ကျောဘက် ဖြစ်ပေ၏။ ဤစီးပွားရေးဆိုင်ရာ အဆောက်အအုံ၏ နောက်ကျောဘက်တွင် လုပသော ကစားကွင်းရှိရာ ဟင်းလင်းပြင်နေရာများစွာ ရှိနေသည်။ ဤသို့ဖြင့် ရေကြယ် ၇ သည် ဖွံ့ဖြိုးမှုကို တိုးမြင့်လာအောင် ပြုလုပ်ပေးနိုင်သည်။ ရုံးခန်းကို အရှေ့ကို မျက်နှာပြုခြင်းကို မရွေးချယ်ဘဲ ကျောဘက်တွင် ပြတင်းကျယ်ကြီးများဖြင့် ကစားကွင်းကို လှမ်းမြင်နေရသော နေရာကို ရွေးချယ်ခြင်းသည် အကောင်းဆုံးဖြစ်လေသည်။ ရေကြယ် ၇ ၏ စီးပွားဖွံ့ဖြိုးမှုကို ပြတင်းပေါက်က ခံယူပေလိမ့်မည်။ ကျွန်ုပ်ထံလုပ်ငန်းအပ်သူသည် အရှေ့တောင်ဘက် မျက်နှာမူသည့် ပြတင်းပေါက်ရှိသော သေးငယ်သော ရုံးအလုပ်ခန်းကို ရွေးချယ်နိုင်ခဲ့၏။ ရုပ်ပုံ ၂၅ က စီးပွားရေးဆိုင်ရာ အဆောက်အအုံနှင့် ဆက်သွယ်ပုံနှင့် သူ၏ရုံးခန်းကလေး တည်နေရာကို ဖော်ပြပြီး ရုံးခန်းအတွင်းမှ အခင်းအကျင်းပုံကြမ်းကိုလည်း ဖော်ပြထားပေသည်။


ရုပ်ပုံ ၂၅။ ရုံးအလုပ်ခန်းငယ်ကလေး၏ ကြမ်းပြင်အနေအထားပုံ




သူ၏ ထွက်ပေါက်သည် ကောင်းကျိုးပြုသော ရေကြယ်များ တည်နေရာတွင် မရှိနိုင်သော်ငြားလည်း၊ ဤအပြစ် အနာအဆာကို ကောင်းကျိုးပြုသော ရေကြယ် ၇ သို့ မျက်နှာမူနေသော ကြီးမားသည့် ပြတင်းပေါက်က အလျော်အစားပေး ကုစားလေသည်။ ဤပြတင်းပေါက်ကို ပိတ်ဆို့တားဆီးထားခြင်း မပြုလုပ်သမျှ ကာလပတ်လုံး ရုံးခန်းငယ်ကလေးသည် ဖွံ့ဖြိုးမှုကို ပျော်ရွှင်ခံစားနိုင်ပေ၏။ စင်စစ်သော်ကား ဤသူငယ်သည် လုပ်ငန်းကို သူ့ဘာသာသူ လွတ်လွတ်လပ်လပ် လုပ်ကိုင်သည်မှ လအနည်းငယ်အကြာ တွင်ပင် ဈေးကွက်တွင် မားမားမတ်မတ် ရပ်တည်နိုင်လာပေ၏။

အပတ်အထည် ကုန်သွယ်မှုလုပ်ငန်းရှင် ဖြစ်သော အခြားသော ပိုမိုကြီးမားသည့် အလုပ်အပ်နှံသူ တစ်ဦးသည်လည်း ဤစီးပွားရေးဆိုင်ရာ အဆောက်အအုံကြီးကို ရွေးချယ်ထား၏။ သူ့တွင် အမှုထမ်းများများစွာရှိပေရာ တစ်ဦးချင်းစာနေရာ သုံးခုကို ပေါင်းစပ်ပစ်ရန် လိုအပ်သဖြင့် နံရံများနှင့် အကန့်အတားများကို ဖြိုဖျက်ချ၍ ပေါင်းစပ်ပစ်ရ၏။ သူရွေးခဲ့သော တစ်ဦးချင်းစာ နေရာ သုံးခုမှာ ကြမ်းပြင်၏ တစ်ဘက် အဖျား တွင် တည်ရှိကာ ရုပ်ပုံ ၂၆ တွင် ဖော်ပြထားသည်။

## ရုပ်ပုံ ၂၆။ ရုံးခန်းကြီး၏ ကြမ်းပြင်အနေအထားပုံ




ကောင်းကျိုးပြုသော ရေကြယ် ၇ သည် အဆောက်အအုံ၏ ကျောဘက်တွင်ရှိသဖြင့် ကျွန်ုပ်က သူ့အား အဓိကထွက်ဝင်ပေါက်ကို ကျယ်ပြောသော ဧည့်ခံနေရာနှင့်အတူ နောက်ကျောဘက်တွင် ထားရန် အကြံပေးခဲ့၏။ ရေကြယ်၏ အင်အားကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ အားကောင်းသော တောင်ကြယ် ၇ နှင့် ၈ တို့ နှစ်ခုစလုံးမှာ အရှေ့ဘက်တွင် ရှိလေရာ မန်နေဂျာအားလုံး၏ အခန်းကို အဆောက်အအုံ၏ ရှေ့ဘက်တွင် နေရာချ ထားပေး၏။

ဤသို့ဖြင့် အဆောက်အအုံ၏ မွေးရာပါ အပြစ်အနာအဆာဖြစ်သော ရှေ့တွင် တောင်ကြယ်နှင့် နောက်တွင် ရေကြယ်ရှိနေသော အပြစ်အနာအဆာကို ကောင်းမွန်သော အတွင်းပိုင်းစီစဉ်မှုဖြင့် ကုသပေးခဲ့ပါသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် သိပ်ပြီးကောင်းကျိုး မပြုလှသည့် နေရာကို ကောင်းကျိုးပြုသည့် ရုံးခန်းအဖြစ်သို့ ပြောင်းပစ်နိုင်ပါသေး၏။

## သော့ချက်ပုဂ္ဂိုလ်များနှင့် ငွေဝင်စေသော စက်များကို ထားရာနေရာ

ပုံသေအကန့်အကန့်တွေများစွာရှိသော လူနေအိမ်ခန်းလွှာများနှင့် မတူဘဲ ရုံးအလုပ်ခန်းများသည် ဟောင်းလောင်း ကြီးတွေ ဖြစ်တတ်ကာ သင်ကြိုက်သလို ကန့်တားကာရံနိုင်လောက်အောင် အပြင်း အပျော့ နှစ်သက်သလိုရပေသည်။ အကယ်၍ သင်သည် အတွင်းဘက်မွမ်းမံပြင်ဆင်ရာ၌ သာမန်ဒီဇိုင်းသမားကို တာဝန်ပေးသည်ရှိသော် ရုံးခန်းကြီးကို ထည်ထည်ဝါဝါနှင့် အမြင်တွင် အထင်ရောက်လောက်အောင် သူသည် မွမ်းမံပေးနိုင်သည်မှန်သော်လည်း **ဖုန်းရွှေ** အခြေခံမူသဘောတရားများနှင့်ကား ညီညွတ်ချင်မှ ညီညွတ်ပေလိမ့်မည်။ ကျွန်ုပ်တို့ မြင်တွေ့ပြီးဖြစ်သည့်အတိုင်း မန်နေဂျာ၏ အခန်းကို ဖွံ့ဖြိုးသော ရေကြယ်နေရာတွင်ထားမိခြင်း သို့တည်းမဟုတ် ဝင်ထွက်ပေါက်ကို ဖွံ့ဖြိုးသောတောင်ကြယ်နေရာတွင်ထားမိခြင်းဟူသည်တို့ကား **ဖုန်းရွှေ** အဆင်အပြင်တွင် မဟာအမှားတော်ပုံကြီးများ ဖြစ်ကြပြီး ဆိုးရွားသော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်လေသည်။ ထို့ကြောင့်အတွင်းပိုင်းပြင်ဆင်မွမ်းမံမှုများတွင် သင်ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ပြီး မန်နေဂျာတို့၏အခန်းများ အမှုထမ်းတို့၏ စားပွဲများ ဧည့်ခံနေရာတို့ နေရာချထားမှုကို သေချာစေ့စပ်စွာနေရာရွေးချယ်ကာ ဤစာအုပ်မှ မှတ်ယူတတ်ကျွမ်းထားသော **ဖုန်းရွှေ** မူလသဘောတရားများကို လိုက်နာ၍ တတ်နိုင်သလောက် အသေးစိတ်များအထိ ကြည့်ရှုဂရုစိုက်ပါရန် ကျွန်ုပ်တိုက်တွန်းလိုပေသည်။ သင်သည် မှန်ကန်သောနေရာများကို ရွေးပြီးပြီဆိုလျှင် အတွင်းပိုင်းမွမ်းမံရေး ဒီဇိုင်းဆရာသည် သင်လိုချင်သော ဒီဇိုင်းပုံစံများအတိုင်း အနုစိတ်ပြီး လှပအောင်မွမ်းမံပေးလိမ့်မည် ဖြစ်ပါသည်။

ရုံးလုပ်ငန်းတစ်ခုကို ဒီဇိုင်းပုံစံချရာတွင် ဂရုပြုကြည့်ရှုရမည့် အချက်တွေ များစွာရှိပါ၏။ ဤအခန်းသည် သင်၏ ရုံးအလုပ်ခန်းတွင် ထားရှိမည့် အရာဝတ္ထုတိုင်းအတွက် ဖေးမလမ်းညွှန်ချက်များကို ပေးနှင်းသွားမည် ဖြစ်ပေသည်။

သင်၏ရုံးအလုပ်ခန်းကို စတင်၍ ဒီဇိုင်းပုံစံမချမီ အောက်ပါတို့ကို ပြုလုပ်ရန်လိုအပ်ပါသည်။

၁။ ရုံးအလုပ်ခန်း၏ တိကျသားနားသော ကြမ်းပြင်အနေအထားပုံစံကို စကေးကိုက်ရေးဆွဲပါ။

၂။ ရုံးခန်း၏ ဗဟိုချက်ကို သိရှိရန် ထောင့်ဖြတ်မျဉ်းများ ရေးဆွဲပါ။ ပြီးနောက် ရုံးအလုပ်ခန်း တစ်ခုလုံးကို ခြုံငုံမိအောင် စက်ဝိုင်းတစ်ခုကို ရေးဆွဲပါ။

၃။ တတ်အားသရွေ့တိကျအောင် ရုံး၏ ဘေးဘက်တိုင်းအတွက် အရပ်မျက်နှာကို ဖော်ထုတ်ပြီး စက်ဝိုင်းကို ရှစ်စိတ် အညီအမျှပိုင်းခြားပါ။ အစိတ်ရှစ်ခုအပေါ်တွင် အရပ်ရှစ်မျက်နှာစာကို ရေးမှတ်ပါ။

၄။ အဆောက်အအုံ၏ **ဖုန်းရွှေ** ကားချပ်ကို ကြမ်းပြင်အနေအထားပုံပေါ်တွင် စပ်ဟပ်ပြီး ရှစ်ခုသော အစိတ်အပိုင်းအနက် အစိတ်အပိုင်း တစ်ခုစီတွင် တောင်ကြယ်နှင့် ရေကြယ်တို့ကို ကူးရေးပါ။

ဤဆောင်ရွက်မှုများ ပြီးစီးသွားသောအခါတွင် သင်သည် ရုံး၏ နေရာတိုင်းပေါ်တွင် သင့်ရောက်သော **ဖုန်းရွှေ** အရှိန်ဩဇာများကို ဖော်ပြသည့် မြေပုံတစ်ခုကို ရရှိပြီဖြစ်၏။ ဤ**ဖုန်းရွှေ** မြေပုံအားဖြင့် သင်သည် အတွင်းပိုင်း ဒီဇိုင်း ပုံစံချရန်အတွက် သင်၏ ဖန်တီးစွမ်းအားများနှင့် **ဖုန်းရွှေ**အတတ်ကို ကျင့်သုံးနိုင်ပြီ ဖြစ်လေသည်။

## အမြတ်အစွန်းရှိမှုကို အာရုံထား၍ ဒီဇိုင်းပုံစံချခြင်း

ရုံးတစ်ရုံးကို ဒီဇိုင်းပုံစံချရာတွင် ပထမဆုံး ဂရုပြု ကြည့်ရှုရမည်ကား အမြတ်အစွန်း ရရှိမှုများသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ အမြတ်စွန်း ရရှိမှုကို **ဖုန်းရွှေ** ကားချပ်၌ ၇ နှင့် ၈ ဟူသော ဖွံ့ဖြိုးသော ရေကြယ်များက အုပ်စိုးကြောင်းနှင့် ရေရှိရာ နေရာတွင် ထားရှိမှ ဤကြယ်များက အကျိုးပြုနိုင်သည် ဆိုခြင်းကို ကျွန်ုပ်တို့ သိရှိခဲ့ပြီးဖြစ်ပါ၏။ ရုံးတစ်ရုံးတွင်ကား ဤအဓိပ္ပာယ်မှာ ရေကြယ်များ ဖြစ်ကြသည့် ၇ နှင့် ၈ တို့ကို ဝင်ထွက်ပေါက်ကဲ့သို့သော လှုပ်ရှားမှုများပြားသည့် နေရာများတွင် ထားရှိရမည်ဟူ၏။ အကယ်၍ ရုံးဝင်ထွက်ပေါက်ကို ကံအားလျော်စွာပင် ရေကြယ် ၇ သို့တည်းမဟုတ် ၈ ဘက်တွင် ထားမိပြီး ဖြစ်သည်ဆိုပါလျှင် ကျယ်ဝန်းသော ဧည့်ခံနေရာခံပြီးမှ ရုံး၏အလယ်သို့ ရောက်စေရန် ကျွန်ုပ်ကတိုက်တွန်းချင်ပါသည်။ ဤနည်းဖြင့် စီးပွားဖွံ့ဖြိုးမှုသည် ပြင်းထန်သော အဆီးအတားများ မတွေ့ကြုံရဘဲ ရုံးတွင်းသို့ စီးဝင်လာနိုင်မည်ဖြစ်ပေ၏။ အကယ်၍ ဖွံ့ဖြိုးသော ရေကြယ်များဖြစ်ကြသည့် ၇ သို့တည်းမဟုတ် ၈ တို့ကို ပြတင်းပေါက်နေရာတွင်တွေ့ရှိရလျှင် ပြတင်းပေါက်ကို အရံအတားများဖြင့် မပိတ်ဆို့ပါနှင့်။ သို့မှသာ

ကောင်းကျိုးပေးသော အရှိန်ဩဇာသည် ပြတင်းပေါက်ကို ဖြတ်၍ ရုံးတွင်းသို့ ဝင်ရောက်လာနိုင်မည်ဖြစ်၏။

ဖွံ့ဖြိုးသော ရေကြယ်များကို ဝင်ထွက်ပေါက်၊ သို့တည်းမဟုတ် ပြတင်းပေါက်များတွင် အသုံးပြုရခြင်းအပြင် သင်သည် အရုံအတား နိမ့်နိမ့်များ၊ ဗီရိုနိမ့်နိမ့်များ စသည်တို့ကို သုံး၍ စီးပွားဖွံ့ဖြိုးမှုသည် အပိတ်အပင်မရှိဘဲ လည်ပတ်စေနိုင်အောင် ရုံးကို ဟင်းလင်းပုံစံ ချပေးလျှင်လည်း သင့်လျော်ပါသည်။

တက်ကြွလှုပ်ရှားရသည့် အရာများနှင့် နေရာများ၊ အထူးသဖြင့် ဖက်စ် (Fax) နှင့် တဲလက်စ် (Telex) စက်များကဲ့သို့သော ဈေးကွက်တင်ရေးနှင့် ဝင်ငွေရရှိရေး လုပ်ငန်းများနှင့် ပတ်သက်နေသည့် အရာများနှင့် နေရာများကို ၇ နှင့် ၈ ရေကြယ်များ ဒေသတွင် ထားရှိနိုင်သည်။ အချို့သော ရုံးများတွင် ဖွံ့ဖြိုးသော ကြယ်များ တည်ရာဒေသကို အစည်းအဝေးခန်း၊ သို့မဟုတ်လျှင် ဖက်စ်၊ တဲလက်စ်၊ ကွန်ပျူတာ စသည့်စက်ခန်းများကို ထားရှိကြပေ၏။ ဤဟာများသည် ရုံးတစ်ရုံးတွင် အားလုံးတက်ကြွလှုပ်ရှားသည့် ဆောင်ရွက်မှုများကို ပေးကြသည်ချည်း ဖြစ်သဖြင့် လက်ခံနိုင်လောက်ပါသည်။ သို့သော်ငြားလည်း ဤကိစ္စရပ်မျိုးတွင် မှန်ဖြင့် ပြုလုပ်သော အကာအရံများကိုသာလျှင် အသုံးပြုဖို့ ကျွန်ုပ်က အပြင်းအထန်အကြံပြုပါ၏။ သို့မှသာ ဖွံ့ဖြိုးသော ကြယ်များသည် ဤအခန်းထဲတွင်သာ ပိတ်မိမနေဘဲ၊ သူတို့၏ ကောင်းသော အရှိန်ဩဇာများသည် ရုံး၏ အခြားသော အစိတ်အပိုင်းများဆီသို့လည်း ပျံ့နှံ့သွားနိုင်မည် ဖြစ်လေသည်။ သင်ရှောင်ရှားရမည့် အရာတစ်ခုကား ၇ သို့တည်းမဟုတ် ၈ ရေကြယ်များကို တက်ကြွလှုပ်ရှားမှု နည်းနည်းကလေးသာ ရှိသည့်အခန်းသို့တည်းမဟုတ် အလုံပိတ်ထားသော အခန်းနေရာများတွင် မထားမိဖို့ပင် ဖြစ်ပေ၏။ အဆိုးရွားဆုံးသော်ကား ထိုကြယ်များကို ဖိုင်တွဲများထားသည့် အခန်း၊ စတိုခန်း၊ အိမ်သာခန်းဟု သည်တို့ထဲတွင် ထားရှိလိုက်ခြင်းပင် ဖြစ်သတည်း။

ရေကြယ်များ ဖြစ်ကြသည့် ၇ နှင့် ၈ တို့အပြင် ရေကြယ်ဖြစ်သည့် ၉ သည်လည်း ၇ နှင့် ၈ လောက် မဖွံ့ဖြိုး ပါသော်လည်း လှုပ်ရှားမှုများအတွက် အသုံးပြုရန် သင့်လျော်ပါ၏။ ရေကြယ် ၉ ကို အကောင်းဆုံးအသုံးပြုရန် မှာ အစည်းအဝေးခန်းများနှင့် အလုပ်ရုံခန်းများ သို့တည်းမဟုတ် အပြင်ထွက်သည့် သဘာဝကို ပို၍ ဆောင်သည့် အရောင်းကိုယ်စားလှယ်အလုပ်စားပွဲများတွင် ထားရှိရန် ဖြစ်ပေ၏။

ဝင်ထွက်ပေါက်ကို နေရာချပြီးသောအခါ ဘော့စ် (Boss) ဟုခေါ်လေ့ရှိသည့် သူဌေးအတွက် နေရာကောင်းကို ရွေးချယ်ဖို့ လိုအပ်လာချေပြီ။ သူဌေး သို့မဟုတ် အမှုဆောင်အရာရှိချုပ်သည် အာဏာပိုင်မှုနှင့် ရုံးတွင်းအဆင့်အတန်း ရှိမှုတို့၏ သရုပ်သင်္ကေတဟူ၍ မှတ်ယူရပေရာ သူ့ရုံးခန်းသည် ဖွံ့ဖြိုးသော တောင်ကြယ် တစ်ခုအားဖြင့် ထောက်ပင့်ပေးထားရပေလိမ့်မည်။ ဘော့စ်၏ အခန်းအတွက် အသင့်လျော်ဆုံးနေရာသည်ကား ဖွံ့ဖြိုးသော တောင်ကြယ် ၇ သို့တည်းမဟုတ်၈ တို့ရှိသော အစိတ်အပိုင်းတွင်

ဖြစ်ပေ၏။ ထို့ပြင် ရုံးအခန်းဝင်ပေါက်ကိုလည်း ရေကြဲယ် ၇ သို့တည်းမဟုတ် ၈ ဘက်တွင် ထားရှိရပေမည်။ ဤသို့သော အခင်းအကျင်းကို "ဖွံ့ဖြိုးသော တောင်ပေါ်တွင်ထိုင်၍ ဖွံ့ဖြိုးသော ရေကို မျက်နှာမူခြင်း" ဟုခေါ်ဝေါ်၍ ရာထူးဂုဏ်အဆင့်နှင့် ငွေကြေးဖွံ့ဖြိုးမှု နှစ်ခုစလုံးကို တိုးမြင့်စေမည့် စံပြအစီအစဉ်ပင် ဖြစ်တော့သည်။

ထပ်တူထပ်မျှပင် အရေးကြီးသော နောက်အချက်တစ်ခုမှာ ဘော့စ် ရုံးခန်း၏ အပြင်ဘက် ပတ်ဝန်းကျင် ဖြစ်ပေ၏။ အကယ်၍ ရုံးခန်းသည် ကောင်းသောတောင်ကြဲယ်များ တည်ရှိသည့် အစိတ်အပိုင်းတွင် ရှိခဲ့သော် ထို့ပြင် ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်လျှင် ထိုအရပ်မျက်နှာဘက် အနီးအနားတွင် မြင့်မားသော အဆောက်အအုံများ၊ သို့တည်းမဟုတ် တောင်များတည်ရှိခဲ့သော် ဘော့စ်၏ သြဇာတိက္ကမသည် ပင်လယ်ပြင် သို့တည်းမဟုတ် ဟင်းလင်းပြင်တွေလောက် ရှိသည်ထက်ပို၍ ကြီးမားပေလိမ့်မည်။

ဘော့စ်၏အခန်းထားရာကို ဆုံးဖြတ်ပြီးသည့်နောက်တွင် အခြားသော မန်နေဂျာများနှင့် ကြီးကြပ်သူများကိုလည်း မည်သို့နေရာချထားမည်ကို ဆုံးဖြတ်ရမည် ဖြစ်၏။ ဤတွင် မှတ်စရာမှာ ကွဲပြားသော လုပ်ငန်းအလိုက် လိုအပ်ချက်များလည်း ကွဲပြားမည် ဖြစ်ပါသည်။ အချို့က အခန်းများ ပိုမိုလိုအပ်၍ အချို့က ဟင်းလင်းပြင် ရုံးခန်းများကို ပို၍ လိုအပ်ပါသည်။ ဥပမာဆိုရသော် ဥပဒေအကျိုးဆောင်များသည် အမှုသည်များနှင့် ဘေးလူ မကြားမသိအောင် လုံခြုံစွာ ဆွေးနွေးနိုင်ရမည် ဖြစ်သောကြောင့်တည်း။ အခြားတစ်ဖက်တွင်မူကား အရောင်းဘက်ဆိုင်ရာ ဝန်ထမ်းပေါင်းများစွာရှိသော ရောင်းဝယ်ရေး ရုံးသည် လည်းကောင်း၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာများ များစွာရှိသော အင်ဂျင်နီယာ ရုံးသည် အခန်းကလေးကို လိုချင်မှပင် လိုအပ်မည်။ အဘယ်ကြောင့်ဆိုသော် အတတ်ပညာရှင် အများအပြားသည် အပြင်သို့သွား၍ အလုပ်လုပ်ကိုင်ကြရသောကြောင့် ဖြစ်ပေ၏။

သင်၏ ဝန်ထမ်းများအတွက် နေရာထိုင်ခင်းရွေးချယ်ရာတွင် ဤယေဘုယျ မူလသဘောတရားသည် အသုံးဝင်ပေလိမ့်မည်။

အကယ်၍ အလုပ်သည် ယေဘုယျအားဖြင့် စီမံအုပ်ချုပ်သည့် သဘောရှိလျှင် (ဥပမာ စာရင်းကိုင်၊ ဝန်ထမ်းရေးရာ မန်နေဂျာ၊ သို့တည်းမဟုတ် အခြားသော အုပ်ချုပ်ရေးမှူးများ) အလေးအနက်ပြုရမည်မှာ ရာထူးဂုဏ်ထူးအဆင့်နှင့် အာဏာပိုင်မှုတို့ဖြစ်သည်။ ဤဝန်ထမ်းများကို အားကောင်းသော တောင်ကြဲယ်များ ဖြစ်ကြသည့် ၇၊ ၈၊ ၉ တို့ရှိရာတွင် နေရာချထားလျှင် အကောင်းဆုံးဖြစ်၏။ သူတို့ကို အကာအရံနှင့် အခန်းများတွင်ထားလျှင် ဤကြဲယ်များသည် ပို၍ အာနိသင် ထက်မြက်ကြလိမ့်မည်။

အကယ်၍ လုပ်ငန်းသည် အပြင်ထွက်၍ လုပ်ရခြင်းများပြားပြီး လူများသည် စားပွဲ၊ ကုလားထိုင်နှင့် ထိုင်လုပ်ရခြင်းထက် လျှောက်သွားနေရခြင်းက များလျှင်

သူတို့ကို ကောင်းသောရေကြေယ်များဖြစ်ကြသည့် ၇၊ ၈၊ ၉ တို့ရှိရာ အစိတ်အပိုင်းတွင် နေရာချထားခြင်းသည် အကောင်းဆုံး ဖြစ်၏။ ဤသို့ စီမံခြင်းသည် အရောင်းကိုယ်စားလှယ်များ ပြင်ပသို့ ထွက်၍ လုပ်ကိုင်ရသော ကြီးကြပ်ရေးမှူးများ အင်ဂျင်နီယာများ စသည် ရုံးမှ အဝေးသို့ထွက်၍ လုပ်ကိုင်ရသူများအတွက် သင့်လျော်ပါသည်။


ယခုအထိ ကျွန်ုပ်တို့သည် ၇၊ ၈၊ ၉ ဟူသော ဖွံ့ဖြိုးသောကြယ်များအကြောင်းကိုသာ ဆွေးနွေးခဲ့ကြပါသေးသည်။ ၁ မှ ၆ အထိ ဖြစ်သော မဖွံ့ဖြိုးသည့် ကြယ်များလည်း များစွာရှိသေး၏။ ရှောင်ကြဉ်ရမည်မှာ ၂ နှင့် ၅ တို့ဖြစ်ကြ၏။ သူတို့သည် ပြဿနာ ဒုက္ခ၊ အဆင်မပြေမှု၊ ဖျားနာခြင်းတို့ကို သရုပ်မှုကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သော့ချက်ကျသော လူများကို ၂ သို့တည်းမဟုတ် ၅ သို့တည်းမဟုတ် နှစ်ခုစလုံးရှိသော အရပ်တွင် နေရာချမပေးရန် အရေးကြီးပါ၏။ သို့သော်ငြားလည်း တောင်ကြယ်များသည် ပိတ်ဆို့ကာရံထားသော အခန်းတစ်ခုတွင်မှ အကျိုးသက်ရောက်နိုင်ပြီး ရေကြယ်များသည် ဟင်းလင်းပြင်တွင်မှ လှုပ်ရှားနိုင်သည် ဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့သည် ၂ နှင့် ၅ တို့၏ ဆိုးကျိုးသက်ရောက်မှုကို ရေကြယ်များဖြစ်ကြသည့် ထို ၂ နှင့် ၅ တို့ကို အခန်းထဲတွင် ပိတ်လှောင်ထားပြီး တောင်ကြယ်များ ဖြစ်ကြသည့် ၂ နှင့် ၅ တို့ကို ဟင်းလင်းပြင်တွင်ထားခြင်းဖြင့် ရှောင်ကြဉ်နိုင်ကြမည်ဖြစ်၏။ မည်သည့်ကိစ္စရပ်တွင်မဆို မဖွံ့ဖြိုးသည့် ကြယ်များဖြစ်ကြသော ၁ မှ ၆တို့ကို ဖိုင်တွဲများထားခန်း၊ အိမ်သာခန်း၊ စတိုခန်း စသောသိပ်အရေးမကြီးသည့် အခန်းများအတွက် အသုံးပြုနိုင်လေသည်။

နောက်ခံသဘောတရားများနှင့် မူလအခြေခံ သဘောတရားများအားလုံးကို ပေးထားပြီးပါပြီ။ သင်လိုအပ်သမျှသည်ကား ဖွံ့ဖြိုးသော ရေကြယ်များနှင့် တောင်ကြယ်များကို နေရာဒေသ၏ ရုပ်ဝတ္ထုဆိုင်ရာ ကန့်သတ်မှုများ၊ ရုံး၏ ရုပ်ဝတ္ထုဆိုင်ရာ အခင်းအကျင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၏ ဘောင်အတွင်းမှ အကောင်းဆုံး အသုံးချနိုင်သော ဆင်ခြင်ဉာဏ် ရှိရန်ပင်ဖြစ်ချေ၏။ ဤပညာကို စာဖတ်သူများ ပို၍ကောင်းစွာ နားလည်နိုင်စေခြင်းငှာ ဥပမာဖြင့် ဖော်ပြပါရစေ။

**ကောင်းသော ဖုန်းရွှေနှင့်အညီ ရုံးခန်းကို ခင်းကျင်းခြင်း**

အောက်ဖော်ပြပါ ကြမ်းပြင်အနေအထားပုံသည် ဟောင်ကောင်မြို့မှ ရုံးတစ်ရုံး၏ အခင်းအကျင်းဖြစ်၍ အထက်တွင် ရေးသားခဲ့သော **ဖုန်းရွှေ** မူလသဘောတရားများနှင့် လုံးဝကိုက်ညီအောင် ဒီဇိုင်းပုံစံဖော်ထားခြင်းဖြစ်၏။ ထိုရုံးသည် ဟောင်ကောင်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကြီးမားသည့် ကုန်သန်းရောင်းဝယ်ရေး ရုံးကြီးဖြစ်သည်။ သတ္တခေတ် အဆောက်အအုံဖြစ်၍ တောင်နှင့်မြောက် တည်ရှိသည်။ ရုပ်ပုံ ၂၈ သည် ဤကုန်သန်းရောင်းဝယ်ရေး အဆောက်အအုံကြီး၏ **ဖုန်းရွှေ** ကားချပ်ဖြစ်ပါ၏။

ရုပ်ပုံ ၂၇ ရောင်းဝယ်ရေးလုပ်ငန်း တစ်ခု၏ ကြမ်းပြင်အနေအထားပုံ




ရုပ်ပုံ ၂၈။ ရောင်းဝယ်ရေးလုပ်ငန်းတစ်ခု၏ ဖုန်းရွှေကားချပ်

တ

| | | |
|---|---|---|
| ၉ ၃<br>၅ | ၅ ၇<br>၁ | ၇ ၅<br>၃ |
| ၈ ၄<br>၄ | ၁ ၂<br>၆ | ၃ ၉<br>၈ |
| ၄ ၈<br>၉ | ၆ ၆<br>၂ | ၂ ၁<br>၇ |

မ

ဤရုံး၏ ကြမ်းပြင်အနေအထား အခင်းအကျင်းမှာ ဖွံ့ဖြိုးသော ရေကြယ်များ၊ တောင်ကြယ်များ၏ တည်ရာဒေသများနှင့်အညီ ဒီဇိုင်းပုံစံ ချထားခြင်း ဖြစ်လေသည်။ အောက်ပါတို့သည် အဓိကကျသော **ဖုန်းရွှေ** အချက်လက္ခဏာများ ဖြစ်ပေ၏။

အဓိကဝင်ထွက်ပေါက်သည် အရှေ့မြောက်ဘက်တွင် ရှိသည်။ **ဖုန်းရွှေ** ကားချပ်တွင် ကြည့်လျှင် ဖွံ့ဖြိုးသော ရေကြယ် **၈ သည်** အရှေ့မြောက်အကွက်တွင်ရှိသည်။ ဧည့်လက်ခံနေရာမှာလည်း ဖွံ့ဖြိုးမှုတိုးမြင့်စေရန် ဝင်ထွက်ပေါက်မှာပင် ထားရှိ၏။

ဘော့စ်၏ ရုံးခန်းမှာလည်း အနောက်တောင်အစိတ်အပိုင်းတွင်ရှိ၍ ထိုဘက်တွင် တောင်ကြယ်**၇** ကို တွေ့နိုင်သည်။ ဤဟာသည် အကောင်းဆုံးသော နေရာဖြစ်၍ ဖွံ့ဖြိုးသော တောင်ကြယ်အားဖြင့် အားကောင်းသော အထောက်အပံ့နှင့် အာဏာပိုင်မှုတို့ကို သရုပ်မှုနေလေသည်။ သူ့အခန်းဆီသို့ ဝင်ပေါက်မှာ အရှေ့မြောက်ဘက်သို့ များနှာမူရာ အဓိက ဝင်ထွက်ပေါက်နှင့် အတူတူဖြစ်၏။ ဤသို့ဖြင့် ဘော့စ်သည် ရေကြယ်**၈** ၏ ဖွံ့ဖြိုးမှုကို ရယူခံစားပေ၏။

ဘော့စ်အခန်းနှင့် ကပ်လျက်တည်သော အခန်းမှာ လက်ထောက်ဖြစ်သောအုပ်ချုပ်မှု ဒါရိုက်တာ အခန်း ဖြစ်သည်။ သူ၏ ရုံးခန်းသည်လည်း အနောက်တောင် အစိတ်အပိုင်းတွင်ရှိပြီး တောင်ကြယ် **၇** ၏ စွမ်းအားကို ခံယူ ခံစားသည်။ ဘော့စ်၏ အခန်းကဲ့သို့ပင် သူ့အခန်း၏ ဝင်ထွက်ပေါက်သည်လည်း အရှေ့မြောက်သို့ မျက်နှာပြုရာ ဖွံ့ဖြိုးသော ရေကြယ် **၈** ကို လက်ခံရရှိ၏။

ကွန်ပျူတာခန်းသည်လည်း ဖက်စ်များ၊ တဲလက်စ်များကဲ့သို့သော ရုံးအတွက် လိုအပ်လှသော အသုံးအဆောင်ပစ္စည်းများပါ ပါရှိသည် ဖြစ်၏။ ထိုအခန်းကို ရေကြယ် **၇** တည်ရာဖြစ်သည့်တောင်အရပ်ဘက်တွင် ထားရှိသည်။ ရေကြယ် **၇** ကို လုံးဝပိတ်ဆို့ခြင်း မဖြစ်ရလေအောင် ဤအခန်းတွင် မှန်အကာအရံများကို သုံးထားသည်။

တက်ကြွလှုပ်ရှားရာ နေရာဖြစ်သည့် အစည်းအဝေးခန်းကို ရေကြယ် **၉** နှင့်အတူ အနောက်အစိတ်အပိုင်းတွင် ထားရှိ၏။

အခြားသော အားကောင်းသည့် တောင်ကြယ် **၈** နှင့် **၉** တို့ကို အရှေ့တောင်နှင့် အရှေ့ဘက် အစိတ်အပိုင်းများတွင် ထား၏။ ဤအစိတ်အပိုင်းများသည် ကိုယ်ရေးမန်နေဂျာ၊ စာရင်းကိုင်ချုပ်၊ ဈေးကွက်တင်မန်နေဂျာ အစရှိသော စီမံအုပ်ချုပ်သူများနှင့် သင့်လျော်ပေသည်။ ဤအစိတ်အပိုင်း နှစ်ခုတွင် အခန်းလေးခန်းထားရှိပါသည်။

အရှေ့မြောက်ဘက်က ဝင်ထွက်ပေါက်နားတွင် အခြားသောအကာအရံတစ်ခု ဖွဲ့ထား၏။ ဤနေရာသည် ရေကြယ် **၈** ၏ အရှိန်အဝါ သက်ရောက်ရာ ဖြစ်သော ကြောင့် အရောင်းကိုယ်စားလှယ်များအတွက် အကောင်းဆုံးအသုံးပြုထားပေ၏။

အလယ်က ဗဟိုခန်းမကြီးကို ဟင်းလင်းထားရှိသည်။ ဈေးကွက်တင်ရေး ဆိုင်ရာ ဝန်ထမ်းများကို အရှေ့မြောက်၊ တောင်၊ အနောက်ဘက်တို့တွင် ထားရှိရာ ရေကြယ်များဖြစ်ကြသည့် ၈၊ ၇၊ ၉တို့၏ အာနိသင်ကို ခံစားရသည်။ အခြားသော အစိတ်အပိုင်းများမှာ ဖွံ့ဖြိုးမှုအားနည်းသည်ဖြစ်သောကြောင့် ရုံးဝန်ထမ်းများကို ထားရှိသည်။ သူတို့၏ အလုပ်များမှာ အမြတ်အစွန်းရရှိရေးအတွက် အသက်သွေးကြော အနေအထားတွင် များစွာမရှိကြောင့်ဖြစ်၏။

အနောက်မြောက်နှင့် မြောက်ဘက် အစိတ်အပိုင်းများကို မဖွံ့ဖြိုးသော ကြယ်များဖြစ်ကြသည့် ၂၊ ၁၊ ၆ တို့ စိုးမိုးသည်။ ဤနေရာများတွင် နေရာချပေးရန် အကောင်းဆုံးမှာ ဖိုင်တွဲခန်းများနှင့် ရောင်းချရေးနှင့် မပတ်သက်သည့် လုပ်ငန်းများ လုပ်ရသူ ဝန်ထမ်းများ၏ အခန်းများပင် ဖြစ်ပေတော့သည်။

ဤဥပမာသာဓက က၊ ရုံးတစ်ခုတွင် ယန္တရားအစိတ်အပိုင်းသဖွယ် ပါဝင်ရသော ဌာနပေါင်းစုံကို ကျွန်ုပ်တို့သည် မည်သို့ ဒီဇိုင်းပုံစံချနိုင်သည် ဆိုခြင်းကို ရှင်းလင်းဖော်ပြလေသည်။ သို့သော်ငြားလည်း လုပ်ငန်းမပြီးစီးသေးပါ။ နောက်လာမည့် အခန်းတွင် ရုံးတစ်ရုံး၏ အတွင်းပိုင်း မွမ်းမံပြင်ဆင်မှုများအကြောင်း အသေးစိတ်ကို ကျွန်ုပ်တို့ ကြည့်ရှုကြပါဦးမည်။

# အကျိုးအမြတ် အများဆုံး ရရှိရန်အတွက် အတွင်းပိုင်းဒီဇိုင်း

အနောက်တိုင်းမှ စာရေးဆရာအချို့က **ဖုန်းရွှေ**ကို အရာဝတ္ထုများကို နေရာချထားခြင်း အတတ်ဟူ၍ အဓိပ္ပာယ် ဖွင့်ကြ၏။ ဤဟာသည် ပိုကောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များထဲမှ တစ်ခုဖြစ်သည်။ ယင်းသို့ အဓိပ္ပာယ်ဖွင့်သည်မှာလည်း သဘာဝ၏ စွမ်းအားများ၏ အကျိုးကျေးဇူးများနှင့် အချင်းချင်းအတိုင်အဖောက် ညီညွတ်မှုကို ရရှိနိုင်ရန်အတွက် ကျွန်ုပ်တို့သည် အမျိုးမျိုးအထွေထွေသော အရာများကို စကြဝဠာထဲတွင် မည်သို့မည်ပုံထားသိုနိုင်သည်ဟူသော နောက်ခံ သဘောတရားများကိုသာ **ဖုန်းရွှေ**က အဓိကထားပြီး ကိုင်တွယ်ဆက်ဆံသောကြောင့်ပင် ဖြစ်လေသည်။ အိမ်များကို **ဖုန်းရွှေ** ဖြင့် ဝေဖန်ပိုင်းခြားတန်ဖိုးဖြတ်ခြင်းမှာလည်း စင်စစ်တွင် လူများကို အကောင်းဆုံးသော ပတ်ဝန်းကျင်တွင် ထားပေးခြင်းနှင့် ပတ်သက်နေပါ၏။ ရွေးချယ်ထားသော သင်္ချိုင်းမြေနေရာတွင် မိဘဘိုးဘွားများကို မြှုပ်နှံသည့်နည်းဖြစ်သော **ယင်** အိမ် **ဖုန်းရွှေ** ဟူသည်မှာ စင်စစ်တွင် သဘာဝ၏ ကောင်းကျိုးပြုသော အရှိန်ဩဇာကို ရရှိဖွယ်ရာ အကောင်းဆုံးသော နေရာတွင် ကိုယ်ခန္ဓာကို ထားပေးခြင်း အတတ်ပင် ဖြစ်လေတော့သည်။ ဤသို့ဖြင့် **ဖုန်းရွှေ** ဖြင့် အရာဝတ္ထုများကို မည်သို့နေရာချထားရမည်ကို ဖော်ထုတ်သော ပညာရပ်အဖြစ် ရှုမြင်နိုင်ပေ၏။ ဤနောက်ခံသဘောတရားများကို ပရိဘောဂများနှင့် မွမ်းမံပစ္စည်းများကို နေရာချသောအခါ၌ ကျွန်ုပ်တို့သည် ဘဝတွင် လက်တွေ့ကျင့်သုံးနိုင်လေသည်။

ရုံးအတွင်းတွင် အခန်းတစ်ခုချင်းနှင့် လုပ်ငန်းယန္တရားဆိုင်ရာ ဌာနများ၏ တည်နေရာကို ဆုံးဖြတ်သတ်မှတ်ပေးပြီး နောက်တွင် ပရိဘောဂများကို မည်သို့မည်ပုံထားရှိပြီး ရုံးတွင် **ဖုန်းရွှေ** အရှိန်ဩဇာကို အကောင်းဆုံး ရရှိအောင် မည်သို့မည်ပုံ လုပ်ရမည်ဟူသော စိတ်ဝင်စားစရာ ကောင်းသော နေရာသို့ ရောက်လာကြပေပြီ။

ကြမ်းပြင်အနေအထားပုံခင်းကျင်းမှုကို ဒီဇိုင်းပုံစံချခြင်းသည် ပထမအဆင့်သာ ဖြစ်ပေ၏။ ရုံးတစ်ရုံး အတွင်းဝယ် လူတစ်ဦးချင်းနှင့် ဌာနတစ်ခုချင်းကို မှန်ကန်စွာ

နေရာချထားခြင်းဖြစ်သည်။ သို့ရာတွင် ဖုန်းရွှေဒီဇိုင်းပုံစံ ပြည့်စုံမှုကား အဝေးကြီးလိုသေး၏။ ရုံးအတွင်းနှင့် အခန်းတစ်ခုချင်းဝယ် ပရိဘောဂများ မှန်ကန်စွာ နေရာချထားမှုသည်လိုနေသေး၏။ သို့မှသာ ကောင်းသော နေရာများကို မှန်ကန်စွာ သုံးထားသည်။ ဆိုးသော မဖွံ့ဖြိုးသော ကြယ်များကို ရှောင်ကြဉ်ထားသည် ဆိုခြင်းမှာ သေချာနိုင်ပေ၏။


အဆောက်အအုံတစ်ခု၏ **ဖုန်းရွှေ** ကားချပ်သည် နေရာတစ်နေရာ သို့တည်းမဟုတ် အရာဝတ္ထုတစ်ခုနှင့်ပတ်သက်၍ ထိခတ်သော အရပ်မျက်နှာဆိုင်ရာ အရှိန်ဩဇာများကို ဖော်ပြပေသည်။ ထိုကားချပ်၏ အသုံးအတွက် နေရာအကန့်အသတ်သည် မရှိပါ။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည့်အတိုင်း **ဖုန်းရွှေ** ကားချပ်ကို အဆောက်အအုံ၏ မျက်နှာမူရာ အရပ်မှ ရ၏။ ထို့ကြောင့် မည်သည့်အရာဝတ္ထုမဆို ကြီးကြီးသေးသေး ဤအဆောက်အအုံထဲတွင် ရှိနေသရွေ့ ထို **ဖုန်းရွှေ** ကားချပ်၏ အရှိန်ဩဇာတို့၏ အခြယ်လှယ်ခံ ဖြစ်ရသည်။ ပြီးခဲ့သော နောက်ဆုံးအခန်းတွင် ကားချပ်ကို အဆောက်အအုံ အတွင်းက ရုံးခန်းတစ်ခုတွင် စပ်ဟပ်အသုံးပြုခဲ့၏။ ဤနည်းတူစွာပင် ထိုရုံးအတွင်းက မည်သည့်ဌာနစိတ်ကလေးတစ်ခု သို့တည်းမဟုတ် ဌာနစုကလေးတစ်ခုနှင့်လည်း စပ်ဟပ် သုံးစွဲနိုင်ပေ၏။ အခန်းတစ်ခုထဲတွင်ပင် နေရာအမျိုးမျိုးအတွက် ဤကားချပ်ကိုပင် သုံးနိုင်သည်။ ထိုမျှမကသေး ကျွန်ုပ်တို့၏ စားပွဲခုံမှ ထောင့်အသီးသီးပေါ်တွင် သက်ရောက်သော **ဖုန်းရွှေ** အရှိန်ဩဇာကိုသိရန်လည်း ထိုကားချပ်ကိုပင် သုံးနိုင်လေသည်။ သို့ဖြစ်၍ အဆောက်အအုံ၏ ကားချပ်သည် ရုံးထဲတွင် ပရိဘောဂနှင့် အရာဝတ္ထုများထားရှိရန် ဒီဇိုင်းပုံစံချရာတွင် အခြေခံ ကိုးကားကြည့်ရှုစရာ ဖြစ်နေသေးချေ၏။

အခန်းတစ်ခုချင်း၏ တည်နေရာကို ရွေးချယ်ပြီးသည့်အခါတွင် နောက်လုပ်ရမည့် အဓိကအလုပ်မှာ အခန်းတစ်ခုစီအတွက် စားပွဲခုံနှင့် ဝင်ထွက်ပေါက်ကို မည်သည့်နေရာတွင် ထားရမည်ကို ဆုံးဖြတ်ခြင်းပင် ဖြစ်ပေ၏။ ဤအမြွာပူးအချက်နှစ်ရပ်ကို အတူတွဲ၍ စဉ်းစားရမည်။ သူတိုသည် အချင်းချင်း ဆက်စပ်မှုရှိနေသောကြောင့်တည်း။ အခန်း၏ အတွင်းပိုင်းကို ဒီဇိုင်းပုံစံချသောအခါ လွန်ခဲ့သော အခန်းတွင် ဖော်ပြထားခဲ့ပြီး ဖြစ်သည့်အတိုင်း ရုံးခန်းတစ်ခုလုံး၏ အခင်းအကျင်းကို ဒီဇိုင်းပုံစံချနေသလိုပင် လုပ်ကိုင်ဆောင်ရွက်ရန် လိုပေသည်။ ပထမအဆင့်အနေဖြင့်ကား အခန်း၏ လွယ်ကူသော ပုံကြမ်းကို ရေးဆွဲပြီး ဗဟိုချက်ကို ရှာကာ စက်ဝိုင်းကို ရေးဆွဲရန် ဗဟိုချက်ကို အသုံးပြုရသည်။ ထိုနောက် အရပ်ရှစ်မျက်နှာကိုရှာ၍ စက်ဝိုင်းကို ရှစ်စိတ်အညီအမျှ ပိုင်းခြားရပါမည်။ ထိုနောက် အဆောက်အအုံ၏ **ဖုန်းရွှေ** ကားချပ်ကို ကြည့်၍ စက်ဝိုင်း၏ အစိတ်တစ်ခုစီထဲသို့ တောင်ကြယ်များ ရေကြယ်များကို ကူးထည့်ပါ။ ဤနည်းအားဖြင့် သင်၏အခန်းမှ အစိတ်တစ်ခုစီသည် မည်သည့် **ဖုန်းရွှေ** အရှိန်ဩဇာကို ရရှိနေသည်ဆိုခြင်းကို သင်ရှင်းလင်းပြတ်သားစွာ သိမြင်နိုင်ပေလိမ့်မည်။ ဤဟာသည် အခန်းကို မွမ်းမံဆင်ယင်ခြင်း အတွက် နည်းပေးလမ်းညွှန်မှုကို ပေးနှင်းပါ၏။

အတွင်းပိုင်းမွမ်းမံခြင်းကို ဒီဇိုင်းပုံစံမချမီ ဝင်ထွက်ပေါက်ကို ရှေးဦးစွာ နေရာသတ်မှတ်ပေးရန် လိုအပ်ပါသည်။ သက်ဆိုင်ရာရုံးခန်းအတွင်းသို့ ဝင်ပေါက်သည်လည်း တက်ကြွလှုပ်ရှားသော နေရာပင် ဖြစ်ပေရာ ရေကြေယ်များက စိုးမိုးလေသည်။ ထို့ကြောင့် အခန်းတစ်ခု အတွင်းသို့ ဝင်ပေါက်ကို ဖွံ့ဖြိုးသော ရေကြေယ်များဖြစ်သော ၇၊ ၈၊ ၉ တို့အနက် တစ်ခုခု၏ နေရာတွင် သတ်မှတ်ထားရှိခြင်းသည် အကောင်းဆုံးပင်ဖြစ်၏။ ဆိုးရွားသော ရေကြေယ်များ ဖြစ်သည့် ၅ နှင့် ၂ တို့ကို မုချဆတ်ဆတ် ရှောင်ကြဉ်သင့်ပေသည်။ ဘော့စ်၏အခန်းသို့ဝင်သော ဝင်ပေါက်အကောင်းဆုံးမှာ သူ့အခန်း၏အလယ်မှ ရှုမြင်သည့်အတိုင်း ဖွံ့ဖြိုးသောရေကြေယ်များဘက်တွင် ရှိရုံသာမက အကယ်၍ အဓိက ဝင်ထွက်ပေါက်သည် အကောင်းဆုံး ရေကြေယ်များရှိရာ အစိတ်အပိုင်းတွင် ထားသည်ဆိုပါက ဘော့စ်၏ အခန်းသို့ ဝင်ပေါက်မှာလည်း ထိုအရပ်မျက်နှာဘက်တွင်သာ ထားရမည် ဖြစ်လေသည်။

နောက်ထပ်မှတ်ရန် တစ်ချက်သည်ကား လူတစ်ဦးချင်း၏ ရုံးခန်းဝင်ထွက်ပေါက်များကို အဓိကခန်းမ၏ ထောင့်များတွင် မထားသင့်ပါ။ အဓိကတံခါးပေါက်မှ ဝင်လာသော **ဖုန်းရွှေ** အရှိန်သြဇာများသည် အခန်းထောင့်များဆီသို့ အရင်ရောက်ပြီး ထောင့်များတွင် စုရုံးကာ အထပ်တစ်ခုလုံးဆီသို့ ခုန်ပေါက်လှည့်ပတ် ပျံ့နှံ့သွားကြသည်ဟု ယုံကြည်ထားကြလေသည်။ ထို့ကြောင့် အခန်းထောင့်များသည် **ဖုန်းရွှေ** စွမ်းအားများကို ခံယူသော ပုလင်း၏ဖင်နှင့် တူလေသည်။ ဤအကြောင်းကြောင့်ပင် အခန်းထောင့်များတွင် မာကျောထူထဲသော နံရံများရှိရန် လိုအပ်၏။ သို့မှသာ **ဖုန်းရွှေ**သည် ပြန်ခုန်၍ လှည့်ပတ်သွားနိုင်ပေလိမ့်မည်။ ဤထောင့်များတွင်ရှိသော ဝင်ထွက်ပေါက်သည် ပုလင်းဖင်မှ ယိုပေါက်နှင့်တူ၍ **ဖုန်းရွှေ** အရှိန်သြဇာတို့သည် ရုံးတစ်ခုလုံးသို့ ပျံ့နှံ့မသွားတော့ဘဲ အပြင်သို့ စိမ့်ထွက်သွားပေလိမ့်မည်။

**ရုပ်ပုံ ၂၉။ ကောင်းသော ဖုန်းရွှေ အရှိန်သြဇာများ ယိုစိမ့်ခြင်း**




## စားပွဲခုံများနေရာချရေးအတွက် ပေးမလမ်းညွှန်ချက်အချို့

ရုံးခန်းများတွင်းသို့ဝင်ပေါက်ကို ဆုံးဖြတ်ပြီးသောအခါ အခန်းတစ်ခုစီ၏ အတွင်းသို့တည်းမဟုတ် အကာအရံ တစ်ခုစီ၏ အတွင်းစားပွဲခုံများကို မည်သို့နေရာချထားသင့်သည်ကို ကြည့်ကြပါဦးစို့။ အောက်ပါတို့သည် ဖေးမလမ်းညွှန်ချက် အချို့ဖြစ်ပါ၏။


ဖွံ့ဖြိုးသော တောင်ကြယ် **၇၊ ၈၊ ၉** တို့သည် စွမ်းအားနှင့် အာဏာပိုင်မှုတို့၏ သရုပ်သင်္ကေတများ ဖြစ်ကြပါသည်။ မန်နေဂျာ သို့တည်းမဟုတ် ကြီးကြပ်သူတစ်ဦးသည် အာဏာပိုင်ပိုင် ဩဇာတိက္ကမရှိရှိ ထိုင်နိုင်ရန်မှာ စားပွဲခုံကို ဖွံ့ဖြိုးသော တောင်ကြယ်များရှိသည့် အစိတ်တွင် နေရာချထားရန် လိုအပ်ပါသည်။

စားပွဲခုံကို ထားရန် သဘာဝကျသော နေရာမှာ ဝင်ပေါက်မှ ထောင့်ဖြတ်ကျသည့် ထောင့်တွင်ထားသင့်သည်။ ထားသောအခါတွင်လည်း ထိုင်သော ပုဂ္ဂိုလ်သည် အပေါက်ဝကို ခပ်စောင်းစောင်းမျက်နှာပြု မြင်နိုင်အောင် ပြုလုပ်ထားရမည်။ ဝင်ပေါက်နှင့် တည့်တည့်ကြီးသော်လည်းကောင်း၊ ဝင်ပေါက်ကို ကျောပေး၍သော်လည်းကောင်း၊ ထိုင်ခြင်းကို ထောက်ခံရည်ညွှန်းခြင်း မပြုပါ။

**ရုပ်ပုံ ၃၀။ မှန်ကန်သော စားပွဲခုံစီစဉ်မှု**



**ရုပ်ပုံ ၃၁။ ညံ့ဖျင်းသော စားပွဲခုံစီစဉ်မှုများ**



အာဏာပိုင်မှု၏သရုပ်ကို တိုးမြှင့်ရန်အတွက် စားပွဲခုံသည် အမာခံနံရံကို ကျောမှီထားသင့်၏။ ထိုနည်းတူပင် လူကလည်း အမာခံနံရံကို ကျောပေးထားသင့်သည်။ အခန်းအလယ်တွင် မည်သည့်နံရံကိုမှ မမှီဘဲ စားပွဲခုံကိုထားခြင်းကို ကျွန်ုပ် သဘောမတူပါ။ လေတွင်လွင့်ပျံပြီး မလုံခြုံ စိတ်မချရသည့်သဘောကို ဆောင်နေသည်။ အခန်းထောင့်တွင် မည်သည့်နံရံကိုမျှ မမှီဘဲ အလုပ်စားပွဲကို ထားခြင်းကိုလည်း ကျွန်ုပ် မထောက်ခံပါ။ (ရုပ်ပုံ ၃၁)


ဆိုးရွားသော တောင်ကြယ်များဖြစ်သည့် ၅ သို့တည်းမဟုတ် ၂ ရှိရာနေရာတွင် စားပွဲခုံကို မထားသင့်ပါ။

ရုံးအလုပ်စားပွဲဆိုသည်မှာ မန်နေဂျာသည် သူအလုပ်ဆင်းသောနေ့၏ များစွာသော အချိန်တို့တွင် ထိုင်နေရသော နေရာဖြစ်ပေရာ ရုံးအလုပ်စားပွဲသည် မိမိ၏ကောင်းစားရေးနှင့် လုပ်ငန်း၏ ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးသည်နှင့်အညီ အထက်တွင် ဖော်ပြထားသော ဥပဒေသများကို လိုက်နာလျှင် အကောင်းဆုံး ဖြစ်ပါသည်။ သို့သော်လည်း လက်တွေ့ကျင့်သုံးရာတွင် အခြေခံများအားလုံးကို ပြည့်ဝအောင်ဖြည့်ဆည်းရန် ခက်ခဲလှပါသည်။ သို့ဖြစ်ရာ အချို့နေရာတွင် စွန့်လွှတ် အနာခံလိုက်ရခြင်း အချို့နေရာများတွင် လျှော့လျှော့ပေါ့ပေါ့ ပြုလုပ်ရခြင်းများ ရှိနိုင်ပေသည်။

ရုံးခန်းများထဲတွင် စားပွဲခုံများကို မည်သို့ထားရမည့်အကြောင်းကို ဆွေးနွေးပြီးခဲ့လေပြီ။ ဟင်းလင်းပြင် ရုံးခန်းများထဲတွင် စားပွဲခုံများထားခြင်းတွင်လည်း ထိုယေဘုယျ အခြေခံ သဘောရားများကိုပင် စပ်ဟပ် ကျင့်သုံးနိုင်ပါသည်။ ဖေးမလမ်းညွှန်ချက်အဖြစ် ပြောရလျှင် မိမိ၏တာဝန်ထဲတွင် စီမံအုပ်ချုပ်မှုပါ ပါဝင်နေသော အမှုထမ်းများကို အားကောင်းသော တောင်ကြယ်များရှိသည့် စက်ဝိုင်းအစိတ်များတွင် ထားရှိသင့်လေသည်။ မိမိ၏ လုပ်ငန်းသည် ဖန်တီးမှု ပိုမိုလိုအပ်သည်ဆိုသော ဝန်ထမ်းများကို ဖွံ့ဖြိုးသော ရေကြယ်များရှိသည့်နေရာတွင် အကာအရံ နည်းနိုင်သမျှ အနည်းဆုံးဖြင့် ထားသင့်ပေ၏။

စားပွဲခုံများ ထားရှိခြင်းကို ဂရုပြု ကြည့်ရှုခြင်းအပြင် အခန်းပြင်က စားပွဲများ အထားအသိုမှာ အခန်းတွင်းတွင် ထိုင်နေသော မန်နေဂျာများအတွက် **"ရှား"** သို့မဟုတ် ဆိုးရွားသော **ဖုန်းရွှေ** အရှိန်သြဇာကို မဖြစ်စေရန်လည်း ဂရုစိုက်၍ သေချာအောင် လုပ်သင့်ပေသေးသည်။ မန်နေဂျာရှိရာကို ချိန်၍ ထိပ်ချွန်သော ထောင့်ချိုးများဖြစ်အောင် စားပွဲခုံကို စီစဉ်ထားရှိခြင်း သို့တည်းမဟုတ် စားပွဲတွေကို လေးထောင့်ရှည်မျောပုံဖြစ်အောင် တန်းစီထားပြီး ထိပ်ဆုံးစားပွဲက မန်နေဂျာသို့ ဦးတည်နေအောင် စီစဉ်ထားရှိခြင်းဟူသည် တို့သည် လိုလားအပ်သော အရာများမဟုတ်ပါချေ။

ရုပ်ပုံ ၃၂။ အခြားသော စားပွဲခုံများက ဖန်တီးသည့် ရှားများ




စားပွဲခုံများကို နေရာချထားခြင်း လုပ်ငန်းအပြင် ရုံးကို မွမ်းမံပြင်ဆင်ရာတွင် ဂရုပြုရမည့် အခြားသော အချက်အလက် အသေးလေးပေါင်းများစွာ ရှိသေးသည်။ အချက်တစ်ခုပြီးတစ်ခုကို ရှင်းလင်းပြရန် ခက်ခဲပေသည်။ သို့သော်လည်း အချက်တိုင်းကို လှုပ်ရှား မလှုပ်ရှား ခွဲခြား၍ ရသည်ချည်းဖြစ်ရာ လှုပ်ရှားသောအရာများကို ဖွံ့ဖြိုးသော ကြယ်ရှိရာတွင် ထား၍ မလှုပ်ရှားသော (ဝါ) ထိုင်းသောအရာများကို ဖွံ့ဖြိုးသော တောင်ကြယ်များရှိရာတွင် ထားရမည်ဟူသော မူလသဘောတရားအားဖြင့် ယေဘုယျသဘော လုပ်ပစ်နိုင်လေသည။ ဥပမာအားဖြင့် တယ်လီဖုန်း၊ ဖက်စ်စက်၊ ကွန်ပျူတာ ဟူသည်တို့သည် လှုပ်ရှားသော အရာများဖြစ်ကြ၏။ စာအုပ်စင်၊ ဗီရို ဟူသည်တို့သည် မလှုပ်ရှားသော (ဝါ) ထိုင်းသော အရာများဖြစ်ကြ၏။ တယ်လီဖုန်းကဲ့သို့ တက်ကြွ လှုပ်ရှားသောအရာများကို ဖွံ့ဖြိုးသည့် ရေကြယ်များဖြစ်ကြသော ၇ သို့တည်းမဟုတ် ၈ တို့ဘက်သို့ ဦးတည်၍ သော်လည်းကောင်း၊ ယင်းတို့ရှိသည့်နေရာများတွင်သော်လည်းကောင်း၊ ထားရှိသင့်ပေ၏။ အကယ်၍ သင်၏ တယ်လီဖုန်းကို စားပွဲပေါ်တွင် တင်ထားသည်ဟု ဆိုလျှင် သင့်စားပွဲ၏ ဖွံ့ဖြိုးသော ရေကြယ်ရှိရာ အစိတ်အပိုင်းထားရှိရမည် ဖြစ်၏။ အခန်းကို ရှစ်စိတ်ပိုင်းခြားသလို သင့်စားပွဲကို ရှစ်စိတ်ပိုင်းခြားခြင်းဖြင့် ဖွံ့ဖြိုးသော ရေကြယ်ရှိရာ အစိတ်အပိုင်းကို ဖော်ထုတ်သိရှိနိုင်ပေ၏။

စားပွဲခုံများ ဗီရိုများ ရုံးအသုံးအဆောင် ပစ္စည်းများကို စီစဉ်နေရာချထားပြီးသော်လည်း ကျွန်ုပ်တို့ လုပ်ရမည့် လုပ်ငန်းသည် မပြည့်စုံသေးချေ။ အရောင်အသွေး စပ်ဟပ်ခြင်း၊ ပန်းပင်၊ ပန်းအိုး၊ ငါးကန်စသည့် အလှပြင်ပစ္စည်းများ အစရှိသော အခြားသော မွမ်းမံခြယ်လှယ်ရေး ပြဿနာများကို အာရုံပြုလုပ်ကိုင်ရန် လိုအပ်ပါသေးသည်။ ဤစီစဉ်မှုများအတွက် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** နည်းကို လိုအပ်လေရာ နောက်အခန်းတွင် ဆွေးနွေးသွားမည် ဖြစ်ပါသည်။

## စားသောက်ဆိုင်တစ်ဆိုင်၏ အတွင်းပိုင်းဒီဇိုင်းပုံစံ

ရုံးတစ်ရုံးအတွက် နေရာချထားမှုနှင့် မွမ်းမံပြင်ဆင်မှုများဆိုင်ရာ **ဖုန်းရွှေ** နည်းနိဿယကို ကျွန်ုပ်သည် စာဖတ်သူတို့အား နိဒါန်းပျိုး မိတ်ဆက်ပေးခဲ့ပါပြီ။ ဤကြယ်ပုံများဟူသော အခြေခံသဘောတရားများကိုပင် ဆိုင်များနှင့် စားသောက်ခန်းများ အပါအဝင် အမျိုးမျိုးအစားစားသော စီးပွားကုန်သွယ်ရေး ပတ်ဝန်းကျင်တို့တွင် စပ်ဟပ် သုံးစွဲနိုင်ပါ၏။ အောက်ဖော်ပြပါ ပုံဖော်ချက်သည် ဗိတိုရိယ တောင်ထိပ်တွင်ရှိသော စားသောက်ဆိုင်တစ်ခု၏ အတွင်းပိုင်း အခင်းအကျင်းကို ဖော်ပြထားပေးသည်။ သက်ဆိုင်သော **ဖုန်းရွှေ**ကားချပ်ကိုလည်း ထိုရုပ်ပုံ ၃၃ တွင် တစ်ပါတည်း ဖော်ပြထားပါ၏။

### ရုပ်ပုံ ၃၃ စားသောက်ဆိုင်၏ အတွင်းပိုင်းအခင်းအကျင်းနှင့် သက်ဆိုင်ရာ ဖုန်းရွှေကားချပ်



| | | | | |
|---|---|---|---|---|
| | ၆ ၁<br>၆ | ၁ ၅<br>၂ | ၈ ၃<br>၄ | |
| ရ | ၇ ၂<br>၅ | ၅ ၉<br>၇ | ၃ ၇<br>၉ | န |
| | ၂ ၆<br>၁ | ၉ ၄<br>၃ | ၄ ၈<br>၈ | |

ဤပုံဟာသည်သတ္တုခေတ် အဆောက်အအုံဖြစ်၏။ စက်ဝိုင်းခြမ်းပုံ စားသောက်ဆိုင်သည် အရှေ့အရပ်ကို ကျောပေး၍ အနောက်အရပ်ကို မျက်နှာမူသည်။ ယင်းသို့သော စားသောက်ဆိုင်၏ အတွင်းပိုင်း ဒီဇိုင်းပုံစံမှာ အရေးပါသော အချက်များကား ဝင်ထွက်ပေါက်များ၊ ငွေကိုင်စာရေးကောင်တာ၊ ရုံးခန်း၊ အဝိုင်း၊ တီးဝိုင်း၊ မီးဖို၊ စားသောက်စားပွဲများ စသည့်လှုပ်ရှားမှုနေရာများပင် ဖြစ်ပေ၏။ **ဖုန်းရွှေ** ကားချပ်ကို ကြည့်သော် ဖွံ့ဖြိုးသော ရေကြယ် ၇ သည် ဆိုင်ရှေ့ (အနောက်အရပ်)နှင့် တောင်ကြယ် ၇ သည် ကျောဘက် (အရှေ့အရပ်) တို့တွင် ရှိကြောင်း တွေ့ရသည်။ နောက် ဖွံ့ဖြိုးကြယ်အစုံဖြစ်သည့် ၈ များသည် အနောက်မြောက်နှင့် အနောက်တောင်အရပ်တို့တွင် ရှိကြ၏။ အကယ်၍ စာဖတ်သူတို့သည် ကားချပ်ကို ကြမ်းပြင်အခင်းအကျင်းနှင့် တိုက်ဆိုင်ကြည့်မည်ဆိုလျှင် လှုပ်ရှားသော နယ်ပယ်များသည် ဖွံ့ဖြိုးသော ရေကြယ်ပိုင်နေရာတွင် ရှိရမည်ဟူသော ဥပဒေသကို နီးကပ်စွာ လိုက်နာထားသော အစီအစဉ်ဖြစ်ကြောင်းကို အလွယ်တကူ တွေ့မြင်နိုင်၏။ ပင်မဝင်ထွက်ပေါက်နှင့် တီးဝိုင်းတို့ကို အနောက်မြောက်တွင် ရေကြယ် ၈ နှင့် အတူထား၏။ ငွေကိုင်၏ ကောင်တာကို အရှေ့အရပ်တွင်ထားကာ တောင်ကြယ် ၇ ကို ကျောပေး၍ ရေကြယ် ၇ ကို မျက်နှာမူထားလေသည်။

## မှန်ကန်သောအရောင်အသွေးနှင့် မှန်ကန်သောစီးပွားရေးသင်္ကေတတို့ကို လက်ခံကျင့်သုံးခြင်း

အတွင်းပိုင်းဒီဇိုင်း ပြုလုပ်သူသည် သက်သောင့်သက်သာရှိမှု နှစ်သက်ကျေနပ်မှု၊ ငွေကြေးသက်သာမှုနှင့် စီးပွားရေးလုပ်ငန်း သဘာဝတို့အပေါ် အခြေခံ၍ အလုပ်အပ်နှံသူအား အကြံဉာဏ်များကို ပေးပေသည်။ ဤကိစ္စရပ်များကား ရုံးတစ်ရုံးကို မွမ်းမံပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ခိုင်လုံသောအကြောင်းအချက်များဖြစ်ပေ၏။ သို့ရာတွင် တစ်စုံတစ်ခုတော့ဖြင့် လိုနေပါသေးသည်။ အဘယ်ကြောင့်ဆိုသော် သက်သောင့်သက်သာဖြစ်အောင်နှင့် ထည်ထည်ဝါဝါ ပြင်ဆင်မွမ်းမံထားသော ရုံးသည် အလိုအလျောက်တော့ အမြတ်အစွန်းကို ဆောင်ကြဉ်းမလာပါ။ စီးပွားကုန်သွယ် လုပ်ငန်းတစ်ခု ကြီးပွားဖွံ့ဖြိုးစေရန်အတွက် အကျိုးအမြတ် ဖြစ်ထွန်းစေမည့် **ဖုန်းရွှေ** ပတ်ဝန်းကျင်နှင့် မှန်ကန်သော အတွင်းပိုင်းစီစဉ်ထားရှိမှုများနှင့် မှန်ကန်သော မွမ်းမံပြင်ဆင်မှုများကို ကျွန်ုပ်တို့ လိုအပ်ပေ၏။ ဝင်ထွက်ပေါက်များ အခန်းများ၊ စားပွဲခုံများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများကို မှန်ကန်သော ထားသိုမှုအဖြစ် မည်သို့မည်ပုံ စီစဉ်လုပ်ဆောင်ရမည် ဆိုခြင်းကို ကျွန်ုပ်တို့ ဆွေးနွေးပြီးခဲ့လေပြီ။ ဤအခန်းတွင် မှန်ကန်သော အရောင်နှင့်မွမ်းမံမှုအတွက် မှန်ကန်သော ဝတ္ထု ပစ္စည်းများကို ရွေးချယ်ထားရှိခြင်းအားဖြင့် ကြီးပွားဖွံ့ဖြိုးစေသော **ဖုန်းရွှေ** ပတ်ဝန်းကျင်ကို ရရှိနိုင်ရေးဟူသော လုပ်ငန်းကို ပြည့်စုံသွားအောင်ဖော်ပြပါမည်။

**ဖုန်းရွှေ** ဟူသော အကြောင်းအရာနှင့် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**တို့သည် အချင်းချင်း အပြန်အလှန် ဆက်သွယ်မှု ရှိကြောင်းနှင့် **ကံကြမ္မာဦးတည် ချက်၏ တိုင်ကြီးလေးတိုင်** နည်းကို မပိုင်နိုင်ဘဲနှင့် **ဖုန်းရွှေ** ကျွမ်းကျင်သူကောင်း တစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ကြောင်းတို့ကို ကျွန်ုပ်သည် တပည့်များကို အမြဲပင်

သတိပေးလေ့ရှိပါသည်။ တကယ်တော့ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်ကို** ကျွန်ုပ်တို့၏ စီးပွားကုန်သွယ်ရေး လုပ်ငန်းပတ်ဝန်းကျင်ကို မွမ်းမံရေးတွင် သုံးစွဲရန် လိုအပ်ပါ၏။ ဥပမာ တစ်ခုသော်ကား အရောင်များကို ရွေးချယ်ခြင်း ဖြစ်သည်။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**နည်းကို ဤစာအုပ်၏ ပထမအခန်းတွင် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ စာဖတ်သူအတွက် ပြန်နှုးရမည်ဆိုသော် ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်သည် အခြေခံဓာတ်ကြီး ငါးပါးတို့ ရောထွေးနေခြင်းပင် ဖြစ်၏။ သတ္တု၊ သစ်သား၊ ရေ၊ မီး၊ မြေ ဟူသော ဓာတ်ကြီးတို့ပင်တည်း။ ဤဓာတ်ကြီးငါးပါးသည် စကြဝဠာထဲမှ အခြေခံအင်အားကြီး ငါးရပ်ကိုသာ သရုပ်မှုခြင်း မဟုတ်သေး။ လူသားတို့၏ ကံကြမ္မာဦးတည်ချက်တွင် အခြေခံအားဖြင့် ပါဝင်နေသော အမယ်များ ဖြစ်ကြပေ၏။ ဓာတ်ကြီးငါးပါးသည် ဓာတိစက်ဝန်း (မွေးဖွားခြင်းစက်ဝန်း)နှင့် မရဏစက်ဝန်း (ပျက်စီးခြင်းစက်ဝန်း) တို့နှင့် အပြန်အလှန် ဆက်စပ်လျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ကံကြမ္မာ အကျိုးပေးများမှာ ထိုဓာတ်ကြီးများ၏ အချင်းချင်းတုံ့ပြန် ထိခတ်မှုများ၏ ထာဝစဉ် အခြယ်လှယ်ခံ ဖြစ်နေရတော့သည်။

ယေဘုယျအားဖြင့် ဆိုရသော် ကျွန်ုပ်တို့ ကံကြမ္မာ ဦးတည်ချက်ရှိ အခြေခံဓာတ်များ အကြားတွင် လက်ကျန် အင်အား ကောင်းစွာရှိခြင်းသည် အတိုင်အဖောက် ညီညွတ်မှုကို ဖြစ်စေ၏။ တစ်ဖက်တွင်မူ အတိုင်အဖောက် မညီမညွတ် ဖြစ်မှုသည် ဖြစ်ပေါ်လာနိုင်ကြောင်း အချက်တစ်ရပ်မှာ အချို့သော ဓာတ်များ တရားလွန်အားကောင်းခြင်းကလည်း ဘေးဒုက္ခကို ဖြစ်စေပါသည်။ တိုင်ကြီးလေးတိုင်အစုံတစ်စုံမှ အတိုင်အဖောက် ညီညွတ်မှုကို တိုးမြင့်စေမည့် ဓာတ်ကြီးအချို့ကို ကျွန်ုပ်တို့သည် ဘယ်ဟာဖြစ်ကြောင်း ဖော်ထုတ်နိုင်ပါသည်။ ဤအကြောင်းအရာအားဖြင့်ပင် မညီမညွတ်ဖြစ်စေပြီး ဘေးဒုက္ခကို ဆောင်ကြဉ်းမည့် ဓာတ်အချို့ကိုလည်း ဘယ်ဟာဖြစ်ကြောင်း ဖော်ထုတ်နိုင်ပါသည်။ ပထမဓာတ်အမျိုးအစားကို ကောင်းကျိုးပြုသော ဓာတ်များဟုခေါ်၍ ဒုတိယအမျိုးအစားကို ဆိုးကျိုးပြုသောဓာတ်များဟု ခေါ်ပါသည်။ ထိုဓာတ်များသည် နှစ်ခုထက်များသော အစုံလိုက် ရှိနေတတ်ပြီး တစ်ခါတစ်ရံ အရေအတွက် သုံးခုထက် ပိုတတ်ပါသည်။ အကြောင်းသော်ကား ကောင်းကျိုးအပြုဆုံး ဓာတ်သည်ပင်လျှင် အခြားဓာတ်တစ်ခုဆီမှ အထောက်အပံ့ကို လိုသေးသောကြောင့် ဖြစ်၏။ သို့ဖြစ်လေရာ ကောင်းကျိုးအပြုဆုံး အထောက်အပံ့ပေးသောဓာတ်သည် ဒုတိယ အကောင်းဆုံး ဖြစ်လာပေ၏။ ဆိုးကျိုးပြုသော ဓာတ်များမှာလည်း ဤအတိုင်းပင်ဖြစ် တော့သည်။

ဆောင်းရာသီတွင် မွေးဖွားခဲ့သူတစ်ဦးကို ဥပမာယူကြပါစို့။ သူ၏ မွေးရက်နှင့် ပတ်သက်သော တိုင်သည် မီးဖြစ်၏။ ဤမီးသည် အားပျော့သောမီးဖြစ်သဖြင့် အာဟာရ ဖြစ်အောင် သစ်သားကို လိုအပ်ပေသည်။ သို့ဖြင့်သစ်သားသည် ကောင်းကျိုးအပေးဆုံးသော ဓာတ်ဖြစ်ကြောင်းထင်ရှားပါသည်။ သစ်သားကို ရေက မွေးထုတ်ပေး၏။ သို့ဖြင့်ရေသည်

ဒုတိယအကောင်းဆုံးဖြစ်လာသည်။ အခြားသော မီးများဆိုသည်မှာ ကာယကံရှင်အား ထောက်ပင့်ပေးမည့် လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေများဖြစ်ကြပေ၏။ မြေနှင့် သတ္တု ဟူသော ကျန်ရှိသည့် ဓာတ်နှစ်ပါးမှာ ကောင်းကျိုး မပြုပေ။ သတ္တုသည် အဆိုးဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သစ်သားကို ဖျက်ဆီးသည်ဖြစ်၍ မီးအားအဟာရ ထောက်ပံ့မှုကို ဖြတ်တောက်ရာ ရောက်ပေ၏။ မြေသည် ဒုတိယအဆိုးဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မြေသည် သတ္တုတွေပို၍ မွေးထုတ်ပြီး ရေကို ဖျက်ဆီးသောကြောင့်ဖြစ်သည်။

စင်စစ်သော်ကား ဓာတ်ကြီးငါးပါးသည် ကျွန်ုပ်တို့၏ စကြဝဠာထဲမှ အရာဝတ္ထု အားလုံး၏ သရုပ်သင်္ကေတများ ဖြစ်ကြလေ၏။ သင့်အတွက် ကောင်းကျိုးပေးသော ဓာတ်များမှာ ဘာဓာတ်တွေဖြစ်သည်ကို သိသည်ဆိုလျှင် သင့်သည် ဤဓာတ်များ၏ အရှိန်အဝါကို ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် တိုးမြင့်စေခြင်းငှာ၊ ဤဓာတ်များ အများကြီးရှိသည့် ပတ်ဝန်းကျင်တွင် ရှိနေစေရန်ဖြစ်လေသည်။ ဤသို့ ပြုရခြင်း၏ အကြောင်းရင်းကား ကောင်းကျိုးပြုသော ဓာတ်များသည် သင်၏ ကြီးပွားချမ်းသာမှုနှင့် သင့်ဘဝတွင် အတိုင် အဖောက် ညီညွတ်မှုကို ဆောင်ကြဉ်းပေးလာမည် ဖြစ်သောကြောင့်တည်း။ တိုက်ရိုက်ဓာတ် အရှိန် ဩဇာတစ်ခုသည် စကြဝဠာမှ လာ၏။ ကျွန်ုပ်တို့သည် နေ့စဉ်၊ လစဉ် နှစ်စဉ်ပင် တရုတ်ပြက္ခဒိန်တွင် တွေ့ရှိရသည့် မိုးကောင်းကင်ပင်စည်များနှင့် မြေပထဗျာ အကိုင်းအခက် များဟူသည်တို့က ရောင်ပြန်ဟပ်ထားသော အရှိန်ဩဇာများကို ရရှိနေကြပါ၏။ သို့သော် ငြားလည်း ထိုဓာတ်အရှိန်ဩဇာများသည် ထိတွေ့၍မရ။ ရာသီအလိုက်ဖြစ်ပြီး ကျွန်ုပ်တို့ လုံးဝထိန်းချုပ်နိုင်ခြင်း မရှိချေ။ အကယ်၍ ကာလအပိုင်းအခြားတစ်ခုအတွင်း သို့တည်း မဟုတ် နှစ်တစ်နှစ် အတွင်းတွင် ဆိုးကျိုးပြုသော ဓာတ်များပေါ်လွင်နေသည်ဆိုလျှင် ကံမကောင်းခြင်းသည် ရောက်ရှိလာပါလိမ့်မည်။ သို့သော်ငြားလည်း ကံကောင်းထောက်မ သည်မှာ စကြဝဠာတွင်းက ရုပ်ဝတ္ထုပစ္စည်းမှန်သမျှကို ဓာတ်ကြီးငါးပါးအားဖြင့် ခွဲခြား နိုင်ခြင်းပင် ဖြစ်၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် မှန်ကန်သော ရုပ်ဝတ္ထု ပစ္စည်းများကို ဆောင်၍ မကောင်းသော ဝတ္ထုပစ္စည်းများကို ရှောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ရုပ်ပတ်ဝန်း ကျင်မှ ဓာတ်များဆိုင်ရာ အရှိန်ဩဇာများကို ထိန်းချုပ်နိုင်လေတော့သည်။ ဤကား ကျွန်ုပ်တို့၏ ကံကြမ္မာဦးတည်ချက်တွင် လိုအပ်သော ဓာတ်များအလိုက် **ဖုန်းရွှေ** ဆင်ယင်မွမ်းမံမှုကို သုံးကာ ကျွန်ုပ်တို့၏ စီးပွားဖွံ့ဖြိုးမှုကို မည်သို့မည်ပုံ မြှင့်တင်နိုင်သည် ဟူခြင်းပင် ဖြစ်ပေ၏။

ရုံးတစ်ရုံး သို့တည်းမဟုတ် နေအိမ်တစ်ခုတွင် စိတ်ထဲစွဲသွားစရာ အကောင်းဆုံး သော ဆင်ယင်မွမ်းမံမှုမှာ အရောင်စပ်ဟပ်မှုထဲတွင် ကျွန်ုပ်တို့ နေထိုင်ကြရန် ဖြစ်ပေ၏။

အောက်ပါစာရင်းသည် ဓာတ်တစ်ခုစီနှင့် ယင်းဓာတ်က ပိုင်ဆိုင်သည့် အရောင် များကို ဖော်ပြသည်။

သတ္တု – အဖြူ။ ငွေရောင်။ ရွှေရောင်။ သတ္တုရောင်။

သစ်သား – အစိမ်း။ အပြာ။ အညို။

ရေ – အမည်း။ မီးခိုးရောင်။

မီး – အနီ။ ခရမ်းရောင်။ ပန်းရောင်။

မြေ – အဝါ။ ပန်းရောင်ဖျော့ဖျော့။

အထက်က ဖော်ပြခဲ့သော ဥပမာထဲက လူသည် အားပျော့သော မီးဓာတ်ရှိသည့် လူဖြစ်၍ သစ်သားဓာတ်ကို လိုနေသူဖြစ်သည်။ သူ၏ ရုံးအတွက် အကောင်းဆုံး အရောင်အသွေးမှာ အစိမ်း၊ အပြာ၊ သို့တည်းမဟုတ် အညို ဖြစ်၏။ သူသည် အဖြူ၊ ရွှေရောင်၊ ငွေရောင်၊ အဝါတို့မှာ သတ္တုဓာတ်နှင့်မြေဓာတ်တို့၏ သရုပ်များ ဖြစ်ကြသဖြင့် သူ့အတွက် ကောင်းကျိုးမပြုသောကြောင့် ရှောင်ကြဉ်ရမည် ဖြစ်လေသည်။ ဤသို့ဖြင့် အကယ်၍ သူသည် ရုံး၏ အကြီးဆုံး ပုဂ္ဂိုလ် ဘော့စ်ဖြစ်ခဲ့သော် နံရံများကို ဆေးသုတ်ရာတွင်သော်လည်းကောင်း၊ ပရိဘောဂများကို သုံးရာတွင်သော်လည်းကောင်း၊ အစိမ်း၊ အပြာ၊ အညိုဟူသော အရောင်အသွေးများကို အသုံးပြုသင့်သည်။ အရောင်အနု အရင့်ကိုမူ သူ၏အကြိုက်တွေ့မှုအရ ရွေးချယ်နိုင်ပါသည်။ သူ့အိမ်နှင့် ဆိတ်ငြိမ် လုံခြုံမှုပို၍ ရှိသင့်သည့် အခန်းများအတွက် အရောင်ရင့်ရင့်သည် ပို၍ သင့်တော်ပေ၏။

အရောင်များကို သရုပ်မှုသည့်အပြင် ဓာတ်ကြီးငါးပါးသည် အားလုံးသော ဆင်ယင်မွမ်းမံသည့်အရာဝတ္ထုများတွင်လည်း တွေ့နိုင်ပါသည်။ အများသုံး မွမ်းမံပစ္စည်းအချို့နှင့် ပရိဘောဂအချို့အတွက် ဆီလျော်ရာ ဓာတ်များကို အောက်တွင် စာရင်းပြုထားပါသည်။

သတ္တု – သတ္တုပစ္စည်းများ၊ လုံးဝန်းသည့်ပစ္စည်းများ၊ ငွေရောင်၊ သို့မဟုတ် ရွှေရောင်ပစ္စည်းများ။

သစ်သား – ပန်းပင်များ။ ပရိဘောဂများ။ ရှည်မျော၍ လေးထောင့်သဏ္ဌာန် ရှိသော ပစ္စည်းများ။

ရေ – ငါးကန်များ။ ရေကူးကန်များ။

မီး – ချွန်ထက်သော ဦးထိပ်ရှိသည့် အရာဝတ္ထုများ။ အနီရောင်ခြယ် ပေးထားသော ပိုစတာများ၊
သို့မဟုတ် ရုပ်ပုံများ။။ မီးနီများ။ ကော်ဇောနီများ။ ချက်ပြုတ် ရသည့် မီးဖို။

မြေ – အိုးခွက်နှင့် ကြွေထည် ပစ္စည်းများ၊ ရွှံ့များ၊ စတုဂံသဏ္ဌာန် အတုံးများ။


ထိုစာရင်းဇယားမှ မိမိအတွက် ကောင်းကျိုးပြုသောဓာတ်များ အလိုက် သင့်လျော်ရာ ဆင်ယင်မွမ်းမံရေး ဝတ္ထု ပစ္စည်းများကို ရွေးချယ်နိုင်ပေ၏။ အထက်ဥပမာတွင် ဖော်ပြခဲ့သော အားပျော့သော မီးဓာတ်ပုဂ္ဂိုလ်သည် သူ့အခန်းကို မွမ်းမံရာတွင် ပန်းပင်များကို ပိုမို အသုံးပြုသင့်ပြီး၊ သူ၏ ပတ်ဝန်းကျင်တွင် သတ္တုပစ္စည်းများနှင့် အိုးခွက်ကြွေထည်မြေထည် ပစ္စည်းများကို များစွာထားရှိခြင်းမှ ရှောင်ကြဉ်သင့်ပေသည်။

## မှန်ကန်သောစီးပွားရေးသင်္ကေတကို ရွေးချယ်ခြင်း

ကုန်သွယ်ရေးလုပ်ငန်းတစ်ခုကို စတင်တော့မည်ဆိုလျှင် အရေးတကြီး အာရုံစိုက် ရမည့်အရာကား သင့်တော်သော စီးပွားရေး အမှတ်သင်္ကေတကို ရှာဖွေရန် ဖြစ်၏။ အင်္ဂလိပ်ဘာသာအားဖြင့် "လိုဂို" (Logo) ဟုခေါ်ဝေါ်သောအရာမှာ စီးပွားရေးကုန်သွယ်ရေး လုပ်ကိုင်ရာတွင် အသုံးပြုသော အမှတ်သင်္ကေတဖြစ်၍ တရုတ်လူမျိုးများသည် ထိုအမှတ် တံဆိပ်သင်္ကေတမျိုးကို အဓိကရ သဘောထားတတ်ကြလေသည်။ ကောင်းသော စီးပွားရေး သင်္ကေတဟူသည်မှာ အနုပညာဆန်၍ အာရုံဆွဲဆောင်မှုရှိရန် လိုအပ်ရုံသာမက ကုန်သွယ်ရေး လုပ်ငန်း၏ သဘာဝကိုလည်း ထင်ဟပ်နေသင့်သည်သာဖြစ်၏။ ထို့ပြင်လည်း ထိုသင်္ကေတ အမှတ်လက္ခဏာသည် စီးပွားရေးလုပ်ငန်း၏ တိုးတက်ဖွံ့ဖြိုးရေးကို တိုးမြှင့်သည့် တာဝန်ကို ပါပခုံးဖြင့် ထမ်းရွက်သင့်သည်သာ ဖြစ်လေသည်။ ထို့ကြောင့် သင့်လျော်၍ ကြီးပွားမှု အလားအလာရှိသော စီးပွားရေးသင်္ကေတကို ပုံစံချမှုသည် လွန်စွာအရေးကြီးလှပေ၏။

စီးပွားရေးသင်္ကေတတစ်ခုကို ဒီဇိုင်းချပုံစံဖော်သည့်အခါတွင် စီးပွားရေးလုပ်ငန်းကို ကိုယ်စားပြုနိုင်စေရန် ဝတ္ထု၊ ပစ္စည်းနှင့် အရောင်နှစ်ခုစလုံးကို ရွေးချယ်ရမည် ဖြစ်၏။ ဤကိစ္စသည် ရုံးကို တန်ဆာဆင်မွမ်းမံရန်အတွက် သင့်လျော်သော အရာဝတ္ထုများနှင့် သင်လျော်သော အရောင်စပ်ဟပ်ပုံများကို ရွေးချယ်ရခြင်းနှင့် လွန်စွာပင်တူလှပြီး ကောင်းကျိုး ပြုသော ဓာတ်များရွေးချယ်ခြင်းတွင် တူညီသော အခြေခံသဘောတရားများကိုပင် သုံးစွဲရ လေသည်။ ဥပမာဆိုသော် အကယ်၍ အားပျော့သော မီးဓာတ်ရှိသူသည် ကုမ္ပဏီ၏ အကြီးအကဲဖြစ်သည်ဆိုသော် သူ့အတွက်အသင့်လျော်ဆုံး စီးပွားရေး သင်္ကေတသည် ပန်းတစ်ပွင့်သို့တည်းမဟုတ် အစိမ်းနှင့်အညိုရောင် ပန်းပင်ဖြစ်သင့်သည်။ အဘယ်ကြောင့် ဆိုသော် ဤဟာအားလုံးသည် သစ်သားဓာတ်နှင့် စပ်ဆိုင်နေသည်ဖြစ်ကာ သစ်သား ဓာတ်သည် သူ့အား အတိုင်အဖောက်ညီညွတ်မှုနှင့်ကိုယ်ပိုင်ကြီးပွား ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်း ပေးပေလိမ့်မည်။

ရုပ်ပုံ ၃၄။ ဓာတ်များကို သရုပ်မှုသော နမူနာ စီးပွားရေးသင်္ကေတအချို့။




**အဲလ်တန်ဂျွန်(Elton John)အတွက်အရောင်အကြောင်းအကြံပေးချက်**

ဤနည်းကို ပိုမိုနက်နဲစွာ နားလည်နိုင်ရန်အတွက် ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင် တကယ့်အစုံကို စစ်ဆေးကြည့်ကြပြီး သင့်လျော်သောအရောင်နှင့် မွမ်းမံပစ္စည်းများကို လေ့လာခြင်းအတွက် လေ့ကျင့်ခန်းအနေဖြင့် အသုံးပြုကြပါစို့။

**အဲလ်တန်ဂျွန်၏ ကံကြမ္မာဦးတည်ချက်တိုင်ကြီးလေးတိုင်**

| | | | | | |
|---|---|---|---|---|---|
| | နာရီ | ရက် | လ | နှစ် | |
| | ? | 癸 | 癸 | 丁 | |
| | | ရေ | ရေ | မီး | |
| | ? | 卯 | 卯 | 亥 | |
| | | သစ်သား | သစ်သား | ရေ | |
| ၅၆ | ၄၆ | ၃၆ | ၂၆ | ၁၆ | ၆ |
| 丁 | 戊 | 己 | 庚 | 辛 | 壬 |
| မီး | မြေ | မြေ | သတ္တု | သတ္တု | ရေ |
| 酉 | 戌 | 亥 | 子 | 丑 | 寅 |
| သတ္တု | မြေ | ရေ | ရေ | မြေ | သစ်သား |

အထက်က တိုင်သုံးတိုင်သည် ဗြိတိသျှရော့ခ်ဆူပါစတား မစ္စတာအဲလ်တန်ဂျွန်၏ တိုင်များဖြစ်၏။ ကံကြမ္မာ ဦးတည်ချက်၏ တိုင်များအဖြစ် ဖလှယ်ပြီး ဖော်ပြလိုက်သော သူ၏မွေးဖွားမှု အချက်အလက်များက သူသည် သစ်သား ဓာတ်အဖွံ့ဖြိုးဆုံးဖြစ်သော စပရင်ရာသီတွင်မွေးဖွားခဲ့သည့် ရေဓာတ်ပုဂ္ဂိုလ် ဖြစ်ကြောင်းကို ဖော်ပြနေ၏။ ရေသည် သစ်သားကို မွေးဖွားပေးသည်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးသော သစ်သားသည် ရေအင်အားကို ကုန်ခမ်းစေပြီး ထိုအင်အားကို ပျော့ညံ့သွားစေမည် ဖြစ်၏။ ထို့ကြောင့် မစ္စတာအဲလ်တင်ဂျွန်သည် သတ္တုဓာတ်၏ ထောက်ပံ့မှုကို လိုအပ်သော ရေဓာတ် ပျော့ညံ့သူပုဂ္ဂိုလ်တစ်ဦးဟူ၍ မှတ်ယူနိုင်ပါသည်။ ရေဓာတ်သည် သူ့ အား လုပ် ဖော် ကိုင် ဖက် များ နှင့် မိတ် ဆွေ များ ပုံ စံ မျိုး ဖြင့်လည်း အထောက်အပံ့ပေးလိမ့်မည်။ မစ္စတာဂျွန်၏ လွန်ခဲ့သော အောင်မြင်မှုများကို ခြေရာခံခြင်းအားဖြင့် သတ္တုနှင့် ရေဓာတ်တို့၏ ကောင်းကျိုးသက်ရောက်စေမှုကို ကျွန်ုပ်တို့ မြင်နိုင်ပေသည်။ မစ္စတာဂျွန်သည် အသက် ၂၆ နှင့် ၃၆အကြားဝယ် ကံကြမ္မာတိုင်တွင် သတ္တုနှင့်ရေဓာတ်တို့၏ ကောင်းကျိုး အပြုဆုံး အရှိန်ဩဇာ၏အောက်တွင် ရှိခဲ့၏။ ဤကာလအပိုင်းအခြား ဖြစ်သော ၁၉၇၀ ပြည့်လွန်နှစ်များတွင် သူ၏ တေးဂီတဖျော်ဖြေပွဲနှင့် ဓာတ်ပြားရောင်းချရမှုများတွင် သူသည် မဟာ့မဟာ အောင်မြင်မှုများကို ရရှိခဲ့သည်။ သူ၏ ဂီတဆိုင်ရာ ပရိယေသန ဘဝလမ်းသည် ၁၉၇၃ ခုနှစ် နှင့် ၁၉၇၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းအထိနှစ်များတွင် အထွတ်အထိပ်ကို ရောက်ရှိခဲ့လေသည်။ အဲလ်တန်ဂျွန်ကို ထက်ထက်သန်သန် စွဲလမ်း နှစ်သက်သူများသည် သူ၏အောင်မြင်လှသော "အဝါရောင်အုတ်လမ်းကို နှုတ်ဆက်ခဲ့ပါတယ်" (Goodbye Yellow Brick Road) ဟူသည်ကို ၁၉၇၃ တွင်ထုတ်ခဲ့သည်ကို မှတ်မိကြပါဦးမည်။ ထိုအချိန်မှာ သူသည် အသက် ၂၆ နှစ်ရှိ၍ သတ္တုနှင့် ရေဓာတ် တိုင်များဖြစ်သည့် သူ၏အကောင်းဆုံး ကံကြမ္မာတိုင်သို့ အဝင်ဖြစ်ပေ၏။



အကယ်၍ မစ္စတာဂျွန်သည် သူ၏ရုံးကို တန်ဆာဆင်မွမ်းမံရန် ဆုံးဖြတ်၍ သင့်အား **ဖုန်းရွှေ** ကျွမ်းကျင်သူအဖြစ် ငှားရမ်းခဲ့သော် သူ့အား အဖြူ သို့တည်းမဟုတ် သတ္တုဆန်သော အရောင်အသွေးများကို သုံးရန် သင်က တိုက်တွန်းနိုင်ပါ၏။ ဤအရောင်

တို့သည် သတ္တုကို သရုပ်မှုသောကြောင့်ဖြစ်သည်။ ထို့ပြင် ရေခဲတက်ကို သရုပ်မှုသော အနက်ရောင် သို့တည်းမဟုတ် မီးခိုးရောင်ပရိဘောဂများကို အသုံးပြုစေရာ၏။ ဝါကြန့်ကြန့် အနက်ရောင်ကိုလည်း လက်ခံနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရောင်သည် မြေခဲတက်ကို သရုပ်မှု၍ မြေခဲတက်သည် သတ္တုကို အထောက်အပံ့ပေး၏။ သူ့အတွက် အကောင်းဆုံးသော တန်ဆာဆင် မွှမ်းမံဖွယ် ပစ္စည်းများသည် ရွှေရောင် သို့တည်းမဟုတ် သတ္တုဖြစ်သော အရာဝတ္ထုများ ဖြစ်သင့်ပေသည်။ သူ၏ရုံးထဲမှ ဖွံ့ဖြိုးသည့်ဒေသတွင် ငါးကန်တွင် ရွှေငါးများ မွေးမြူထားသင့်လေသည်။ တစ်ဖက်တွင်မူကား သစ်သားနှင့် မီးခဲတက်တို့သည် သူ့အဖို့ ကောင်းကျိုးများစွာ ပြုမည်မဟုတ်ကြပါ။ ရေခဲတက်အင်အားကို ကုန်ခန်းစေမည်ဖြစ်သောကြောင့်တည်း။ သူသည် အနီရောင်၊ ခရမ်းရောင်၊ အစိမ်းရောင်များကို လျှော့သုံးသင့်ပြီး သူ့အခန်းထဲတွင် ပန်းပင်များကို များပြားစွာ မထားသင့်ပါချေ။ အနက်နှင့် အဖြူ သို့တည်းမဟုတ် သတ္တုဆန်သော အရောင်များပါသည့် အဝတ်များသည် သူ့အားပို၍ ကြီးမားသော အောင်မြင်မှုကို ဆောင်ကြဉ်းပေးမည် ဖြစ်သောကြောင့် ထိုအဝတ်အစားများကို ဝတ်ဆင်ရန် သင်က သူ့အား အကြံပြုနိုင်ပေသည်။

# ဖုန်းရွှေကို ထိန်းထားရေးနှင့် မကောင်းကျိုး ပြေပျောက်ရေး

သင်၏ရုံးအတွက် ကောင်းမြတ်သော **ဖုန်းရွှေ** ဒေသကို ရွေးချယ်ပြီး၍ အတွင်းပိုင်း စီစဉ်မှုများ၊ ပြင်ဆင်မွမ်းမံမှုများကို **ဖုန်းရွှေ** ဥပဒေများနှင့်အညီ လုပ်ဆောင်ပြီးပြီဟု ဆိုလျှင် သင်၏ စီးပွားရေးလုပ်ငန်းတွင် တိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်ကို ချပြီးပြီ ဖြစ်ပေ၏။ သို့သော်ငြားလည်း သင်၏ ပတ်ဝန်းကျင်အတွက် **ဖုန်းရွှေ** ဂရုစိုက်မှုသည် တစ်ချိန်နှင့်အပြတ် လုပ်ငန်းမျိုးမဟုတ်ချေ။ ကောင်းမြတ်သော **ဖုန်းရွှေ** ဒီဇိုင်းပုံစံချမှုသည် ပတ်ဝန်းကျင်၏ စွဲမြဲနေသော အတိုင်အဖောက် ညီညွတ်မှုနှင့် ဖွံ့ဖြိုးကောင်းစားမှုတို့အတွက် အခြေခံဖြစ်သည် မှန်သော်လည်း ပတ်ဝန်းကျင်ကို မည်သည့် ဘေးဒုက္ခမှ လုံးဝမကျရောက်အောင်တော့ ပြုလုပ်မထားနိုင်ပါ။

စကြဝဠာသည် ထာဝစဉ်ပြောင်းလဲနေသည်ဖြစ်သဖြင့် **ဖုန်းရွှေ** အရှိန်ဩဇာတို့သည်လည်း အချိန်ကာလအလျောက် အဆက်မပြတ် ပြောင်းလဲနေမည်သာ ဖြစ်၏။ များစွာသော တရုတ်ဧကရာဇ်တို့သည် **ဖုန်းရွှေ**ကို ခိုင်ခိုင်မြဲမြဲယုံကြည်သူများ ဖြစ်ကြပြီး သူတို့၏ နန်းတော်များနှင့် သင်္ချိုင်းဂူများကို ပုံစံချပေးရန်အတွက် နိုင်ငံအဝန်းမှ ထိပ်ထိပ်ကြဲ**ဖုန်းရွှေ** ပါရဂူများအား ခန့်ထားဆောင်ရွက်စေခဲ့ကြလေသည်။ သို့တိုင်အောင် တရုတ်ရာဇဝင်တွင် မင်းဆက်များသည် မြင့်တက်လာလိုက်၊ ကျဆင်းသွားလိုက်နှင့် မည်သည့်တော်ဝင်မိသားစုမှ ထာဝရအုပ်စိုးနိုင်ခဲ့သည် မရှိပါ။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းရင်းသော်ကား **ဖုန်းရွှေ** သည် ကာလစက်ဝန်းအလိုက် ပြောင်းလဲနေသည်ဖြစ်ရာ ကောင်းကျိုးဖွံ့ဖြိုးစေသော အရှိန်ဩဇာများကို ထိန်းထားနိုင်သည်နှင့် ဆိုးရွားသော အရှိန်ဩဇာများကို ရှောင်ကြဉ်နိုင်ရန် အဆက်မပြတ်သော ဂရုစိုက်မှုရှိဖို့ လိုအပ်ပေသည်။ အပြောင်းအလဲများနှင့် အံဝင်ခွင်ကျဖြစ်အောင် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ လိုက်ညှိရန် မေ့လျော့ပေါ့ဆမှု မှန်သမျှသည် ဘေးဒုက္ခကို ဆောင်ကြဉ်းလာစေနိုင်ပေ၏။ ယင်းသို့သော

ဘေးဒုက္ခ၏ ပြင်းထန်မှု ပမာဏသည်ကား ပတ်ဝန်းကျင်အတွက် ဖန်တီးထားသော မူလ **ဖုန်းရွှေ** ပုံစံချမှုအရ ဖြစ်ရပေ၏။ သို့ဖြစ်သောကြောင့် ကောင်းမွန်သော **ဖုန်းရွှေ** ဒေသတစ်ခုကို ရွေးချယ်ခြင်းနှင့် ကောင်းမွန်သော **ဖုန်းရွှေ** ပုံစံချမှုတို့ကို ဂရုတစိုက်လုပ်ခြင်း ကိစ္စအဝဝကို လျှော့လျှော့ပေါ့ပေါ့ မတွက်ရပါ။ အကယ်၍ မူလပုံစံချမှုသည် ကောင်းမွန်ပါက ဆိုးရွားသော **ဖုန်းရွှေ** အရှိန်ဩဇာ အချို့လာခဲ့ပါစေ၊ ဘေးဒုက္ခ၏ ပြင်းထန်မှုပမာဏသည် လျော့ပါးသွားရ၏။ တစ်ဖက်တွင်မူကား မူလ ဖုန်းရွှေပုံစံချမှုသည် အဆင့်မမီဖြစ်ပါက မည်သည့်ဆိုးရွားသော **ဖုန်းရွှေ** အရှိန်ဩဇာမဆို ကြီးမားသောဘေးဒုက္ခ သို့တည်းမဟုတ် ဆုံးရှုံးမှုကို ဖန်တီးနိုင်လောက်အောင် အားပြင်းသွားမည်သာ ဖြစ်လေသည်။

ထိတွေ့ကိုင်တွယ်၍ မရသော **ဖုန်းရွှေ** စွမ်းအင်များ သို့မဟုတ် ကြယ်ပျံများသည် အချိန်ကာလအလျောက် အဆက်မပြတ်ပြောင်းလဲရာတွင်ကား ရှေ့အခန်းများတွင် နိဒါန်းပျိုးဖော်ပြခဲ့ပြီး ဖြစ်သော **လိုရှု**ပုံဖော်ချက်မှ မူသေ ပုံစံအတိုင်း ဖြစ်ပေသည်။ ထို့ကြောင့် ကာလအပိုင်းအခြား တစ်စုံတစ်ခုအတွင်း မည်သည့်ကြယ်သည် မည်သည့်နေရာဒေသသို့ ရောက်ရှိလာမည်ဆိုခြင်းကို ကြိုတင်သိမြင်ခြင်းသည် ကျွန်ုပ်တို့အတွက် ဖြစ်နိုင်သောကိစ္စ ဖြစ်၏။ စာတွေ့သဘောအရဆိုလျှင် ကျွန်ုပ်တို့သည် **ဖုန်းရွှေ** အရှိန်ဩဇာကို တစ်နေ့ပြီး တစ်နေ့၊ ထိုမျှမက တစ်နာရီပြီးတစ်နာရီပင် ကြိုတင်၍ ဟောပြောနိုင်ပါ၏။ သို့သော် ထိုကိစ္စသည် ငြီးငွေ့ဖွယ် ဖြစ်လွန်းလှပါ၏။ ပြုလုပ်လေ့ပြုလုပ်ထရှိသည်ကား အဓိကညှိနှိုင်းပြုပြင်မှုများကို နှစ်အလိုက် ပြုလုပ်၍၊ သေးငယ်သော ညှိနှိုင်းပြုပြင်မှုများကိုမူ လအလိုက် ပြုလုပ်ကြ၏။ မှန်ကန်သောညှိနှိုင်းပြုပြင်မှုများ ပြုလုပ်ရန်အတွက် ကျွန်ုပ်တို့သည်နှစ်အလိုက် ကြယ်ပျံများကိုရော လအလိုက် ကြယ်ပျံများကိုရော အာရုံပြုညှိနှိုင်း ကြရပါသည်။

နှစ်အလိုက် ကြယ်ပျံများ ပြောင်းလဲမှုသည် စပရင်ရာသီ၏ ပထမဆုံးနေ့မှစတင်၏။ ထိုနေ့မှာ အနောက်တိုင်းမှ ပြက္ခဒိန်အရဆိုသော် ဖေဖော်ဝါရီလ ၄ ရက်သို့တည်းမဟုတ် ၅ ရက်နေ့တွင် ကျရောက်လေ့ရှိပြီး ၁ နှစ်လုံးနေကာ နောက် ဖေဖော်ဝါရီလ ၄ ရက် သို့တည်းမဟုတ် ၅ ရက်မတိုင်မီအထိဖြစ်လေသည်။ အခြေခံပြောင်းလဲမှုမှာ ကိုးကွက်ဇယားတွင် အလယ်ဂဏန်းဖြစ်၏။ ဤအလယ်ဂဏန်းသည် ၁နှစ်လုံးအတွက် စိုးမိုးသည့် ဂဏန်းဖြစ်ပေ၏။ အလယ်က ဂဏန်းပြောင်းသွားသည်နှင့်တစ်ပြိုင်နက် ပတ်ပတ်လည် ရှစ်ကွက်ထဲက အခြားဂဏန်းများလည်း မူလလိုရှုပုံဖော်ချက်မှ ပုံစံအတိုင်း ဆီလျော်စွာ ပြောင်းလဲကုန်ကြလေ၏။ ရွေ့လျားမှု၏ ဦးတည်ချက်အရပ်မျက်နှာများကား အလယ် ဗဟို– နမ– န– ရမ– တ– မ– နတ– ရ– ရတ ဟူ၍ ဖြစ်၏။ အလယ်က ဂဏန်းကို သိရသည်နှင့်တစ်ပြိုင်နက် ပတ်ပတ်လည် ရှစ်ကွက်မှ အခြားဂဏန်းများကို ချက်ချင်းပင် ရရှိနိုင်ပါသည်။ ဥပမာ ၄ ဂဏန်းသည် ၁၉၉၆ခုအတွက် အလယ်တွင်နေ၍ ထိန်းချုပ်သည့် ဂဏန်းဖြစ်သည် သို့ဖြစ်၍ ၁၉၉၆ ခုနှစ်အတွက် ကိုးကွက်ကားချပ်ကို ကျွန်ုပ်တို့သည် အောက်ပါအတိုင်း ရေးဆွဲနိုင်တော့၏။

## ရုပ်ပုံ ၃၅။ ၁၉၉၆ အတွက် ကြယ်ပျံကားချပ်

ထိပ်တိုက်ကြယ်

၃ ခုသော ရှားများ

| | | |
|---|---|---|
| ၃ | ၈ | ၁ |
| ၂ | ၄ | ၆ |
| ၇ | ၉ | ၅ |

အထက်ဖော်ပြချက်သည်ကား ၁၉၉၆ ခုနှစ်အတွက် ကြယ်ပျံ **ဖုန်းရွှေ** ကားချပ်ပင် ဖြစ်သည်။ ဤကားချပ်က ၁၉၉၆ ခုနှစ်တွင် အရပ်မျက်နှာအားလုံးတွင် ရှိနေမည့် **ဖုန်းရွှေ** အရှိန်သြဇာများကို ဖော်ပြ၏။ ဥပမာအားဖြင့် ပါပကြယ် ၅ သည် အနောက်မြောက်အကွက်တွင် ရှိနေ၏။ သင်၏အခန်း သို့တည်းမဟုတ် ဝင်ထွက်ပေါက်သည် အနောက်မြောက် အကွက်တွင်ရှိနေ၏။ သင်၏အခန်း သို့တည်းမဟုတ် ဝင်ထွက်ပေါက်သည် အနောက်မြောက်ဘက်တွင် ရှိနေလျှင် ၁၉၉၆ ခုနှစ်အတွင်း ဤနေရာများသည် ဆိုးရွားသော အရှိန်သြဇာ သက်ရောက်မှု အောက်တွင် ရှိနေပေလိမ့်မည်။ ကြိုတင် သတိထားမှုများ လိုအပ်၏။ ပါပကြယ် ၅ သည် မြေဓာတ် အတန်းအစားတွင် ဖြစ်ရာ ဓာတ်စက်ဝန်းအရ မြေသည် သတ္တုကိုမွေးဖွားသည်။ သတ္တုဖြင့်ပြုလုပ်သောဝတ္ထုပစ္စည်းသည် ၅၏ စွမ်းအားကို ကုန်ခန်းစေမည် ဖြစ်ရာ ထိုကြယ်၏ မကောင်းကျိုးများကို ပြေပျောက်စေမည် ဖြစ်လေသည်။ ထို့ကြောင့်လုပ်လေ့လုပ်ထ ရှိသည်မှာ အနောက် မြောက်ဘက်မှ အခန်း၏ မျက်နှာကြက်တွင် ဖြစ်စေ၊ ဝင်ထွက်ပေါက်၏ အတွင်းတွင်ဖြစ်စေ၊ သတ္တုဖြင့်ပြုလုပ်သော ဆည်းလည်းကလေးကို ချိတ်ဆွဲထားကြသည်။ ထိုဆည်းလည်းကလေးမှ သတ္တုသံကို ထွက်ပေါ်စေမည်ဖြစ်ရာ ဆိုးကျိုးဖြစ်စေသော မြေဓာတ်၏ စွမ်းအင်ကို ယုတ်လျော့စေမည် ဖြစ်၏။

မှတ်သားဖွယ်ရာ နောက်ထပ်ဆိုးရွားသော အရှိန်သြဇာသည်ကား နံပါတ် ၂ ဖြစ်၍ ၁၉၉၆ ခုနှစ်အတွက် **ဖုန်းရွှေ** ကားချပ်အရ အရှေ့ဘက်အကွက်တွင် ရောက်ရှိနေသည်။ ဤဂဏန်းသည် နာမကျန်း ဖြစ်မှုကို အဓိပ္ပာယ်ဆောင်မည်ဖြစ် ၍ ထိုမကောင်းကျိုးကို ချေဖျက်ရန်မှာ မကောင်းကျိုးသက်ရောက်ရာ နေရာဒေသဖြစ်သည့် အရှေ့ဘက်တွင် သတ္တုပြား ခြောက်ပြား သီထားသော ကြိုးကို ဆွဲထားရမည်ဖြစ်သည်။

အရှေ့တောင်ဘက်အကွက်တွင် တွေ့ရသော နံပါတ် ၃ သည်လည်း ကောင်းသော ကြယ်တစ်ပွင့် မဟုတ်ပါ။ အနှောင့်အယှက်နှင့် အမျက်ဒေါသကို ယူဆောင်လာပါလိမ့်မည်။ ၃ သည် သစ်သားအမျိုးအစားတွင် အကျုံးဝင်သည် ဖြစ်သောကြောင့် သူ၏ မကောင်း

ကျိုး ပြောင်းပြောက်စေရန်မှာ ဩဇာသက်ရောက်ရာ ဒေသတွင် အနီရောင်ပိုစတာ၊ သို့တည်း မဟုတ် အနီရောင်ကော်ဇော အစရှိသည့် အနီရောင် ဝတ္ထုပစ္စည်းများကို ထားရှိရမည်။ အနီရောင်သည် မီး၏ အရောင်ဖြစ်သဖြင့် ၃ ၏ ဆိုးကျိုးပြုသော သစ်သားဓာတ်ကို ချေဖျက်နိုင်ပေ၏။

၁၊ ၄၊ ၆ ဟူသော ဂဏန်းများမှာ လက်ရှိ သတ္တုခေတ်တွင် သိပ်ကြီးကောင်းလှသည့် ဂဏန်းများ မဟုတ်ကြသော်လည်း ကြီးမားသော ဘေးဒုက္ခ ဖြစ်မှုကိုတော့ ယူဆောင်လာကြမည် မဟုတ်ပါ။ သို့သော်ငြားလည်း ၆ သည်လည်း ဥပဒေနှင့် တရားစွဲဆိုမှုတို့နှင့် ပတ်သက်နေပေရာ ဤဂဏန်းသည် မလိုလားအပ်သော တရားတပေါင်ကိစ္စရပ်များကို ဆောင်ကြဉ်းလာနိုင် ပေသည်။ ၆၏ မကောင်းကျိုးကို ပယ်ဖျက်ရန်မှာ ရေ။ အနက်ရောင်ပစ္စည်းများ အနက်ရောင်ပန်းပင်များတို့ကို ထားရှိရန် ဖြစ်ပေ၏။ ၁၉၉၆ ခုတွင် ၆သည် အနောက်ဘက်တွင် ရှိလေသည်။

ကောင်းကျိုးပြုသော ဂဏန်းများမှာ ၈နှင့် ၇ တို့ဖြစ်ကြ၍ ၁၉၉၆ ခုနှစ်ပန်းချီကားချပ်၌ တောင်နှင့် အရှေ့မြောက် အရပ်တို့တွင် ရှိနေသည်။ သူတို့သည် ပို၍ ကံကောင်းမှုကို ဖြစ်စေမည့် ကြယ်များပင်တည်း။ အကယ်၍ သင်၏ ပင်မ ထွက်ပေါက်သည် အရှေ့မြောက်ဘက် သို့တည်းမဟုတ် တောင်ဘက်တွင် ရှိနေပြီး အဆောက်အအုံ၏ မူလ **ဖုန်းရွှေ** ကားချပ်တွင် ဤအရပ်များ၌ ရေကြယ်ဖြစ်သော ၇ ကို ဖော်ပြနေသည်ရှိသော် ၁၉၉၆ ခုနှစ်သည် သင့်အတွက် အလွန် ကြီးပွားဖွံ့ဖြိုးမည့် နှစ်ဟူ၍ သင်သည် ဟောကိန်းထုတ်နိုင်ပါ၏။ ဤသို့ဆိုရခြင်းအကြောင်းရင်းမှာ မြေဓာတ်အမျိုးအစားဖြစ်သော ၈ သည် သတ္တုဓာတ်ဖြစ်သော ရေကြယ် ၇ ၏ ကောင်းကျိုးအာနိသင်ကို တိုးမြှင့်ပေးမည် ဖြစ်သောကြောင့်တည်း။

ဤကြယ်များအပြင် သာမန်အားဖြင့် ကြယ်ပျံကားချပ်တွင် ဖော်ပြမထားတတ်သော အရိုက်ဩဇာ အချို့ရှိချေသေး၏။ ပထမတစ်ခုကား **"ဤနှစ်၏ကြယ်"** ဖြစ်၍ ဤဟာသည် အတိတ်ကာလ၊ နှစ်တစ်နှစ်တွင် ကြာသပတေးဂြိုဟ် တည်ရာဘက်နှင့်ပတ်သက်ခဲ့၏။ ၁၉၉၆ ခုနှစ်တွင် မြောက်အရပ်တွင်ရှိနေသည်။ "ဤနှစ်၏ ကြယ်"ပေါ်တွင်ထိုင် နိုင်၏၊ သို့သော်မျက်နှာချင်းတော့ မဆိုင်ပါနှင့်။ အန်တရာရောက်ပါသည်။ ထို့ကြောင့် တောင်ဘက်စူးစူးတွင်ထိုင်၍ မြောက်ဘက်ကို မျက်နှာမူခြင်းမှာ ၁၉၉၆ ခုနှစ်အတွင်းတွင် မပြုလုပ်သင့်ပါ။ တောင်အရပ်သည် ဤနှစ်၏ ကြယ်ရှိရာ ကို တည့်တည့်မျက်နှာချင်းဆိုင်ဖြစ်၍ **"ထိပ်တိုက်ကြယ်"** နေရာဟူ၍ ခေါ်ပေ၏။ ဤနှစ်၏ ကြယ်တည်နေရာကို အနှောင့်အယှက် မပြုသင့်ပါချေ။ သို့ဖြစ်သောကြောင့် **"ကြွက်နှစ်"** (၁၉၉၆) တွင် မြောက်အရပ်၌ အကြီးအကျယ် ဆောက်လုပ်ရေးကိစ္စများ သင့်အနေဖြင့် မပြုလုပ်သင့်ချေ။

မှတ်သားဖွယ်ရာ အခြားသော နေရာတစ်နေရာကား **"ရှား** သုံးခုထိုင်ခုံ" ပင် ဖြစ်၍ အတွင်းတွင် ဓာတ်များထိပ်တိုက် တွေ့ကြပြီး "ဤနှစ်၏ ကြယ်"နှင့် အဖျက်သဘော

ဆက်ဆံသည်။ ၁၉၉၆ ခုတွင် ဤ "**ရှားသုံးခုထိုင်ခုံ**"သည် "ထိပ်တိုက်ကြယ်" ကဲ့သို့ပင် တောင်ဘက်တွင် တည်ရှိနေ၏။ ထို့ကြောင့် တောင်ဘက်စူးစူးတွင် ထိုင်ခြင်းသည် ပြဿနာနှင့် အဆီးအတားများကို ဆွဲဆောင်ရာ ရောက်ပေ၏။ အကယ်၍ သင်သည် ၁၉၉၆ ခု၌ တောင်ဘက်စူးစူးကို ကြောပေး၍ ထိုင်နေသည်ဆိုလျှင် သင်ထိုင်နေသည့် အနေအထားကို ပြောင်းလဲပစ်ရန် ကျွန်ုပ်က တိုက်တွန်းလိုပါသည်။

အထက်ပါ ဥပမာသည် ၁၉၉၆ ခုနှစ်ကို အခြေပြုထားပါ၏။ ဤစာအုပ်၏ နောက်ဆက်တွဲ ၈ တွင် ကျွန်ုပ်သည် ကြယ်ပျံများ၊ နှစ်အလိုက်ကြယ်များ၊ ထိပ်တိုက်ကြယ်များ၊ **ရှား**ကြယ်သုံးပွင့်တို့၏ တည်နေရာများကို ၁၉၉၂ မှ ၂၀၀၉ အထိ ကျွန်ုပ်သည် စာရင်း ပြုစုဖော်ပြထားပါသည်။ စာဖတ်သူများသည် တည်နေရာများကိုစစ်ဆေး ကြည့်ရှု၍ နှစ်အလိုက် ကြိုတင် သတိပြုခြင်းများကို အထက်တွင် ဖော်ပြခဲ့သည့် ဖေးမလမ်းညွှန်မှု များနှင့်အညီ ပြုလုပ်ထားနိုင်ကြပါ၏။

ယခုဆိုလျှင် ကျွန်ုပ်သည် တစ်နှစ်ပြီးတစ်နှစ် **ဖုန်းရွှေ** ထိန်းထားရေးလုပ်ငန်းကို မည်သို့မည်ပုံ ပြုလုပ်သင့်သည် ဆိုခြင်းကို ဥပမာများဖြင့် ပြဆိုခဲ့ပြီးလေပြီ။ သို့သော်ငြားလည်း တစ်နှစ်တွင် ၁၂လ အတွက် ဖုန်းရွှေ ကားချပ်တစ်ခုစီ ရှိသေး၏။ လအလိုက် ကြယ်ပျံ ကားချပ်များ ပြုလုပ်ပုံမှာ နှစ်အလိုက်ကားချပ်များ ပြုလုပ်ပုံနှင့် အတူတူပင် ဖြစ်လေသည်။ ထိန်းချုပ်သော ဂဏန်းသည် အလယ်ဗဟိုသို့ သွားပြီး အခြားသော ဂဏန်းများကို လိုရှုပုံဖော်ချက်ပါ နည်းလမ်းပုံစံအတိုင်း ဖြန့်ချထားရလေသည်။ လအလိုက် ကြယ်သည် ဘေးဒုက္ခဆိုးများ ကျရောက်မည့်အချိန်ကို မကြာခဏပင် ဖော်ပြတတ်၏။ ဥပမာအားဖြင့် ၁၉၉၃ ခုတွင် မကောင်းရသည့်အထဲတွင် လအလိုက် ကြယ် ၅ သည် လည်းကောင်း အခြားသော ဆိုးရွားသည့် ကြယ်၂ သည်လည်းကောင်း၊ အရှေ့ဘက်တွင် ရောက်နေသော် ပို၍ပင်ဆိုးတော့သည်။ ၁၉၉၃ခု ဇွန်လတွင် ထိန်းချုပ်သည့် ကြယ် ၄ သည် အလယ် ဗဟိုသို့ ရွှေ့ပြောင်းသည်။ သို့ဖြင့် ပါပကြယ် ၂ ကို အရှေ့အရပ်သို့ ရောက်စေကာ အရှေ့ အရပ်တွင် ရှိနှင့်သော နှစ်နှင့် ဆိုင်သော ပါပကြယ် ၅ နှင့် အင်အားပေါင်းမိစေသည်။ ဤသို့ဖြင့် ၁၉၉၃၊ ဇွန်လမှာ အကယ်၍ အရှေ့ဘက်ခန်းတွင်သော်လည်းကောင်း၊ အရှေ့ ဝင်ထွက်တံခါးကို မျက်နှာမူနေသော အခန်းတွင် သော်လည်းကောင်း နေရပြီဆိုလျှင် အထူးပို၍ ဂရုစိုက်ရပေတော့မည်။

ယခုအထိဆိုလျှင် နှစ်အလိုက် ကြယ်များနှင့် လအလိုက်ကြယ်များ၏ သဘာဝကိုသာ အလေးအနက်ပြုထားခဲ့ပြီး၊ ရုံးအဆောက်အအုံ ကိုယ်နှိုက်၏ မူလ **ဖုန်းရွှေ** ကားချပ်ကို ရည်ညွှန်း ကိုးကားခြင်း မပြုသေးပါချေ။ လက်တွေ့တွင်ကား ပတ်ဝန်းကျင်၏ မူလ ဖုန်းရွှေ ကားချပ်သည် နှစ်အလိုက် ကြယ် သို့တည်းမဟုတ် လအလိုက် ကြယ်က ကံမကောင်းဖြစ်မှုကို ဖြစ်စေမည်လား မဖြစ်စေမည်လား ဆုံးဖြတ်ရာ၌ မဖြစ်စေမည်လား ဆုံးဖြတ်ရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပေသည်။ အကယ်၍ သင်သည် ဖွံ့ဖြိုးသည့် တောင်ကြယ် ၇ သို့တည်းမဟုတ်၈ တို့တည်ရှိသော အခန်းတွင် နေရာယူပြီး

ဝင်ထွက်ပေါက်များကို ရေကြည်များ ဖြစ်ကြသည့် ၇ သို့တည်းမဟုတ် ၈ တို့ဘက်သို့ ဖွင့်ထားမည် ဆိုပါလျှင် နှစ်အလိုက် ပါပကြယ်များ ဖြစ်ကြသော ၅ သို့တည်းမဟုတ် ၂ တို့ ရောက်လာသည့်တိုင်အောင် ကြီးကျယ်သော ပြဿနာကို ဖြစ်စေမည်မဟုတ်ပါ။

ရုံးတစ်ရုံး၏ **ဖုန်းရွှေ** ပေါ်တွင် သက်ရောက်သော နှစ်အလိုက်ကြယ်၏ အကျိုးသက်ရောက်မှုအမှန်ကို နှစ်အလိုက် ကားချပ်ကို ရုံးအဆောက်အအုံ၏ **ဖုန်းရွှေကားချပ်နှင့်** တိုက်၍ နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ခွဲခြားဝေဖန်နိုင်ပေ၏။ ယေဘုယျ မူလသဘောတရားသော်ကား အကယ်၍ ဖွံ့ဖြိုးသော ရေကြည် ၇ သို့တည်းမဟုတ် ၈ သည် ဖွံ့ဖြိုးသော ရေကြည်ကို ရေတွင်လည်းကောင်း ဖွံ့ဖြိုးသောတောင်ကြယ်ကို တောင်ပေါ်တွင် လည်းကောင်း တည်နေစေရမည်ဟူသော ဥပဒေသနှင့်အညီ မှန်ကန်သောနေရာတွင် ရှိနေသည် ဆိုလျှင် ၇ သို့တည်းမဟုတ် ၈ကို ဖျက်ဆီးသော သို့တည်းမဟုတ် မွေးထုတ် ပေးသော ကြယ်တစ်ပွင့် ရောက်ရှိလာခြင်းသည် တိုးတက်ဖွံ့ဖြိုးမှုကို တိုးမြင့်စေပါလိမ့်မည်။ ၇ သို့တည်းမဟုတ် ၈ တို့က မွေးဖွားသော သို့တည်းမဟုတ် ဖျက်ဆီးသော ကြယ် တစ်ပွင့် ရောက်လာခြင်းကား ဖွံ့ဖြိုးတိုးတက်မှုကို လျော့ပါးစေလိမ့်မည်။ ဤစကားသည် ရှုပ်ထွေးလှသည်ဟု ထင်စရာရှိပါသော်လည်း ဥပမာဖြင့် ရှင်းလင်းရလျှင် နားလည်ဖို့ ခက်ခဲလှမည် မဟုတ်ပါ။

အကယ်၍ သင်၏ ဝင်ထွက်ပေါက်သည် ဟောင်ကောင်ဘဏ်၏ မြောက်ဘက်ဝင်ထွက်ပေါက် ဥပမာကဲ့သို့ ရေကြည် ၇ ရှိရာတွင် တည်ရှိသည် ဆိုပါလျှင် ၁၉၉၃ ခုနှစ်တွင် နှစ်အလိုက် ကြယ် ၃ သည် မြောက်အရပ်သို့ ရောက်လာ ၏။ ၃ သည် သစ်သားဖြစ်၍ ၇ သည် သတ္တုဖြစ်သောကြောင့် ၇ သည် ၃ ကို ဖျက်ဆီး၍ အင်အားကို ကုန်ခန်းစေလိမ့်မည်။ ထို့ကြောင့် ၁၉၉၃ ခုနှစ်သည် ဟောင်ကောင်ဘဏ်အတွက် ဖွံ့ဖြိုးသော နှစ်တစ်နှစ်ဟု မမျှော်လင့်နိုင်ပါ။ ဖွံ့ဖြိုးသော ရေကြည် ၇ သည် နှစ်အလိုက် ကြယ် ၃ကို ဖျက်ဆီးရန်အတွက် သူ၏ အင်အားများကို သုံးလိုက်ရသောကြောင့် အင်အား ချည့်နဲ့သွားရတော့သည်။


### တရုတ်နိုင်ငံဘဏ် အဆောက်အဦမှ မကောင်းကျိုးများ

စိတ်ဝင်စားစရာ နောက်ထပ် ဥပမာတစ်ခုဖြင့် ရှင်းလင်းပြပါရစေဦး။ ဟောင်ကောင်တွင် မကြာသေးမီက ဖြစ်ပွားနေသော **ဖုန်းရွှေ** နှင့် ပတ်သက်သည့် အငြင်းပွားနေမှုမှာ ဘုရင်ခံ နေအိမ်ပေါ်သို့ တရုတ်နိုင်ငံဘဏ် အဆောက်အအုံသစ်မှ အထင်အရှား သင့်ရောက်သည့် မကောင်းကျိုးကိစ္စပင် ဖြစ်လေသည်။ တရုတ်နိုင်ငံဘဏ် အဆောက်အအုံသည် အလွန်မြင့်မားသော အဆောက်အအုံဖြစ်ပြီး အပေါ်ဘက်ကအပိုင်းများမှာ တြိဂံပုံ သဏ္ဌာန်ရှိကြလေရာ ပြတ်သားလှ သော အချွန်စွန်းကြီးများကို ဖြစ်ပေါ်စေ၏။ ထိုအချွန်းကြီးများထဲမှ တစ်ခုသည် ဘုရင်ခံနေအိမ်၏ ကျောဘက်ဆီသို့ ချိန်ရွယ်နေသည်။ ဘုရင်ခံ၏ နေအိမ်မှ အရှေ့အရပ်ဘက်တွင် တရုတ်နိုင်ငံ ဘဏ်အဆောက်အအုံသစ်ကို ဆောက်လုပ်ခဲ့သည်မှစ၍ များစွာသော ကြမ္မာဆိုးတို့သည် ဖြစ်ပေါ်ခဲ့ပေ၏။ ဘုရင်ခံ ဆာအက်ဒဝပ်ယုဒ်သည်

၁၉၈၆ ခုနှစ်၌ အလုပ်ကိစ္စဖြင့် ပီကင်းသို့ အသွားတွင် နှလုံးရောဂါ၏ တိုက်ခိုက်မှုဖြင့် ကွယ်လွန်ခဲ့ရသည်။ ထို့ပြင် သူ့ရာထူးကိုဆက်ခံသော ဆာဒေးဗစ်ဝီလ်ဆင်သည် နံနက်ခင်း တစ်ခု၌ လေ့ကျင့်ခန်းသဘော လမ်းလျှောက်ရာတွင် ဒဏ်ရာအနာတရဖြစ်ခဲ့ရ၏။ လက်ရှိ ဘုရင်ခံ ခရစ်ပက်တင်သည် ၁၉၉၂ ခု ဟောင်ကောင်သို့ ရောက်ပြီးခါစ မကြာခင်ကလေး တွင်ပင် နှလုံးရောဂါခံစားရသည်။ သူ့မိသားစုဝင်များတွင်လည်း နာမကျန်းမှုများ ရှိကြ တော့၏။

အထူးဝိသေသ သင်္ချာန်များနှင့် ကြီးမားသော အဆောက်အအုံသည် အနီးအပါးက အဆောက်အအုံများဆီသို့ **ဖုန်းရွှေ**အရှိန်ဩဇာကို မုချသက်ရောက်စေမည်သာ ဖြစ်ပါသည်။ သို့သော် ထိုအဆောက်အအုံ၏ အရှိန်ဩဇာများကို ကျွန်ုပ်တို့ မည်သို့ တန်ဖိုးတွက်ပြီး မည်သို့ ကြိုတင်ဟောပြောချက်များကို ပြုလုပ်ရမည်နည်း။ တရုတ်နိုင်ငံ အဆောက်အအုံက ဘုရင်ခံ၏နေအိမ်ဆီသို့ ဩဇာသက်ရောက်မှုကို တန်ဖိုးတွက် ဆုံးဖြတ်ရန်မှာ ပထမခြေလှမ်း အနေဖြင့် ဘုရင်ခံ၏ နေအိမ်၏ **ဖုန်းရွှေ** ကားချပ်ကို စစ်ဆေးရန်ဖြစ်ပြီး၊ တရုတ်နိုင်ငံဘဏ် အဆောက်အအုံ၏ တည်နေရာတွင် မည်သည့်ကြယ်တွေ ရှိနေသည်ကို စစ်ဆေးခြင်းပင် ဖြစ်၏။ ရုပ်ပုံ ၃၇ သည် ဘုရင်ခံအိမ်၏ **ဖုန်းရွှေ** ကားချပ်ကို ဖော်ပြနေ၏။

**ရုပ်ပုံ ၃၆။ ဘုရင်ခံအိမ်၏ ပတ်ဝန်းကျင်ပုံကြမ်း**



## ရုပ်ပုံ ၃၇။ ဘုရင်ခံအိမ်၏ ဖုန်းရွှေကားချပ်

နတ

| | | |
|---|---|---|
| ၄ ၇ ၁ | ၉ ၃ ၆ | ၂ ၅ ၈ |
| ၃ ၆ ၉ | ၅ ၈ ၂ | ၇ ၁ ၄ |
| ၈ ၂ ၅ | ၁ ၄ ၇ | ၆ ၉ ၃ |

ရမ

တရုတ်နိုင်ငံဘဏ် အဆောက်အအုံသည် ဘုရင်ခံအိမ်မှ ဆိုလျှင် အရှေ့အရပ်တွင် တည်ရှိ၏။ ထိုအဆောက်အအုံမှာ မြင့်သည့် အဆောက်အအုံ ဖြစ်သည့်အားလျော်စွာ အရှေ့ဘက် လေးထောင့်ကွက်တွင်ရှိသော တောင်ကြယ်၏ အာနိသင်ကို မြှင့်ပေးခဲ့သည်။ ကားချပ်ကိုကြည့်လျှင် တောင်ကြယ် ၃ ဖြစ်၏။ ၃ ဂဏန်းမှာ မငြိမ်မသက်ဖြစ်ရခြင်းနှင့် အမျက်ဒေါသတို့ကို သရုပ်မူသော ပါပကြယ် ဖြစ်နေသည်။ ထို့ကြောင့် လူသားချင်း အတိုင်အဖောက် ညီညွတ်မှုနည်းပါးပြီး မသင့်မတင့် ဖြစ်မှုက ပိုမိုလာမည်ဟု ဟောကိန်း ထုတ်ခြင်းက ကျိုးကြောင်းညီညွတ်မည် ဖြစ်ပေ၏။ ၃ ဂဏန်းကြယ်သည် ဓားပြတိုက်မှုနှင့် ရာဇဝတ်ပြစ်မှုတို့အတွက် သရုပ်သင်္ကေတလည်း ဖြစ်သည်။ အမှန်ပင် ၁၉၉၀ ပြည့်နှစ်မှစ၍ ဟောင်ကောင်တွင်မှုခင်းသည် တိုးတက်လာနေသည်။ ၁၉၉၂ ခုတွင် ပြစ်မှုနှင့် မသင့်မတင့် ဖြစ်မှုများ ကြီးလေးလာပုံမှာ အေကေ ၄၇ စက်သေနတ်များကဲ့သို့သော လက်နက်ကြီးများ ပါဝင်သည့် ဓားပြမှုများပင် ဖြစ်ခဲ့၏။ ထို့ပြင် ဟောင်ကောင်တွင် နိုင်ငံရေးပြဿနာများနှင့် ဟောင်ကောင်လေဆိပ်သစ် ဘဏ္ဍာရေးကိစ္စများ၊ ဗြိတိသျှနှင့် တရုတ်အစိုးရများအကြား မသင့်မတင့် ဖြစ်မှုသည် ပေါ်ပေါက်လာရသည်။ ဤသို့သော သင့်မတင့်ဖြစ်မှုများသည် ဘုရင်ခံအိမ်၏ ကြယ်ပျံကားချပ်တွင် ရိပ်ပြန်ထင်လျက် ရှိ၏။

၁၉၉၂ ခုနှစ်တွင် နှစ်အလိုက် ထိန်းကွပ်သော ကြယ်မှာ ၈ ဖြစ်ပြီး အရှေ့အရပ်တွင် နှစ်အလိုက် ကြယ်မှာ ၆ ဖြစ်လာသည်။ အရှေ့အရပ်က တောင်ကြယ်မှာ ၃ ဖြစ်၍ သစ်သားဓာတ်၊ ပါပကြယ် ဖြစ်သည်။ တစ်ဖန် သတ္တုကြယ် ၆ က သစ်သားကို ဖျက်စီး

မည့်သူ ဖြစ်နေ၏။ ဤဟာသည် ၃ ကို ဖိနှိပ်၍တော့ မရ။ သို့သော် မကောင်းကျိုးများကို ဆွပေးနိုင်သည်။ ထို့ကြောင့် ၁၉၉၂ သည် ဟောင်ကောင်တွင် အလွန်ကြီးမားသော ခါးပြမှုများအတွက်နှစ်ဖြစ် ရလေ၏။

၁၉၉၃ခုကို ကြည့်ကြရအောင်။ ၁၉၉၃ ခုအစပိုင်းတွင် ဟောင်ကောင် စာနယ်ဇင်းများသို့ ပေးပို့ခဲ့သည့် ဆောင်းပါးများတွင် ၁၉၉၃ ခုတွင် တရားဥပဒေ စိုးမိုးမှုများ တိုးတက်လာမည် ဖြစ်ပြီး၊ ဓားပြတိုက်မှုများသည် ၁၉၉၂ ခုနှစ်ထက် လျော့နည်းလာမည်ဟု ကျွန်ုပ် ဟောပြောခဲ့၏။ ဤဟောကိန်း အခြေပြုသည်မှာ ၁၉၉၃ ခုနှစ်တွင် နှစ်အလိုက် ကြယ် ၅ သည် အရှေ့အရပ်သို့ ရွေ့ပြောင်း၏။ မြေဓာတ် အမျိုးအစားဝင် ၅ သည် သစ်သားဓာတ်ဖြစ်သော ၃ ၏ ဖျက်ဆီးခြင်းကို ခံရမည်။ ၃သည် ၅ ကို ဖျက်ဆီးရသဖြင့် သူ့အင်အားများ ကုန်ခန်းရကာ သူ၏မကောင်းကျိုးမှာ လျော့ပါးလာရ၏။ ဤဟောကိန်း မှန်လာပြီး ၁၉၉၃ ခုတွင် ဟောင်ကောင်၌ လက်နက်ကြီးများပါဝင်သည့် ကြီးမားသော ဓားပြမှုများ နောက်ထပ်မဖြစ်ပွားချေ။

၁၉၉၄ ခုနှစ်တွင် နှစ်အလိုက် ကြယ် ၆သည် အလယ်ဗဟိုသို့ ရွေ့ပြောင်း၍ နှစ်အလိုက် ကြယ် ၄ သည် အရှေ့အရပ်သို့ ရောက်လာသည်။ ၄ သည် သစ်သားဓာတ်တွင် အကျုံးဝင်၏။ ဘုရင်ခံအိမ်၏ အရှေ့ဘက်ပိုင်းတွင် ၄ သည် ၃ နှင့်တွေ့သောအခါ သစ်သားသည် သစ်သားကို အားဖြည့်ပေးခြင်း မည်ပေတော့သည်။ ထို့ကြောင့် ၁၉၉၃ နှင့် နှိုင်းစာလျှင် မှုခင်းဖြစ်ပွားမှုနှုန်းသည် ပို၍ ဆိုးရွားလာလိမ့်မည်ဟု မျှော်လင့်ရ၏။ သို့သော်ငြားလည်း ဖြစ်မှုသဘာဝသည် ၁၉၉၂ နှင့် အလားသဏ္ဌာန်မတူချေ။ လက်နက်ကိုင် ဓားပြမှုများအစား ဟောင်ကောင်တွင် ၁၉၉၄ ခု၌ လိင်ဆက်ဆံမှုဆိုင်ရာ ပြစ်မှုလှိုင်းကြီးကို ကြုံတွေ့ရတော့သည်။ စင်စစ်သော်ကား လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူ တစ်ဦးမှာ မုဒိမ်းမှုများကို အကြိမ်ပေါင်းများစွာ ကျူးလွန်ခဲ့ပြီး ကာယကံရှင် မိန်းမများကို သတ်ပစ်ခဲ့မှုကြောင့် ထောင်တစ်သက် အပြစ်ဒဏ် ချမှတ်ခြင်းကို ခံခဲ့ရ၏။ မည်သည့်အတွက်ကြောင့် ဤသို့ ဖြစ်ပျက်ရသည် ဆိုသည်များကို လွယ်လွယ်ဖြင့် ရှင်းလင်းသွားစေရန်မှာ စာဖတ်သူတို့သည် "မန်နေဂျာများအတွက် မရှိမဖြစ်သော **ဖုန်းရွှေ** နည်းနာများ" အခန်းတွင် ပါရှိသော တြိရေခါဇယားကို ပြန်လည်ကြည့်ရှုရမည် ဖြစ်ပါ၏။ တကယ်တော့နှစ်အလိုက် ကြယ် ၄ သည် လိင်ကိစ္စနှင့် အချစ်ရေးတို့ကို အဓိပ္ပာယ်ဆောင်ပေ၏။

ဤအခန်းတွင် **ဖုန်းရွှေ** ဂဏန်းများကို ကိုင်တွယ်လုပ်ကိုင်ရန် နည်းလမ်းများစွာ ရှိ၍ ထိုဂဏန်းများသည် ကြိုတင်ဟောကိန်းထုတ်ရာတွင် မှန်ကန်မှုအတွက် များစွာ အထောက်အပံ့ရကြောင်းကို ကျွန်ုပ်လက်တွေ့ ပြသခဲ့ပြီး ဖြစ်ပါ၏။ ရုတ်တရက် ကြည့်လိုက်လျှင် လုပ်စရာလုပ်ငန်းစဉ်သည် ရှုပ်ထွေးသယောင် ထင်ရပါသော်လည်း ဥပမာသာဓက များကို ပြန်လည်ဖတ်ရှုကြည့်ပါလျှင် ဟောကိန်းများအားလုံးသည် ဓာတ်နှင့် မရဏ

စက်ဝန်းများအတွင်း အခြေခံဓာတ်ကြီးငါးပါးတို့ ဆက်ဆံကြပုံ သက်သက်ပေါ်တွင် အခြေပြုထားသည်ကို သတိပြုမိကြပါလိမ့်မည်။ လွယ်ကူလှပါသော ဤဆက်ဆံမှုများကို သင်သည် မှတ်မိသွားပြီဆိုလျှင် သော့ချက်သည်ကား ဤဥပဒေသများထဲမှ ကောက်ယူမှုများ ပြုလုပ်ရန် ယုတ္တိယုတ္တာရှိသော ဆင်ခြင်မှုကို အသုံးချခြင်းပင် ဖြစ်ပါ၏။ လက်တွေ့ လေ့ကျင့်လုပ်ကိုင်သွားခြင်းအားဖြင့် သင်၏ စွမ်းရည်နှင့် ယုံကြည်မှုသည် တိုးတက်လာမည် ဖြစ်ပြီး အချိန်တန်သော် သင်သည် အနာဂတ်ကို အသာ ချောင်းကြည့်နိုင်မည် ဖြစ်ပြီး မိမိ၏ ကံကြမ္မာ ဦးတည်ချက်ကို မိမိဘာသာ ပဲ့ကိုင်နိုင်လာမည် ဖြစ်ပါပေ၏။

## စီးပွားရေးကုန်သွယ်မှု ပြုလုပ်ရန် နေ့ကောင်းရက်သာများ

တရုတ်လူမျိုးတို့ လုပ်နေကျ ဓလေ့ထုံးစံ တစ်ခုမှာ အရေးကြီးသော ကိစ္စရပ်များအတွက် နေ့ကောင်းရက်သာ ရွေးချယ်ခြင်းပင် ဖြစ်လေသည်။ နေ့ကောင်းရက်သာရွေးချယ်လုပ်ကိုင်ခြင်းသည် ကိစ္စရပ်မှာ ချောမောဖွံ့ဖြိုးစွာ အစပျိုးနိုင်ရုံသာမက နောင်အနာဂတ်အောင်မြင်ကြီးပွားရန် အခွင့်အလမ်းများကိုလည်း တိုးပွားများပြားစေသည်ဟု ယုံကြည်ထားကြပေ၏။ များစွာသော တရုတ်လူမျိုးတို့သည် စီးပွားကုန်သွယ်ရေး လုပ်ငန်းဖွင့်ပွဲ။ လက်ထပ်မင်္ဂလာပွဲ။ အိမ်သစ်သို့ ရွှေ့ပြောင်းရန်နေ့ ဟူသကဲ့သို့သော ဖြစ်ရပ်များအတွက် သင့်လျော်သော နေ့ရက်ကို ဂရုတစိုက် ရွေးချယ် ကြ၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာကဆိုလျှင် တရုတ်မိသားစုတိုင်းတွင် **"တုန်ရှိန်"**[၂၆] (သို့မဟုတ်၊ **တုန်ရှူး**[၂၇] အဓိပ္ပာယ်မှာ လက်စွဲကျမ်း) ဟုခေါ်သော ကျမ်းစာအုပ် ရှိကြ၏။ ဤကျမ်းစာအုပ်သည်ကား တရုတ်သံဒိဋ္ဌပြက္ခဒိန်ပင်ဖြစ်၍ နှစ်တစ်နှစ်အတွင်း သင့်လျော်သော လုပ်ငန်းဆောင်တာများကို ရက်အလိုက် ဖော်ပြထားလေသည်။ လုပ်ငန်းဆောင်တာများသည် လက်ထပ်ပွဲနှင့် ဖွင့်ပွဲများကဲ့သို့ အရေးကြီးသော ဖြစ်ရပ်များအတွက်မှ စပြီး၊ အိမ်ထောင်ပရိဘောဂ နေရာပြောင်းရွှေ့ခြင်းနှင့် ခေါင်းလျှော်ခြင်းကဲ့သို့ အသေးအဖွဲ ဖြစ်ရပ်များအတွက်အထိ ခြုံငုံမိပေ၏။ **တုန်ရှိန်**သည် မိသားစု အရေးကိစ္စများအတွက် မရှိမဖြစ်လိုအပ်သော လမ်းညွှန်ဖြစ်သည်ဟု ယူဆကာ လူတိုင်းသည် ပွဲကျင်းပမှုများ၊ အလုပ်လုပ်ဆောင်မှုများတို့သည် နေ့ကောင်းရက်သာ ရက်ရာဇာတွင် လုပ်ခြင်း ဟုတ်-မဟုတ်ကို ပြက္ခဒိန်စာအုပ်ကို ကြည့်၍ စစ်ဆေးကြလေသည်။

အနောက်တိုင်း အရှိန်ဩဇာများ တစ်ဟုန်ထိုး ဝင်ရောက်လာသည့်ကြားကပင်

---

၂၆ = Tung Shing
၂၇ = Tung Shu

ဤခလေ့သည် ယနေ့တိုင်အောင်ပင် ရှင်သန်လျက် ရှိချေ၏။ နှစ်စဉ်ပင် **"တုန်ရှိန်"** သံဒိဋ္ဌပြက္ခဒိန်ကို စောင်ရေ သန်းနှင့်ချီ၍ ဆက်လက်ရောင်းချနေရပြီး ကမ္ဘာတစ်ဝန်းလုံးမှ တရုတ်လူမျိုးများသည် အရေးကြီးသော ကိစ္စရပ်များအတွက် ပြက္ခဒိန်ကို နှီးနှောကြလေသည်။ သင်၏ ဦးခေါင်းကို လျှော်ရန် အကောင်းဆုံးသော အချိန်ရွေးဖို့အတွက် **"တုန်ရှိန်ကို** ကြည့်ရှုနှီးနှောပါ"ဟု ကျွန်ုပ် မတိုက်တွန်းလိုပါ။ သို့သော် ထိုကျမ်းသည် **ဖုန်းရွှေနှင့် ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ဟူသော ပညာ နှစ်မျိုးစလုံးကို ခြုံငုံမိသည်ဖြစ်ပြီး မိမိ၏ ရုံး သို့တည်းမဟုတ် ဆိုင်ကို ဖွင့်ပွဲကျင်းပရန် နေ့ကောင်းရက်သာ ရွေးလိုသော မည်သည့် စီးပွားရေးသမားအတွက်မဆို လယ်လင့်တကူ နှီးနှောကြည့်ရှုနိုင်သော ကျမ်းစာအုပ်လည်း ဖြစ်ပေသည်။

စတင်ဖွင့်လှစ်သည့် အခမ်းအနားသည် မည်မျှအရေးကြီးပါသနည်း။ စီးပွားရေးလုပ်ငန်း တစ်ခုသည်လည်းကောင်း၊ ထိမ်းမြားမှုတစ်ခုသည်လည်းကောင်း၊ အောင်မြင်မှု မအောင်မြင်မှု ဟူခြင်းတို့သည် များစွာသော လက်သည်အကြောင်း အချက်များအပေါ် တည်မှီပါသည်။ အကယ်၍ စီးပွားရေးလုပ်ငန်း သို့တည်းမဟုတ် ထိမ်းမြားမှုသည် နောက်ပိုင်းတွင် ပျက်ပြားသွားခဲ့သော် ကျွန်ုပ်တို့သည် ယင်းသို့ပျက်ပြားရမှုကို ရုံး သို့တည်းမဟုတ် နေအိမ်၏ ဆိုးရွားသော **ဖုန်းရွှေ**အပေါ်သို့လည်းကောင်း၊ ကံမကောင်းအကြောင်းမလှခြင်း အပေါ်သို့ လည်းကောင်း **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**တွင် ထင်ဟပ်နေသော ဓာတ်မတည့်ခြင်းအပေါ်သို့ လည်းကောင်း အပြစ်ပုံချနိုင်ပေသည်။ ထို့ကြောင့် နေ့ရက် အရွေးမှားခြင်းသည်ကော ပါဝင်ပတ်သက်ခြင်းရှိလျှင် ရှိနိုင် မရှိနိုင် ဆိုသည်ကို စစ်ကြည့်ဖို့ မဖြစ်နိုင်ပါတော့ချေ။ သို့သော်ငြားလည်း အစဉ်အလာအားဖြင့်ပင် တရုတ်လူမျိုးတို့သည် ဖြစ်ရပ်တစ်ခု၏ စတင်သောရက်ကို ကလေးတစ်ယောက် မွေးဖွားသော နေ့ရက်ကဲ့သို့ သဘောထားကြလေသည်။ အနောက်တိုင်းဗေဒင်ပညာတွင်ပင်လျှင် လောကီကိစ္စဗေဒင်ဟူသော ဘာသာရပ်ခွဲတစ်ခုရှိပြီး ထိုဘာသာရပ်ခွဲအရ အသင်းအဖွဲ့တစ်ခု၏ မွေးနေ့ (အသင်းအဖွဲ့ စတင်တည်ထောင်သည့်နေ့)ကိုယူ၍ ဇာတာဖွဲ့လေသည်။ ထိုဇာတာခွင်မျိုးကို အသုံးပြုလျှင် ဗေဒင်ဆရာသည် အသင်းအဖွဲ့၏ သက်တမ်း တစ်လျှောက် ကောင်းကျိုးဆိုးကျိုးများကို ဟောပြောလေသည်။ တရုတ်ဂဏ္ဍာရီ ပညာအရ ရက်တစ်ရက်ကို ရွေးသောအတတ်သည် နက္ခတ္တဗေဒ၊ **ဖုန်းရွှေ၊ ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသည်တို့ အပါအဝင် ဘာသာရပ်အတော်များများ ကို တတ်သိရသော ရှုပ်ထွေးလှသည့် အသိပညာများ ပါဝင်ပတ်သက်နေပေ၏။

နေ့ကောင်းရက်သာ ရွေးချယ်ရခြင်းမှာ အရေးပါလှပေရာ တရုတ်ဂဏ္ဍာရီ ပညာတွင် သီးခြားဖြစ်ပြီး အထူးဝိသေသပြုရသည့် အကြောင်းအရာတစ်ရပ်အဖြစ် မှတ်ယူသဘောထားကြသည်အထိ ဖြစ်ရသည်။ ဤအတတ်ပညာကို ဤစာအုပ်တွင် အသေးစိတ် ရှင်းလင်းပြသရမည်ဆိုလျှင် အကြံကြီးလွန်းရာ ရောက်ပါလိမ့်မည်။ သို့ပါသော်လည်း အခြေခံသဘော

အချို့ကိုတော့ စာဖတ်သူများအား အသိပေးဖို့တော့ လိုအပ်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ရက်ရွေးနည်းကို စတင်ပြောကြားရပြီဆိုလျှင် ကြီးမားသော ချို့တဲ့ချက်သည်ကား **"တုန်ရှိန်"** (Tung Shing) ကို အခြားသော ဘာသာစကားဖြင့် အဓိပ္ပာယ်ပြန်ဆိုဖော်ပြ မရခြင်းပင် ဖြစ်ပေ၏။ ပြန်ဆို၍ ရသည်ထားဦး သံဒိဋ္ဌ ပြက္ခဒိန်တွင် ညွှန်ပြထားသော နေ့ကောင်းရက်သာ ရက်ရာဇာများသည် လူတိုင်းနှင့် မသင့်တော်သလိုပင် လူတစ်ဦးချင်း၏ ကံကြမ္မာဦးတည်ချက် သီးခြားဖြစ်မှုကို ထည့်သွင်းစဉ်းစား မထားသော ယေဘုယျကျ လွန်းသည့် စာအုပ်နှင့်လည်း မသင့်တော်ပါချေ။ ထို့ကြောင့် **တုန်ရှိန်** အပေါ် မှီခိုအားထားခြင်း မပြုဘဲ နေ့ကောင်းရက်သာ ရွေးသည့် နည်းလမ်းများကို ဆည်းပူးရန် လိုအပ်နေသေး တော့သည်။ ဤအခန်း၏ ရည်ရွယ်ချက်သည်ကား စီးပွားရေးလုပ်ငန်းသစ် စတင်သည့် အခမ်းအနားကဲ့သို့သော အရေးကြီးသည့် ဖြစ်ရပ်များအတွက် နေ့ကောင်းရက်သာ ရွေးလိုသည့် စာဖတ်သူများအတွက် ဆုံးဖြတ်ရန် စံပြုအခြေခံ အချက်အလက်အချို့ကို မိတ်ဆက်ဖော်ပြပေးရန် ရည်ရွယ်ခြင်း ဖြစ်လေသည်။

ဤစာအုပ်၏ ရှေ့ဆုံးက အခန်းအညွှန်းတွင် နိဒါန်းပျိုးဖော်ပြထားသည့်အတိုင်းပင် တရုတ်ပြက္ခဒိန်စနစ်သည် အခြေခံအားဖြင့် တစ်စုံတစ်ခုသော အချိန်၌ သက်ရောက်သော ဓာတ်ကြီးငါးပါး၏ အရှိန်သြဇာကို ထင်ဟပ်သည့် ပြက္ခဒိန်တစ်ခု ဖြစ်ပေ၏။ နေ့ကောင်း ရက်သာ ရွေးသည့်ရည်ရွယ်ချက်မှာ အရေးကြီးသောဖြစ်ရပ် ဖြစ်ပေါ်သည့်နေ့နှင့် နောင်အရှည် သဖြင့် ကာလတွင် အခြေခံဓာတ်ကြီးတို့ အကောင်းဆုံး အရှိန်သြဇာကို သေချာပေါက်ရ ရှိစေရန်အတွက် ဖြစ်လေသည်။ ကျွန်ုပ်တို့ ပွဲကျင်းပသည့် နေ့ရက်သည် အတိုင်းအဖောက် ညီညွတ်မှု သေချာပေါက် ရှိစေရန်မှာ ကျွန်ုပ် တို့သည် ဓာတ်ကြီးငါးပါး အချင်းချင်း တုံ့ပြန်ဆက်ဆံမှုကို ပြည့်ပြည့်ဝဝ နားလည်ထားရန် လိုအပ်ပေ၏။ **ကံကြမ္မာ ဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အကြောင်း ဖော်ပြထားသော အခန်းတွင် ကျွန်ုပ်သည် ဓာတ်ကြီးငါးပါးတို့ အကြားတွင်ရှိသော မရဏစက်ဝန်းနှင့် ဇာတိစက်ဝန်းတို့ကို နိဒါန်းပျိုး မိတ်ဆက်ပေးခဲ့ ပြီးပါပြီ။ ယခုဆက်ဆံပုံ နောက်တစ်မျိုးကို လေ့လာကြပါဦးစို့။ ယင်းသည်ကား ရန် အနေအထားဆက်ဆံပုံနှင့် မိတ်အနေအထားဆက်ဆံပုံတို့ပင် ဖြစ်ပေတော့သည်။

တရုတ်ပြက္ခဒိန်တွင် တရုတ်အက္ခရာ စုစုပေါင်း ၂၂လုံးပါရှိ၏။ ၁၀ ခုမှာ မိုး ကောင်းကင်ပင်စည်များဖြစ်၍ ၁၂ခုမှာ မြေပထဗျာအကိုင်းအခက်များဖြစ်ပေ၏။ မြေပထဗျာ အကိုင်းအခက်များသည် အချင်းချင်း တစ်ခုနှင့်တစ်ခု ရန်အနေအထားဖြင့်သော်လည်းကောင်း၊ မိတ်အနေအထားဖြင့်သော်လည်းကောင်း၊ ဆက်ဆံမှုရှိကြလေသည်။ စကားလုံးက ဖော်ပြထား သည့်အတိုင်း ရန်ဆိုသည်မှာ ဝိရောဓိဖြစ်ခြင်း၊ ထိပ်တိုက်တွေ့ခြင်းတို့ကို ဆိုလို၍ မိတ် ဆိုသည်မှာ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို ဆိုလိုပေ၏။ အောက်ပါဇယားက ရန်နှင့် မိတ်အနေအထားများတွင် တည်ရှိသော မြေပထဗျာ အကိုင်းအခက် စုံတွဲများကို ဖော်ပြ လေသည်။

## ရန်အနေအထားတွင်ရှိသော မြေပထဗျာအကိုင်းအခက်များ

| | | | | | | |
|---|---|---|---|---|---|---|
| 子 | ယန် | ရေ (ကြွက်) | - | 午 | ယန် | မီး (မြင်း) |
| 丑 | ယင် | မြေ (နွားထီး) | - | 未 | ယင် | မြေ (ဆိတ်) |
| 寅 | ယန် | သစ်သား (ကျား) | - | 申 | ယန် | သတ္တု (မျောက်) |
| 卯 | ယင် | သစ်သား (ယုန်) | - | 酉 | ယင် | သတ္တု (ကြက်ဖ) |
| 辰 | ယန် | မြေ (နဂါး) | - | 戌 | ယန် | မြေ (ခွေး) |
| 巳 | ယင် | မီး (မြွေ) | - | 亥 | ယင် | ရေ (ဝက်) |

## မိတ်အနေထားတွင်ရှိသော မြေပထဗျာအကိုင်းအခက်များ

| | | | | | | |
|---|---|---|---|---|---|---|
| 子 | ယန် | ရေ (ကြွက်) | - | 丑 | ယင် | မြေ (နွားထီး) |
| 寅 | ယန် | သစ်သား (ကျား) | - | 亥 | ယင် | ရေ (ဝက်) |
| 卯 | ယင် | သစ်သား (ယုန်) | - | 戌 | ယန် | မြေ (ခွေး) |
| 辰 | ယန် | မြေ (နဂါး) | - | 酉 | ယင် | သတ္တု (ကြက်ဖ) |
| 巳 | ယင် | မီး (မြွေ) | - | 申 | ယန် | သတ္တု (မျောက်) |
| 午 | ယန် | မီး (မြင်း) | - | 未 | ယင် | မြေ (ဆိတ်) |

စာဖတ်သူများသည် ဓာတ်များအကြားတွင် အဖျက်အဆီးအဖြစ် ဆက်ဆံမှုဖြစ်လျှင် ရန်အနေအထား ဆက်ဆံမှု ဖြစ်ပေါ်လာသည်ကို တွေ့မြင်နိုင်ပါသည်။ ဥပမာဆိုသော် သစ်သားက သတ္တုကို ရန်ပြုခြင်းမျိုး သို့တည်းမဟုတ် ရေကမီးကို ရန်ပြုခြင်းမျိုး ဖြစ်ရာ ခြွင်းချက်သော်ကား မြေက သူ့ကိုယ်သူ ပြန်၍ ရန်ပြုခြင်းဖြစ်သည်။

ရန်ဟူသည်မှာ ဝိရောဓိဖြစ်ခြင်း ဆန့်ကျင်ခြင်း ဟူသော အဓိပ္ပာယ်ကို ဆောင်ပေရာ ရက်ကောင်းရွေးချယ်ရာ၌ ပထမဆုံးသော ဥပဒေသည်ကား လ၏ မြေပထဗျာအကိုင်းအခက်နှင့် ရန်အနေအထားရှိသော နေ့ရက်များကို မရွေးချယ်ရန် ဖြစ်ပေ၏။ ဥပမာအားဖြင့် ကိစ္စတစ်ခုကို တရုတ်နှစ်၏ ဒုတိယလထဲတွင် ဆောင်ရွက်တော့မည်ဆိုလျှင် ထိုလ၏ မြေပထဗျာ အကိုင်းအခက်သည် " " ဖြစ်ပေလိမ့်မည်။ **ယင်** ဖြစ်သော **သစ်သား** တည်း။ အကယ်၍ သင်သည် ဤလထဲတွင် စတင်ဆောင်ရွက်သည့် အခမ်းအနားကို ကျင်းပမည်ဆိုသော် မြေပထဗျာ အကိုင်းအခက်သည် **ယင်** ဖြစ်သော **သတ္တုဓာတ်**

ကျသည့်နေ့ရက်ကို ရှောင်ကြဉ်ရန် လိုအပ်သည်။ **ယင်** သတ္တုဓာတ်သည် **ယင်** သစ်သား နှင့် ရန်အနေအထားတွင်ကျသောကြောင့်တည်း။ ဤသို့သော **ယင်** သတ္တုဓာတ်ဖြစ်သော လတွင် **ယင်** သစ်သားဓာတ် နေ့ရက်သည် **ရန်ကျသောနေ့ရက်** ဟုခေါ်၍ အရေးကြီးသော ကိစ္စရပ်များကို လုပ်ဆောင်ရန်အတွက် မကောင်းသော နေ့ရက်ဟု ယေဘုယျ ယူဆထား ကြပေ၏။ ဤ အခြင်းအရာအားဖြင့်ပင် နေ့တစ်နေ့၌ ပွဲကိုစတင်ရန် နာရီကိုရွေးချယ် ရာတွင်လည်း သင်သည် **ရန်ကျသော နာရီ** ကိုရှောင်ကြဉ်ရမည် ဖြစ်သည်။ ဥပမာဆိုသော် **ယင်**သစ်သားဓာတ်ဖြစ်သော နေ့တွင် ရန်ကျသော နာရီသည် **ယင်** ဖြစ်သော သတ္တုဓာတ် နာရီဖြစ်၏။ ယင်းသည် ညနေ ၅ နာရီမှ ၇ နာရီအတွင်း ဖြစ်သတည်း။

ထိုအကြောင်းကြောင့်ပင် ဆန့်ကျင်ဘက်ဝိရောဓိများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်း များကို ရှောင်ကြဉ်ရန်မှာ ပါဝင်ပတ်သက်နေသူ တစ်ဦး၏ မွေးနှစ် သို့တည်းမဟုတ် တစ်ဦးထက်များလျှင်လည်း ထိုသူတို့၏ မွေးနှစ်နှင့် ရန်အနေအထားတွင်ရှိသော နေ့ရက်ကို ရွေးချယ်ခြင်းမှ ရှောင်ကြဉ်ရပေလိမ့်မည်။ ဥပမာသော်ကား အကယ်၍ သင်သည် စီးပွား ကုန်သွယ်ရေးလုပ်ငန်းတစ်ခု၏ အကြီးအကဲဖြစ်ပြီး၊ သင့်ဆိုင် သို့တည်းမဟုတ် သင့်ရုံးကို ဖွင့်လှစ်သည့် အခမ်းအနား ကျင်းပရန် နေ့ရက်ရွေးချယ်သည်ဆိုလျှင် ပထမတွင် သင်၏ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**ကို သိထားရန် လိုအပ်ပေ၏။ သင်၏ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**မှနေ၍ သင်၏ မွေးနှစ်၏ဓာတ်ကို ဖော်ထုတ်နိုင်သည်။ မြေပထဗျာ အကိုင်းအခက်များကို အလေးအနက် ပြုရမည်ဖြစ်လေသည်။ ဥပမာဆိုရလျှင် အကယ်၍ သင်သည် ၁၉၅၁ ခုနှစ်တွင် မွေးဖွားသည် ဆိုပါက မြေပထဗျာ အကိုင်းအခက်အရ ထိုနှစ်သည် **ယင်** ဖြစ်သော သစ်သားဓာတ် ဖြစ်ရာ ပွဲကျင်းပရန်အတွက် **ယင်** ဖြစ်သော သတ္တုဓာတ် ကျသည့်နေ့ကို ရှောင်ကြဉ်ရမည် ဖြစ်သည်။ **ယင်** သတ္တု နေ့ရက်သည် **ယင်** သစ်သား ဖြစ်သော သင်၏မွေးနှစ်နှင့် ရန်အနေအထားတွင် ရှိချေ၏။ ထို့ကြောင့် ထိုနေ့သည် မကောင်းသော နေ့ဟူ၍ ယူဆရ မည်ဖြစ်ရာ သက်ဆိုင်သူအား ဆန့်ကျင်ဖက် ဖြစ်မှုများနှင့် မညီမညွတ် ဖြစ်မှုများကို သယ်ဆောင်လာပေလိမ့်မည်။

တရုတ်ဂဏ္ဍာရီ ပညာတွင် မြေပထဗျာအကိုင်းအခက်များအကြား ရန်အနေအထား ဆက်ဆံခြင်းသည် မုချတားမြစ်စရာ ဖြစ်သဖြင့် မည်သည့်နည်းနှင့်မဆို ရှောင်ကြဉ်ရမည် သာဖြစ်ပေ၏။ ရက်တစ်ရက်၏ မြေပထဗျာ အကိုင်းအခက်သည် နှစ်နှင့်လည်းကောင်း၊ လနှင့်လည်းကောင်း၊ ရန်ကျနိုင်၏။ သို့တည်းမဟုတ် သက်ဆိုင်ရာပုဂ္ဂိုလ်၏ မွေးနှစ်နှင့် လည်း ရန်ကျနိုင်၏။ **ဖုန်းရွှေ** ပညာတွင် မြေပထဗျာအကိုင်းအခက်များသည် အရပ် မျက်နှာများကို သရုပ်မှုလေသည်။ အကယ်၍ သင်၏ အဆောက်အအုံသည်လည်းကောင်း၊ သင်၏ထိုင်ခုံသည်လည်းကောင်း အနောက်အရပ်ကို မျက်နှာမူ၍ အရှေ့အရပ်ကို ကျောပေး နေသော် **ယင်** ဖြစ်သော သတ္တုဓာတ်နေ့ရက်ကို မရွေးချယ်မိရန် အကြံပြုချင်ပါသည်။

အကြောင်းရင်းသော်ကား **ယင်**သတ္တုဓာတ်သည် အနောက်အရပ်ကို သရုပ်မှုပြီး **ယင်**သစ်သားဓာတ်သည် အရှေ့အရပ်ကို သရုပ်မှု သောကြောင့် ဖြစ်၏။ ထို့ကြောင့် **ယင်**သတ္တုဓာတ်နေ့သည် အရှေ့အရပ်နှင့် ရန်ကျ၏။ အရှေ့အရပ်သည် **ယင်** သစ်သားဖြစ်ပြီး အဆောက်အအုံ၏ ကျောဘက် သို့တည်းမဟုတ် သင့်ထိုင်ခုံ၏ ကျောဘက်ဖြစ်သည်။

ယခုအချိန်အထိ ကျွန်ုပ်သည် နေ့ကောင်းရက်သာ ရွေးချယ်ရာတွင် မုချရှောင်ရှားရမည့် အရာအများအပြားကို ဖော်ပြခဲ့ပြီးပါပြီ။ ယခုတစ်ဖန် ဆောင်ရန်များအတွက် ဖေးမလမ်းညွှန်မှု အချို့ကို ဖော်ပြပါမည်။ ကျင်းပနေဆဲတွင် ဖွင့်ပွဲသည် ပြဿနာနှင့်ကြုံရလျှင်ဖြစ်စေ။ ကံမကောင်းမှု တစ်စုံတစ်ခု ဖြစ်ပေါ်လာလျှင် ဖြစ်စေ ယင်းသို့ဖြစ်ခြင်းသည် စီးပွားကုန်သွယ်ရေး လုပ်ငန်းတွင် အနာဂတ်အဆီးအတားများအဖြစ် သရုပ်မှုသည့်နိမိတ်ဆိုးများအဖြစ် တရုတ်လူမျိုးများက ယူဆကြပေ၏။ သို့ဖြစ်သည်နှင့်အညီ ထိုသို့ကျင်းပသည့်ပွဲနေ့တွင် အရာရာမှာ ချောချောမောမော ဖြစ်သွားဖို့ အရေးကြီးပေသည်။ ထိုသို့ဖြစ်ရန်မှာ လုပ်ငန်းပိုင်ရှင် ဘော့စ်၏ ကောင်းကျိုးပြုသော ဓာတ်နှင့်အညီ ဖြစ်အောင်နေ့ကိုရွေးချယ်ခြင်းသည် အကောင်းဆုံးဖြစ်၏။ ဘော့စ် (ဝါ) သူဌေး၏ ကံကြမ္မာဦးတည်ချက်တိုင်များကို စစ်ဆေးပြီး သူ့အတွက် ကောင်းကျိုးပြုသော ဓာတ်များကိုဖော်ထုတ်ရပါမည်။ အကယ်၍ သူသည်အားပျော့သော သစ်သားဓာတ် ပုဂ္ဂိုလ်ဖြစ် ၍အာဟာရဓာတ်အတွက် ရေကို လိုအပ်သည်ဆိုလျှင် အားကောင်းသော ရေဓာတ်နေ့ရက်ကိုရွေးချယ်သင့်ပေသည်။

## မိုက်ကယ်ဂျက်ဆင်အတွက် နေ့ကောင်းရက်သာများ

ဥဒါဟရဏ် ရိုးရိုးကလေးဖြင့် ပေါ်လွင်အောင် ဖော်ပြပါရစေ။ အောက်ပါကံကြမ္မာ ဦးတည်ချက် တိုင်များသည် လူပ်ရှားတက်ကြွသော ဖျော်ဖြေရေးသမားမစ္စတာမိုက်ကယ်ဂျက်ဆင်၏ တိုင်များဖြစ်ကြပေ၏။

**မိုက်ကယ်ဂျက်ဆင်၏ ကံကြမ္မာဦးတည်ချက်၏တိုင်များ**

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| ? | 戊 | 庚 | 戊 |
| | မြေ | သတ္တု | မြေ |
| ? | 寅 | 申 | 戌 |
| | သစ်သား | သတ္တု | မြေ |

သူသည် အော်တမ်ရာသီတွင်မွေးဖွားသော မြေဓာတ်ပုဂ္ဂိုလ်ဖြစ်၍ သူ၏လနှင့် သက်ဆိုင်သောတိုင်တွင် အလွန်တရာ အားကောင်းလှသော သတ္တုဓာတ်များ ရှိနေပေ၏။ သတ္တုကို မြေကမွေးဖွားပေးသည်ဖြစ်ရာ သတ္တုသည် မြေဓာတ်ပုဂ္ဂိုလ် အတွက် ဖန်တီးမှုနှင့် အသိဉာဏ်တို့၏ သရုပ်ဖြစ်လေသည်။ မစ္စတာဂျက်ဆင်၏ ကံကြမ္မာဦးတည်ချက်တွင် သတ္တုဓာတ်၏ အထင်ကရ ရှိနေမှုမှာ ကြီးမြတ်သော ဖျော်ဖြေရေးသမားနှင့် အဆိုတော်အဖြစ် သူ၏စွမ်းရည်ကို ထင်ဟပ်နေလေသည်။ သို့သော်ငြားလည်း သတ္တုသည် မြေ၏စွမ်းအင်ကို



ကုန်ခန်းစေလိမ့်မည်။ သတ္တု၏ အားကောင်းစွာ တည်ရှိမှုသည် မြေ၏အားပျော့ခြင်းကို ထင်ဟပ်စေသည် ဖြစ်သောကြောင့် မစ္စတာဂျက်ဆင်သည် မီးနှင့် သစ်သားတို့၏ ထောက်ပံ့ အားပေးမှုကို လိုအပ်ပေ၏။ ဤဟာများသည် သူ့အား ကောင်းကျိုးပေးသော ဓာတ်များဖြစ် ကြကုန်၏။ တစ်ဖက်တွင်မူကား သတ္တုနှင့် ရေတို့သည် မြေ၏စွမ်းအင်ကို ကုန်ခန်းစေမည် ဖြစ်သောကြောင့် သူတို့သည် ဆိုးကျိုးပေးသော ဓာတ်များ ဖြစ်ကြရလေသည်။ ဤအကြမ်း တွေးဆချက်ကို အသုံးပြုသည်ရှိသော် အကယ်၍ မစ္စတာဂျက်ဆင်သည် စီးပွားကုန်သွယ်မှု လုပ်ငန်းတစ်ခုကို စတင်ရန် သို့တည်းမဟုတ် အသံသွင်းခြင်းအတွက် ကန်ထရိုက်စာအုပ် အသစ်တစ်ခု ချုပ်ဆိုရန် နေ့ရက်တစ်ခုကို ရွေးမည်ဆိုလျှင် မီးနှင့် သစ်သားတို့ အား ကောင်းစွာ တည်ရှိသည့် နေ့ရက်ကို ရွေးချယ်သင့်၏။ ဤဓာတ်များသည် သူ့အတွက် ကံကောင်းခြင်းနှင့် အတိုင်အဖောက် ညီညွတ်မှုတို့ကို တိုးမြှင့်ပေးကြမည်ဖြစ်၏။ အားကောင်းသော သတ္တု သို့တည်းမဟုတ် ရေဓာတ်ကြီးစိုးသော နေ့ရက်ကိုရှောင်ကြဉ်ရမည်။ သူသည် ခွေးနှစ်တွင် မွေးဖွားခဲ့သည်ဖြစ်ရာ နဂါးနေ့ကိုလည်း ရှောင်ကြဉ်သင့်၏။ နဂါးသည် ခွေးနှင့်ဆိုလျှင် ရန်အနေအထားတွင် ရှိသောကြောင့်တည်း။

မိမိအတွက် ကောင်းကျိုးပေးသော ဓာတ်များနှင့်အညီ နေ့ကောင်းရက်သာ ရွေးချယ်ခြင်းသည် ကျင်းပသောပွဲ သို့မဟုတ် အရေးကြီးသောကိစ္စ ချောမောအဆင်ပြေစွာ ဖြစ်သွားစေရန် သေချာစေပါ၏။ ရုံးအဆောက်အအုံ၊ သို့တည်းမဟုတ် ဆိုင်အတွက် ရေရှည်ဖွံ့ဖြိုးစေရန်အတွက် အဆောက်အအုံ၏ နောက်ကျောဘက်ကို ထောက်ပင့်သည့် ဓာတ်များ ကြီးစိုးသောနေ့ကို ရွေးချယ်သင့်ပေသည်။ ဤသို့ဆိုခြင်းသည် ထူးဆန်းသလိုလို ဖြစ်နေသော်ငြားလည်း တရုတ်လူမျိုးတို့က နောက်ကျောဘက်ကို အဆောက်အအုံ၏

သို့တည်းမဟုတ် စီးပွားရေးလုပ်ငန်း၏ အခြေခံအုတ်မြစ်နှင့် အထောက်အပင့်ဟူ၍ ယူဆထားကြလေသည်။ ထို့ကြောင့် အကယ်၍သာ အဆောက်အအုံ၏ ကျောဘက်တွင် သစ်သားဓာတ် ပိုင်ဆိုင်ရာ ဖြစ်သော အရှေ့အရပ်ရှိခဲ့လျှင် ရေဓာတ်ဖြစ်သော နေ့ရက်ကို ရွေးချယ်သင့်လေတော့သည်။ ရေသည် သစ်သားကို အထောက်အပံ့ပြုသောကြောင့်တည်း။ အကယ်၍ အဆောက်အအုံသည် ဟင်းလင်းပြင်တွင် တည်ဆောက်ထား၍ ကျောဘက်တွင် မြင့်မားသော အဆောက်အအုံများ သို့တည်းမဟုတ် တောင်များ မရှိခဲ့ပါလျှင် ကျောဘက်မှ တောင့်တင်း ခိုင်မာသော အထောက်အပံ့ကင်းမဲ့မှုကို သရုပ်မှုသောကြောင့် ရေဓာတ်ဖြစ်သော နေ့ရက်ကို ရွေးချယ်ရန် ပို၍အရေးကြီးပေ၏။ အလားတူ ဆင်ခြင်မှုကိုပင် အသုံးပြု၍ ရှေ့ဘက် မျက်နှာစာတွင် လုံလောက်သော ကွက်လပ်ရှိလျှင် မျက်နှာစာကို အထောက်အပံ့ပြုသော ဓာတ် ကြီးစိုးရာ နေ့ရက်ကို ရွေးရန်လိုသည်။ အကယ်၍ အဆောက်အအုံသည် အနောက်အရပ်ကို မျက်နှာမူပြီး အနောက်ဘက်တွင်လည်း အခြားသော အဆောက်အဦများနှင့် ပိတ်ဆို့နေသည်ရှိသော် ငွေရေးကြေးရေး ဖွံ့ဖြိုးမှုတွင် လုံလောက်မှု မရှိခြင်းကို သရုပ်မှုနေသည် ဖြစ်သဖြင့် ဖွင့်ပွဲအတွက် မြေဓာတ်ဖြစ်သော နေ့ရက်ကို ရွေးချယ်နိုင်သည်။ အကြောင်းရင်းသော်ကား မြေသည်သတ္တုကို ထောက်ပံ့၏။ သတ္တုသည် အနောက်အရပ်၏ သရုပ်ဖြစ်ပေ၏။

ကျွန်ုပ်သည် ရှေ့ပိုင်း၌ ရက်ရွေးသည့် အတတ်ပညာသည် တရုတ်ဂန္ဓာရီပညာ၏ အမျိုးမျိုး အထွေထွေသော အကြောင်းအရာကွဲများမှ ပညာနှင့်ပတ်သက်နေသည် ဖြစ်ကြောင်း ပြောခဲ့ပြီးပါပြီ။ ထို့ကြောင့် ရက်ရွေးချယ်သည့် နည်းနာများမှာ အဆာကျယ်လှပါ၏။ ယခုအထိတော့ ကျွန်ုပ်သည် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ဟူသော ပညာကို သာလျှင် စပ်ဟပ်သုံးစွဲသည်။ သို့ရာတွင် **ဖုန်းရွှေ**ပညာသည် အလုပ်ကို ကောင်းမွန်စွာ လုပ်ကိုင်ရန်လည်း ထပ်တူထပ်မျှ အရေးပါ ပါ၏။ ရှေ့အခန်းများတွင် ဆွေးနွေးခဲ့ပြီးဖြစ်သည့် အတိုင်း ရုံးသည် နှစ်၊ လ၊ ရက် တို့နှင့်အညီ ပြောင်းလဲနေသော ကြယ်ပျံတို့၏ ဩဇာ သက်ရောက် ချယ်လှယ်မှုကို ခံနေရ၏။ ဖွင့်ပွဲသည် ချောချောမောမော သေချာပေါက် ဖြစ်စေရန်အတွက် ဆိုးရွားသော ကြယ်ပျံအချို့၏ အနေအထားများကိုလည်း သတိပြုရန် လိုအပ်ပေသည်။ ဥပမာ အဓိက ဝင်ထွက်ပေါက်တွင် ဆိုးရွားသော ကြယ်ပျံအချို့၏ အနေအထားများကိုလည်း သတိပြုရန် လိုအပ်ပေ သည်။ ဥပမာ အဓိက ဝင်ထွက်ပေါက်တွင် ဆိုးရွားသော ကြယ်ပျံဖြစ်သည့် "၅ အဝါ" ရှိနေမှုက ဒုက္ခပြဿနာကို ဆောင်ကြဉ်းလာပေမည်။ ထို့ကြောင့်အဓိကဝင်ထွက်ပေါက်ရှိရာ အရပ်မျက်နှာ သို့တည်းမဟုတ် ဘော့စ်၏ အခန်းရှိရာ အရပ်မျက်နှာတွင် ၅ အဝါကြယ် ရှိနေသော ရက်များ၊ သို့တည်းမဟုတ် လများကို ရှောင်ကြဉ်သင့်ပေ၏။

ကြယ်ပျံတို့၏ နှစ်အလိုက်၊ လအလိုက်၊ ရက်အလိုက် တည်နေရာများကို **တုန်ရှိန်**တွင်လည်း ဖော်ပြထားပေသည်။

## ကျန်တန်ဗုဒ္ဓရုပ်ပွားတော်ဖွင့်ပွဲ

နောက်ထပ် ဥဒါဟရဏ်ကို ထုတ်ပြရလျှင် ၁၉၉၃ ခု ဒီဇင်ဘာလ ၂၉ ရက်နေ့ကို လန်တောင်ကျွန်းတွင် တည်ထားသော ကြီးမားလှသည့် တျန်တန်ဗုဒ္ဓရုပ်ပွားတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲ ကျင်းပရန် ရွေးချယ်ခဲ့ကြသည်။ ဤအရေးသည် နိုင်ငံများစွာမှ ထောင်နှင့်ချီ၍ ဧည့်သည်များ၊ ဘုန်းတော်ကြီးများ၊ တက်ရောက်သည်ဖြစ်၍ အရေးကြီးလှသော ကိစ္စဖြစ်သည်။ **တိုင်ကြီးလေးတိုင်**ကို အသုံးပြုသည့် နည်းဖြင့် ထိုရက်ကို ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်၏။

### ဖွင့်ပွဲအတွက်နေ့ရက်

| နာရီ | ရက် | လ | နှစ် |
|---|---|---|---|
| 辛 | 甲 | 甲 | 癸 |
| သတ္တု | သစ်သား | သစ်သား | ရေ |
| 未 | 申 | 子 | 酉 |
| မြေ | သတ္တု | ရေ | သတ္တု |

**တုန်ရှိန်**အရဆိုလျှင် "ပြီးမြောက်အောင်မြင်မှုနေ့ရက်" ဖြစ်သဖြင့် ဖွင့်ပွဲများ၊ ဗုဒ္ဓရှင်တော်အား ဖူးမျှော်ခြင်းများအတွက် သင့်တော်ပေ၏။ ဗုဒ္ဓရုပ်ပွားတော်သည် အနောက်တောင်အရပ်ကို ကျောပေး၍ အရှေ့မြောက်အရပ်ကို မျက်နှာမူထားလေသည်။ အနောက်တောင်သည် မြေကြီးအရပ်မျက်နှာ ဖြစ်သောကြောင့် ဖွင့်ပွဲအတွက် ရွေးထားသော သတ္တုနေ့နှင့် ရန်အနေအထား မကျပါ။ ထိုရက်အတွက် ကြယ်ပျံကားချပ်တွင် အလယ်ဗဟိုတွင် ၃။ အနောက်တောင်တွင် ၉။ အရှေ့မြောက်တွင် ၆ ရှိကြသည်။ ထို့ကြောင့် "၅ အဝါ"ထဲမှ ဆိုးရွားသော အရှိန်သြဇာ သက်ရောက်မှု မရှိချေ။ ဖဲကြိုးဖြတ်ခြင်းကို ဟောင်ကောင်ဘုရင်ခံက ပြုလုပ်၏။ သူသည် သတ္တုဓာတ် ဖြစ်သော မျောက်နှစ်တွင် မွေးဖွားခဲ့၏။ သို့ဖြစ်လေရာ နေ့ရက်၏ မြေပထဗျာ အကိုင်းအခက်သည် ဘုရင်ခံ၏ တိရစ္ဆာန် အမှတ်အသား လက္ခဏာနှင့် ရန်အနေအထားတွင် မရှိပါ။

ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာကိစ္စရပ်များတွင် ကျွမ်းကျင်သူ မဟုတ်သော်ငြားလည်း ထိုရက်ကို ရွေးချယ်ခဲ့ရာတွင် အခြားသော အကြောင်းရင်းများရှိဦးမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် နေ့ရက်တွင် မီးဓာတ်ကင်းမဲ့မှုသည် အပြစ်အနာအဆာတော့ ဖြစ်နေ၏။ ရက်တိုင်သည် သစ်သားဖြစ်ကာ၊ ဖွင့်ပွဲကို ဆောင်းရာသီတွင်ကျင်းပခဲ့၏။ ဆောင်းရာသီ သစ်သားသည် နေ၏ အပူရှိန်ကို လိုအပ်သည်ဟူသော အခြေခံသဘောတရားနှင့်အညီ



မိုးကောင်းကင်ပင်စည်တွင် မိုးခါတ်ရှိသော အချိန်ကို ရွေးချယ်သင့်သည်ဟု ထင်မိပါသည်။ ဆောင်ရွက်သူများသည် သက်သောင့်သက်သာ အဖြစ်ဆုံး အချိန်ကို သတ်မှတ်ခြင်း၊ နေ့ရက်၏ အခြားသော မြေပထဗျာအကိုင်းအခက်တို့တွင် ရန်ကိုရှောင်ရှားခြင်း၊ အရေးကြီးသော ညှိ့သည်တော်များ၏ မွေးနှစ် အားဖြင့် ရန်ကျမှုကို ရှောင်ခြင်း၊ အခြားသော စီမံစီစဉ်မှုများတွင် ရန်ကို ရှောင်ခြင်း အစရှိသော အခြားသော ရှောင်ရန်ကိစ္စရပ်များကို ထည့်သွင်း စဉ်းစားထားရသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ဤ သို့ ဖြင့် ကျွန်ုပ်တို့သည် အကောင်းဆုံးသော အချိန်ကို ထာဝစဉ် မရွေးချယ် နိုင်ဘဲ လျှော့ပေါ့ညှိနှိုင်းမှုတွေ ပြုလုပ်ရန် လိုအပ်လာရတော့သည်။

ဤအခန်းသည် လုပ်ငန်းရေးရာ ဆောင်ရွက်ချက်အတွက် နေ့ကောင်းရက်သာ ရွေးချယ်ခြင်း၌ အခြေခံပညာအချို့ကို ဖော်ပြပေးနေပါသည်။ ကန်ထရိုက်စာချုပ်ကိစ္စရပ်များ၊ တရားရုံးကြားနာမှုများ၊ ဖွင့်ပွဲများ၊ စာချုပ်လက်မှတ် ရေးထိုးခြင်းများ အစရှိသည့် အရေးကြီးသော ကိစ္စရပ်မျိုးကို အကျိုးရှိရှိနှင့် ပြဿနာကင်းသော နေ့တွင် ပြုလုပ်လိုသော ပုဂ္ဂိုလ်များအတွက် ဤနည်းသည် အသုံးဝင်ပါ၏။ ကောင်းစွာရွေးချယ်ထားအပ်သောနေ့ရက်သည် အလုပ်လုပ်သော ပုဂ္ဂိုလ်အား ရွှင်လန်းတက်ကြွစွာ လုပ်ဆောင်နိုင်စေရန် မောင်းနှင်အားကို ပေးရုံသာမက စီးပွားရေးလုပ်ငန်း၏ ရေရှည် အောင်မြင်မှုကိုလည်း ဖြစ်ပေါ်စေပါ၏။

# ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူဖြစ်စေရန် ယီကျင်းရှေ့ဖြစ်ဟောခြင်းကို အသုံးပြုခြင်း

ယခုနေရာအထိဆိုလျှင် ကျွန်ုပ်သည် စိတ်ဆွဲဆောင်မှုရှိသော တရုတ်တို့၏ ကံကြမ္မာဦးတည်ချက်လောကကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် **ဖုန်းရွှေ** ဟူသည်တို့ကို ဖြတ်သန်းသွားသော ခရီးတွင် သင့်အားခေါ်ဆောင်လာခဲ့ပြီ ဖြစ်ပါ၏။ ကံကြမ္မာဦးတည်ချက်လောကကို ခွဲခြမ်းစိတ်ဖြာ လေ့လာမှုက မိမိ၏ မွေးရာပါ သန္ဓေတည်စွမ်းအင်ကို သိမြင် နားလည်စေပြီး ဘဝ၏အနာဂတ် ခရီးတစ်လျှောက်ကို ကြိုတင်ရှုမြင်ကွင်းကို ပေးပါသည်။ **ဖုန်းရွှေ**သည်ကား ကျွန်ုပ်တို့၏ ကံကောင်းမှုကို တိုးမြှင့်ပြီး ဘဝတွင် ချွတ်ယွင်းချက်များ၊ ကံမကောင်းမှုများ၏ဖြစ်စရာအကြောင်းရှိမှုနှင့် ပမာဏတို့ကိုလျှော့နည်းစေရန်အတွက် ပတ်ဝန်းကျင်မှ အကျိုးအမြတ် ရယူသည့် နည်းပင်ဖြစ်ပေ၏။ ဤအကြောင်းအရာ နှစ်ရပ်စလုံးပင်လျှင် စီးပွားကုန်သွယ်ရေးတွင် အလွန်တရာ အရေးကြီးလှသော စပ်ဟပ်သုံးစွဲနိုင်မှု ရှိကြလေသည်။ **ကံကြမ္မာဦးတည်ချက်၏တိုင်ကြီးလေးတိုင်က** ကြိုတင်ခန့်မှန်းမှုနှင့် ဆုံးဖြတ်ချက်ချမှုများအတွက် အားထားရသော ကိရိယာ တန်ဆာပလာကို ပေးနှင်းပြီး **ဖုန်းရွှေ**ကမူ လုပ်ငန်းပတ်ဝန်းကျင်ထဲမှ ဖွံ့ဖြိုးမှုကို ပို၍ မွေးထုတ်ပေးနိုင်စွမ်းရှိလေသည်။ ထိုနည်းလမ်း နှစ်ရပ်စလုံးကို ကျွမ်းကျင်ပိုင်နိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် အကျိုးအမြတ် ဖြစ်ထွန်းစေမည့် အခွင့်အလမ်းများကို များစွာ မြှင့်တင်ပေးပေလိမ့်မည်။ ကျွန်ုပ်တို့ နောက်ထပ်ဘာများ လိုပါသေးသနည်း။

သင်သည်**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**နှင့် **ဖုန်းရွှေ** တို့ကို သုံးစွဲရာတွင် ကျွမ်းကျင်သူ ပါရဂူတစ်ဦး ဖြစ်လာပြီ ဆိုပါစို့။ သင့်ဘဝတွင် အတက်အကျ စက်ဝန်းများကို သင်သည် ယုတ္တိရှိရှိ နားလည်လာပေလိမ့်မည်။ ကြီးပွားဖွံ့ဖြိုးမှုကို တိုးတက်စေပြီး

အနှောင့်အယှက် အဆီးအတားများကို ရှောင်ကြဉ်နိုင်ရန် ပတ်ဝန်းကျင်နှင့် ဘယ်လို ညှိနှိုင်း ဆောင်ရွက်ရမည်ကိုလည်း သင်သိပါလိမ့်မည်။ ဤဟာသည် အောင်မြင်သော စီးပွားကုန်သွယ်မှု လုပ်ငန်းတစ်ခု လုပ်ရန်အတွက် လုံလောက်ပါပြီလား။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်နှင့် ဖုန်းရွှေ** တို့က စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် ပြဿနာပေါင်းများစွာအတွက် အဖြေများကို ထုတ်ပေးနိုင်ပါ၏။ သို့သော် ဤနည်းလမ်းများဖြင့် မလုံလောက်သည့် မီးခိုးရောင်နယ်မြေများ ရှိနေပါသေးသည်။ ယင်းသို့သော မီးခိုးရောင် နယ်မြေတစ်ခုသော်ကား ရွေးချယ်မှုများနှင့် ပတ်သက်နေသော ဆုံးဖြတ်ချက်များကိစ္စပင် ဖြစ်လေသည်။ ဥပမာ သင့်လက်ထဲတွင် စိတ်ဆွဲဆောင်မှု ရှိသည့် စီမံကိန်းလုပ်ငန်းနှစ်ခု ရှိနေသော်လည်း ငွေကြေးမလုံလောက်သဖြင့် သင်သည် တစ်ခုကိုသာလျှင် ရင်းနှီးထည့်ဝင် လုပ်ကိုင်နိုင်မည် ဆိုပါစို့။ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်က** သင်သည် ကံကောင်းသော အခိုက်အတန့်တွင် ရောက်ရှိနေပြီး သင်၏ ရင်းနှီးမြှုပ်နှံမှုများသည် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ဖော်ပြ၏။ သို့သော် ပြဿနာကား ဤစီမံချက်လုပ်ငန်းနှစ်ခုအနက် ဘယ်ဟာက ပို၍ အကျိုးဖြစ်ထွန်းစေပါမည်နည်း ဟူသည်ပင်ဖြစ်၏။ ဤသို့သော မေးခွန်းမျိုးကို **ဖုန်းရွှေ**က သော်လည်းကောင်း၊ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ကသော်လည်းကောင်း ဖြေကြားနိုင်ခြင်း မရှိပါ။

သင့်ကံကြမ္မာဦးတည်ချက်နှင့် တိုက်ရိုက်မသက်ဆိုင်သော အချက်အလက်အချို့ကို သင်သိချင်သော အခါမျိုးလည်း ရှိနိုင်ပေသည်။ ဤသို့သော ကိစ္စရပ်များတွင် သင့်အိမ်၏ **ဖုန်းရွှေ**မှလည်းကောင်း၊ သင်နှင့်ဆိုင်သော **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**မှလည်းကောင်း၊ သတင်းအချက်အလက် ရစရာနည်းမရှိချေ။ ဥပမာ အကယ်၍သင်သည် အချိန် ကာလအခိုက်အတန့် တစ်ခုတွင် ရေနံဈေးအတက်အကျကို သိလိုသည် ဆိုလျှင် **ဖုန်းရွှေ**က သော်လည်းကောင်း၊ ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်က သော်လည်းကောင်း ကူညီနိုင်မည် မဟုတ်ပါ၊ နိုင်ငံရေးအခြေအနေများသည်လည်း သင်၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပေ၏။ ဤသို့ဖြင့် သင်သည် ဥပမာ လာမည့်လများအတွင်းဝယ် ဗြိတိသျှ ကွန်ဆာဗေးတစ် အစိုးရဆက်လက် တည်မြဲဖို့ အခွင့်အလမ်းတွေ ရှိပါလေစ ဆိုခြင်းကို ဖြစ်စေ၊ ရုရှားနိုင်ငံတွင် နိုင်ငံရေး တည်ငြိမ်မှု ရှိလာမည်လား ဆိုခြင်းကို ဖြစ်စေ။ ဟောင်ကောင်ကျွန်း၏ အနာဂတ်ရေးနှင့် ပတ်သက်၍ တရုတ်ဗြိတိသျှ ဆွေးနွေးပွဲ ရလာဒ်များ သိနိုင်မည်လား ဆိုခြင်းကို ဖြစ်စေ၊ သိလိုကောင်း သိလိုပေလိမ့်မည်။ ဤပြဿနာများသည် သင့်ကိုယ်တိုင်၏ ကံကြမ္မာဦးတည်ချက်အပေါ် တိုက်ရိုက်သက်ဆိုင်မှု မရှိရကား အဖြေများကို ရရှိရန်အတွက် သင်သည် ဂန္ဓာရီတန်ဆာပလာ နောက်တစ်ခုကို လိုအပ်လာတော့၏။ ထိုကိရိယာ တန်ဆာပလာကား **ယီကျင်းရှေ့ဖြစ်ဟောခြင်း**ပင် ဖြစ်လေတော့သည်။

## ယီကျင်းကျမ်း

**ယီကျင်း**သို့မဟုတ် "ပြောင်းလဲခြင်းကျမ်း" သည် တရုတ်ဂန္ထာရီလောကတွင် ရှေးအကျဆုံးနှင့် အလေးအမြတ် အပြုရဆုံး ကျမ်းတစ်ကျမ်းဟု ဆိုရဖွယ်ရှိလေသည်။ ထိုကျမ်းကို အနောက်တိုင်းက ဘာသာများစွာသို့ ဘာသာပြန် ဆိုပြီးဖြစ်ကာ စကြဝဠာကို ရှင်းလင်းပြသော ဤကျမ်း၏ ပညာသည် အနောက်တိုင်းမှ တတ်ပွန်သူပညာရှင်များနှင့် သိပ္ပံပညာရှင်များကို များစွာဆွဲဆောင်နိုင်သည်ဖြစ်ရာ သူတို့သည် သရုပ်သင်္ကေတများ နောက်ကွယ်မှ ကြွယ်ဝစွာ တိမ်မြုပ်နေသော အနက်အဓိပ္ပာယ်များကို ဆည်းပူး၍ ခွဲခြမ်း စိတ်ဖြာ လေ့လာရန် ကြီးစွာသော လုံ့လအားထုတ်မှုကို ပြုကြပေ၏။ ယီကျင်းသည် **အရှေ့တိုင်း** ပညာကို ကိုယ်စားပြုသည်ဟု ယူဆရပြီး ထိုကျမ်းလာ သရုပ်သင်္ကေတများကို တောင်ကိုးရီးယားနိုင်ငံက မိမိတို့၏ အမျိုးသားအလံတွင် ကူးယူထည့်သွင်းထားပေ၏။ မကြာသေးမီ နှစ်များအတွင်းက တရုတ်ပြည်တွင်းနှင့် ပြည်ပတို့တွင် ယီကျင်းလေ့လာမှုများကို များပြားစွာပင် အပြင်းအထန် ပြုလုပ်ခဲ့ကြပေ၏။ ထိုသို့ လေ့လာသည်တွင် အံ့သြဖွယ်ရာ တွေ့ရှိမှုများ ပေါ်ပေါက်လာရ၏။ ထိုသို့သော တွေ့ရှိချက်များကို အသေးစိတ်ကျစွာ ရေးသားရန်မှာ ဤစာအုပ်၏ နယ်ပယ်ဘောင်ဝန်း အပြင်ဘက်မှ ကိစ္စဖြစ်ပေရာ ဥပမာ သာဓကအနည်းငယ်မျှကိုသာ ဖော်ထုတ်ရေးသားပါအံ့။


ယီကျင်း တြိရေခါစနစ်တွင် ပါဝင်နေသည့် **ယင်** နှင့် **ယန်** တည်းဟူသော အခြေခံဒွန္ဒဘာဝ ခံယူချက် သဘောတရားသည် ကွန်ပျူတာ နည်းပညာမှ ဒွိစုံစနစ်ကို စိတ်ကူးဖော်ပေးသည်ဟုပင် တွေးမိကြလေသည်။ တြိရေခါအစုံများကို ဆရေခါ ၆၄ စုံရ အောင် ပေါင်းစပ်သော စနစ်သည် ဒီအင်အေ (DNA) ဖြစ်ပေါ်လာစေရေးတွင် နီးစပ်စွာ ဆက်သွယ်လျက် ရှိသည်ကိုလည်း တွေ့ကြရသည်။ နက္ခတ္တဗေဒဆိုင်ရာ သိပ္ပံပညာရှင် တစ်ဦးသည် တြိရေခါရှစ်စုံနှင့် နေစကြဝဠာ စနစ်မှဂြိုဟ်များနှင့် နီးစပ်စွာ ဆက်စပ်နေမှုကို တွေ့ရှိသည်တွင် ဤအခြေခံအားဖြင့်ပင် ကျွန်ုပ်တို့၏ နေစကြဝဠာတွင်းတွင် သိထား ပြီးဖြစ်သော ဂြိုဟ်ကိုးလုံးအပြင် ဆယ်လုံးမြောက်ဂြိုဟ်ကို တွေ့ရှိမည်ဟု အောင်မြင်စွာ ကြိုတင်ဟောပြောခဲ့လေသည်။ မကြာသေးမီက သိပ္ပံပညာရှင်များအကြားတွင် **အရှေ့တိုင်း** ပညာကို စိတ်စွဲလမ်းဝင်စားမှု ရှိခဲ့ခြင်းနှင့်အတူ ယီကျင်းကို ကွမ်တမ်စက်မှုပညာကဲ့သို့သော ဘာသာရပ်နှင့် ပူးပေါင်းထားသော နယ်မြေ သိဝရီအတွက် ရှာဖွေမှုတို့နှင့်ပင် ဆက်စပ် ကြသည်။ အရှေ့တိုင်း လျှို့ဝှက်နက်နဲပညာရပ်များ ခေတ်စားလာသည်နှင့်အမျှ ကျွန်ုပ်တို့သည် လာမည့်ကာလတွင် ယီကျင်း၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်အစစ်အမှန်တို့နှင့်ပတ်သက်၍ မှချပင် ပို၍ တွေ့ရှိဖော်ထုတ် နိုင်ကြပါလိမ့်ဦးမည်။

ယီကျင်း၏ မူလပုံစံသည် တြိရေခါ ရှစ်စုံသာ ရှိသည်ဟု ယုံကြည်ထားကြပြီး လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ကျော်က ဖူရှီဟုခေါ်သော တရုတ်နတ် သို့မဟုတ် တရုတ် ပညာရှိကြီးတစ်ဦးက တီထွင်ခဲ့သည် ဆိုသည်။ တြိရေခါ ရှစ်စုံမှာ **ယန်** (အဖိုဓာတ်သဘော)

ကို ကိုယ်စားပြုသော တစ်ဆက်တည်း ဖြစ်နေသည့် မျဉ်းများနှင့် **ယင်** (မဓာတ်သဘော) ကို ကိုယ်စားပြုသည့် ခါးပြတ်နေသည့် မျဉ်းများအားဖြင့် ဖန်တီးထားသည့် သရုပ်ရှစ်မျိုးကို ဆိုလိုပေသည်။

ခါးပြတ်နေသော သို့တည်းမဟုတ် တစ်ဆက်တည်းဖြစ်သော မျဉ်းသုံးကြောင်းကို ပေါင်းစပ်ခြင်းအားဖြင့် မျဉ်းသုံးကြောင်းပါသည့် တြိရေခါ တစ်ခုဖြစ်သည်။ တစ်ဆက်တည်းနှင့် ခါးပြတ်နေသော မျဉ်းများ ပေါင်းစပ်ထားချက် အားလုံးမှ မျဉ်းသုံးကြောင်းစီပါသော တြိရေခါ သင်္ကေတသည် စုစုပေါင်း ရှစ်ခု ပေါ်ပေါက်လာ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ယီကျင်း၏ မူလနှင့်အခြေခံအကျဆုံး ပုံစံဖြစ်သော နာမည်ကျော် **တြိရေခါရှစ်စုံ** ကို ရရှိပေတော့သည်။

**ရုပ်ပုံ ၃၈။ တြိရေခါရှစ်စုံ (ကနဦးအထားအသို)**




နတ်ဘုရား ဖူရှီသည် ကောင်းကင်နှင့် မြေကြီးတို့ကို လေ့လာ ကြည့်ရှုရာမှ **တြိရေခါ ရှစ်စုံ** ကိုတီထွင်ခဲ့သည်ဆို၏။ ထို့ကြောင့် တြိရေခါ တစ်စုံသည် သဘာဝ၏ မျက်နှာစာတစ်ခုကို ကိုယ်စားပြုသည်ဖြစ်၍ တြိရေခါ ရှစ်စုံသည် စကြဝဠာ၏ လွယ်ကူအောင် ပြုလုပ်ထားသော နမူနာပုံစံ ဖြစ်ပြီး သဘာဝ သို့တည်းမဟုတ် စကြဝဠာ၏ အရေးပါလိုအပ်သော အရည်အသွေးများနှင့် စနစ်များကို ခြုံငုံထားသည်ဟူ၍ ယုံကြည်ထားကြပေသည်။ တြိရေခါ ရှစ်စုံ၏ အခြေခံ အဓိပ္ပာယ် ဆိုလိုချက်များကား "ကောင်းကင်" "ရေ" "တောင်" "မိုးကြိုး" "လေ" "မီး" "မြေ" "ကန်" တို့ ဖြစ်ကြကာ သမိုင်းဦးကာလက ကမ္ဘာပေါ်ရှိ လိုအပ်သော အရာဝတ္ထုအားလုံးကို ခြုံငုံထားဟန် လက္ခဏာတူပေသည်။ နောင်တွင် လူ့အဖွဲ့အစည်းမှာ ပို၍ ရှုပ်ထွေးလာရကား **တြိရေခါရှစ်စုံ**၏

အဓိပ္ပာယ် ပရိယာယ်တို့သည်လည်း ကျယ်ပြန့်လာရသည်။ လူအချင်းချင်း ဆက်သွယ်မှုများ၊ လူ့ခန္ဓာကိုယ်။ တိရစ္ဆာန်မျိုးစုံ ပုံသဏ္ဌာန်များ၊ အရောင်များ၊ လုပ်ငန်းများ ဟူသော ပရိယာယ်များကို တြိရေခါတို့တွင် ထပ်ပေါင်းဖွင့်ဆိုလာကြတော့၏။

တဖြည်းဖြည်းနှင့် ပို၍ သိမ်မွေ့တိကျသော ပရိယာယ်သဘောတွေ ပါဝင်လာဖို့အတွက် သရုပ်သင်္ကေတ ရှစ်ခုမှာ မလုံလောက်ဖြစ်လာသည်မှာ ထင်ရှားလာလေ၏။ ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် စိတ်ခံစားမှုအနေအထားများ၊ ဆွေမျိုးတော်စပ်မှုများ။ လူသားတို့၏ ကံကြမ္မာ ဟူသည်တို့ကဲ့သို့သော ရှုပ်ထွေးလှသည့် ကိစ္စများကိုပါ ခြုံငုံမိလာနိုင်စေခြင်းငှာ တြိရေခါအစုံများကို ပေါင်းစပ်လိုက်ကြပြန်ရာ **ဆရေခါ** (မျဉ်းကြောင်း ၆ ကြောင်း) ပုံစံတွေ ဖြစ်ပေါ်လာရလေသည်။ တြိရေခါ နှစ်စုံစီကို ရနိုင်သမျှ ပေါင်းစပ်သောအခါတွင် ဆရေခါ အစုံပေါင်း ၆၄ စုံကို ရရှိလေ၏။ သို့ဖြစ်ရာ ဆရေခါ တို့၏ ပရိယာယ်အင်အားမှာ **တြိရေခါရှစ်စုံ**ထက် သိသိသာသာပင် ပိုမိုလာလေရာ စကြဝဠာထဲမှ မည်သည့်အရာဝတ္ထု သို့တည်းမဟုတ် မည်သည့်ဖြစ်ရပ်မဆို ဤမျဉ်းကြောင်း ၆ကြောင်းနှင့် သင်္ကေတတို့က ကိုယ်စားပြုနိုင်သည်ချည်းပင် ဖြစ်တော့သည်။

**ရုပ်ပုံ ၃၉။ နမူနာဆရေခါ**



ဤသရုပ်များသည် စကြဝဠာနှင့် ပတ်သက်၍ အားလုံးသော အချက်အလက်များကို သိမ်းငင်ထားသည်ဟု ယူမှတ်ထားကြလေရာ ရှေးခေတ်ရှေးအခါက ဤသရုပ်သင်္ကေတများကို အဓိက အသုံးချပုံ တစ်ခုမှာ ရှေ့ဖြစ်ကို ကြိုတင်ဟောပြောခြင်းပင် ဖြစ်ပေ၏။ ဟောပြောခြင်းကိစ္စရပ်များအတွက် ကိရိယာ တန်ဆာပလာ တစ်ခုဖြစ်လာကာ အနာဂတ်အတွက် အရိပ်အမြွက်ညွှန်းချက်ကလေးများကို ပေးနှင်းသည်ဖြစ်ရာ ရှေးတရုတ် သူဟောင်းများသည် ဆောင်ရွက်မှုအတွက် လမ်းမှန်ရွေးချယ်ရေးတွင် ဖေးမညွှန်ပြချက် တစ်မျိုးသဖွယ် လိုက်နာခဲ့ကြလေသည်။ ရှေးခေတ် တရုတ် ရာဇဝင်တွင် ယီကျင်းကို ရှေ့ဖြစ်ဟောပြောမှု အတွက် ကိရိယာတန်ဆာပလာ တစ်ခုအဖြစ် သုံးစွဲသည်ကို အကြိမ်ကြိမ် တွေ့ရှိရသည်။ ခေတ်အဆက်ဆက်က မှူးကြီးမတ်ကြီးများနှင့် ဘုရင်များသည် နိုင်ငံရေးနှင့် စစ်ရေးတို့တွင် ဆုံးဖြတ်ချက်များ ချမှတ်ရန် ယီကျင်းရှေ့ဖြစ်ဟောခြင်းကို အားထားခဲ့ကြပေ၏။ အနာဂတ်ကို

ကြိုတင် ဟောပြောမှုအတွက် ကိရိယာ တန်ဆာပလာ တစ်ခုအဖြစ်အပြင်၊ အချို့သော ပညာရှိများနှင့် ကျွမ်းကျင်သူ ပညာရှင်များသည် ယီကျင်းကား လူမှု ဆက်ဆံမှုများနှင့် ဘဝ၏ အထွေထွေဖြစ်သော အခြားမျက်နှာစာများအတွက်ပါ အရေးပါသော ဖေးမလမ်းညွှန် ပေးသည့် အရာဖြစ်ကြောင်းကိုပါ တွေ့ရှိလာကြရလေ၏။ ထိုပုဂ္ဂိုလ်တို့သည် ဆရေခါ ၆၄ စုံမှ မျဉ်းကြောင်းတစ်ခုစီကို အဓိပ္ပာယ်ဖော်ထုတ်ပြီး လူ့ဘဝနှင့် တွေးခေါ် မြော်မြင်မှု တို့နှင့်ပင် ဆက်စပ် ကြည့်ရန် တော်တော်ကလေး ပင်ပင်ပန်းပန်း ကြိုးစားထားကြသည်။ ယနေ့ ကျွန်ုပ်တို့ တွေ့မြင်နေရသော ယီကျင်းကျမ်းမှာ ချိုကောရာဖ်နှင့် ကွန်ဖျူးရှပ်တို့ ရေးသားခဲ့သော အသေးစိတ်မှတ်စုများနှင့် ရှင်းပြချက် များသာ စင်စစ် ပါဝင်နေပေ၏။ ဤမှတ်စုများတွင် ဆရေခါများကို အဓိပ္ပါယ်ကောက်ယူရာ၌ သူတို့၏ပညာများ ပါဝင်ပြီး ဆရေခါသရုပ်တို့၏ အတွေးအမြင်ပိုင်းဆိုင်ရာ ပရိယာယ် အဓိပ္ပာယ်များကို နားလည်နိုင်ရန် အတွက် အကောင်းဆုံးဖြစ်သော ရည်ညွှန်းကိုးကားစရာ ကျမ်းကြီးဖြစ်လာသည်။ ယနေ့တွင် ယီကျင်းကို ရှေ့ဖြစ်ဟောပြောမှုကို ပြုလုပ်နိုင်ရန် ထိုအဓိပ္ပာယ် ကောက်ယူချက်များအပေါ် လူများစွာသည် အားထားလျက်ပင် ရှိကြသေး၏။

ဤနာမည်ကျော် ကျမ်းစာအုပ်ကို ဤနေရာတွင် နိဒါန်းပျိုး မိတ်ဆက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးသမားတစ်ဦးသည် ထိုဟာကို ရှေ့ဖြစ်ကြိုတင်ဟောရ သည့် ကိရိယာတန်ဆာပလာတစ်ခုအဖြစ် မည်သို့မည်ပုံ သုံးနိုင်သည်ဆိုခြင်းကို ပြသရန်ဖြစ် သည်နှင့်အညီ ယီကျင်း၏ အတတ်ပညာပိုင်းဆိုင်ရာ မျက်နှာစာတွင်းသို့ ပို၍ နက်ရှိုင်းစွာ မငုပ်လျှိုးတော့ပါ။ ကျွန်ုပ်တို့၏ စိတ်ထဲတွင် မေးစရာ ပြဿနာ အထူးရှိနေသောအခါတွင် ဖြစ်စေ၊ ကျွန်ုပ်တို့သည် လမ်းဆုံလမ်းခွများသို့ ရောက်နေပြီး ဘယ်လမ်းကို လိုက်ရမည် ဆိုခြင်းကို ဆုံးဖြတ်ရန် လိုအပ်သောအခါတွင်ဖြစ်စေ ယီကျင်းရှေ့ဖြစ်ဟောပြောခြင်းသည် အသုံးဝင်ဆုံးဖြစ်လေသည်။ ယင်းသို့ ချီတုံချတုံဖြစ်နေရသည့် အခိုက်အတန့်မျိုးတွင် ယီကျင်းက မသေချာမရေရာ ဖြစ်နေရမှုများကို မီးရောင်ဖြင့် ထိုး၍ ရွေးချယ်စရာအတွက် ဖေးမလမ်းညွှန်ချက်ကို ပေးနိုင်ပေ၏။

ယီကျင်းရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်ရန်မှာ လွယ်ကူသေးတော့သည်။ လိုအပ် သမျှမှာ ပိုက်ဆံ သုံးပြားနှင့် စိတ်ရှးစိုက်မှုသာ ဖြစ်ပါ၏။ သို့သော်ငြားလည်း **"ကွာ"**[၂၈] ဟုခေါ်သည့် ဆရေခါများကို သင်သိလိုချက် မေးခွန်းအတွက် တိကျမှန်ကန်သော အဖြေ ကို ရရှိရန် အဓိပ္ပာယ်ကောက်ရခြင်းကား ပို၍ ခက်ခဲသည်တော့ အမှန်ပင် ဖြစ်ပါသည်။

နောက်တွင် ဖော်ပြမည့်အခန်းများသည် **"ကွာ"** ကို အဓိပ္ပာယ်ကောက်ယူရာ၌ အထိရောက်ဆုံး နည်းလမ်းဆီသို့ ရောက်အောင်သွားသည့် လုပ်ငန်းစဉ်တွင် သင့်အား တစ်ဆင့်ပြီးတစ်ဆင့် သယ်ယူသွားကြပါလိမ့်မည်။ ဤနည်းနာ နိဿယသည် ရှေ့ဖြစ် ဟောခြင်းအတွက် အစွမ်းအရှိဆုံး ကိရိယာ တစ်ခုဖြစ်ပြီး ပြဿနာ ဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့အတွက် အလွန်ပင် အသုံးဝင်လှပေ၏။

---

၂၈ = Kua

# ယိုကျင်းရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်ရန်နည်းလမ်း

ယိုကျင်းရှေ့ဖြစ်ဖတ်ခြင်းကို ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ မေးခွန်းတစ်ခုအတွက် အဖြေကို ရရှိရန် ဖြစ်ပေသည်။ ထို့ကြောင့် ရှေ့ဖြစ်ဖတ်ခြင်းကို မပြုလုပ်မီ အရေးအကြီးဆုံး ခြေလှမ်းသည်ကား သင်ဘာကို မေးလိုသည် ဆိုခြင်းကို သေသေချာချာ တွေးတောစဉ်းစားထားပြီးနောက်မှ မေးခွန်းကို အတတ်နိုင်ဆုံး ပြတ်ပြတ်သားသား စီကုံးရန်ဖြစ်၏။ ဤသို့သော ရှေ့ဖြစ်ဖတ်ခြင်းမျိုးကို ပြုလုပ်ဖူးသူမှန်သမျှ ပို၍ ပြတ်သားသော မေးခွန်းများသည် ပို၍ပြတ်သားသော အဖြေများကို ဖြစ်စေနိုင်၍ ဆရေခါအစုံကို အဓိပ္ပာယ်ကောက်ယူရာတွင်လည်း ပို၍ လွယ်ကူစေကြောင်းကို တွေ့ကြရပါလိမ့်မည်။ အောက်ပါတို့သည်ကား ယိုကျင်းရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ဆောင်ဖွယ်များပင် ဖြစ်ပေတော့၏။

**အဆင့်တစ်– တိကျပြတ်သားသော မေးခွန်းကို စီကုံးပါ**

သာမန်ရှေ့ဖြစ်ဖတ်ခြင်းကိစ္စတစ်ခုတွင် သေသေချာချာ စဉ်းစားတွေးတောခြင်း မပြုဘဲ စိတ်ထဲရောက်လာရာ မေးခွန်းကို ကောက်၍ မေးချလိုက်နိုင်သည်။ အကယ်၍ မေးခွန်းသည် မရှင်းခဲ့သော် ရှင်းအောင်လုပ်ဖို့ အခွင့်အလမ်းများ ရှိသောကြောင့် ဖြစ်၏။ သို့ရာတွင် ယိုကျင်း ရှေ့ဖြစ် ဟောခြင်းကို ဆောင်ရွက်ရာတွင်ကား ပို၍ ရှုပ်ထွေးပြီး၊ သင်သည် မေးခွန်းမေးစရာ အခွင့်အလမ်းကို တစ်ကြိမ်သာရ၍ နောက်မှ ထပ်ဆင့်လုပ်စရာ အခွင့်အလမ်းမရှိဟု မှတ်ယူထားရမည်။ ထို့ကြောင့်မေးမြန်းခြင်းမပြုမီ မိမိဘာကို သိလိုသည် ဆိုခြင်းကို ပြတ်သားထားရမည် ဖြစ်၏။ ဝိုးတိုးဝါးတား ဖြစ်နေသော မေးခွန်းများသည် ဝိုးတိုးဝါးတား အဖြေများကိုသာ ရမည်ဖြစ်ပေ၏။ ထို့ပြင် အဖြေသည် စကားလုံးများဖြင့် လာမည် မဟုတ်ဘဲ သင့်မေးခွန်းအတွက် အဓိပ္ပာယ်ရှိရှိ အဖြေကိုရဖို့ရန် များစွာ ခွဲခြမ်း

စိတ်ဖြာ လေ့လာမှုပြုလုပ်ရမည့် ဆရေခါ ပုံစံအဖြစ်ဖြင့် လာမည်ဆိုခြင်းကို စိတ်ထဲတွင် မှတ်ယူထားရပါမည်။

ဆရေခါကို အဓိပ္ပာယ်ကောက်ယူသောအခါ မှန်ကန်သော အဖြေကို ရရှိဖို့ရန် မေးသော မေးခွန်းကို ထာဝစဉ် သတိရှိနေရမည် ဖြစ်၏။ အကယ်၍ မေးခွန်းသည် မရှင်းလင်းခဲ့သော် ဆရေခါ၏ အဓိပ္ပာယ်သည်လည်း ဝါးနေမည် ဖြစ်ရာ အဓိပ္ပာယ်ကောက်ယူရသည်မှာ ခက်ခဲလေတော့သည်။ သို့ဖြစ်ရာ မေးခွန်းသည် တိကျ၍ လိုရင်းကို ရောက်ရ မည်ဖြစ်၏။ မေးခွန်းထဲတွင် အချိန်ကာလ ဘောင်တစ်မျိုးမျိုးသည် ပါဝင်သင့်၏ သို့မှသာ အဖြေသည် ကာလအကန့်အသတ်နှင့် ဖြစ်လာလိမ့်မည်။

ဥပမာ- သင်သည် ဖက်စပ်လုပ်ငန်းတစ်ခုကို လုပ်ချင်နေရာ ယင်းလုပ်ငန်းမှ အကျိုးအမြတ် ရစရာရှိပါမည်လားကို သိလိုပါလျှင် "ဤလုပ်ငန်းထဲသို့ ကျွန်ုပ်၏ ငွေထည့်ဝင်ရပါမည်လား"ဟူသော မေးခွန်းမျိုးသည် အနည်းဆုံး အချက် နှစ်ချက်အားဖြင့် တိကျပြတ်သားမှု ကင်းမဲ့နေသည်။ ပထအချက်ကား မေးခွန်းသည် ဤရင်းနှီးမြှုပ်နှံမှုတွင် မည်သို့သော အနေအထားကို သင်အာရုံပြုနေခြင်းမှာ မရှင်းလင်းပါ။ သင်ဦးစားပေးသည်မှာ ငွေဖြစ်လျှင် ငွေဖြစ်ကြောင်းဖော်ပြသင့်၏။ မည်သည့်လုပ်ငန်းတွင်မဆို ငွေကြေးမဟုတ်သော အခြားအကျိုးအမြတ်များကို ရှိနိုင်၏။ အချင်းချင်းဆက်ဆံရေး ကောင်းမှု၊ ညီညွတ်မှုများ တိုးမြင့်လာခြင်း၊ ဂုဏ်သရေကျော်ဇောမှုရှိခြင်း၊ အဆင့်အတန်းမြင့်လာခြင်း။ စက်မှုလက်မှု နယ်ပယ်တစ်ခုတွင် အလုပ်အတွေ့အကြုံရရှိခြင်းဟူသကဲ့သို့မျိုးတည်း။ အထက်ပါ မေးခွန်းအတွက် ယီကျင်းမှ ငွေထည့်ဝင်သင့်ပါသည်ဟူသော အဖြေမျိုးကိုရလျှင်တောင်မှ ထိုလုပ်ငန်းမှ ငွေကြေးအမြတ်အစွန်း ရရှိလိမ့်မည်ဆိုခြင်းမှာ မသေချာချေ။

ဒုတိယအချက်မှာမူ မေးခွန်းတွင် အချိန်ကာလဘောင်မရှိပါ။ ဆရေခါထံမှ လုပ်ပါဟူသော အဖြေကို ရခဲ့သော် အကျိုးကျေးဇူးကို ဘယ်တော့ခံစားရမည်ကို သင်အသေအချာ မသိချေ။ ငါးနှစ်လောက် ရေရှည်နေပြီးမှ ရမည့်အကျိုးအမြတ်လား။ အကယ်၍သင်မျှော်မှန်းလိုလားသည်မှာ "အကယ်၍ ကျွန်ုပ်သည် ဤလုပ်ငန်းအထဲတွင် ရင်းနှီးမြှုပ်နှံသည်ရှိသော် လာမည့် ၁၂လအတွင်း ငွေကြေးအကျိုးအမြတ် ဘာဖြစ်မည်နည်း" ဟူ၍ ဖြစ်သင့်ပေသည်။

ဤသို့သော မေးခွန်းမျိုးသည် ရှင်းလင်းပြတ်သား၏။ ဆရေခါဆီမှ လုပ်ပါဟူသော အဖြေမှန်သမျှ ၁၂ လတာ ဟူသော တိုတောင်းသည့်ကာလအတွင်း အကျိုးအမြတ် ရရှိမှုကို လွယ်ကူစွာ အဓိပ္ပာယ်ကောက်ယူနိုင်တော့၏။ အကယ်၍ သင်၏အာရုံပြုမှုသည် ငွေကြေးအကျိုးရှိမှု တစ်ခုတည်းသာ မဟုတ်ဘဲ တွဲဖက်လုပ်ကိုင်ရမည့် သူနှင့်လည်း အတိုင်အဖောက် ညီညွတ်သော ဆက်ဆံရေးအတွက်ပါ အာရုံရှိနေသည် ဆိုလျှင်ကား လူလူချင်း ဆက်ဆံရေးကို ချိန်ရွယ်ထားသော ဒုတိယမေခွန်းကို မေးနိုင်၏။ ယင်းမေးခွန်းသည် "လာမည့် ၁၂လ အတွင်း ကျွန်ုပ်သည် မစ္စတာအေ နှင့် လုပ်ငန်းတွင် ညီညီညွတ်ညွတ် ဆက်ဆံမှုကို ရရှိနိုင်ပါမည်လား"ဟူသောမေးခွန်းမျိုး ဖြစ်သင့်ပါသည်။ ရှေ့ဖြစ် ဟောခြင်း

တစ်ရပ်သည် တိကျသောနယ်ပယ်တစ်ခုကိုသာ ခြုံငုံထားရှိဖို့ လေးလေးနက်နက် တိုက်တွန်းလိုပါသည်။ အကြောင်းအရာ မျိုးစုံကို ခြုံငုံထားသော မေးခွန်းများသည် ထွေပြားနေသော အဖြေများကိုသာ ဖြစ်ပေါ်စေမည်ဖြစ်သောကြောင့် အဓိပ္ပာယ် ကောက်ယူရသည့် လုပ်ငန်းစဉ်ကို ရှုပ်ထွေးသွားစေပါလိမ့်မည်။


**အဆင့်နှစ်– ပိုက်ဆံပြားကို မြှောက်ပစ်ပါ။**

ဆရေခါတစ်ခုသည် တစ်ဆက်တည်းဖြစ်နေသော မျဉ်းကြောင်းများ သို့တည်းမဟုတ် ခါးပြတ်နေသော မျဉ်းကြောင်းများပါရှိသည် သရုပ်သင်္ကေတတစ်ခု ဖြစ်သည်။ တစ်ဆက်တည်း ဖြစ်နေသော မျဉ်းကြောင်းသည် **ယန်** ဖြစ်ပြီး၊ ခါးပြတ်နေသော မျဉ်းကြောင်းသည် **ယင်** ဖြစ်၏။ ခေတ်မီ သိပ္ပံပညာရှင်တို့က ထိုဟာများကို ကွန်ပျူတာသိပ္ပံတွင် အခြေခံဖြစ်သော စုံတွဲစနစ်နှင့် ဆက်စပ်တတ်ကြပေသည်။ စုံတွဲစနစ်တွင် **ယန်** ကို **၁**။ **ယင်** ကို **၀** ဟူ၍ လွယ်လွယ်ပင် မှတ်ယူနိုင်၏။ ဆရေခါတစ်ခုကို ကြုံသလို ရယူနိုင်ရန်မှာ သက်သောင့်သက်သာ အဖြစ်ဆုံးနှင့် လူအများဆုံး အသုံးပြုနေသော နည်းလမ်းသည် ပိုက်ဆံပြား သုံးပြားကို ခြောက်ကြိမ် မြှောက်ပစ်ခြင်းဖြစ်၏။ ထိုသို့ပစ်၍ ရသော ဖော်ပြချက်များမှနေ၍ မျဉ်းကြောင်း ခြောက်ကြောင်းကို ရေးဆွဲရလေသည်။

လေ့ကျင့်ခန်းအတွက် ခေါင်းနှင့်ပန်းကို လွယ်လွယ်ခွဲခြား၍ ရနိုင်သော ပိုက်ဆံပြားများကို အသုံးပြုနိုင်ပါ၏။ ပိုက်ဆံပြားများကို မမြှောက်မီ သတိပြုမှတ်သားစရာ အချက်အလက် အချို့ရှိသည်။ ရှေးဦးစွာ ရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်ရန် ဆိတ်ငြိမ်သော နေရာ တစ်ခုကို ရွေးရပါမည်။ ဆောင်ရွက်နေစဉ်အတွင်း အာရုံစူးစိုက်မှု လိုအပ်သည် ဖြစ်သောကြောင့် ဖြစ်နိုင်သရွေ့သော အာရုံထွေပြားမှုတွေကို နည်းပါးသွားစေရန် ဝင်ထွက်ပေါက် တံခါးကို သော့ခတ်ထားပြီး တယ်လီဖုန်းကိုလည်း ဘေးချထားသင့်ပါသည်။ ထို့ပြင်စိတ်စူးစိုက်မှုကို ထောက်ပံ့သည်ဟု ယုံကြည်ထားသော အစီအရင် တစ်ခုဖြစ်သည့် လက်များကို ဆေးကြောခြင်းကို ပိုက်ဆံပြားများ မမြှောက်ခင် ပြုလုပ်ခြင်းသည်လည်း ထုံးစံတစ်ခုဖြစ်ပါ၏။

သင်လိုအပ်သော ကိရိယာ တန်ဆာပလာမှာ လွယ်လွယ်ပင် ပိုက်ဆံပြား သုံးပြားသာ ဖြစ်လေသည်။ ထို့နောက် ဆရေခါကို မှတ်သားရန် မင်တံနှင့် စာရွက်ဖြစ်၏။ အားလုံး အဆင်သင့်ဖြစ်ပြီဆိုလျှင် သင်၏အာရုံကို စိုက်ထားသော မေးခွန်း၌ စူးစိုက်ထားရှိပြီးသကာလ ပိုက်ဆံပြားများကို မှောက်ပန်းလှန်သလို မြှောက်ပစ်ရပါမည်။ ပိုက်ဆံပြားများ ကြမ်းပေါ်သို့ ကျလာသောအခါတွင် ပုံစံလေးမျိုး ဖြစ်နိုင်၏။ ခေါင်းတစ်ခု ပန်းနှစ်ခုဖြစ်စေ၊ ခေါင်းနှစ်ခု ပန်းတစ်ခု ဖြစ်စေ၊ခေါင်းသုံးခုဖြစ်စေ၊ ပန်းသုံးခုဖြစ်စေ၊ လေးမျိုးဖြစ်နိုင်သည်။ အောက်ပါပုံဖော်ချက်က မျဉ်းကြောင်းခြောက်ကြောင်းပါသည့် ဆရေခါတစ်ခုကို ပိုက်ဆံသုံးပြားက ဖော်ပြချက်များမှနေ၍ မည်သို့ ရေးဆွဲရမည်ကို ဖော်ပြသည်။

ရုပ်ပုံ ၄၀။ ပိုက်ဆံသုံးပြား ဖော်ပြချက်များမှ ဆရေခါတစ်ခုကို ထုတ်ယူရရှိခြင်း




အကယ်၍ ကြမ်းပေါ်ပြန်ကျလာသော ပိုက်ဆံသုံးပြားတွင် ခေါင်းသည် တစ်ပြားတည်းပါလျှင် **ယန်** သို့မဟုတ် တစ်ဆက်တည်းသော မျဉ်းကြောင်းဖြစ်သည်။ ခေါင်းနှစ်ခုပါလျှင် **ယင်** သို့မဟုတ် ခါးပြတ်နေသော မျဉ်းကြောင်း ဖြစ်၏။ ခေါင်းချည်းပဲသို့တည်းမဟုတ် ပန်းချည်းပဲကျခြင်းသည် တက်ကြွလှုပ်ရှား၍ ပြောင်းလဲသော မျဉ်းကြောင်းများ ဖြစ်ကြသည်။ ခေါင်းချည်းပဲကျခြင်းသည် **ယန်** မျဉ်းကြောင်းသည် **ယင်** အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်၍ ပန်းချည်းပဲကျခြင်းသည် **ယင်** မျဉ်းကြောင်းသည် **ယန်** အဖြစ်ပြောင်းလဲသွားခြင်းဖြစ်၏။ ဤလှုပ်ရှားသော မျဉ်းကြောင်း များသည် လှုပ်ရှားလုပ်ကိုင်မှုများနှင့် အပြောင်းအလဲများ ရှိမည့်နေရာကို ဖော်ပြသည့်ဖြစ်ကာ အဓိပ္ပာယ်ကောက်ယူမှု လုပ်ငန်းစဉ်တွင် အလွန်ပင်အရေးကြီးလှပေသည်။ ပိုက်ဆံများကို ခြောက်ကြိမ်မြှောက်၍ ကျရောက်လာချက်များကို ရပြီဆိုသော် မျဉ်းကြောင်းခြောက်ကြောင်းကို ချက်ချင်းပင် မှတ်စုစာရွက်ပေါ်တွင်ချရေးလိုက်ရပါမည်။

## အဆင့်သုံး– ဆရေခါတွင် ဓာတ်ခွဲခြားသတ်မှတ်ပါ

ယခုအခါတွင် သင်သည် မေးခွန်း၏ အဖြေအဖြစ် မျဉ်းကြောင်း ခြောက်ကြောင်းပါသော ဆရေခါ တစ်ခုကို ရရှိလေပြီ။ လူပြိန်းအတွက်မှာမူ– ဆရေခါဆိုသည်မှာ မျဉ်းကြောင်းများဖြင့်ပြီးသော ရုပ်ပုံကလေးသာဖြစ်၍ ဘာအဓိပ္ပာယ်မှ မရှိဟု ယူဆဖွယ်ဖြစ်သည်။ သို့ဖြင့် ဆရေခါ၏ မြုပ်ကွယ်နေသော အဓိပ္ပာယ်ကို ကောက်ယူဖော်ထုတ်ရန် မပြုလုပ်မီ ဆရေခါတွင် ဓာတ်ခွဲခြားခြင်း လုပ်ငန်းစဉ်ကို ပြုလုပ်ရပါမည်။

ဤနေရာတွင် ယီကျင်း ဆရေခါတစ်ခု၏ အဓိပ္ပာယ်ကို ဖော်ထုတ်ကောက်ယူခြင်း၌ အများကျင့်သုံးနေကြသော အလေ့အကျင့် နှစ်ခုရှိ၏။ ကျွန်ုပ်က စာအုပ်ကြီးဂိုဏ်းဟု ခေါ်ဝေါ်သော အလေ့အကျင့် တစ်ခုမှာ ယီကျင်းကျမ်းကို ကောက်လှန်၍ ဆရေခါ၏ အဓိပ္ပာယ်ကို စစ်ဆေးကြည့်ရှုသည့် အလေ့အကျင့်ဖြစ်၏။ ဤနည်းကို စာအုပ်ကြီးသမားများ ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြ၍ ယီကျင်းနှင့်ပတ်သက်သည့် အနောက်တိုင်း စာပေများသည် ဤနည်းကို လိုက်နာကျင့်သုံးသည်။

သို့သော်ငြားလည်း ဤနည်းသည် သဘောနှစ်ခုအားဖြင့် ခက်ခဲသော နည်းလမ်းဖြစ်၏။ သဘောတစ်ခုမှာ ကျမ်းစာအုပ်ထဲက ရှင်းလင်းချက်များမှာ ကွန်ဖျူးရှပ်နှင့် ကောရာဇ်ချိုတို့ ရေးသားထားသမျှသာ ဖြစ်ပြီး ထိုပုဂ္ဂိုလ်များသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀က ပေါ်ပေါက်ခဲ့ကြသူများ ဖြစ်လေသည်။ ထိုအချိန်က လူ့အဖွဲ့အစည်းမှာ ယနေ့ ကျွန်ုပ်တို့ ကမ္ဘာနှင့် လွန်စွာမှ ကွဲလွဲခြားနားလှသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ပြဿနာများနှင့် သူတို့ရှင်းလင်းချက်ကို ညှိယူရသည်မှာ မလွယ်ကူလှပါ။ နောက်သဘောတစ်ခုသော်ကား ကောရာဇ်ချိုနှင့် ကွန်ဖျူးရှပ်တို့မှာ လွန်စွာမှ ဒဿနဆန်လှပြီး လူမှုရေးမျက်နှာစာကို အလေးအနက်ထားလွန်းပေ၏။ ထိုရေခါများအတွက် မူလက ရည်ရွယ်ထားသည့် အဓိပ္ပာယ်များ၏ အကျယ်အဝန်းကြီးကို သူတို့ မခြိုင်မိဘဲ ရှိချင်ရှိကြပေမည်။ သို့ဖြစ်၍ ဆရေခါကို အဓိပ္ပာယ်ကောက်ဖို့အတွက် ယီကျင်းကျမ်းကို မှီခိုအားထားနေခြင်းသည် ယနေ့ကမ္ဘာအား ရှင်းလင်းပြောပြရလျှင် တော်တော်ကလေး ဆင်ခြင်တွေးတောမှုနှင့် အချွတ္တကို ရှုကြည့်မှုတို့ လိုအပ်ပေလိမ့်မည်။ ဆရေခါ တစ်ခုတည်းကိုပင် လူနှစ်ယောက်က အဓိပ္ပာယ် ကောက်လျှင် ဆန့်ကျင်ဘက် ကောက်ချက်တွေပင် ပေါ်ထွက်လာနိုင်၏။

ဆရေခါများကို အဓိပ္ပာယ်ကောက်ယူရေးတွင် အခြားသောနည်းတစ်နည်း ရှိသေးသည်။ ယင်းနည်းကို ကြေးစား ရှေ့ဖြစ်ဟောဆရာများ အသုံးများကြ၏။ ဤနည်းမှာ ယီကျင်းကျမ်းကို မှီခိုအားထားခြင်း မပြုပါ။ သို့သော် ဆရေခါကို ကောက်ချက်ချရန်အတွက် ဓာတ်ကြီးငါးပါးဟူသော အခြေခံ သဘောတရားကို အသုံးပြုလေသည်။ ဤနည်းမှာ မျဉ်းကြောင်းတစ်ကြောင်းစီကို ဓာတ်များဖြင့် သတ်မှတ်ပြီး ထိုဓာတ်များအရ မျဉ်းကြောင်းတစ်ကြောင်းစီ၏ အချင်းချင်းဆက်ဆံမှုများနှင့် စွမ်းအားဗလများကို တန်ဖိုးသတ်မှတ်ပြီး နောက်မှ ကောက်ချက်ချခြင်း ဖြစ်ပေ၏။ ဤလုပ်ငန်းစဉ်တွင် မျဉ်းတစ်ကြောင်းစီမှ ဓာတ်များကို ချိန်ဆခြင်း၊ ညှိနှိုင်းခြင်းတို့ပါဝင်လေရာ၊ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** ခွဲခြမ်းစိတ်ဖြာမှုနှင့် ဆင်တူလေသည်။

ဤအလေ့အကျင့်ကို ရှေ့ဖြစ်ဟော ဆရာများ အသုံးများရခြင်းမှာ အကြောင်းရင်းနှစ်ချက်ရှိ၏။ ပထမအချက်မှာ ရှေ့ကရေးခဲ့ပြီးသည့်အတိုင်းပင် လက်ရှိပုံစံဖြစ်သော ယီကျင်းကျမ်းမှာ ကွန်ဖျူးရှပ်နှင့် ကောရာဇ်ချိုတို့၏ ကိုယ်ပိုင်အမြင် များပါဝင်နေသည်ဖြစ်ရာ သူတို့၏ အမြင်များသည်သာလျှင် မှန်ကန်သော အဓိပ္ပာယ်ကောက်ယူချက်များဟူ၍

မဆိုသာပါ။ ဒုတိယအချက်မှာ ခာတ်ခွဲခြားသတ်မှတ်သည့်နည်းမှာ မျဉ်းတစ်ကြောင်းစီကို ပြတ်ပြတ်သားသား အမျိုးအစား သတ်မှတ်နိုင်ပြီး ခာတ်တစ်ခုစီကို ငွေကြေး၊ လူ့အဆင့်အတန်း၊ အာဏာပိုင်မှု၊ လိဂ်ဘများ၊ အပေါင်းအသင်းများဟူသည့် ဘဝ၏ မျက်နှာစာ ငါးခုအဖြစ် မျိုးအစားခွဲခြား သတ်မှတ်နိုင်ပေ၏။ ယင်းသို့ အမျိုးအစား ခွဲခြားခြင်းသည် တကယ့်ဘဝပြဿနာများနှင့် ဆရေခါကို လွယ်လွယ်ပင် စပ်ဟပ်၍ ရစေတော့သည်။

တြိရေခါများသည် ချိမင်းဆက်နှင့် ကွန်ဖျူးရှပ်တို့ မပေါ်မီ အသချေ်အနန္တ ကပင် ရှိနေခဲ့ကြသည်။ ထို့ကြောင့် တြိရေခါများနှင့် ဆရေခါများအားဖြင့် ရှေ့ဖြစ်ဟောခြင်းကို ဆောင်ရွက်သော အလေ့အထမှာ ချိမင်းဆက်ကာလတစ်ဝိုက် နှင့် စစ်ဖြစ်နေကြသော ပြည်နယ်များခေတ်တစ်ဝိုက်တွင် ပြုစုခဲ့သော ယီကျင်းကျမ်း မပေါ်မီကာလရှည်ကြာစွာကပင် အများတကာက ကျင့်သုံးနေကြပေပြီ။ ကျွန်ုပ်တို့ အနေဖြင့်ကားပို၍ ဖန်တီးမှုသဘောပါပြီး ထိရောက်မှုလည်း ပို၍ရှိသော ခာတ်ခွဲခြား သတ်မှတ်သည့် နည်းကို သုံးရန် ပိုမိုနှစ်ခြိုက်ပါ၏။

ဆရေခါတစ်ခုကို ခာတ်ခွဲခြားသတ်မှတ်ရေးတွင် အဆင့်လေးဆင့် ရှိလေသည်။ ဤကိစ္စကို ဆောင်ရွက်ရန်မှာ သင်သည် ဤစာအုပ်၏ နောက်ဆက်တွဲ ၉ ပါဇယားကို ကြည့်ရှုဖို့လိုအပ်ပါသည်။

**အဆင့် ၁** **ကွာ** ၏ခာတ်ကို ဘာဖြစ်ကြောင်း သတ်မှတ်ပါ။ ဆရေခါတိုင်းကို ခာတ် တစ်ခုစီဖြင့် သတ်မှတ်နိုင်ပါသည်။

**အဆင့် ၂** မျဉ်းတစ်ကြောင်းစီကို ခာတ်များခွဲခြားသတ်မှတ်ပါ။ ဆရေခါ စုစုပေါင်းမှာ ၆၄ ခုရှိ၍ မျဉ်းတစ်ကြောင်းစီ၏ ခာတ်များသည် ပုံသေဖြစ်၏။ နောက်ဆက် တွဲ ၉ သည် ဆရေခါ ၆၄ ခုအားလုံးမှ မျဉ်းတစ်ကြောင်းစီ အတွက် ခာတ် ခွဲခြား သတ်မှတ်ခြင်းများကို ဖော်ပြသည်။

**အဆင့် ၃** အဈွတ္တမျဉ်းနှင့် ဗဟိဒ္ဓမျဉ်းတို့ကို အမှတ်အသားပြုပါ။ ဆရေခါ၏ မျဉ်းကြောင်း ၆ ကြောင်းထဲမှ တစ်ကြောင်းကို ဗဟိဒ္ဓသတ်မှတ်၍ နောက် တစ်ကြောင်းကိုအဈွတ္တ သတ်မှတ်ရမည်။ ဤမျဉ်းနှစ်ကြောင်း၏ မှန်ကန် သော အနေအထားများကို နောက်ဆက်တွဲ၉ တွင် တွေ့နိုင်၏။ ယေဘုယျ အားဖြင့် ဆိုသော် အဈွတ္တမျဉ်းကြောင်းသည် မေးခွန်းမေးသူကို ကိုယ်စားပြု သည်ဖြစ်၍ ဗဟိဒ္ဓမျဉ်းသည် မေးသည့်အကြောင်းကို ကိုယ်စားပြုသည်။

**အဆင့် ၄** မျဉ်းတစ်ကြောင်းစီအလိုက် ဘဝစာမျက်နှာများကို သတ်မှတ်ပါ။ ဘဝ စာမျက်နှာစုစုပေါင်းသည် ငါးခုရှိ၍ **ကွာ**၏ခာတ် (အဆင့် ၁ကို ကြည့်ပါ) နှင့် မျဉ်းတစ်ကြောင်းစီ၏ ခာတ်တို့အကြား ဆက်ဆံမှုမှ ရရှိသည်။ ဤ မျက်နှာစာငါးခုမှာ ငွေကြေးလူမှုအဆင့်အတန်း။ လိဂ်ဘများ။ တန်ခိုးအာဏာ။ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ ဖြစ်ကြသည်။ ဤမျက်နှာစာများကို

ရရှိရေးအတွက် လုပ်ငန်းစဉ်မှာ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အစုံမှ ဘဝမျက်နှာစာ အမျိုးမျိုးကို ရယူခြင်းနှင့် အလားတူလေသည်။ အောက်ပါဇယားသည် မျက်နှာစာများကို ဘယ်သို့ ရရှိကြောင်း ဖော်ပြ၏။

| **ကွာ၏ဓာတ်နှင့်မျဉ်းကြောင်း၏ဓာတ်တို့ ဆက်ဆံပုံ** | **မျဉ်းကြောင်းဓာတ်၏ မျက်နှာစာ** |
|---|---|
| ကွာဓာတ်နှင့်မျဉ်းကြောင်းဓာတ်တူနေသည်။ | အပေါင်းအသင်းများ |
| ကွာဓာတ်ကမျဉ်းကြောင်းဓာတ်ကိုဖျက်ဆီးသည်။ | ငွေကြေး |
| ကွာဓာတ်ကမျဉ်းကြောင်းဓာတ်ကိုမွေးဖွားသည်။ | လိုဘ |
| ကွာဓာတ်ကိုမျဉ်းကြောင်းဓာတ်ကမွေးဖွားသည်။ | တန်ခိုးအာဏာ |
| ကွာဓာတ်ကိုမျဉ်းကြောင်းဓာတ်ကဖျက်ဆီးသည်။ | အဆင့်အတန်း |

လုပ်စရာလိုသည်ကတော့ ဓာတ်ကြီးငါးပါးတို့၏ **ဓာတ်စက်ဝန်းနှင့် မရဏစက်ဝန်း** တို့ကို အကျွမ်းဝင်နေခြင်းသာ ဖြစ်ပါသည်။ ဥပမာအားဖြင့် အကယ်၍ **ကွာ**ဓာတ်သည် သစ်သားဖြစ်သည်ဆိုသော် သစ်သားဓာတ် ဖြစ်သော မျဉ်းကြောင်းသည် အပေါင်းအသင်းကို သရုပ်ဆောင်၍ မြေဓာတ်ဖြစ်သော မျဉ်းကြောင်းသည် ငွေကြေးကို သရုပ်ဆောင်၏။ သစ်သားသည် မြေဓာတ်ကို ဖျက်ဆီးသောကြောင့်ဖြစ်၏။ မီးဓာတ်ဖြစ်သော မျဉ်းကြောင်းသည် လိုဘကို ကိုယ်စားပြုသည်။ အဘယ်ကြောင့်ဆိုသော် မီးသည် သစ်သားမှ မွေးဖွားလာခြင်းကြောင့်ဖြစ်သည်။ ရေဓာတ်နှင့် သတ္တုဓာတ်မျဉ်းကြောင်းတို့သည် တန်ခိုးအာဏာနှင့် အဆင့်အတန်းတို့ကို အသီးသီး သရုပ်မှုကြလေသည်။

**အဆင့်လေး– အဓိပ္ပာယ်ကောက်ယူခြင်း**

ဤပဟာသည် ရှေ့ဖြစ်ဟောခြင်း လုပ်ငန်းစဉ်၏ အဆုံးအဖြတ်ပေးမည့် အစိတ်အပိုင်း ဖြစ်၏။ ဤအပိုင်းတွင် ဆရေခါကို ရရှိပြီး ဓာတ်ခွဲခြား သတ်မှတ်ပြီးနောက် ထိုဆရေခါ၏ အဓိပ္ပာယ်ကို ဖော်ထုတ်ကောက်ယူရတော့မည် ဖြစ်သောကြောင့်တည်း။ ဤလုပ်ငန်းစဉ်မှာ **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်**တွင် အစုံကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းနှင့် အလားသဏ္ဍာန်တူလေသည်။ နောက်ဆက်လာမည့် အခန်းအနည်းငယ်တွင် ကျွန်ုပ်တို့၏ မေးခွန်းများကို ဖြေကြားရန်အတွက် ဆရေခါကို ဘယ်လိုဘယ်ပုံ မှန်ကန်စွာ အဓိပ္ပာယ် ကောက်ယူနိုင်သည်ဆိုခြင်းကို ထင်ရှားပြသပါအံ့။

## ဆရေခါများအားဖြင့် စွန့်၍လုပ်ကိုင်ရမှုကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း

**ယီကျင်း** တွင် ကွဲပြားခြားနားသော ဆရေခါ စုစုပေါင်း ၆၄ ခုရှိလေသည်။ သို့သော်ဤသို့ဆိုခြင်းဖြင့် ပိုက်ဆံသုံးပြားကို မြှောက်ပစ်ခြင်းမှ ရနိုင်ဖွယ်ရှိသော ရလာဒ်များမှာ ၆၄ ခုသာ ဖြစ်မည်ဟု မျှော်လင့်ရသည်ဟု အဓိပ္ပာယ်မရရှိပါ။ အကြောင်းသော်ကား ခေါင်းသုံးခု၊ သို့တည်းမဟုတ် ပန်းသုံးခုကျသောအခါ တက်ကြွလှုပ်ရှားသော မျဉ်းကြောင်းများကို ရနိုင်ပြီး ယင်းလှုပ်ရှားသော မျဉ်းကြောင်းများမှာ မည်သည့်ဆရေခါတွင်မဆို ပါရှိသော မျဉ်းကြောင်းခြောက်ကြောင်းတွင် မည်သည့်အကြောင်း၌မဆို ပေါ်ပေါက်လာနိုင်သည်ချည်းဖြစ်၏။

ထို့ပြင်လည်း ဆရေခါတစ်ခုတွင် လှုပ်ရှားသော မျဉ်းကြောင်းသည် တစ်ကြောင်းမက ပါရှိနိုင်၏။ သို့ဖြစ်သောကြောင့် ပိုက်ဆံပြား သုံးပြားကို မြှောက်ပစ်ခြင်းဖြင့် ရနိုင်သော ဆရေခါများ၏ အရေအတွက်မှာ ကြီးမားလှပေသည်။ ရှုပ်ထွေးမှုကို ထပ်လောင်းသောအားဖြင့် ဆရေခါ တစ်ခုတည်းကိုပင် မေးခွန်း၏ သဘာဝကို လိုက်၍ အမျိုးမျိုးကွဲပြားစွာ အဓိပ္ပာယ်ကောက်နိုင်လေသည်။ ထို့ကြောင့် ယီကျင်းရှေ့ဖြစ်ဟောခြင်းမှ ရရှိနိုင်သော အဖြေများမှာ အကန့်အသတ် မရှိတော့ချေ။ မေးနိုင်သော မေးခွန်းအမျိုးအစားတွင်လည်း ဘောင်ခတ်ထားခြင်း မရှိ။ ယီကျင်းရှေ့ဖြစ်ဟောခြင်း အတတ်ပညာအားဖြင့် ကျွန်ုပ်တို့သည် မှန်ကန်သောမေးခွန်းကို မေးတတ်သရွေ့ စကြဝဠာထဲက မည်သည့်အကြောင်းကိုဖြစ်စေ အရိပ်ပြပြောပေးမှုကိုတော့ ရနိုင်သည်ချည်းဖြစ်တော့သည်။

စကြဝဠာထဲက အရာမှန်သမျှအတွက် အဖြေများကို မျဉ်းကြောင်း ၆ကြောင်းပါ ဆရေခါတစ်ခု (၀ါ) **ကွာ** အားဖြင့် ရိုးရိုးကလေးပင် သရုပ်မှုနိုင်လေရာ အဖြေများသည် အလွန်ပင် သရုပ်သင်္ကေတဆန်ပြီး နက်နဲသည့်သဘောကို ဆောင်မည်ဆိုခြင်းကို တွေးဆနိုင်ပေ၏။ အဖြေမှန်ကို ရရှိဖို့အတွက် ဆရေခါများကို အဓိပ္ပာယ်ဖော်ထုတ် ကောက်ယူမှုသည်

လွယ်ကူသော အလုပ်မဟုတ်ဘဲ တိကျမှန်ကန်မှု အဆင့်မြင့်မြင့် ရရှိနိုင်ဖို့အတွက် အလေ့အကျင့်နှင့် အတွေ့အကြုံ များစွာ လိုအပ်လေသည်။ ရှေ့ဖြစ်ဟော ဆရာကောင်း တစ်ယောက် အဖြစ်သို့ အမြန်ဆုံး ရောက်ရှိနိုင်သည့် လမ်းသည်ကား ယုံကြည်မှုရှိပြီး မိမိ၏ဆင်ခြင်ဉာဏ်ကို အားထားရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အဓိပ္ပာယ်ကောက် ယူမှုများသည် အလွန်ပင် ရိုးရိုးကလေး ဖြစ်သည့် ဥပဒေများပေါ်တွင် တည်မှီသော ကြောင့်တည်း။ ကျန်ရှိသည်မှာ ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်ကောက်ယူမှု သက်သက်သာ ဖြစ်တော့သည်။

လွန်ခဲ့သည့် အခန်းတွင် ဆရေခါတစ်ခုကို မည်သို့မည်ပုံ ပြည့်စုံစွာ သတ်မှတ်ရမည် ဆိုခြင်းကို ကျွန်ုပ်ပြဆို ခဲ့ပြီးပါပြီ။ ခာတ်သတ်မှတ်ခြင်းဟူ သော အဆင့်ပြီးမြောက်ပြီးနောက် ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် မေးခွန်း၏ အဖြေကို ဆရေခါအသွင်ဖြင့် တွေ့နေရပေပြီ။ အဓိပ္ပာယ်ကောက်ယူဖော်ထုတ်ရေး လုပ်ငန်းစဉ်ကို စတင်နိုင်လေတော့ပြီ။

ပထမဆုံး စစ်ဆေးရမည့်အချက်ကား “အဈွတ္တ” ဟုမှတ်ထားသည့် မျဉ်းကြောင်း ဖြစ်သည်။ များစွာသော မေးခွန်းတို့အဖို့ မေးမြန်းသူတစ်စုံတစ်ယောက်တော့ဖြင့် ရှိစမြဲ ဖြစ်၏။ အဈွတ္တမျဉ်းကြောင်းသည် မေးခွန်းကို မေးသည့် ပုဂ္ဂိုလ်၏ သရုပ်သင်္ကေတ ဖြစ်၏။ အကယ်၍ သင်ကိုယ်တိုင်နှင့်ပတ်သက်သော ကိစ္စကို သင်မေးသည်ဆိုလျှင် ထိုမျဉ်းကြောင်းသည် သင့်ကို သရုပ်ဆောင်ပေသည်။ အကယ်၍ မိတ်ဆွေတစ်ယောက်က သူနှင့်ပတ်သက်သည့် ကိစ္စကို သင့်အားအမေးခိုင်းသည်ဆိုလျှင် အဈွတ္တမျဉ်းကြောင်းသည် သင်၏မိတ်ဆွေကိုကိုယ်စားပြုပါ၏။ အခြားသော မျဉ်းကြောင်းငါးကြောင်းသည် မေးခွန်းကို သိုင်းဝိုင်းထားသော အခြေအနေများ သို့တည်းမဟုတ် အရာဝတ္ထုများကို သရုပ်ဆောင်ပေ၏။ သို့ဖြစ်ရကား အဈွတ္တမျဉ်းကြောင်း၏ အင်အားနှင့် အနေအထားသည် အလွန်အရေးကြီးလှ၍ သင့်မေးခွန်း၏အဖြေအတွက် အရိပ်အမြွက်ညွှန်ပြမှုများကို များစွာ ပေးနှင်းလေသည်။ အကယ်၍ သင်သည် စီမံကိန်းလုပ်ငန်းတစ်ခု အောင်မြင်ပါမည်လား ဆိုသည်ကို သိချင်သည်ဆိုပါလျှင် အဈွတ္တမျဉ်းကြောင်းသည် သင့်ကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်း မန်နေဂျာကို လည်းကောင်း၊ သို့တည်းမဟုတ် ရင်းနှီးမြှုပ်နှံသူကိုလည်းကောင်း ကိုယ်စားပြု၍ အခြားသော မျဉ်းကြောင်းများသည် သင်နှင့်လုပ်ငန်းတို့၏ ပတ်ဝန်းကျင်ကို ကိုယ်စားပြု ကြပေ၏။

အားကောင်းသော အဈွတ္တမျဉ်းကြောင်းဆိုလျှင် သင်သည် ပတ်ဝန်းကျင်ကို ထိန်း ချုပ်နိုင်စွမ်း ရှိသည်ကို ပြသသောကြောင့် အောင်မြင်ခြင်း ဖြစ်တတ်ကြောင်း ညွှန်ပြ ချက်ပင်ဖြစ်၏။ တစ်ဖက်တွင်မူကား အလွန်တရာ အားပျော့သောအဈွတ္တမျဉ်းကြောင်း ဖြစ်ခဲ့သော် အားပျော့နေမှုကို ညွှန်ပြသည်ဖြစ်သောကြောင့် သင်သည် အနှောင့်အယှက် အဆီးအတားများနှင့် မအောင်မြင်မှုကို တွေ့ဆုံနိုင်ပေ၏။ အဈွတ္တ မျဉ်းကြောင်းသည် အားကောင်းသလား အားပျော့သလား ဆိုသည်ကို ပိုင်းဖြတ်ရန်လိုအပ်သည်။ အဈွတ္တ

မျဉ်းကြောင်း၏ အင်အားကို အဓိကလက်သည် အချက်နှစ်ချက်က အကျိုးသက်ရောက်စေပါ၏။ ပထမအနေဖြင့်ကား ရေ့ဖြစ်ဖတ်ချိန်က အဓ္ဓါတ္တမျဉ်းကြောင်း၏ ဓာတ်အတွက် ဖွံ့ဖြိုးသော ရာသီ သို့တည်းမဟုတ် အားနည်းသော ရာသီဖြစ်ကြောင်း ပြသလိမ့်မည်။ ဥပမာအားဖြင့် ယီကျင်း ရေ့ဖြစ်ဖတ်ခြင်းကို ဆောင်းရာသီတွင်းမှ၊ ရေဓာတ်၏ လတွင် ဆောင်ရွက်သည် ဆိုလျှင် ရေဓာတ်ဖြစ်သော အဓ္ဓါတ္တမျဉ်းကြောင်းသည် အားကောင်းသော မျဉ်းကြောင်း ဖြစ်ပေလိမ့်မည်။ ရေသည် ဆောင်းရာသီတွင် ဖွံ့ဖြိုးအားကောင်းသော ကြောင့်တည်း။ တစ်ဖက်တွင်မူကား မီးဓာတ်ဖြစ်သော အဓ္ဓါတ္တမျဉ်းကြောင်းသည် အားပျော့ပေလိမ့်မည်။ မီးသည် ဆောင်းရာသီတွင် ရေဖြင့်ဖိနှိပ်ခြင်းကို ခံရသည်ဖြစ်သောကြောင့်တည်း။

အဓ္ဓါတ္တမျဉ်းကြောင်း၏ အင်အားအပေါ် အကျိုးသက်ရောက်စေသော ဒုတိယလက်သည် အချက်သည်ကား တက်ကြွလှုပ်ရှားသော မျဉ်းကြောင်းဖြစ်၏။ တက်ကြွလှုပ်ရှားသော မျဉ်းကြောင်းများ ဆိုသည်မှာ ခေါင်းသုံးခု သို့တည်းမဟုတ် ပန်းသုံးခုကျ၍ **ယန်**မှ **ယင်**သို့လည်းကောင်း၊ **ယင်**မှ **ယန်**သို့လည်းကောင်း၊ ပြောင်းလဲသော မျဉ်းကြောင်းများပင် ဖြစ်ပါသည်။ ဤမျဉ်းကြောင်းများသည် အလွန်အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် သင်၏ပတ်ဝန်းကျင်၌ ဘယ်နေရာတွင် အပြောင်းအလဲများနှင့် လှုပ်ရှားမှုများဖြစ်မည်ကို ဖော်ညွှန်းကြသောကြောင့်တည်း။ ဤပြောင်းလဲမှုများအားလုံးသည် အဓ္ဓါတ္တမျဉ်းကြောင်းပေါ်သို့ အကျိုးသက်ရောက်စေမည် ဖြစ်ပြီး၊ ပတ်ဝန်းကျင်က သင်၏လှုပ်ရှားမှုကို မည်သို့ပြန်လည်တုံ့ပြန်မည်ဆိုခြင်းကို ထင်ဟပ်ပြသပေလိမ့်မည်။ အချို့က အဓ္ဓါတ္တမျဉ်းကြောင်းကို အားကောင်းသော အထောက်အပံ့ကို ပေး၍ အချို့က အဓ္ဓါတ္တမျဉ်းကြောင်းကို ဖိနှိပ်ခြင်းဖြင့် တုံ့ပြန်ကြ၏။

ဥပမာ ရေဓာတ်ဖြစ်သော အဓ္ဓါတ္တမျဉ်းကြောင်းကို ကြည့်ပါ။ ရေသည် သတ္တု၏အထောက်အပံ့ကို လိုသည်ဖြစ်ရာ သတ္တုဓာတ်ဖြစ်သည့် လှုပ်ရှားသော မျဉ်းကြောင်းသည် ရေဓာတ်အား အထောက်အပံ့ ပေးပေလိမ့်မည်။ အကယ်၍ သတ္တုဓာတ်ဖြစ်သည့် လှုပ်ရှားသော မျဉ်းကြောင်းသည် မြေဓာတ်သို့ ပြောင်းလဲလျှင် အထောက်အပံ့သည် အလွန်တရာပင် အားကောင်းပေမည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖန်တစ်လှည့်အားဖြင့် မြေသည် သတ္တုကို ထောက်ပံ့မှုပေးသော ကြောင့်တည်း။ အကယ်၍ သတ္တုဓာတ်မျဉ်းကြောင်းသည် မြေသို့မပြောင်းဘဲ မီးသို့ပြောင်းလျှင် ဘာဖြစ်မည်နည်း။ မီးသည် သတ္တုကို ဖိနှိပ်သည် ဖြစ်သောကြောင့် သတ္တုမျဉ်းကြောင်းမှ အထောက်အပံ့သည် အားပျော့ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤလှုပ်ရှားသော မျဉ်းကြောင်းများ၏ ပြောင်းလဲမှုများကို စစ်ဆေးပြီး၊ အဓ္ဓါတ္တမျဉ်းကြောင်းပေါ်တွင် သူတို့၏ အကျိုးသက်ရောက်မှု မည်သို့ရှိမည်ကို ကြည့်ရပေလိမ့်မည်။ အကယ်၍ မေးခွန်းသည် သင့်စီမံကိန်း လုပ်ငန်း ၏ အလားအလာအကြောင်းဖြစ်လျှင် လှုပ်ရှားသောမျဉ်းကြောင်းများက သင်သည် သင့်အနားမှ လူများ

သို့မဟုတ် သင့်ပတ်ဝန်းကျင်မှ အထောက်အပံ့ကို ရမည် သို့တည်းမဟုတ် ငြင်းပယ်မှုကို ရမည်ဆိုခြင်းကို ဆုံးဖြတ်ရာတွင် အကူအညီပေးပါလိမ့်မည်။

ဖြစ်ရပ်အများအပြားတွင် အဓ္ဓုတ္တမျဉ်းကြောင်း၏ အင်အားနှင့် လှုပ်ရှားသည့် မျဉ်းကြောင်းများ၏ အထောက်အပံ့ ဟူသည်တို့ကို သိရခြင်းသည် ကောက်ချက်ချရန်အတွက် လုံလောက်ပြီဖြစ်၏။ သို့သော်ငြားလည်း အကယ်၍ သင်၏မေးခွန်းက အသေးစိတ်များကို ပိုမိုလိုအပ်ခဲ့သော် သင်သည် ပို၍ နက်နက်နဲနဲကာ ဆရေခါထံမှ အချက်အလက်သတင်း ပေးချက်တို့ကို ပိုမိုဖော်ထုတ်နိုင်ပေ၏။

တစ်ခါတရံ သင်သည် စီမံကိန်းလုပ်ငန်းတစ်ခု၏ အောင်မြင်မှု မအောင်မြင်မှုတို့ကို သိရုံလောက်သာမဟုတ် ထိုလုပ်ငန်းသည် မည်သည့်ဘက်တွင် အောင်မြင်မည် သို့တည်း မဟုတ် မအောင်မမြင်ဖြစ်မည်ကိုလည်း သိချင်တတ်ပေ၏။ ဤသို့သော မေးခွန်းများကို ဖြေကြားရန်အတွက်ဆိုလျှင် ငွေကြေး၊ အဆင့်အတန်း၊ တန်ခိုးအာဏာ၊ လိင်၊ အပေါင်း အသင်းဟူသော ဘဝ၏မျက်နှာစာအမျိုးမျိုးနှင့် ပတ်သက်၍ ခွဲခြားသတ်မှတ်ချက် များကို စစ်ဆေးနိုင်၏။ အကယ်၍ စီမံကိန်းလုပ်ငန်းသည် ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းဖြစ်ခဲ့သော် ကျိုးကြောင်းဆီလျော်သည်မှာ ငွေကြေးဟု သတ်မှတ်ထားသည့် မျဉ်းကြောင်းများကို စစ်ဆေးပြီး ထိုမျဉ်းကြောင်း၏ အင်အားကို အထက်ပါ အဓ္ဓုတ္တ မျဉ်းကြောင်း၏ အင်အားကို တန်ဖိုးဖြတ်သလို တန်ဖိုးဖြတ်ရပေမည်။ အကယ်၍ ငွေကြေးဟုသတ်မှတ်ထားသော မျဉ်းကြောင်းသည် အားပျော့ခဲ့သော် စီမံကိန်းလုပ်ငန်းသည် ငွေကြေးအမြတ်အစွန်းကို ဖြစ်ထွန်းစေမည်မဟုတ်ချေ။

**ရုပ်ရှင်လုပ်ငန်းထဲတွင် ရင်းနှီးမြှုပ်နှံခြင်း**

ယီကျင်းရှေ့ဖြစ်ဟောခြင်းတစ်ခုတွင် အဓိပ္ပာယ်ကောက်ယူမှုလုပ်ငန်းစဉ်ကို သာဓက ပြရှင်းလင်းရန် အတွက် အောက်ပါ ဥပမာကို နမူနာလုပ်ပြ အပ်ပါသည်။ ၁၉၉၃ ခု ဩဂုတ်လ ၆ ရက်နေ့တွင် ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်အတွက် ယီကျင်းရှေ့ဖြစ် ဟောခြင်း တစ်ခုကို ဆောင်ရွက်ခဲ့ပါ၏။ မိတ်ဆွေအား ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်က နောက်လအနည်းငယ်အကြာတွင် ဖြန့်ချိပြသတော့မည့် နိုင်ငံတကာ ရုပ်ရှင်ကား တစ်ကား တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်၏။ ကျွန်ုပ်က "ဤသို့သောရုပ်ရှင်လုပ်ငန်းထဲတွင် သူ၏ ရင်းနှီးမြှုပ်နှံမှုက လာမည့် ၁၂လအတွင်း သူ့အား ငွေကြေးအကျိုးအမြတ်ကို ရရှိစေပါမည် လား" ဟူ၍ မေးခွန်းထုတ်ခဲ့၏။ ပိုက်ဆံပြားသုံးပြားကို ခြောက်ကြိမ်မြှောက်ပစ်ပြီးသော် ကျွန်ုပ်သည် အောက်ပါ ဆရေခါ (**ကွာ**) ကို ရရှိခဲ့လေသည်။

ရုပ်ပုံ ၄၁။ ရုပ်ရှင်စီမံကိန်းလုပ်ငန်းတစ်ခုမှ အကျိုးအမြတ်ကို ဖော်ပြပေးနေသော ကွာ

| | | | | |
|---|---|---|---|---|
| (လိုဘ)သစ်သား | ——— | (အဆင့်အတန်း)မြေ | — — | |
| | | (အရင်းအမြစ်များ)သတ္တု | — — | အဇ္ဈတ္တ |
| (အဆင့်အတန်း)မြေ | — — | (ငွေကြေး) မီး | ——— | |
| | | | | ကွာခာတ်=ရေ |
| | | (အပေါင်းအသင်း)ရေ | ——— | |
| | | (အဆင့်အတန်း)မြေ | — — | ဗဟိဒ္ဓ |
| | | (လိုဘ) သစ်သား | ——— | |

ဆရေခါကို ကြည့်နည်းမှာ အောက်ခြေမှအစပြု၍ အပေါ်သို့ တက်သွားရသည်ကို မမေ့ပါနှင့်။ ထို့ပြင် အောက်ဆုံးမှ မျဉ်းကြောင်းကို ပထမမျဉ်းကြောင်း သို့မဟုတ် မျဉ်းကြောင်း တစ်ဟူ၍လည်းကောင်း၊ အောက်ဖက်မှတက်သော် ဒုတိယမျဉ်းကြောင်းကို ဒုတိယမျဉ်းကြောင်း သို့မဟုတ် မျဉ်းကြောင်းနှစ် ဟူ၍လည်းကောင်း အစရှိသဖြင့် အထက်သို့ ခေါ်ဝေါ်သွားလေသည်။

ဆရေခါကို အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ခာတ်များ၊ မျက်နှာစာများအားဖြင့် ခာတ်ခွဲ မှတ်သားထားပြီးဖြစ်ပါသည်။ ရှေးဦးစွာ အဇ္ဈတ္တမျဉ်းကြောင်းကို စစ်ဆေးကြည့်ကြရအောင်။ သတ္တုမျဉ်းကြောင်းဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဆွေကိုကိုယ်စားပြုသည်။ ရှေ့ဖြစ်ဖတ်ခြင်းကို နွေရာသီတွင် ပြုလုပ်ခဲ့သည်ဖြစ်ရာ ဖွံ့ဖြိုးသော ခာတ်သည် မီးဖြစ်၍ သတ္တုမဟုတ်ချေ။ ထို့ကြောင့် အားကောင်းသော အဇ္ဈတ္တမျဉ်းကြောင်းတော့ဖြင့် မဟုတ်ပါ။

ထိုနောက်တွင် အဇ္ဈတ္တမျဉ်းကြောင်းသည် လှုပ်ရှားသော မျဉ်းကြောင်းများထံမှ အထောက်အပံ့ တစ်စုံတစ်ရာ ရနိုင်မည်လား ဆိုသည်ကို ကျွန်ုပ်တို့ ကြည့်ရပါမည်။ မြေခာတ်ဖြစ်သည့် အပေါ်ဆုံးမျဉ်းကြောင်း(ခြောက်ခုမြောက် မျဉ်းကြောင်း) မှာ လှုပ်ရှားသည့် မျဉ်းကြောင်းဖြစ်သည်။ မြေသည် သတ္တု၏မိခင်ဖြစ်သည်။ ထို့ကြောင့် ဤမျဉ်းကြောင်းသည် သတ္တုဖြစ်သော အဇ္ဈတ္တမျဉ်းကြောင်းအား ထောက်ပံ့ပါ၏။ သို့သော်ငြားလည်း ဤမြေခာတ်မျဉ်းကြောင်းသည် သစ်သားသို့ ပြောင်း၏။ သစ်သားက မြေကို ဖျက်ဆီးသည်။ ထို့ကြောင့် ဤသို့သော မြေမျဉ်းကြောင်းသည် အဇ္ဈတ္တအား မထောက်ပံ့နိုင်ချေ။

မေးခွန်းက ငွေကြေးအကျိုးအမြတ်ကိုလည်း မေးသေးသည်ဖြစ်ရာ ဤဆရေခါ၏ ငွေကြေးမျက်နှာစာကိုလည်း စစ်ဆေးသင့်ပါသည်။ အောက်မှရေတွက်သော် လေးခုမြောက် မျဉ်းကြောင်းမှာ ငွေကြေးမျဉ်းကြောင်းဟု သတ်မှတ်ထားပြီး ဤမျဉ်းကြောင်းသည်

လုပ်ရှား၍ ပြောင်းလဲနေ၏။ ငွေကြေးမျဉ်းကြောင်းသည် မီးခါတ်ဖြစ်ကာ မီးခါတ်သည် မြေခါတ်အဖြစ် ပြောင်းလဲသွားသည်။ ဓာတ်စက်ဝန်းအရ မီးကမြေကို မွေးဖွားသည်။ ထို့ကြောင့် မြေက မီး၏ အင်အားကို ကုန်ဆုံးစေလိမ့်မည်။ ထို့ကြောင့် ဤလှုပ်ရှားသော မျဉ်းကြောင်းသည် ငွေကြေးဖွံ့ဖြိုးမှုကိုထင်ဟပ်စေခြင်းထက် ငွေကြေးလျော့ပါးမှုကို ထင်ဟပ် နေသည်။

ဤ ဆရာ့ခါက ရင်းနှီးမြှုပ်နှံမှုသည် အကျိုးအမြတ် မဖြစ်ထွန်းစေဘဲ ကျွန်ုပ်၏ မိတ်ဆွေသည် လာမည့် ၁၂လ အတွင်း စီမံကိန်းလုပ်ငန်းမှ ငွေကြေးဖြစ်ထွန်းလိမ့်မည် မဟုတ်ကြောင်း ညွှန်ပြခဲ့ပေ၏။

# ကမ္ဘာ့အရေးများကိုကြိုတင်ခန့်မှန်းပုံ

ပိုက်ဆံပြားများကို ပစ်မြှောက်၍ ဆရေခါကို ရယူခြင်းမှာ သင်ယူရ လွယ်ကူပါ၏။ သို့သော်လည်း ဆရေခါကို ရခြင်းမှာ အစသာလျှင် ရှိသေး၏။ ယီကျင်းရှေ့ဖြစ်ဖတ်ခြင်း၏ အရေးအပါဆုံးသော အပိုင်းမှာ သင်၏မေးခွန်းအတွက် မှန်ကန်သော အဖြေကို ရရှိဖို့ ဆရေခါကို အဓိပ္ပာယ် ဖော်ထုတ်ကောက်ယူခြင်းပင်ဖြစ်တော့သည်။

ဆရေခါကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းတွင် အခြေခံဥပဒေသအချို့ ရှိပေသည်။ အခြေခံအဆင့်မှာ အဖွဲ့တွဲမျဉ်းကြောင်း၏ အင်အားဗလကို တန်ဖိုးဖြတ်ရန် ဖြစ်၏။ အဖွဲ့တွဲမျဉ်းကြောင်းသည် အကြောင်းအရာ သို့တည်းမဟုတ် မေးခွန်းမေးသူကို သရုပ်ဆောင်သည်။ များစွာသော အခြေအနေများ၌ အားကောင်းသော အဖွဲ့တွဲမျဉ်းကြောင်းသည် အားကောင်းသော အခြေအနေတွင် ရှိ၍ ရည်မှန်းချက်ကို အောင်မြင်ရရှိရန် အခွင့်အလမ်းများစွာရှိသော ပုဂ္ဂိုလ်ကို ထင်ဟပ်ပေ၏။

ငွေကြေးအဆင့်အတန်း၊ ရာထူးနေရာ ဟူသကဲ့သို့သော ဘဝ၏ အထူးမျက်နှာစာများကို ခြုံငုံမိသည့် အခြားသော မေးခွန်းများအတွက် မျဉ်းကြောင်းတစ်ကြောင်းစီကို မှန်ကန်စွာ သတ်မှတ်ပေးခြင်းအားဖြင့် ဤမျက်နှာစာများကို တွေ့ရှိနိုင်ပေသည်။ ဥပမာအားဖြင့် မေးခွန်းသည် ငွေကြေးနှင့် ပတ်သက်ခဲ့သော် ငွေကြေးကို သရုပ်ဆောင်သော မျဉ်းကြောင်းကိုရှာ၍ အင်အားကို ချိန်ဆရန် ဖြစ်လေသည်။ သို့သော်ငြားလည်း ငွေကြေးဟူသည် လူက ထိန်းချုပ်ရန် လိုအပ်သည်သာ ဖြစ်ကြောင်းကို သတိပြုရမည်။ထို့ကြောင့် အလွန်ထင်ရှားသိသာသော ငွေကြေးမျဉ်းကြောင်းသည် မိမိကို ထိန်းချုပ်ထားမည့် အားကောင်းသော အဖွဲ့တွဲမျဉ်းကြောင်း ရှိရန်လိုအပ်ပါ၏။ ငွေကြေးမျဉ်းကြောင်းက အားကောင်းပြီး အဖွဲ့တွဲမျဉ်းကြောင်းက အားပျော့နေခြင်းသည် ငွေကြေးအကျိုးအမြတ်ကို ရရှိခြင်းထက် ငွေကြေးနှင့်ပတ်သက်၍ လေးလံသော ဝန်ထုပ် ဝန်ပိုးကြီးကို ညွှန်ပြနေလေသည်။

နောက်ထပ်မှတ်သားစရာတစ်ခုမှာ လှုပ်ရှားသောမျဉ်းကြောင်းဖြစ်သည်။ တက်ကြွလှုပ်ရှားသော မျဉ်းကြောင်းများသည် ပြောင်းလဲမှုများနှင့် လှုပ်ရှားမှုများဖြစ်ပေါ်လာမည့် နယ်ပယ်ကို ညွှန်ပြလေရာ ဤပြောင်းလဲမှုများသည် အဓ္ဓုတ္တမျဉ်းကြောင်းကို အထောက်အပံ့ ပေးမည်လား သို့တည်းမဟုတ် ပျက်စီးစေမည်လားဆိုသည်ကို စစ်ဆေးကြည့်သင့်၏။ ဤသို့ဆုံးဖြတ် နိုင်ရန်မှာ အဓ္ဓုတ္တမျဉ်းကြောင်း၏ အင်အားကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းဖြင့် ဆရေခါသည် မည်သည့်ဘက်ဆီသို့ ဦးတည်နေသည်ဆိုခြင်းကို ခွဲခြမ်းစိတ်ဖြာ လေ့လာရာ ရောက်ပေ၏။

**ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီးလေးတိုင်** အကြောင်းဖော်ပြသော အခန်းတွင် ဓာတ်ကြီးငါးပါး၏ ဖွံ့ဖြိုးမှုမှာ စက်ဝန်းသဏ္ဌာန် ရှိကြောင်းကို ကျွန်ုပ်တို့ သိရှိခဲ့ရပြီဖြစ်သည်။ ဤဟာသည်ဆရေခါတွင်းမှ မျဉ်းကြောင်းတစ်ကြောင်းစီ၏ အင်အားကို ဆုံးဖြတ်ရာတွင် အလွန်တရာ အရေးကြီးလှပေ၏။ အောက်ပါဇယားက ဓာတ်တစ်ခုစီသည် နှစ်တစ်နှစ်၏ ရာသီဥတုလေးခုအတွင်း မည်သို့မည်ပုံ ရှင်သန်ဖွံ့ဖြိုး၍မည်သို့မည်ပုံ သေကြေရသည်ကို ဖော်ပြပေ၏။

| | စပရင် | နွေ | ဆော်တမ် | ဆောင်း |
|---|---|---|---|---|
| သတ္တု | သေ | မွေး | ရှင်သန် | အားနည်း |
| သစ်သား | ရှင်သန် | အားနည်း | သေ | မွေး |
| ရေ | အားနည်း | သေ | မွေး | ရှင်သန် |
| မီး | မွေး | ရှင်သန် | အားနည်း | သေ |
| မြေ | ရာသီတစ်ခု၏ တတိယမြောက်လတိုင်းတွင် ရှင်သန်သည်။ | | | |

အထက်ပါ ဇယားက ဓာတ်တစ်ခုအားဖြင့် အမည်ပေး သတ်မှတ်ထားသော မျဉ်းကြောင်းတစ်ကြောင်းသည် ရှေ့ဖြစ် ဖတ်ခြင်းကို ဆောင်ရွက်သော လနှင့်ရာသီအလိုက် အင်အားတွင် ပြောင်းလဲကြောင်းကို ဖော်ပြနေ၏။ ဥပမာ– ဆင်ခြင်ရမည့် မျဉ်းကြောင်းမှာ မီးဓာတ်ဖြစ်နေပြီး ရှေ့ဖြစ်ဖတ်ခြင်းကို မီးဓာတ်သေရာ ရာသီဖြစ်သော ဆောင်းရာသီတွင် ဆောင်ရွက်သည်ဆိုပါက မီးဓာတ်မျဉ်းကြောင်း၏ အင်အားသည် အလိုအလျောက်ပင် ဆုတ်ယုတ်ရလေသည်။ ထို့ကြောင့် ဆရေခါတစ်ခုမှ မည်သည့်မျဉ်းကြောင်း၏ ခွန်အားကို

မဆို တန်ဖိုးဖြတ်သည်ရှိသော် ရာသီကို ထည့်သွင်းစဉ်းစားချိန်ဆရန်မှာ မုချပင် လိုအပ်လှပေ၏။

ဤပုံဟာများသည် ယေဘုယျဖေးမညွှန်ပြချက်များသာ ဖြစ်ကြပါ၏။ ယီကျင်းအား မေးနိုင်သည့် မေးခွန်းအားလုံးကို ခြုံငုံမိနိုင်ရန်မှာ မဖြစ်နိုင်သောကြောင့် ဆရေခါတစ်ခုထံမှ ရနိုင်သလောက် အချက်အလက် အဟောများကို လက်ဝယ် ပိုက်မိအောင် တွေးကြံကြရပေလိမ့်မည်။ များများလေ့ကျင့်ပေးခြင်းအားဖြင့် အဓိပ္ပာယ်ဖော်ထုတ်နည်းသည် တိုးတက်တောက်ပြောင်လာနိုင်လေသည်။

လွန်ခဲ့သောအခန်းတွင် စီးပွားကုန်သွယ် လုပ်ငန်းတစ်ခုတွင် ပါဝင်ခြင်းဖြင့် အကျိုးအမြတ် ရှိနိုင် မရှိနိုင်ဆိုသည်ကို ဟောပြောရန်အတွက် ယီကျင်းရှေ့ဖြစ်ဖတ်မှုကို အသုံးပြုပုံ သာဓကကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြလေပြီ။ ဤပုံဟာသည် လူတစ်ဦးချင်းအတွက် ဆုံးဖြတ်ချက်ချရန် ယီကျင်းရှေ့ဖြစ်ဖတ်ခြင်းကို အသုံးချသည့် သာဓက ဥပမာတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း ဤနည်းမှာ ဤသို့သော ဘောင်ကျဉ်းကျဉ်းကလေးအတွက်သာ ဖြစ်သည်ဟု ကန့်သတ်မထားပါ။ ကျွန်ုပ်တို့၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကူညီထောက်ပံ့ရန် အနာဂတ်ဖြစ်ရပ်များကို ပမာဏကြီးကြီးအားဖြင့် ကြိုတင်ခန့်မှန်းရန် လိုအပ်သော အခါကာလများလည်း ရှိတတ်ချေ၏။ မိမိ၏ ကုန်စည်များကို သယ်ပို့ရန် သင်္ဘော စင်းလုံးဝယ်ယူရန် သို့တည်းမဟုတ် ငှားရမ်းရန် စိတ်ကူးနေသော စွန့်ထွင်ဦးစီးသူတစ်ဦးသည် ကမ္ဘာ့သင်္ဘောဈေးကွက်၏ ဖွံ့ဖြိုးမှု၊ လောင်စာဆီဈေးနှုန်းများအနေအထား၊ ကမ္ဘာ့စီးပွားရေး အငွေ့အသက်များဟူသည့် ကြီးကျယ်သည့် အကြောင်းကိစ္စများကို ကြိုတင်ခန့်မှန်းလိုလာပါလိမ့်မည်။ ယင်းသို့သော အကြောင်းကိစ္စများအတွက် ဟောချက်အရိပ်အမြွက် များကို ရရှိရန်မှာ ယီကျင်း ရှေ့ဖြစ်ဖတ်မှုသည်သာလျှင် ဂန္ထာရီနယ်ပယ်တွင် တစ်ခုတည်းသော အားထားရာ ဖြစ်သည့် ကိရိယာ တန်ဆာပလာ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

**သက္ကရာဇ် ၂၀၀၀ အိုလံပစ်ပွဲတော်အတွက် အိမ်ရှင်ပြုရန်အဆိုကို ပီကင်းဆုံးရှုံးခဲ့ရခြင်းအကြောင်းရင်း**

ရင်းနှီးမြှုပ်နှံလိုသူတစ်ယောက်သည် ပီကင်းတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်လို၍ သက္ကရာဇ် ၂၀၀၀ အိုလံပစ်ပွဲတော်တွင် ပီကင်းကို အိမ်ရှင်နိုင်ငံအဖြစ် ရွေးချယ်ခြင်း ခံရ မခံရကို သိလိုသည်ဆိုကြပါစို့ ထိုသူသည် ဤမေးခွန်းကို ယီကျင်းရှေ့ဖြစ် ဖတ်ခြင်း၌ မေးမြန်းနိုင်ပေ၏။

အိုလံပစ်ကော်မတီမှ ပြဿနာကို အဆုံးအဖြတ်ပေးရန် မဲဆန္ဒပေးခြင်း မတိုင်မီ သုံးရက်မျှသာ အလိုဖြစ်သော ၁၉၉၃ ခု စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျွန်ုပ်သည် "သက္ကရာဇ် ၂၀၀၀ အိုလံပစ် ပွဲတော်အတွက် ပီကင်းက အိမ်ရှင်နိုင်ငံ ဖြစ်ရန် အလား

အလာ မည်သို့ရှိပါသနည်း” ဟူသော မေးခွန်းကို မေးသည်တွင် ပိုက်ဆံပြား သုံးပြားကို မြှောက်ပစ်ခြင်းဖြင့် အောက်ပါဆရေခါကို ရရှိတော့သည်။

**ရုပ်ပုံ ၄၂။ သက္ကရာဇ် ၂၀၀၀ အိုလံပစ်ပွဲတော်တွင် အိမ်ရှင်နိုင်ငံ ဖြစ်ရန် ပီကင်း၏ အလားအလာကို ဖော်ပြသော ‘ကွာ’**




ရှေးဦးစွာ ပီကင်းကို သရုပ်ဆောင်သော အဈ္ဈတ္တမျဉ်းကြောင်းကို စစ်ဆေးကြည့်ကြပါစို့။ မြေဓာတ်မျဉ်းကြောင်းက နေရာယူထားသည်။ ရှေ့ဖြစ်ဖတ်ခြင်းကို ၁၉၉၃ ခုစက်တင်ဘာလတွင် ပြုလုပ်ခဲ့၍ သတ္တုနှစ်မှ သတ္တုရာသီ ဖြစ်တော့သည်။ သတ္တုက မြေ၏အင်အားကို ကုန်ခန်းစေသည် ဖြစ်သောကြောင့် အဈ္ဈတ္တမျဉ်းကြောင်းသည် အလွန်အားကောင်းသော မျဉ်းကြောင်းမဖြစ်နိုင်။ သို့သော်လည်း ထိုမျဉ်းကြောင်းသည် မြေဓာတ်မှ မီးဓာတ်သို့ ပြောင်းသော လှုပ်ရှားသော မျဉ်းကြောင်း တစ်ကြောင်း ဖြစ်နေ၏။ မီးသည် မြေကို မွေးဖွား၍ ထောက်ပံ့သည်။ ထို့ကြောင့် အဈ္ဈတ္တမျဉ်းကြောင်းသည် အားဖြည့်ခြင်းခံရသည် သို့သော် မီးဓာတ်၏ အထောက်အပံ့သည် လုံလောက်စွာ အားကောင်းပါရဲ့လားဆုံးဖြတ်နိုင်ရန်အတွက် ရာသီထောက်ရှုခြင်းကို လျစ်လျူရှု၍ မရပြန်ချေ။ ရှေ့ဖြစ်ဖတ်ခြင်းကို အော်တမ်ရာသီတွင် ဆောင်ရွက်ခဲ့ရာ ထိုရာသီမှာ သတ္တုဖြစ်၍ မီးအားသည် လျော့ပါးရပြန်လေသည်။ ဤသို့ဖြင့် ဖြစ်ပေါ်လာသည့် ရုပ်ပုံလွှာကား မြေဓာတ်ဟူသော အဈ္ဈတ္တမျဉ်းကြောင်းက သရုပ်ဆောင်ထားသော ပီကင်းသည် သက္ကာဇ် ၂၀၀၀ပွဲတော်ကို အိမ်ရှင်အဖြစ် လျှောက်ထားရန် လွန်မင်းစွာ ကြိုးစားလင့်ကစား အခြေအနေသည် အရေးမလှပါ။

အဈ္ဈတ္တမျဉ်းကြောင်းကို တန်ဖိုးတွက်ဆပြီးသော် အခြားသော မျဉ်းကြောင်းများဆီမှ အားကောင်းသော အထောက်အပံ့များ ရှိလိုရှိငြား အခြားသော လှုပ်ရှားသည့် မျဉ်းကြောင်းများကို စစ်ဆေးရန် လိုပါသည်။ ယခုကိစ္စရပ်၌ အဈ္ဈတ္တမျဉ်းကြောင်းအပြင် အခြားလှုပ်ရှား

သော မျဉ်းကြောင်း နှစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့နိုင်ပေသည်။ မီးခါတ်နှင့် သစ်သား ခါတ်တို့ ဖြစ်၏။ အစ္ဆုတ္တမျဉ်းကြောင်းသည် မြေခါတ်ဖြစ်ပေရာ၊ မီးခါတ်ဖြစ်သည့် လှုပ်ရှားသော မျဉ်းကြောင်း ဟူသည် ပြင်ပအထောက်အပံ့ဟူသော အသွင်ကို ဆောင်ပါ၏။ သို့သော်ငြားလည်း မီးခါတ်မျဉ်းကြောင်းသည် ရေခါတ်သို့ ပြောင်းရာ ရေသည် မီးကို ငြိမ်းသတ်၏။ သို့ဖြစ်၍ ဤအထောက်အပံ့သည် အားလျော့သွားရကာ အကျိုးသက်ရောက်မှု မရှိတော့ချေ။ အခြားသော လှုပ်ရှားသည့် မျဉ်းကြောင်းတစ်ခုမှာ သစ်သားမှ သတ္တုသို့ ပြောင်း၏။ သတ္တုသည် သစ်သားကို ဖျက်ဆီးသည်။ ထို့ကြောင့် သစ်သားခါတ်သည် ကောင်းကျိုးသင့်ရောက်မှုကို ပေးနိုင်းရန် ပျက်ကွက်ရပြန်လေသည်။

အားလုံးကို ချိန်ဆရသော် (ပီကင်းကို သရုပ်ဆောင်သော) အစ္ဆုတ္တမျဉ်းကြောင်းသည် ဤဆရေခါတွင် အားပျော့လျက်ရှိကာ ပြင်ပမှ အထောက်အပံ့ကလည်း မလုံလောက်ချေ။ ဤအဖြစ်က ပီကင်း၏ အောင်မြင်မှု အခွင့်အလမ်းများ ညှိုးမှိန်နေခြင်း ဟူ၍ ကောက်ချက် ချရန် ညွှန်ပြနေချေသည်။ နောင်တွင် ဖြစ်လာသည်ကား ၁၉၉၃ ခု စက်တင်ဘာလ ၂၃ ရက်နေ့၌ သက္ကရာဇ် ၂၀၀၀ တွင်ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် ပြုလုပ်ရမည့် မြို့တော်အဖြစ် ဆစ်ဒနီမြို့ကို ရွေးချယ်လိုက်ကြပေ၏။ ပီကင်းသည် ဆန္ဒမဲ ၂ မဲဖြင့်ကပ်၍ ရှုံးနိမ့်သွားရသည်။ ဤအချက်ကို အထက်ပါ ဆရေခါတွင် အထင်အရှား ညွှန်ပြထားသည်။ မြေခါတ်ဖြစ်သော အစ္ဆုတ္တမျဉ်းကြောင်းသည် သိပ်အားမပျော့ဘဲ မီးခါတ်ဖြင့် ပံ့ပိုးထားသော်ငြားလည်း သူ၏အင်အားမှာ မလုံလောက်ပေ။ အဘယ်ကြောင့် ဆိုသော် စက်တင်ဘာလအတွက် မြေခါတ်ရော မီးခါတ်ပါ နှစ်ခုစလုံးရာသီမသင့် ဖြစ်နေ သောကြောင့်တည်း။

ကျွန်ုပ်တို့၏ နည်းနိဿယများကို တိုးတက်စေရန် ပို၍လက်တွေ့ကျသော သာဓက ဥဒါဟရဏ်များကို နောင်လာမည့် အခန်းများတွင် ထင်ရှားစေလတ္တံ့။

## ကန်ထရိုက်ဈေးပြိုင်ခေါ်ခြင်းအတွက် အလားအလာ ခွဲခြားလေ့လာမှု

စီးပွားရေးလောကတွင် စိန်ခေါ်ချက်များ၊ ယှဉ်ပြိုင်ရမှုများနှင့် ဆက်ဆံရခြင်းမှာ နေ့စဉ်လုပ်ငန်း တစ်ခုဖြစ်တော့ ၏။ အထူးသဖြင့် ဈေးကွက်တင်ရသော ပုဂ္ဂိုလ်များသည် ဆွဲဆောင်မှုရှိသော မည်သည့်စီးပွားရေးလုပ်ငန်းအတွက်မဆို အားကောင်းသော ယှဉ်ပြိုင်မှုကို မလွဲမသွေ ကြုံတွေ့ကြရပေ၏။ စီးပွားရေး ကန်ထရိုက်တစ်ခုအတွက် ဈေးပြိုင်ခေါ်မှုတွင် အားကောင်းသော ပြိုင်ဖက်နှင့် ကြုံတွေ့ရသော် မိမိ၏စွမ်းဆောင်နိုင်မှုကို သိရန်မျှသာလိုအပ်သည် မဟုတ်သေး။ အကောင်းဆုံးသော ဖြစ်နိုင်ဖွယ်ဈေးခေါ်မှု မပြုခင် ပြိုင်ဖက်၏ ပေါ်လွင်နေသော အင်အားနှင့် သန္ဓေတည် အင်အားတို့ကို သိထားရန် လိုပေသေးသည်။ ဤပန်းတိုင်ကိုရောက်ဖို့အတွက် မြောက်မြားစွာသော နည်းလမ်းများ ရှိပါသည်။ ဈေးကွက်တင်မန်နေဂျာ အများအပြားသည် ဈေးကွက်အခြေအနေ သတင်းနှင့် မိမိတို့၏ အတွေ့အကြုံကို အားထားကြလေသည်။ သို့တိုင်အောင် မမျှော်လင့်သည်တို့ ဖြစ်ရမှုများ၊ မှန်းခြေမကိုက်ဖြစ်မှုများ၊ အခြေအနေသတင်းလမ်းလွဲမှုများ၊ အခြားသော ကြိုတင်သိမထားသည့် အကြောင်းခံအချက်များနှင့် ကြုံရတတ်ပေ၏။ ထိုဟာများသည် စွမ်းရည်အရှိဆုံးသော ဈေးကွက်တင်အဖွဲ့ကိုပင် ခလုတ်တိုက်လဲအောင် ဖြစ်စေနိုင်လေသည်။ သို့ဖြစ်သောကြောင့် ယင်းသို့သော စီးပွားရေး ညှိနှိုင်းလုပ်ဆောင်မှုများတွင် ကံတရားအခွင့်သင့်မှုဟူသော အကြောင်းခံအချက်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသေး၏။

ယခင်အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ယီကျင်းရှေ့ဖြစ်ဖတ်ခြင်း ဆိုသည်မှာ ကျွန်ုပ်တို့ သိရှိမထားသော အညာတအနာဂတ်တွင်းသို့ မျှော်ကြည့်နိုင်ခြင်းကို ဖြစ်စေနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်လေသည်။ လုပ်ရသည့် လုပ်ငန်းစဉ်သည် လွယ်ကူ၍ မှန်ကန်မှုမှာ အံ့သြဖွယ် မြင့်မားနိုင်ပေ၏။ ထို့ကြောင့် မိမိ၏ ဝေဖန်မှုနှင့် ဆုံးဖြတ်ချက်များတွင် အကူအညီဖြစ်စေရန် အခြားသော အုပ်ချုပ်မှုဆိုင်ရာ ကိရိယာတန်ဆာပလာများကို

အသုံးပြုခြင်းထက် ထိုရှေ့ဖြစ်ဖတ်ခြင်းကို အသုံးပြုရခြင်းသည် အရှုံးနည်း၍ ရသမျှ အမြတ်ချည်းဖြစ်ပေ၏။


အကယ်၍ ကျွန်ုပ်တို့သည် ဆွဲဆောင်မှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ဈေးပြိုင်ခေါ်ရာ၌ အားကောင်းသော ပြိုင်ဖက်ရှိမည်ဟု မျှော်လင့်ရသောအခါ၌ ကျွန်ုပ်တို့၏ အောင်မြင်မှုအလားအလာကို ပြိုင်ဖက်နှင့် တိုက်ဆိုင်ကြည့်၍ သိရှိထားရန် လိုအပ်ပါသည်။ ဤပြဿနာသည် လွယ်ကူသည်ဖြစ်၍ အဖြေကို မိနစ်အနည်းငယ်အတွင်း သိရှိရန် ယီကျင်းရှေ့ဖြစ်ဖတ်ခြင်းကို ဆောင်ရွက်ကြည့်နိုင်ပေ၏။

ကျွန်ုပ်တို့သည် ၁၉၉၃ ခု အောက်တိုဘာလ ၁၈ ရက်နေ့တွင် အောက်ပါမေးခွန်းကို မေးကြည့်သည်ဆိုကြပါစို့။

"၁၉၉၃ ခုနှစ်တွင် စီးပွားရေးကန်ထရိုက်ကိုဆုပ်ကိုင်ခြင်းအတွက် ကျွန်ုပ်တို့၏ ပြိုင်ဖက်နှင့်စာလျှင် ကျွန်ုပ်တို့၏ အခွင့်အလမ်းအလားအလာသည် မည်သို့ရှိပါသနည်း။"

ပိုက်ဆံပြား သုံးပြားကို မြှောက်ပစ်သောအခါ အောက်ပါဆရေခါကို ရရှိသည်။

**ရုပ်ပုံ ၄၃။ ပြိုင်ဖက်တစ်ဦး၏ အင်အားကို ဖော်ပြသော 'ကွာ'**




ဤဆရေခါအတွက် အဓိပ္ပာယ်ကောက်ယူချက်မှာ အခြားကိစ္စများနှင့် နှိုင်းစာလျှင် လွယ်ကူလှပါသည်။ အစ္စတ္တမျဉ်းကြောင်းကို မိမိကိုကိုယ်စားပြုရာ ဖြစ်ပြီး ဗဟိဒ္ဓ မျဉ်းကြောင်းသည် ပြိုင်ဖက်ကို ကိုယ်စားပြုရာမျဉ်းကြောင်း ဖြစ်သည်ဟု မှတ်ယူ ထားရပါမည်။ ဤအချက်ကို စိတ်တွင်စွဲထားသည်ရှိသော် အဓိပ္ပါယ်ကောက်ယူသည့် လုပ်ငန်းမှာ ဤမျဉ်းကြောင်း နှစ်ကြောင်းကို နှိုင်းယှဉ်၍ မည်သည့်မျဉ်းကြောင်းက ပို၍ အားကောင်းသည်

ဆိုခြင်းကို ချင့်ချိန်ကြည့်ရန်သာ ဖြစ်ပါတော့သည်။ အကယ်၍ အဓ္ဓူတ္တမျဉ်းကြောင်းက ပို၍ အားကောင်းလျှင် သင်သည် အနိုင်ရဖို့ အခွင့်အလမ်းပို၍ ကောင်းသည်။ အလွန်တရာ အားကောင်းသော ဗဟိဒ္ဓမျဉ်းကြောင်းနှင့် အားနည်းသော အဓ္ဓူတ္တမျဉ်းကြောင်းသည် အားကောင်းသော ပြိုင်ဖက်ကို ညွှန်းဆိုဖော်ပြပြီး သင်၏ အောင်မြင်မှု အခွင့်အလမ်းမှာ ပါးလျလှကြောင်းကို ညွှန်းနေလေသည်။

အဓ္ဓူတ္တမျဉ်းကြောင်းနှင့် ဗဟိဒ္ဓမျဉ်းကြောင်းတို့၏ အင်အားကို ချိန်ဆသောအခါ အောက်ပါအကြောင်းခံ အချက်များကို ထည့်သွင်းစဉ်းစားသင့်ပေ၏။ ရှေးဦးစွာ ထိုမျဉ်းကြောင်းက ကိုယ်စားပြုသည့်ဓာတ်သည် ရာသီ သင့်ခြင်းရှိမရှိ ကြည့်ရန်လို၏။ ဥပမာဆိုရသော် အကယ်၍ ရှေ့ဖြစ်ဖတ်ခြင်းသည် အော်တမ်ရာသီတွင် ဆောင်ရွက်သည်ဆိုလျှင် သတ္တုဓာတ်မျဉ်းကြောင်းသည် အားအကောင်းဆုံးဖြစ်ပြီး၊ နွေရာသီတွင် ဆောင်ရွက်သည်ဆိုပါက အားပျော့နေပေလိမ့်မည်။ ထိုနောက် သင်သည် လှုပ်ရှားသော မျဉ်းကြောင်းများကို မှတ်သားရမည်။ ဤလှုပ်ရှားသော မျဉ်းကြောင်းတို့သည် လှုပ်ရှားခြင်းနှင့် ပြောင်းလဲခြင်းများကို ထင်ဟပ်ပြီး အဓ္ဓူတ္တမျဉ်းကြောင်း သို့တည်းမဟုတ် ဗဟိဒ္ဓမျဉ်းကြောင်း၏ အင်အားဗလအပေါ် အကျိုးသက်ရောက် စေပါလိမ့်မည်။ လှုပ်ရှားသော မျဉ်းကြောင်းများသည် ပါဝင်ပတ်သက်နေသည့် အခြားသောသူများ သို့တည်းမဟုတ် အခြားသော အကြောင်းခံအချက်တို့ကို သရုပ်မှုတတ်ခြင်း မကြာခဏရှိပေရာ ဆောင်ရွက်ရမည့် လုပ်ငန်းကို အောင်မြင်စေခြင်း သို့တည်းမဟုတ် အဆီးအတား ဖြစ်စေခြင်းများကို ပြုလုပ်တတ်ပေ၏။

ဥပမာအားဖြင့် အကယ်၍ အဓ္ဓူတ္တမျဉ်းကြောင်းသည် သတ္တုဓာတ်ဖြစ်ပြီး မြေဓာတ်မှသည် မီးဓာတ်သို့ ပြောင်းသော လှုပ်ရှားသည့် မျဉ်းကြောင်းတစ်ကြောင်းလည်း ရှိနေမည်ဆိုသော် ထိုလှုပ်ရှားသည့် မျဉ်းကြောင်းသည် အထောက်အပံ့ဖြစ်စေသော မျဉ်းကြောင်းဖြစ်ပေ၏။ အကြောင်းသော်ကား မီးသည် မြေကို အထောက်အပံ့ပြု၍ မြေကသတ္တုကို အထောက်အပံ့ ပြုသောကြောင့်တည်း။ သို့ဖြစ်သောကြောင့် မြေဓာတ်မှ မီးဓာတ်သို့ ပြောင်းသည့် လှုပ်ရှားသောမျဉ်းကြောင်းက ဆိုလိုသော အဓိပ္ပာယ်ကား မြေဓာတ်သည် (မီး၏ အထောက်အပံ့ဖြင့်) အလွန်အားကောင်းသည် ဖြစ်ရာ သတ္တုဓာတ်ကို ခိုင်မာသော အကူအပံ့ကို ပေးနိုင်သည် ဟူခြင်းပင် ဖြစ်လေသည်။ မိမိကိုသရုပ်ဆောင်နေသော သတ္တုဓာတ် အဓ္ဓူတ္တမျဉ်းကြောင်းသည် အောင်မြင်ဖွယ်ရာ ရှိနေ၏။ တစ်ဖက်တွင်မူ အကယ်၍ မြေဓာတ်မှ သစ်သားဓာတ်ဆီသို့ ပြောင်းသည့် လှုပ်ရှားသော မျဉ်းကြောင်းဖြစ်လျှင် ဆိုလိုသည့်အဓိပ္ပာယ်မှာ မြေဓာတ်သည် သတ္တုဖြစ်သော အဓ္ဓူတ္တမျဉ်းကြောင်းအား အကူအညီပေးရန် ကြိုးစားနေပါသော်လည်း မအောင်မြင်ချေ။ အဘယ်ကြောင့်ဆိုသော် မြေဓာတ်သည် သစ်သားဓာတ်၏ ဖိနှိပ်ခြင်းကို ခံနေရသောကြောင့် ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းကား သစ်သားဓာတ်သည် မြေဓာတ်ကို ဖျက်ဆီးသောကြောင့်တည်း။

အကယ်၍ ထိုလှုပ်ရှားသော မျဉ်းကြောင်းသည် မြေဓာတ်မဟုတ်ဘဲ မီးဓာတ်က သစ်သားဓာတ်သို့ ပြောင်းလဲခြင်း ဖြစ်လျှင်ကား သစ်သားဓာတ်၏ အထောက်အပံ့ဖြင့် မီးဓာတ်သည် အလွန်တရာအားကောင်းနေပေရာ ယင်းသို့အားကောင်းလှသော မီးဓာတ်သည် သတ္တုဓာတ် အဇ္ဈတ္တမျဉ်းကြောင်းကို ဖျက်ဆီးပေလိမ့်မည်။ ဤအခြင်းအရာသည် စီမံကိန်းအတွက် ဈေးခေါ် ရာတွင် မိမိအတွက် အားကောင်းသော အတိုက်အခံ ဖြစ်မှုသို့မဟုတ် အဆီးအတား အနှောင့်အယှက်များကို ထင်ဟပ်သည် ဖြစ်ရာ ငွေကုန်လူပန်း ဖြစ်ရခြင်းကို ရှောင်ကြဉ်သော သဘောဖြင့် အသာနောက်ဆုတ်ရန် စဉ်းစားသင့်ပါသည်။

တစ်ဖန် ကျော့သောအားဖြင့် ဗဟိဒ္ဓမျဉ်းကြောင်းကို ချိန်ဆနိုင်ပြီး ဗဟိဒ္ဓမျဉ်းကြောင်းသည် ရာသီသင့်မသင့်။ ထိုမျဉ်းကြောင်းကို အားပေးသော သို့တည်းမဟုတ် အားပျော့စေသည့် လှုပ်ရှားသော မျဉ်းကြောင်းများ ရှိမရှိကို ကြည့်ရှုသင့်ပေ၏။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓမျဉ်းကြောင်းနှစ်ကြောင်းစလုံးကို ချင့်ချိန်ပိုင်းဖြတ်ပြီးသောအခါတွင်ကား မည်သူသည် အောင်မြင်ရန်အခွင့်အလမ်း ပို၍ ရှိသည်ဆိုခြင်းကို ကောက်ချက်ဆွဲရန်မှာ ခက်ခဲတော့မည်မဟုတ်ချေ။

၁၉၉၃ ခု အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဆောင်ရွက်ခဲ့သော နမူနာရှေ့ဖြစ်ဖတ်ခြင်းဆီသို့ ပြန်သွားကြပါဦးစို့။ ဆရေခါသည် မိမိကိုကိုယ်စားပြုသော မျဉ်းကြောင်းအဖြစ် သတ္တုဓာတ် အဇ္ဈတ္တမျဉ်းကြောင်းကို ဖော်ပြနေ၏။ အောက်တိုဘာလသည် အော်တမ်ရာသီမှ မြေဓာတ်လဖြစ်ပြီးသတ္တုဓာတ်သည် အော်တမ်ရာသီတွင် ရှင်သန်ဖွံ့ဖြိုးလေရာ သတ္တုဓာတ် အဇ္ဈတ္တမျဉ်းကြောင်းသည် "ရာသီသင့်"သဖြင့် အတော်ကလေး အားကောင်းသည်ဟု ကောက်ချက်ချနိုင်ပါ၏။ နောက်အဆင့်အနေဖြင့်ကား လှုပ်ရှားသော မျဉ်းကြောင်းများကို စစ်ဆေးရန် ဖြစ်လေသည်။ ထိုဆရေခါတွင် လှုပ်ရှားသော မျဉ်းကြောင်းသည် တစ်ကြောင်းတည်းရှိပါ၏။ ဤကား မြေဓာတ်က မီးဓာတ်သို့ပြောင်းသော မျဉ်းကြောင်းဖြစ်လေသည်။ မြေသည် သတ္တုအား ထောက်ပံ့သူဖြစ်ပြီး မီးသည်မြေအား ထောက်ပံ့သူဖြစ်သည်။ ထို့ကြောင့် မြေဓာတ်က မီးဓာတ်သို့ ပြောင်းသော မျဉ်းကြောင်းသည် အလွန်တရာ အားကောင်းသော မြေဓာတ်ကို ထင်ဟပ်သည်ဖြစ်ရာ သတ္တုဓာတ် အဇ္ဈတ္တမျဉ်းကြောင်းသည် ဈေးခေါ်ရာတွင် အားကောင်းသော အထောက်အပံ့ကို ရရှိရန် သရုပ်ဆောင်နေပေ၏။

မိမိ၏ (အဇ္ဈတ္တမျဉ်းကြောင်း၏) အင်အားဗလကို ကြည့်ပြီးသောအခါ အတိုက်အခံဖြစ်သော ဗဟိဒ္ဓ မျဉ်းကြောင်းကို စစ်ဆေးကြည့်ကြပါဦးစို့။ ထိုမျဉ်းကြောင်းသည် သစ်သားဓာတ်မျဉ်းကြောင်းဖြစ်၍ အော်တမ်ရာသီတွင် တော်တော်အားပျော့နေ၏။ အကြောင်းသော်ကား အော်တမ်ဟူသည်မှာ သတ္တုဓာတ်အရှိန်ဩဇာ တည်ရှိနေသော လတစ်လဖြစ်၍ သတ္တုသည် သစ်သားကိုဖျက်ဆီးသူ ဖြစ်သည်။ ထို့ပြင် ၁၉၉၃ ဟူသော နှစ်မှာ ကြက်ဖနှစ်ဖြစ်ပြီး သတ္တုဓာတ်နှစ် ဖြစ်၍ သစ်သားကို ခြိမ်းခြောက်ပြန်လေ၏။

အားပျော့သော သစ်သားသည် အသက်ရှင်ဖို့ရန် ရေလို၏။ ဆရေခါ အထက်ပိုင်းတွင် ရေဓာတ်မျဉ်းကြောင်း တစ်ကြောင်းရှိပါသော်လည်း လှုပ်ရှားသော မျဉ်းမဟုတ်သဖြင့် သစ်သားဓာတ် ဗဟိဒ္ဓမျဉ်းကြောင်းအား အထောက်အပံ့ကို မပေးနိုင်သေးချေ။ သို့ဖြစ်ရာ ဤသစ်သားဓာတ် ဗဟိဒ္ဓမျဉ်းကြောင်းသည် အားပျော့ကြောင်းမှာ ထင်ရှားနေပေ၏။

အဇ္ဈတ္တမျဉ်းကြောင်းနှင့် ဗဟိဒ္ဓမျဉ်းကြောင်းတို့အကြား ဤမျှလောက် အင်အား ဗလချင်း မညီမမျှ ဖြစ်နေခြင်းဖြင့် အားကောင်းသော အဇ္ဈတ္တမျဉ်းကြောင်းက သရုပ်ဆောင် နေသော မိမိသည် ပြိုင်ပွဲတွင်နိုင်မည်ဆိုခြင်းကို စိတ်ချလက်ချ ဟောနိုင်ပေတော့သည်။

အထက်တွင် ဖော်ပြခဲ့သော အခိပ္ပာယ်ကောက်စဉ်မှာ အကြီးအကျယ် ရှုပ်ထွေးခြင်း မရှိသဖြင့် အနည်းငယ် လေ့ကျင့် ပေးခြင်းအားဖြင့် ထိုနည်းကို ငွေကုန်ကြေးကျ နည်းပြီးလက်လှမ်းမီသည့် အုပ်ချုပ်မှုဆိုင်ရာ ကိရိယာ တန်ဆာပလာတစ်ခုအဖြစ် အသုံးချဖို့ လွယ်ကူစွာပင် သင်ယူဆည်းပူးနိုင်ပါပေ၏။

# ဂဲကြမ္မာဦးတည်ချက်သည် မည်မျှလောက်အထိ ကြိုတင်ပြဋ္ဌာန်းထားပါသလဲ

မှတ်တမ်းတင်ထားသော ရာဇဝင်ထဲမှ များစွာသော တရုတ်ကျေရာဇ်များသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ကျော် ကာလတစ်လျှောက်ကပင်လျှင် တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်ခြင်းတွင် စကြဝဠာဆိုင်ရာနည်းလမ်းများ၊ ဂန္ဓာရီပညာဆိုင်ရာနည်းလမ်းများပေါ်တွင် များစွာ မှီခိုအားထားခဲ့ကြပေ၏။ ယီကျင်းရှေ့ဖြစ်ဖတ်ခြင်းဟူသော ရှေးဟောင်းနည်းနာများကို သက္ကရာဇ် ဘီစီ ၄၀၀၀ ဟူသော စောစီးလှသည့် ကာလကပင် အရေးကြီးသောမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အသုံးပြုခဲ့ကြသည်။ ထို့ပြင် မကြာသေးမီနှစ်များအတွင်း ယင်းနည်းနာနိသယများ အကြီးအကျယ် သုံးစွဲခဲ့သည့် အထောက်အထားများကို ရှေးဟောင်းသုတေသီများသည် ထပ်မံ၍ တွေ့ရှိထားပြန်လေသည်။ ဤအစဉ်အလာမှာ ချင်မင်းဆက်ပြိုကွဲခဲ့သည့် ကာလအထိ ဖြစ်ခဲ့သည်။ ထိုကာလသို့ ရောက်ခဲ့သောအခါ တရုတ်လူမျိုးတို့သည် မိမိတို့ကား အနောက်တိုင်း သိပ္ပံပညာများ၏ နောက်တွင် များစွာနောက်ကျကျန်ရစ်ခဲ့ပြီ ဆိုခြင်းကို သိရှိကြလေ၏။ ထိုအခါ ရှေးဟောင်းအစဉ်အလာများကို ယာယီအားဖြင့် ဘေးဖယ်ထားလိုက်ကြသည်။ သို့သော်ငြားလည်း အနောက်တိုင်းကို အမီလိုက်ရန် ခေတ်မီရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ ကြာပြီးသောအခါ ယခုအချိန်တွင် ရှေးဟောင်းတရုတ် အသိပညာ ဘဏ္ဍာရတနာများကို ပြန်လည်ဖော်ထုတ်ရန် ကြိုးထွားနေသော လမ်းယူမှုသည် ပေါ်ပေါက်လာလေပြီ။ ယင်းအသိပညာသည် အနောက်တိုင်းမှ သိပ္ပံပညာကဲ့သို့ပင် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် အသုံးဝင်ရုံသာမက များစွာသောဘက်တို့တွင် အနောက်တိုင်းပညာ၏ မပြည့်မီချက်များကိုပင် ဖြည့်ဆည်းပေးနိုင်လေသည်။

ဥပမာသာဓကကောင်းတစ်ခုသော်ကား တရုတ်တို့၏ ပရဆေးနှင့် အပ်စိုက် အတတ်ပင်ဖြစ်ပေ၏။ အနောက်တိုင်း မှဆေးများတွင် အဖြေများအားလုံးမရှိနိုင်ကြောင်းကို လူအများတွေ့ရှိလာကြပြီး ဓာတ်ကြီးငါးပါးနှင့် ယင်နှင့်ယန်တို့၏ အတွင်းသဘော ဟန်ချက်ညီမှု အတိုင်အဖောက် ညီညွတ်မှုတည်းဟူသော နောက်ခံသဘောတရားအပေါ် တည်ဆောက်ထားသည့် တရုတ်ဆေးအတတ်များသည် ကျွန်ုပ်တို့၏ ကိုယ်တွင်းဝယ် မမြှတသော ဇီဝအတွင်း ဖြစ်ပျက်မှုကြောင့် ဖြစ်ပွားရသည့် အချို့သော ရောဂါများကို ကုသရာတွင် ပို၍ကောင်းသော အလားအလာကို ပေးနိုင်စွမ်းရှိသည်ကို သိမြင်လာကြ၏။ ဤသို့ဖြင့် အနောက်တိုင်းနှင့် အရှေ့တိုင်း နည်းနာများကို ပေါင်းစပ်ခြင်းသည် ဆေးဘက် ဆိုင်ရာ အရေးယူပြုစုမှု အဆင့်အတန်းကို တိုးတက်စေရန် လက်တွေ့ကျသော ဖြေရှင်းမှု တစ်ရပ် ဖြစ်လာနိုင်လေသည်။

စီမံအုပ်ချုပ်မှုအတတ်ပညာများတွင် ဂျပန့်ဟန် စီမံအုပ်ချုပ်မှုနှင့် တရုတ်တို့၏ ဆွင်စု (Suen Tsu) တိုက်ခိုက်ရေး နည်းဗျူဟာများသည် တိုးတက် လူကြိုက်များလာနေ၏။ သို့သော်လည်း ဤဟာတို့သည် အရှေ့တိုင်းပညာ၏ အပေါ်ယံမျက်နှာပြင်ကို ပွတ်သပ် လိုက်ခြင်းမျှသာ ဖြစ်ကြသည်။ ကေရာဇ်များနှင့် ပညာရှိတို့သည် မိမိတို့၏ အမျိုးသားရေး မူဝါဒများကို ကုံးဖွဲ့ရာတွင် အသုံးပြုခဲ့သည့် တရုတ်တို့၏ ဂန္ထာရီနည်းနာများကို ခေတ်ပေါ်စီမံအုပ်ချုပ်မှု ဟန်ပန်တွင်းသို့ အဘယ့်ကြောင့် ရောယှက်သက်ဝင်ခြင်း မပြုနိုင်စရာ အကြောင်းကို ကျွန်ုပ်မမြင်ပါ။ တရုတ်ဂန္ထာရီပညာက စကြဝဠာနှင့် အတိုင်အဖောက်ညီ ညွတ်မှုကို ဆွယ်တရားဟော၏။ ဤပညာက အရှေ့တိုင်း၏ စိတ်ကို ပို၍ နက်နက် နားလည်မှုကိုသာ ပေးနှင်းသည် မဟုတ်၊ မန်နေဂျာများသည် ပိုမို၍ ထိရောက်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်းငှာ အနာဂတ် လမ်းယူမှုများကို ထိုးထွင်းကြည့်ရှုနိုင် ရန် သော့ချက်ကိုလည်း ပေးနှင်းပေ၏။ တက်ကြွလှုပ်ရှားပြီး အပြိုင်အဆိုင် မြင့်မားလှသည့် ယနေ့စီးပွားရေးလောကတွင် မန်နေဂျာများသည် သူများထက် ရှေ့တစ်လှမ်းသာအောင် နေနိုင်မှသာလျှင် ရှင်ကျန်ရစ်မည် ဖြစ်သည်။ သို့သော်ငြားလည်း ဤခြေလှမ်းသည် မှန်ကန်သော အရပ်မျက်နှာဆီသို့ လှမ်းရမည်သာ ဖြစ်ရာ တရုတ်ဂန္ထာရီပညာဆိုင်ရာ ကိရိယာ တန်ဆာပလာများသည် အသင့်တော်ဆုံးလမ်းကို ဖော်ထုတ်ပေးနေသော လမ်းညွှန်အိမ်မြှောင်ကဲ့သို့မှတ်ယူနိုင်ပေသည်။

စီးပွားကုန်သွယ်ရေး ကိစ္စတို့တွင် **ဖုန်းရွေ** နှင့် **ကံကြမ္မာဦးတည်ချက်၏ တိုင်ကြီး လေးတိုင်** တို့ကဲ့သို့သော ကိရိယာ တန်ဆာပလာများကို သုံးစွဲခြင်းသည် အနောက်တိုင်း နားများ ကြားရသော် ရဲတင်းလှပြီး တော်လှန်ပြောင်းလဲမှုလိုလို ယူဆမိကြလိမ့်မည်။ သို့သော်ငြားလည်း ဟောင်ကောင်၊ ထိုင်ဝမ်တို့ အပြင် အရှေ့တောင်အာရှမှ တရုတ်လူမျိုး များထဲမှ အောင်မြင်နေသော ကုဋေကြွယ်သူဌေးများနှင့် လုပ်ငန်းဦးစီးသူအများအပြားသည် မိမိတို့၏ ရုံးများကို မွမ်းမံဆင်ယင်ခြင်း၊ အရေးကြီးသော ကိစ္စများအတွက် နေ့ကောင်းရက်သာ

ရွေးခြင်း။ စီးပွားရေးဆိုင်ရာ စွန့်လုပ်ရသည့် အလုပ်များတွင် အန္တရာယ်ကို ချင့်ချိန်ခြင်း ဟူသော အရေးကိစ္စများအဘွက် **ဖုန်းရွှေ** ပညာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးကြသည်ဟု ယုံကြည်ထားကြပေ၏။ အကယ်၍သာ လုပ်ငန်းဦးစီးသူသည် ဂဏာရီပညာဆိုင်ရာ ဆွေးနွေးမှုများကို အသုံးပြု သည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဗဟုသုတရှိသလောက်ရှိပြီး ထိုနည်းနာကို မိမိ၏ စီမံအုပ်ချုပ်မှုစနစ်တွင် ထည့်သွင်းပေါင်းစပ်ပေးမည် ဆိုပါက အကျိုးနပ်ကြောင်းကို တွေ့ရှိရပေလိမ့်မည်။

သူတစ်ပါးထံ သွား၍ ဆွေးနွေးခြင်းအစား ကိုယ်တိုင်သင်ယူ ဆည်းပူးထားခြင်း၏ အကျိုးကျေးဇူးမှာ စီးပွားရေး နောက်ခံရှိသော စီးပွားရေးသမားသည် မိမိအတွက်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်တို့ကို စီးပွားရေး အလေ့အကျင့်မရှိဘဲ ဖြစ်နိုင်သော **ဖုန်းရွှေ** ဆရာထက် ပို သိမြင်နားလည်ပေလိမ့်မည်။ ဤသို့ဖြင့် ဂဏာရီပညာဆိုင်ရာ အထိမ်းအမှတ်လက္ခဏာများကို မိမိကိုယ်တိုင် အဓိပ္ပာယ်ဖော်ထုတ် ကောက်ချက်ချခြင်းသည် ပို၍ အားထားဖွယ်ရာ ဖြစ်ပေလိမ့်မည်။

ဂဏာရီပညာဆိုင်ရာ နည်းလမ်းများနှင့် ကံကြမ္မာဦးတည်ချက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုအကြောင်းကို ရေးသားထားသော စာအုပ်တစ်အုပ်သည် လွတ်လပ်စွာ လုပ်ကိုင်နိုင်မှုနှင့် ကံကြမ္မာ ပုံသေပြဋ္ဌာန်းထားမှု ဟူသော ဆန့်ကျင်နေသည့် သစ္စာစကားအကြောင်းမပါဘဲနှင့် မပြည့်စုံနိုင်ချေ။ အကယ်၍ ကျွန်ုပ်တို့သည် ကံကြမ္မာဦးတည်ချက်ကို ယုံကြည်ပါလျှင် ထိုယုံကြည်ချက်အရ ဆိုလိုသည်ကား အရာရာသည် ကြိုတင်၍ ပုံသေပြဋ္ဌာန်းထားသည်ဖြစ်ရာ မိမိဘာသာ ရွေးချယ်လုပ်ကိုင်စရာ များစွာမရှိဟူသည့် သဘောဖြစ်နေ၏။ ဤဟာသည် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ဘဝအပေါ် ဤသို့မြင်ခြင်းကို ကန့်ကွက်ချက်များ တော်တော်ကလေးရှိနေ၏။ ကန့်ကွက်ချက် တစ်ခုကို ပြောရလျှင် ဤသို့ရှုမြင်ခြင်းသည် ကောင်းသောသဘောဆောင်သည့် တွေးတောမှုမဟုတ်ချေ။ထို့ပြင် ကျွန်ုပ်တို့ လုပ်ကိုင်သမျှအတွက် ကျွန်ုပ်တို့တွင် ဘာတာဝန်မှ မရှိသလိုဖြစ်နေတော့သည်။ သို့သော်ငြားလည်း ကံကြမ္မာတွင် ဦးတည်ချက်ရှိသည် ဟူသော အယူဝါဒကို လက်ခံဖို့ကလည်း မခက်ခဲလှပါ။ ကျွန်ုပ်တို့ သည် စကြဝဠာ၏ ပိစိကွေး အစိတ်အပိုင်းမျှသာ ဖြစ်၍ စကြဝဠာသည် တိကျသော ဥပဒေသ၊ နိယာမများ၏ အခြယ်လှယ် ခံဖြစ်သည်။ ထို့ကြောင့် လူ၏ကံကြမ္မာနှင့် ကံကြမ္မာဦးတည်ချက်သည် စင်စစ်တွင် တွန်းလှန်ရန် မဖြစ်နိုင်သည့်စကြဝဠာ ဆိုင်ရာ နိယာမနှင့် အညီသာ ဖြစ်ပေ၏။

**စတီဖင်ဟောကင်း၏ ကောက်ချက်**

ဤအမြင်ကို ခေတ်ပေါ် သိပ္ပံပညာရှင်များကလည်း လက်ခံကြ၏။ ထင်ရှားသော ဗြိတိသျှလူမျိုး သိပ္ပံပညာရှင် မစ္စတာ စတီဖင်ဟောကင်း (Mr. Stephen Hawking)က

သူရေးသားသည့် "အားလုံးဟာ ဆုံးဖြတ်ပြဋ္ဌာန်းထားသလား" ဟူသော အဆိုပြု ဆောင်းပါးတွင် အရာရာသည် စကြဝဠာ၏ ရုပ်ပိုင်းဆိုင်ရာ ဥပဒေအစုတို့အားဖြင့် စိုးမိုး ထားခြင်း ခံရသည် ဟူ၍ ကောက်ချက်ချထားသည်။ သို့သော်ငြားလည်း ကျွန်ုပ်တို့သည် အသေးစိတ် ကြိုတင်တွက်ဆ၍ မရခြင်းကား တွက်ချက်ရသည့် ညီမျှခြင်းတို့သည် ရှုပ်ထွေးလွန်းရကား အားလုံးကို ဖြေရှင်းနိုင်ရန် ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ခြင်းကြောင့်သာ ဖြစ်ရပေ၏။ သို့ဖြစ်ရကား ဘဝဟူသည် ကြိုတင်ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ကျင့်ကြံ လုပ်ကိုင်ခြင်းသည် ပို၍သင့်လျော်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အတွက် ဘာ ကိုကြိုတင်ပြဋ္ဌာန်းထားသည် ဆိုခြင်းကို သိရန် မဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

